The
# Commerce Journal
http://www.commercejournal.com.mm
စီးပွားရေးသတင်းဂျာနယ်
စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ
VOL .16, NO . 12 | တနင်္လာနေ့တိုင်းထုတ်ဝေသည် | March 21 , 2016


## စားသုံးသူအကာအကွယ်ပေးရေး
## လက်ခုပ်သံမြိုင်မြိုင်တီးကြစို့

| မြင့်ဦး (ပခုက္ကူ) |

၁၈



## ရင်းနှီးမြှုပ်နှံမှု ရန်ပုံငွေအဖွဲ့ များ၏ အရေးပါပုံ




၁၂

မြန်မာ့ကုန်သွယ်မှုသတင်းအချက်အလက်
ကွန်ရက်တည်ထောင်ရန်
ဆွေးနွေးချက်မှတ်တမ်းလက်မှတ်ရေးထိုး ၁၇

ကိုရီးယားနိုင်ငံရှိမြန်မာကုန်သွယ်မှု
ဗဟိုဌာနပြခန်းအတွက်
မြန်မာ့ထုတ်ကုန်ပစ္စည်းများ ပေးပို့နိုင်ရန်ဖိတ်ခေါ် ၂၀

ပြည်ပဈေးကွက်သို့ မြန်မာ့ပျားရည် တင်ပို့ ၂၄


Dumex
Dugro
စံပြမိခင်တို့ရဲ့
အကောင်းဆုံးရွေးချယ်မှု
Dugro 2 Plus (သို့) 4 Plus
နှစ်ဘူးဝယ်ယူသူတိုင်း
COOK Sunflower Oil 1.9 Litre
မေတ္တာလက်ဆောင်
ပရိုမိုးရှင်း ကာလ - ၂၀၁၆ ခုနှစ် ၊ မတ်လ (၁) ရက်နေ့မှ လက်ဆောင်ပစ္စည်း လက်ကျန်ရှိသည်အထိ
ပရိုမိုးရှင်း အမှတ်အသား စတေကာပါ ကုန်ပစ္စည်းများ အတွက်သာ ဖြစ်ပါသည်။
Dugro 2 Plus နှင့် 4 Plus အတွက်သာ ဖြစ်ပါသည်။ Dulac ၊ Dupro နှင့် အခြား Dumex မှ ပစ္စည်းများ အကျုံးမဝင်ပါ။


GREAT CAIRO CONSTRUCTION M.S.GROUP OF COMPANY
Y.C.D.C (Licence No. 255/906)
Great Cairo
M S G C
Construction Co.,Ltd
GREAT CAIRO
CONSTRUCTION
Condominium ဆောက်လုပ်ခြင်း
အထပ်မြင့် အဆောက်အဦးများ ဆောက်လုပ်ခြင်း
လုံးချင်းအိမ်များ ဆောက်လုပ်ခြင်း
လုံးချင်းအိမ်ရာ၊ အထပ်မြင့်အိမ်ရာများကို
နိုင်ငံတကာအဆင့် အရည်အသွေးရှိ
စံနှုန်းများဖြင့် တာဝန်ယူတည်ဆောက်ပေးလျက်ရှိပါသည်။
Decoration လုပ်ငန်းများကိုတာဝန်ယူ လုပ်ဆောင်ပေးပါသည်။
No. 155/157/159, 37th Street, (Middle Blk),
Kyauktada Township, Yangon
Ph : 01-374645, 01-240547, 01-389232
Fax : 095-1-391578, E-mail : Cairojj@gmail.com



# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့် သစ်သီးဝလံနှင့် ပန်းမန်ပြည်ပပို့ကုန်မြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်အမှာစကားပြောကြား

သစ်သီးဝလံနှင့် ပန်းမန်များ ပြည်ပသို့ တိုးမြှင့်တင်ပို့နိုင်ပြီး ပြည်ပပို့ကုန်ဝင်ငွေ တိုးတက်ရရှိရေးအတွက် စိုက်ပျိုးထုတ်လုပ်သူများနှင့် ပြည်ပသို့ တင်ပို့ရောင်းချသူများ နည်းပညာများနှင့် အသိအမြင်များရရှိပြီး စိုက်ပျိုးထုတ်လုပ်ခြင်းနှင့် တင်ပို့ရောင်းချခြင်းလုပ်ငန်းများ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်သွားနိုင်ကြရန် ရည်ရွယ်လျက် သစ်သီးဝလံနှင့် ပန်းမန်ပြည်ပပို့ကုန်မြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲကို မတ် ၁၅ ရက် နံနက် ၉ နာရီက နေပြည်တော်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတွင် ကျင်းပပြုလုပ်ရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်၊ ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်းနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံသစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်တင်ပို့ ရောင်းချသူများအသင်းဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ တိုင်းဒေသကြီး/ပြည်နယ်အသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ စာတမ်းရှင်များနှင့် သစ်သီးဝလံ၊ ပန်းမန်စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများ တက်ရောက်ကြသည်။

အလုပ်ရုံဆွေးနွေးပွဲ၌ ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် သစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက်များ တိုးချဲ့စိုက်ပျိုးထုတ်လုပ်ရေး၊ ပြည်ပသို့တိုးမြှင့်တင်ပို့ရေးနှင့် ဈေးကွက်ရှာဖွေရေးလုပ်ငန်းများကို မြန်မာနိုင်ငံ သစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းနှင့် ဌာနဆိုင်ရာများ ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးထုတ်လုပ်မှုနှင့် အရောင်းအဝယ်ဈေးကွက်ကြီးမားသည့် ဒေသများတွင် သရက်သီးဇုန်၊ အာလူးဇုန်၊ ဂေါ်ဖီဇုန်၊ လက်ဖက်ဇုန်၊ ပန်းမန်ဇုန် အစရှိသည့်သီးနှံဇုန်များအပြင် သီးနှံအစုအဖွဲ့များကို ဒေသအလိုက်ဖွဲ့စည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ သီးနှံအစုအဖွဲ့များ၊ သီးနှံဇုန်များ ဆက်လက်ရှင်သန်ဖွံ့ဖြိုးတိုးတက်ရန်နှင့် အသင်းအဖွဲ့များပိုမို အားကောင်းခိုင်မာရေးတို့ကို ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့ များက ဆက်လက်ကြိုးပမ်း အကောင်အထည်ဖော်သွားကြရန် လိုအပ်ကြောင်း၊ အသင်းအဖွဲ့များအတွင်း အချင်းချင်းစည်းလုံးညီညွတ်မှုရှိရေး၊ ပူးပေါင်းဆောင်ရွက်နိုင်ရေးနှင့် တိုင်ပင်ညှိနှိုင်းမှုများကို အလေးထားလုပ်ဆောင်သွားကြရမှာဖြစ်ကြောင်း၊ သရက်သီး၊ ဖရဲသီး၊ သခွားမွှေးအစရှိသည့် သစ်သီးဝလံများကို စိုက်ပျိုးထုတ်လုပ်မှုမှ ပြည်တွင်း/ပြည်ပသို့ တင်ပို့ရောင်းချသည်အထိ လုပ်ငန်းစဉ်တစ်ရပ်လုံးအပေါ် ပြုပြင်ပြောင်းလဲမှုနှင့် အဆင့်မြှင့်တင်ဆောင်ရွက်ပေးနိုင်ခဲ့မှုများကြောင့် ဈေးနှုန်းများ ပိုမိုရရှိလာခဲ့သလို၊ ဈေးကွက်လည်း ရရှိလာသည့်အတွက် တစ်နှစ်ထက်တစ်နှစ်ထုတ်လုပ်တင်ပို့မှုများ တိုးတက်လာခဲ့ကြောင်း၊ သစ်သီးဝလံ၊ ပန်းမန်စိုက်ပျိုးထုတ်လုပ်သူများ၏ လူနေမှု ဘဝတိုးမြှင့်ပေးနိုင်ရေး၊ ရောင်းဝယ်ဖောက်ကားသူများမှ ခေတ်နှင့်အညီ ထုပ်ပိုး၊ ပြုပြင်တင်ပို့ရောင်းချနိုင်ရေးနှင့် သစ်သီးဝလံ၊ ပန်းမန်ကဏ္ဍကြီးတစ်ခုလုံး ဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက် ယခုအလုပ်ရုံဆွေးနွေးပွဲကြီးမှ ဆွေးနွေးဖော်ထုတ်ပေးကြစေလိုကြောင်း ပြောကြားခဲ့ သည်။

ဆက်လက်၍ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးလှမော်ဦးနှင့် မြန်မာနိုင်ငံ သစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်းဥက္ကဋ္ဌ ဦးစိုးသန်းမင်းဒင်တို့က အလုပ်ရုံဆွေးနွေးပွဲနှင့်ပတ်သက်၍ ဆွေးနွေးတင်ပြကြပြီး ဌာနဆိုင်ရာများနှင့် အသင်းအဖွဲ့များမှ စာတမ်းရှင်များက စာတမ်း ၄ စောင်ကို ဖတ်ကြားတင်ပြကြသည်။

ထို့နောက် စာတမ်းရှင်များ၏ တင်ပြချက်များအပေါ် စားပွဲဝိုင်းဆွေးနွေးပွဲများ ဆက်လက်ပြုလုပ်၍ ဆွေးနွေးဖော်ထုတ်ချက်များကို သဘာပတိမှ ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့် မော်တော်ယာဉ်တင်သွင်းခြင်းနှင့်သက်ဆိုင်သော လုပ်ငန်းများကြီးကြပ်ရေးကော်မတီ (၂/၂၀၁၆) အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား

မော်တော်ယာဉ်တင်သွင်းခြင်းနှင့် သက်ဆိုင်သောလုပ်ငန်းများ ကြီးကြပ်ရေးကော်မတီ၏ (၂/၂၀၁၆) ကြိမ်မြောက်အစည်းအဝေးကို မတ် ၁၈ ရက် နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ အစည်းအဝေးခန်းမ၌ကျင်းပပြုလုပ်ရာ မော်တော်ယာဉ်တင်သွင်းခွင့်ဆိုင်ရာကြီးကြပ်မှုဗဟိုကော်မတီဥက္ကဋ္ဌ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးဦးဝင်းမြင့် တက်ရောက်အမှာစကား ပြောကြားသည်။



ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် ကော်မတီ၏ လုပ်ငန်းတာဝန်များအနေဖြင့် ပြဋ္ဌာန်းထားသောဥပဒေ၊ နည်းဥပဒေများနှင့်အညီ ပြည်သူများအဆင်ပြေစေရန် အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ ရှင်းလင်းလွယ်ကူသောအမိန့်နှင့် ညွှန်ကြားချက်များ ထုတ်ပြန်ဆောင်ရွက်ခြင်း၊ ယာဉ်အို/ ယာဉ်ဟောင်းအပ်နှံ၍ အစားထိုးလဲလှယ်ရေး အစီအစဉ်အပြင် အထူးအစီအစဉ်ဖြင့် မော်တော်ယာဉ်တင်သွင်းခွင့်ရရှိရေး စီစဉ်ဆောင်ရွက်ခြင်း၊ မော်တော်ယာဉ် အရောင်းစင်တာ (Used Car Sale Center) ဖွင့်လှစ်၍ ဝန်ဆောင်မှုပေးနိုင်ရန် စီမံဆောင်ရွက်ခြင်း၊ မော်တော်ယာဉ်အရောင်းပြခန်း (Show Room) များမှ လွတ်လပ်စွာဝယ်ယူသုံးစွဲနိုင်သည်အထိ လုပ်ငန်းစီမံချက်များရေးဆွဲ၍ စီမံဆောင်ရွက်ခြင်း၊

➲ စာမျက်နှာ - ၂၂ သို့

Commerce JOURNAL

**အတိုင်ပင်ခံစာတည်း**
ဒေါက်တာမောင်အောင်
အောင်စိုး(MPM)၊ သန်းအောင်ကျော်
ကျော်စိုးလင်း
မြတ်ထွန်းကျော်
ဝင်းမြင့်

**စာတည်းမှူးချုပ်**
ဉာဏ်တင်

**တာဝန်ခံစာတည်း**
ခင်သီတာအေး

**အုပ်ချုပ်ရေးမှူး**
ဒေါ်မြင့်မြင့်ထွန်း

**စာတည်းအဖွဲ့**
မောင်ရွှေ၊ ကြည်ကြည်ချယ်ရီမောင်၊ နီလာသိန်း၊
ခင်မောင်မောင်အုန်း၊ ချိုသက်မူ၊ သန်းအေး

**လက်ထောက်စာတည်း**
ချောစုမာ၊ နင်းပန်းဖြူ
ယဉ်ယဉ်အေး၊ ခင်ခင်သော်

**သတင်းထောက်များ**
ထွန်းလိုင်(မုံရွာ)၊ ရီလင်းထွဋ်(မုံရွာ)၊
မင်းမင်းဦး(ပုသိမ်)၊ ကြည်နိုင်ဦး(အင်းတော်)
မင်းဇော်မွန်(ဖျာပုံ)၊ မြင့်ဦး(ပခုက္ကူ)
ခင်ဆွေဝင်း(ပြည်)၊ ဝေဝေမင်း(ပြည်)၊ နီနီဝင်း(ပြည်)
ဝင်းဝင်းခိုင်(ပြည်)၊ ဇေခိုင်(တောင်ကြီး)၊
မင်းအောင်(တောင်ကြီး)၊ သန်းသန်းတင်(မုံရွာ)
စိုးအောင်(မန္တလေး)၊ မောင်မောင်အေး(လှိုင်ကော်)

**Proof & Layout Design ကြီးကြပ်**
ခင်စုစုလှိုင်

**ကြော်ငြာတာဝန်ခံ**
မြင့်ဇင်ညွန့်(ဖုန်း-၀၉-၇၃၀၅၃၅၃၁)
ထွန်းထွန်းဝင်း(ဖုန်း-၀၉-၄၂၇၃၇၅၆၃)

**ထုတ်ဝေသူ**
ဦးမြတ်ထွန်းကျော်(၀၁၀၅၅)
အမှတ်၃၈၊ လမ်း၃၀၊ ပန်းဘဲတန်းမြို့နယ်။
ဖုန်း-၂၅၂၀၁၇၊ ၃၇၁၀၂၃

**ဖြန့်ချိရေးတာဝန်ခံ**
သန်းစိုး

**ဖြန့်ချိရေး**
တင်တင်အေး၊ ခင်မြတ်မွန်၊
အုန်းခင်

**ကွန်ပျူတာ**
မြင့်မြင့်ကြည်၊ အေးအေးနွဲ့၊ တင်နီလာကျော်
သီရိဝင်း၊ မြတ်ဆုလှိုင်၊ သင်းသီရိအောင်

**Layout Design & Graphic Design**
CJ Design Group

**ပုံနှိပ်သူ**
ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(၀၀၉၇၇)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**Email Address**
commercejournal.editor@gmail.com

## ဝါးတန်းကုန်စည်ဒိုင်သို့ ဆန်ချော၊ ဆန်ကြမ်းအဝင်ပုံမှန်ရှိပြီး ပေါ်ဆန်းဆန်ချော ဈေးဆက်မာပေမယ့် ဧည့်မထဆန်ကြမ်းက ဈေးကျလာ

ရန်ကုန်မြို့ ဆန်စပါးကုန်စည်ဒိုင် (ဝါးတန်း)ရဲ့ မတ် ၁၈ ရက် လက်ကားဆန်ဈေးနှုန်းများမှာ ဖျာပုံပေါ်ဆန်းဆန် ထိပ်စတစ်အိတ် ၃၂၅၀၀ ကျပ်၊ လတ်စ တစ်အိတ် ၃၀၅၀၀ ကျပ်ဖြစ်လို့ ယခင်တစ်ပတ်ထက် ထိပ်စ၊ လတ်စ တစ်အိတ် ၅၀၀ ကျပ်ခန့်စီ ဈေးမြင့်လာပါတယ်။ မြောင်းမြ၊ ပုသိမ်ပေါ် ဆန်းဆန်ထိပ်စ တစ်အိတ် ၃၄၅၀၀ ကျပ်၊ လတ်စ တစ်အိတ် ၃၂၅၀၀ ကျပ်ဖြစ်လို့ ယခင်တစ်ပတ်အတိုင်း ဈေးနှုန်းပြောင်းလဲမှုမရှိတာ တွေ့ရပါတယ်။ နယ်စုံပေါ်ဆန်းဆန်ထိပ်စ တစ်အိတ် ၃၁၅၀၀ ကျပ်၊ လတ်စ တစ်အိတ် ၃၀၅၀၀ ကျပ်ဖြစ်ပါတယ်။ ယခင်တစ်ပတ်နဲ့ ဈေးနှုန်းနှိုင်းယှဉ်ကြည့်ပါက ဈေးနှုန်းပြောင်းလဲမှုမရှိပေမယ့် တစ်ပတ်အတွင်း ကြားရက်တွေမှာတော့ ထိပ်စ၊ လတ်စ တစ်အိတ်ကို ၅၀၀ ကျပ်ခန့် တက်လိုက်၊ ကျလိုက်နဲ့ ဖြစ်နေတာတွေ့ရပါတယ်။

ရွှေဘိုပေါ်ဆန်းဆန်သစ် ဈေးနှုန်းက တစ်အိတ်ကို ၃၉၅၀၀ ကျပ်မှ ၄၂၀၀၀ ကျပ်ဖြစ်လို့ တစ်အိတ်ကို ၅၀၀ ကျပ်ခန့် ဈေးတက်လာကြောင်း ဝါးတန်းကုန်စည်ဒိုင်ဈေးနှုန်းများအရ စိစစ်တွေ့ရှိရပါတယ်။ အရည်အသွေးကောင်း၊ ပစ္စည်းကောင်းတဲ့ ပေါ်ဆန်းဆန်ချောများကိုသာ အဝယ်ရှိပြီး အညံ့စများကတော့ အရောင်းအဝယ်အေးနေကြောင်း၊ ကုန်စည်ဒိုင်သို့လည်း အဝင်မှာပုံမှန်သာရှိပြီး ပေါ်ဆန်းဆန်အရောင်းအဝယ်မှာ ယခင်တစ်ပတ်ထက် အနည်းငယ်အေးတယ်လို့ ကုန်စည်ဒိုင်ဈေးကွက်မှာ စုံစမ်းသိရှိရပါတယ်။

ဆန်ကြမ်းဖြစ်တဲ့ ဧည့်မထဆန်ထိပ်စ တစ်အိတ် ၂၃၀၀၀ ကျပ်ဖြစ်လို့ ယခင်တစ်ပတ်အတိုင်း ဈေးနှုန်းမပြောင်းလဲဘဲ ဈေးငြိမ်နေကြောင်း၊ အလတ်စဆန်တစ်အိတ် ၂၁၅၀၀ ကျပ်ဖြစ်လို့ ယခင်တစ်ပတ်ထက် ၅၀၀ ကျပ်ခန့် ဈေးကျလာတာ တွေ့ရပါတယ်။ မနောသုခသစ် (ရှယ်) ဈေးနှုန်းက တစ်အိတ် ၂၃၅၀၀ ကျပ်မှ ၂၄၀၀၀ ကျပ်ဖြစ်လို့ ယခင်တစ်ပတ်ထက် ၅၀၀ ကျပ်ခန့် ဈေးကျလာကြောင်း၊ ရေကျနောက်စိုက် ဧည့်မထဆန် တစ်အိတ် ၂၁၀၀၀ ကျပ်မှ ၂၂၅၀၀ ကျပ်ဖြစ်လို့ ယခင်တစ်ပတ်နဲ့ ဈေးနှုန်းနှိုင်းယှဉ်ပါက ၁၂၀၀ ကျပ်မှ ၅၀၀ ကျပ်ခန့် ဈေးကျလာကြောင်း၊ နွေသီးထပ် (ရှယ်) ဆန်တစ်အိတ် ၂၀၅၀၀ ကျပ်မှ ၂၀၇၀၀ ကျပ်ဖြစ်လို့ ယခင်တစ်ပတ်ထက် ၅၀၀ ကျပ်မှ ၁၃၀၀ ကျပ်ခန့် ဈေးကျလာတာကို တွေ့ရပါတယ်။

ဆန်ကြမ်းဖြစ်တဲ့ ဧည့်မထဆန်မှာ ဒိုင်သို့အဝင်ပုံမှန်ရှိပြီး၊ Export အဝယ်ရပ်နေခြင်း၊ တရုတ်အဆွဲသိပ်မရှိခြင်းနဲ့ ဝယ်လိုသူအားနည်းခြင်းတို့ကြောင့် ဈေးကျဆင်းရခြင်းဖြစ်ကြောင်း၊ ရှေ့ဆက်ပြီးလည်း ကျဖို့အလားအလာရှိကြောင်း ဝါးတန်းကုန်စည်ဒိုင်ဈေးကွက်မှ စုံစမ်းသိရှိရပါတယ်။

တရုတ်လိုင်း မူဆယ်ဆန်ဈေးကွက်ရဲ့ မတ် ၁၈ ရက် ဈေးနှုန်းများအရ ဧည့်မထ ၅ မှတ်မော်ဘီ တစ်အိတ် ၁၄၆-၁၅၁ ယွမ်၊ စူပါတစ်အိတ် ၁၄၆-၁၄၉ ယွမ်၊ ဧည့်မထ ၁၀ မှတ်မော်ဘီတစ်အိတ် ၁၄၃-၁၄၅ ယွမ်၊ စူပါတစ်အိတ် ၁၄၃-၁၄၄ ယွမ်၊ ဧည့်မထ ၁၅ မှတ် မနောသုခ တစ်အိတ် ၁၄၁-၁၄၃ ယွမ်၊ ဧည့်မထ ၂၅ မှတ် မနောသုခ တစ်အိတ် ၁၃၈-၁၄၀ ယွမ်၊ ရွှေဝါထွန်း တစ်အိတ် ၁၃၈-၁၄၀ ယွမ်၊ ဧည့်မထ ၃၅ မှတ် ရွှေဝါထွန်း တစ်အိတ် ၁၃၆-၁၃၇ ယွမ်၊ ငစိန် ၅ မှတ် တစ်အိတ် ၁၄၁-၁၄၆ ယွမ်၊ ငစိန် ၁၅ မှတ် တစ်အိတ် ၁၃၉-၁၄၀ ယွမ်၊ ငစိန် ၂၅ မှတ် တစ်အိတ် ၁၃၇-၁၃၈ ယွမ်၊ အသီးသီးဖြစ်ပြီး ယခင်တစ်ပတ်ထက် ၁ ယွမ်ခန့် ဈေးတက်လာကြောင်း၊ မတ် ၁၈ ရက်ငွေလဲနှုန်းမှာ တစ်ယွမ်ကို ၁၈၂ ကျပ်ဖြစ်လို့ ယခင်တစ်ပတ် ငွေလဲနှုန်းထက် ၂ ဒသမ ၄၇ ကျပ်ခန့် ဈေးတက်လာကြောင်း၊ ပြည်တွင်းနယ်စုံမှ မူဆယ်သို့ နေ့စဉ် ဆန်တန်ချိန် တစ်ရက်ပျမ်းမျှ ၇၈၁ တန်ခန့် ဝင်ရောက်လျက်ရှိပြီး ယခုတစ်ပတ်အတွင်း စုစုပေါင်း ဆန်တန်ချိန် ၃၉၀၅ တန်ခန့် ဝင်ရောက်ခဲ့တယ်လို့ မူဆယ်ဆန်ဈေးကွက်မှ စုံစမ်းသိရှိရပါတယ်။

မြန်မာ့ဆန်နဲ့ ဆန်ကွဲပြည်ပတင်ပို့မှုမှာ ယခုဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ မတ် ၁၁ ရက်ထိ တင်ပို့မှုမှာ တန်ချိန် ၁၄၃၀၃၉၈ ကျော်၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၅၀၃ သန်းကျော်ဖိုး တင်ပို့နိုင်ခဲ့ပါတယ်။ ဆန်တင်ပို့မှုအနေနဲ့ တန်ချိန် ၁၀၈၀၇၀၄ ကျော်၊ တန်ဖိုးအားဖြင့် အမေရိကန် ဒေါ်လာ ၃၉၅ သန်းကျော်ရှိပြီး ယခင်ဘဏ္ဍာနှစ် ကာလတူထက် တန်ချိန် ၂၂၅၄၇၇ ကျော်၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ၉၀ သန်းကျော်ဖိုး လျော့နည်းတင်ပို့ခဲ့ပါတယ်။ ဆန်ကွဲပြည်ပတင်ပို့မှုမှာ တန်ချိန် ၃၄၉၆၉၄ ကျော်၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၁၀၇ သန်းကျော်ရှိနေပြီး ယခင်ဘဏ္ဍာနှစ် ကာလတူထက် တန်ချိန် ၁၅၅၈၁ ကျော်၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၅ သန်းကျော်ဖိုး လျော့နည်းတင်ပို့ခဲ့ကြောင်း သိရပါတယ်။

**MIRT -YGN**

## ရက်သတ္တပတ်အတွင်း ဆန်တင်ပို့မှုလျော့ကျ

မတ် ၅ ရက်မှ ၁၁ ရက်တာကာလ အတွင်း မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်နဲ့ လွယ်ဂျယ် ကုန်သွယ်ရေးစခန်းများမှ ကန်ဒေါ်လာ ၁ ဒသမ ၉၄၈ သန်းဖိုးရှိ ဆန် ၅၃၀၉ တန် တင်ပို့ခဲ့ပါတယ်။ စခန်းတစ်ခုချင်း တင်ပို့မှုအနေနဲ့ မူဆယ်ကုန်သွယ်ရေးဇုန်မှ ငစိန်ဆန် ၁၈၀၉ တန်၊ ဧည့်မထဆန် တန် ၁၀၀၀၊ လွယ်ဂျယ်စခန်းမှ ငစိန်ဆန် တန် ၂၅၀၀ တင်ပို့ခဲ့တာ ဖြစ်ပါတယ်။ ယခင်တစ်ပတ်တင်ပို့မှုထက် ၁၃၄၄ တန် လျော့နည်းခဲ့ပါတယ်။ မူဆယ်ကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ သုည ဒသမ ၁၈၃ သန်းဖိုးရှိ ဆန်ကွဲ ၅၆၂ တန် တင်ပို့ပြီး ယခင်တစ်ပတ် တင်ပို့မှုထက် ၁၄၇၃ တန်လျော့နည်းခဲ့ရခြင်းမှာ တရုတ်နိုင်ငံဘက်မှ ဝယ်လိုအား လျော့နည်းခဲ့လို့ဖြစ်ပါတယ်။

ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ ယခုသီတင်းပတ်မှာ ကန်ဒေါ်လာ ၂ ဒသမ ၆၇၁ သန်းဖိုးရှိ ဆန်ဖြူနဲ့ ပေါင်းဆန် ၆၇၄၂ တန်တင်ပို့ခဲ့ပါတယ်။ နိုင်ငံအလိုက် တင်ပို့မှုများမှာ တရုတ်နိုင်ငံသို့ ဧည့်မထဆန် တန် ၅၀၀၊ အင်ဒိုနီးရှားနိုင်ငံသို့ ဧည့်မထဆန် ၄၇၅၀ တန်၊ စင်ကာပူနိုင်ငံသို့ ပေါ်ဆန်းဆန် ၂၄ တန်နဲ့ အီးယူနိုင်ငံများသို့ ဧည့်မထဆန် ၆၉၃ တန်၊ ငစိန်ဆန် ၃၂၅ တန်နဲ့ ပေါင်းဆန် တန် ၄၅၀ တင်ပို့ခဲ့ပါတယ်။

ယခင်တစ်ပတ် တင်ပို့မှုထက် ၁၄၁၈ တန်လျော့နည်းခဲ့ပါတယ်။ ဆန်တင်ပို့မှုလျော့ကျသော်လည်း ပင်လယ်ရေကြောင်း ကုန်သွယ်မှု မှ ဆန်ကွဲ ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။ ကန်ဒေါ်လာ ၁ ဒသမ ၀၀၉ သန်းဖိုးရှိ ဆန်ကွဲ ၃၆၉၆ တန်ကို တန်ကို ဂျပန်နိုင်ငံနဲ့ အီးယူနိုင်ငံများသို့ တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ၁၁၇၅ တန်သာတင်ပို့ခဲ့တာမို့ ယခုတစ်ပတ်မှာ ၂၅၂၁ တန်ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

**ယဉ်ယဉ်အေး**

## အာရှနိုင်ငံတွေက FOB ဆန်ဈေးနှုန်းများ

၁၇-၃-၂၀၁၆ ဒေါ်လာ/တန်

| | ထိုင်း | | | ဗီယက်နမ် | | | အိန္ဒိယ | | | ပါကစ္စတန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၁၀၀% | ၃၉၁ | ၃၉၅ | △ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၅% | ၃၇၃ | ၃၇၆ | △ | ၃၆၅ | ၃၇၅ | △ | ၃၆၅ | ၃၆၅ | □ | ၃၃၅ | ၃၃၅ | □ |
| ဆန်ဖြူ ၁၀% | - | - | - | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၁၅% | - | - | - | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၂၅% | ၃၇၃ | ၃၇၇ | △ | ၃၅၅ | ၃၅၅ | □ | ၃၃၀ | ၃၃၅ | △ | ၃၀၅ | ၃၀၅ | □ |
| ပေါင်းဆန် | ၃၆၅ | ၃၇၅ | △ | - | - | - | ၃၅၅ | ၃၅၀ | ▽ | - | - | - |

*Source: oryza.com*

## အမေရိကန်နိုင်ငံတွေက FOB ဆန်ဈေးနှုန်းများ

၁၇-၃-၂၀၁၆ ဒေါ်လာ/တန်

| | ယူအက်စ် | | | ဥရုဂွေး | | | အာဂျင်တီးနား | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၄%-၇% | ၄၄၀ | ၄၄၀ | □ | ၄၄၅ | ၄၄၅ | □ | ၄၃၅ | ၄၃၅ | □ |
| ဆန်ဖြူ ၁၀% | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၁၅% | ၄၆၀ | ၄၆၀ | □ | - | - | - | - | - | - |

*Source: oryza.com*

## ပြည်တွင်းမြို့ကြီးများ၏ (၁၈-၃-၂၀၁၆) ရက်နေ့ ဆန်၊ စပါးဈေးနှုန်းများ

ရေတွက်ပုံ-ကျပ်/စပါး(တင်း)၊ ဆန်(တစ်အိတ်)

| မြို့ | ဧည့်မထအုပ်စု | | | | ပေါ်ဆန်းအုပ်စု | | | |
|---|---|---|---|---|---|---|---|---|
| | စပါး | | ဆန် | | စပါး | | ဆန် | |
| | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် |
| **ဆန်ပိုဒေသများ** | | | | | | | | |
| ပြည် | ၅၆၀၀ | □ | ၂၁၅၀၀ | □ | ၇၇၂၀ | □ | ၃၃၀၀၀ | □ |
| ပုသိမ် | ၅၉၈၀ | □ | ၂၃၀၀၀ | □ | ၇၁၈၀ | □ | ၂၉၀၀၀ | □ |
| ပဲခူး | ၅၅၀၀ | □ | ၂၁၀၀၀ | □ | ၆၉၀၀ | □ | ၂၉၀၀၀ | □ |
| ရွှေဘို | ၇၃၀၀ | △ | ၂၇၅၀၀ | △ | ၁၆၅၀၀ | △ | ၃၇၀၀၀ | △ |
| စစ်တွေ | ၅၀၀၀ | □ | ၂၁၀၀၀ | □ | ၇၄၀၀ | □ | ၂၉၀၀၀ | □ |
| **ဆန်လိုဒေသများ** | | | | | | | | |
| နေပြည်တော် | ၆၅၀၀ | □ | ၂၆၀၀၀ | □ | - | - | ၃၄၀၀၀ | □ |
| ရန်ကုန်(ဝါးတန်း) | ၅၄၈၀ | □ | ၂၁၅၀၀ | ▽ | - | - | ၃၀၅၀၀ | □ |
| မန္တလေး | ၇၀၀၀ | □ | ၂၅၅၀၀ | △ | - | - | ၃၂၀၀၀ | □ |
| မကွေး | ၈၀၀၀ | □ | ၂၅၀၀၀ | □ | - | - | ၃၅၀၀၀ | □ |
| မော်လမြိုင် | ၅၆၀၀ | △ | ၂၁၀၀၀ | □ | ၆၉၀၀ | △ | ၂၆၀၀၀ | □ |
| လှိုင်ကော် | ၆၃၈၀ | □ | ၂၅၀၀၀ | □ | - | - | ၄၀၀၀၀ | □ |
| မြိတ် | ၅၀၀၀ | □ | ၂၆၀၀၀ | □ | - | - | ၃၀၀၀၀ | □ |
| ဘားအံ | ၅၉၅၀ | △ | ၂၂၀၀၀ | □ | - | - | ၂၇၅၀၀ | □ |
| တောင်ကြီး | - | - | ၂၄၀၀၀ | □ | - | - | ၃၆၀၀၀ | □ |

မှတ်ချက်။ ။ ပေါ်ဆန်းအုပ်စုတွင် ပဲခူး၊ မော်လမြိုင်၊ မုံရွာ၊ ဘားအံတို့မှာဒေသထွက်ဆန်ဖြစ်ပြီး၊ ပြည်ဆန်ဈေးမှာ နတ္တလင်းဆန်ဈေးဖြစ်ပါသည်။ ဧည့်မထအုပ်စုတွင် နေပြည်တော်၊ မန္တလေး၊ မကွေး၊လှိုင်ကော်တို့မှာ မနောသုခဆန်၊ ရွှေဘိုမှာအသွယ်စအမျိုးအစားဖြစ်ပါသည်။ စပါးသစ်လတ်စ ဆန်သစ်ဈေးများ ဖြစ်ပါသည်။

## ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်တွင် နွေသီးထပ်ရင်စပါးများ ဈေးကွက်သို့ စတင်ဝင်ရောက်လျက်ရှိ

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့နယ်တွင် စိုက်ပျိုးလျက်ရှိသော နွေသီးထပ်ရင်စပါးများမှာ မတ်ဒုတိယပတ်မှစတင်၍ ဈေးကွက်သို့ ဝင်ရောက်လျက်ရှိပြီး ဧပြီအတွင်းမှာသာ နွေစပါးအထွက်လှိုင်လာမည် ဖြစ်ကြောင်း၊ ယခင်နှစ်နွေစပါး သီးထပ်ရင်ပေါ်ချိန် စပါးပေါက်ဈေးမှာ ပေါင် ၅၀ တင်း ၁၀၀ တွင် ၄ သိန်းဝန်းကျင် ဈေးသာရှိသော်လည်း ယခုနှစ် နွေစပါးပေါက်ဈေးမှာ ပေါင် ၅၀ တင်း ၁၀၀ တွင် တောဈေး ကျပ် ၅၅၀၀၀၀ ဈေး၊ မြို့ပေါ်ဈေးမှာ ဆန်စက် အနီးအဝေးပေါ် မူတည်၍ ကျပ် ၅၆၀၀၀၀၊ ၅၇၀၀၀၀ ကျပ်ဈေးနဲ့ ဆန်တစ်အိတ် ကျပ် ၂၀၀၀၀၊ ကျပ် ၂၀၅၀၀ ဈေးရှိပြီး ယခုနှစ် စပါးဈေးမှာ ယခင်နှစ်ဈေးထက် တင်း ၁၀၀ ကို ကျပ်တစ်သိန်းကျော် ဈေးနှုန်းပိုမိုရရှိကြောင်း ဈေးကွက်မှ သိရပါတယ်။

လက်ရှိဈေးကွက်တွင် ဆန်အရောင်းအဝယ်မှာ ပုံမှန်သာရှိပြီး အရောင်းအဝယ်သွက်လက်မှုမရှိဘဲ စပါးအထွက်မလှိုင်သေးခင် လက်ရှိနွေစပါးဈေးတန်းမှာလည်း အမြင့်ဈေးဖြစ်နေချိန် လှောင်မည့်ကုန်သည်ပွဲစား၊ စက်ပိုင်တချို့ကလည်းဝယ်ယူ၍ ရင်းနှီးမြှုပ်နှံရန် စိတ်ဝင်စားမှုမရှိသေးကြောင်း၊ ယခင်နှစ် လှောင်လက်များမှာ ကျပ်လေးသိန်းဈေးဝယ်ရပြီး မိုးတွင်းကာလ ဇွန်၊ ဇူလိုင်လများတွင် ကျပ်လေးသိန်းခွဲ၊ ကျပ်ငါးသိန်းဈေးကိုမျှော်၍ ဝယ်ယူသိုလှောင်ကြကြောင်း၊ ၎င်းအချိန်မှာလည်း ဈေးနှုန်းအမြင့်ဈေးရပြီး တွက်ခြေကိုက်မှုရှိကြောင်း၊ ယခုနှစ်နွေစပါးပေါ်ချိန်ကတည်းက စပါးဈေးမှာအမြင့်ဈေးဖြစ်နေကြောင်း ဆန်စပါးအသိုင်းအဝိုင်းမှ သိရပါတယ်။ **မင်းမင်းဦး-ပုသိမ်**

## ပြည်တွင်းဈေးကွက်များမှ ပဲမျိုးစုံဈေးနှုန်းအပြောင်းအလဲ

၁၈-၃-၂၀၁၆ ကျပ်/ပိဿာ

| | ပဲအမျိုးအမည် | ရန်ကုန် | | | မန္တလေး | | | မုံရွာ | | | မကွေး | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ၁၁/၃ | ၁၈/၃ | ပြောင်းလဲမှု | ၁၁/၃ | ၁၈/၃ | ပြောင်းလဲမှု | ၁၁/၃ | ၁၈/၃ | ပြောင်းလဲမှု | ၁၁/၃ | ၁၈/၃ | ပြောင်းလဲမှု |
| ၁ | မတ်ပဲ | ၂၂၆၆ | ၂၃၄၅ | ▲ | ၂၂၁၇ | ၂၃၅၀ | ▲ | ၂၂၂၅ | ၂၃၂၅ | ▲ | ၂၁၂၅ | ၂၃၇၅ | ▲ |
| ၂ | ပဲစင်းငုံ | ၂၁၃၈ | ၂၂၁၉ | ▲ | ၂၀၉၂ | ၂၁၆၇ | ▲ | ၂၁၁၅ | ၂၁၈၅ | ▲ | ၂၁၀၀ | ၂၁၇၅ | ▲ |
| ၃ | ပဲတီစိမ်း | ၁၅၅၀ | ၁၅၃၀ | ▼ | - | ၁၇၉၆ | - | - | - | - | ၁၅၈၀ | ၁၅၈၀ | ■ |
| ၄ | ကုလားပဲရိုးရိုး | ၂၁၀၀ | ၂၁၀၀ | ■ | - | - | - | - | - | - | ၁၅၀၀ | ၁၅၆၅ | ▲ |
| ၅ | ပဲလွန်းဖြူ | ၁၀၀၀ | ၁၀၀၀ | ■ | ၁၂၅၀ | ၁၁၈၃ | ▼ | - | - | - | ၁၀၀၀ | ၁၀၀၀ | ■ |
| ၆ | ထောပတ်ပဲ | ၆၉၅ | ၆၉၅ | ■ | ၉၄၂ | ၁၀၆၇ | ▲ | ၆၈၄ | ၆၈၄ | ■ | ၆၈၅ | ၆၅၀ | ▼ |

* မှတ်ချက်။ ဖော်ပြပါဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## ရန်ကုန် FOB နဲ့ အိန္ဒိယဈေးကွက် ပဲမျိုးစုံဈေးနှုန်း အပြောင်းအလဲ

၁၈-၃-၂၀၁၆ ဒေါ်လာ/တန်

| | ပဲအမျိုးအမည် | ရန်ကုန် FOB | | | အိန္ဒိယ - မွမ်ဘိုင်း | | | အိန္ဒိယ - ဒေလီ | | |
|---|---|---|---|---|---|---|---|---|---|---|
| | | ၁၀/၃ | ၁၇/၃ | ပြောင်းလဲမှု | ၁၀/၃ | ၁၇/၃ | ပြောင်းလဲမှု | ၁၀/၃ | ၁၇/၃ | ပြောင်းလဲမှု |
| ၁ | မတ်ပဲ | ၁၁၅၀ | ၁၂၄၀ | ▲ | ၁၄၉၁ | ၁၆၄၅ | ▲ | ၁၃၄၂ | ၁၄၉၅ | ▲ |
| ၂ | ပဲစင်းငုံ | ၁၁၂၀ | ၁၁၄၀ | ▲ | ၁၁၇၁ | ၁၁၆၆ | ▼ | ၁၁၉၃ | ၁၁၈၁ | ▼ |
| ၃ | ပဲတီစိမ်း | ၈၅၀ | ၈၅၀ | ■ | ၉၅၅ | ၉၇၂ | ▲ | ၁၀၄၄ | ၁၀၄၇ | ▲ |
| ၄ | ကုလားပဲဖြူလုံးကြီး | ၇၀၀ | ၇၀၀ | ■ | ၆၇၉ | ၆၈၈ | ▲ | ၇၀၁ | ၇၀၃ | ▲ |

* မှတ်ချက်။ ရန်ကုန် FOB ဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။
ဒေလီဈေးကွက်မှ ဈေးနှုန်းများမှာ အိန္ဒိယပြည်တွင်းပဲတီစိမ်းနှင့် မြန်မာမတ်ပဲ SQ ပေါက်ဈေးများဖြစ်ပါသည်။

## အပတ်စဉ် ပဲမျိုးစုံတင်ပို့မှု FOB အရောင်းအဝယ်ဖြစ်မှု အခြေအနေ

ရေတွက်ပုံ-တန်ချိန်

| ပဲအမျိုးအစား | ပြည်ပတင်ပို့မှု ယခင်တစ်ပတ် (၅.၃.၁၆)ထိ | ပြည်ပတင်ပို့မှု ယခုတစ်ပတ် (၁၂.၃.၁၆)ထိ | ပြည်ပတင်ပို့မှု (၁.၁.၁၆) မှ (၁၂.၃.၁၆) ထိ |
|---|---|---|---|
| မတ်ပဲ | ၇၃၈၆ | ၁၀၁၄၃ | ၅၅၅၉၆ |
| ပဲတီစိမ်း | ၂၈၀၄ | ၆၁၂၅ | ၅၀၈၉၂ |
| ပဲစင်းငုံ | ၉၁၉၀ | ၁၀၆၇၀ | ၇၆၂၁၈ |
| ကုလားပဲ | ၂၈၈ | ၆၄၈ | ၁၃၀၁ |
| ပဲလွန်းဖြူ | ၅၅၅ | ၉၀၂ | ၃၆၀၀ |
| မြေထောက်ပဲ | ၂၃၆ | ၂၀၀ | ၁၁၅၈ |

## အထွက်ရော ဈေးပါကောင်းခဲ့လို့ မတ်ပဲစိုက်တောင်သူတွေ အကျိုးအမြတ်ရ

မတ်လလယ်တွင် ပြည်ပဲဈေးကွက်သို့ မတ်ပဲသီးနှံမှာ နေရာစုံ ပဲအထွက်လှိုင်လာပြီဖြစ်လို့ အိတ် ၈၀၀၀ ကျော်၊ ၁၀၀၀ နီးပါးဝင်ရောက်လာတာကို တွေ့ရပါတယ်။ ပန်းတောင်း၊ ပေါင်းတလည်၊ ပေါက်ခေါင်း၊ ရွှေတောင်၊ ကျိုးသဲ၊ ကံမ မြို့နယ်များမှ ဝင်ရောက်ခြင်းဖြစ်ပြီး၊ ရန်ကုန်ဝယ်လက်နဲ့လျှောင်သမားများကပါ ဝယ်ယူမှုရှိနေတဲ့အတွက် ဝင်လာသမျှ ပဲများအရောင်းအဝယ်သွက်လျက်ရှိနေခဲ့ပါ တယ်။ ပဲဈေးနှုန်းများမှာ လဆန်းရက်က ဈေးပြန်လျော့နည်းပေမယ့် ယခုတစ်ပတ်မှာ ဈေးတရိပ်ရိပ်ပြန်တက်လာနေခဲ့တာကြောင့် တစ်တင်း ၄၈၀၀၀ ကျပ်အထိ ဈေးပြန်မြင့် လာခဲ့တာကို တွေ့ရပါတယ်။ ပဲစိုက်တောင်သူအများစုမှာလည်း ယခုနှစ်က ပဲ အထွက်နှုန်းရော၊ ပဲဈေးပါကောင်းခဲ့လို့ အကျိုးအမြတ်များခဲ့ကြတယ်လို့ သိရှိရပါတယ်။

**ခင်ဆွေဝင်း-ပြည်**

## လှောင်သမားတွေပါ အဝယ်ရှိလို့ ပြည်ကုလားပဲဈေးပိုရ

မတ်လလယ်မှာ ပြည်ပဲဈေးကွက်သို့ ကုလားပဲသီးနှံဝင်ရောက်မှုကလည်း မတ်ပဲသီးနှံလောက် ဝင်ရောက်မှု မများပေမယ့် တစ်ရက်လျှင် အိတ် ၅၀၀ ကျော် ၆၀၀ ကျော်ထိ မင်းတုန်း၊ ကံမ၊ ပန်းတောင်းမြို့နယ်များမှ အဓိကထား ဝင်ရောက်ခဲ့တာကိုတွေ့ရပါတယ်။

ယခုအချိန်မှာ ဝယ်လက်များကတော့ လှောင်သမားနဲ့ ခွဲစက်သမားများမှ နေ့စဉ်အဝယ်ရှိသလို ရန်ကုန်-ပြည်ရထားလမ်းတစ်လျှောက် မြို့နယ်အချို့မှလည်း ပြည်ပဲဈေးကွက်သို့ လာရောက်ဝယ်ယူခဲ့ကြ ပါတယ်။ အေဈေးနှုန်းမှာတစ်တင်း ၃၂၀၀၀ ကျပ်နဲ့ ဈေးပြန်မြင့်တက်လာခဲ့တယ်လို့သိရပါတယ်။ **ခင်ဆွေဝင်း-ပြည်**

## ပြည်ပဲဈေးကွက်မှာ မတ်လဆန်းမှ လလယ်ထိ ပဲစင်းငုံသီးနှံ၏ ၅ နှစ်တာကာလ ဈေးနှုန်းနှိုင်းယှဉ်မှုအရ ယခုနှစ် ဈေးအကောင်းဆုံးဖြစ်ခဲ့

ပဲစင်းငုံသီးနှံကို မြန်မာနိုင်ငံအလယ်ပိုင်းဒေသများတွင် အများဆုံးစိုက်ပျိုးထွက်ရှိတာကို တွေ့ရပြီး ပြည်ခရိုင်အတွင်းမှာလည်း မြို့နယ်အားလုံးတွင် စိုက်ပျိုးလျက်ရှိရာ ပေါက်ခေါင်း၊ ပန်းတောင်းမြို့နယ်များ၌ အများဆုံးစိုက်ပျိုးတာကို တွေ့ရပါတယ်။ မိုးဦးကာလ မေတွင် စတင်စိုက်ပျိုးပြီး ဒီဇင်ဘာတွင် ရိတ်သိမ်းတဲ့အတွက် ပဲဈေးကွက်သို့ ဒီဇင်ဘာမှစ၍ ပဲသစ်များ စတင်ဝင်ရောက်လာခဲ့ကြပါတယ်။

ပြည်ပဲဈေးကွက်မှာ ပဲစင်းငုံသီးနှံဟာ မတ်ပဲသီးနှံကဲ့သို့ တစ်နှစ်ပတ်လုံး ရန်ကုန်ဝယ်လက် အရောင်းအဝယ်မဖြစ်ဘဲ ပဲထွက်ပေါ်ချိန်မှ အထွက်လှိုင်ချိန်နှင့် လက်ကျန်ပဲရှိသည့်အချိန်အထိသာ အရောင်းအဝယ်ဖြစ်ပြီး ကျန်အချိန်၊ လက်ကျန်နည်းချိန်မှာတော့ လက်လီအနည်းငယ်သာ အဝယ်ရှိခဲ့ကြတဲ့ ပဲဖြစ်ပါတယ်။ ယခုလ မတ်လမှာတော့ ပဲဝင်ရောက်မှုများ အိတ် ၅၀၀ ကျော်၊ ၆၀၀ ကျော်အထိ အဝင်ဆက်ရှိနေပြီး ရန်ကုန်ဝယ်လက်နှင့် လှောင်သမားများ ဝယ်ယူသိုလှောင်ချိန်ဖြစ်တယ်လို့ သိရပါတယ်။ ပဲစင်းငုံသီးနှံသည်လည်း ၂၀၁၆ ခုနှစ်အတွင်း မတ်ပဲကဲ့သို့ ဈေးကောင်းရခဲ့တဲ့ သီးနှံဖြစ်ခဲ့သလို ရှေ့လေးနှစ်ဆက်တိုက်မှာ ကာလတူအချိန်ဖြစ်ပေါ်ခဲ့သော ဈေးနှုန်းအရလည်း ယခုနှစ်မှာ ဈေးကောင်းရခဲ့ကြောင်း အောက်ဖော်ပြပါဇယားအတိုင်း လေ့လာ တွေ့ရှိရပါတယ်-

**တင်းဈေး- ကျပ်**

| ကာလတူနှိုင်းယှဉ်ချိန် | နိမ့် | မြင့် |
|---|---|---|
| ၂၀၁၂ မတ်လ ၁၅ ရက်အတွင်း | ၁၃၅၀၀ | ၁၄၅၀၀ |
| ၂၀၁၃ မတ်လ ၁၅ ရက်အတွင်း | ၂၀၀၀၀ | ၂၁၀၀၀ |
| ၂၀၁၄ မတ်လ ၁၅ ရက်အတွင်း | ၁၈၁၀၀ | ၁၈၆၀၀ |
| ၂၀၁၅ မတ်လ ၁၅ ရက်အတွင်း | ၂၈၉၀၀ | ၂၉၇၀၀ |
| ၂၀၁၆ မတ်လ ၁၅ ရက်အတွင်း | ၄၁၀၀၀ | ၄၃၅၀၀ |

ပဲစင်းငုံသီးနှံ၏ ၂၀၁၂ ခုနှစ် မတ်လဆန်းမှ လလယ်အထိ ဈေးနှုန်းမှာ တစ်တင်း ၁၃၅၀၀ ကျပ်နဲ့ ၁၄၅၀၀ ကျပ်အကြား အရောင်းအဝယ်ဖြစ်ခဲ့ကာ ၎င်းနှစ်အတွင်း ပဲဈေးများအားလုံးလိုလို ဈေးအေးခဲ့တဲ့နှစ် ဖြစ်ခဲ့ပါတယ်။ ပြည်ပဝယ်လက်သီးနှံရောဒေသတွင်းအဝယ်ရှိတဲ့ ပဲများပါ ကျပ်နှစ်သောင်းအောက်သာ အရောင်းအဝယ်ဖြစ်ခဲ့ကြပါတယ်။ ပဲစင်းငုံသီးနှံကို ရန်ကုန်ဝယ်လက် အဝယ်ရှိသလို ဒေသတွင်းလက်လီလည်း အဝယ်ရှိခဲ့ပါတယ်။

၂၀၁၃ ခုနှစ်မှာတော့ ပဲဈေးနှုန်းဟာ ယခင်နှစ်ထက် ဈေးပိုလာသော်လည်း တစ်တင်း ၂၀၀၀၀ ကျပ်မှ ၂၁၀၀၀ ကျပ်သာ အရောင်းအဝယ်ဖြစ်ခဲ့သလို ယခင်နှစ်အတွင်း ပြည်ပဝယ်လက်ရှိသော မတ်ပဲဈေးထက်လည်း ဈေးပိုရနေခဲ့တာကို တွေ့ရပါတယ်။ ၎င်းနှစ်အတွင်း ပဲစင်းငုံသီးနှံသစ်စဝင်ချိန်မှာ တစ်တင်း ၁၇၀၀၀ ကျပ်သာ ရရှိပေမယ့် တဖြည်းဖြည်းဈေးမြင့်တက်ခဲ့လို့ မတ်လမှာ ဈေးအမြင့်နဲ့ ဆက်လက်အရောင်းအဝယ်ဖြစ်ခဲ့ကြတယ်လို့ သိရပါတယ်။

၂၀၁၄ ခုနှစ်၊ မတ်မှာ ပဲဈေးဟာ ၂၀၁၃ ခုနှစ် မတ်ဈေးနှုန်းထက် ဈေးလျော့နည်း အရောင်းအဝယ် ဖြစ်ခဲ့တဲ့အတွက် တစ်တင်း ၁၈၁၀၀ ကျပ်မှ ၁၈၆၀၀ ကျပ်သာရရှိခဲ့ကြပါတယ်။ ၎င်းနှစ်မှာ ပဲဈေးအားလုံး ဈေးအေးခဲ့တဲ့အတွက် ပြည်ပဝယ်လက်ပဲများထဲမှ မတ်ပဲနှင့်ပဲစင်းငုံသီးနှံမှာ ကျပ် နှစ်သောင်းအောက်သာရရှိခဲ့လို့ ဈေးအေးခဲ့ပြီး ပဲတီစိမ်းသီးနှံဟာ ဈေးကောင်းရရှိခဲ့တဲ့နှစ်ဖြစ်ခဲ့ပါတယ်။

၂၀၁၅ ခုနှစ်မှာတော့ ရှေ့ကနှစ်များထက် ပဲဈေးမှာ သိသာစွာဈေးမြောက်လာတဲ့အတွက် တစ်တင်း ၂၈၉၀၀ ကျပ်မှ ၂၉၇၀၀ ကျပ်အထိ ကျပ်သုံးသောင်းနီးပါး မတ်လအတွင်း ဈေးကောင်းရခဲ့တာကို တွေ့ရပါတယ်။ ဒါကြောင့် ပဲစိုက်ပျိုးထုတ်လုပ်သူများ ယင်းနှစ်မှာ အကျိုးအမြတ်ရရှိခဲ့ကြတယ်လို့လည်း သိရပါတယ်။ ၂၀၁၅ ခုနှစ် နှစ်ဆန်းပိုင်း ပဲသစ်ဈေးမှာ တစ်တင်း ၂၅၀၀၀ ကျပ်ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ပြီး ဖေဖော်ဝါရီမှစ၍ ဈေးမြင့်တက်လာလို့ မတ်မှာ ဈေးကောင်းဆက်ရနေကာ မတ်ပဲဈေးထက်လည်း ၎င်းကာလမှာ ဈေးပိုရရှိကြောင်း လေ့လာသိရှိရပါတယ်။ မတ်ပဲသီးနှံဟာ လလယ်အထိ ပဲစင်းငုံဈေးအောက်လျော့နည်းရခဲ့ပြီး လလယ်နောက်ပိုင်း မှစ၍ ဈေးမြင့်တက်လာကာ တစ်တင်း ကျပ်သုံးသောင်းကျော်ဖြင့် ပဲစင်းငုံထက် ဈေးပိုသွားခြင်းဖြစ်ပါတယ်။ ပဲစင်းငုံနဲ့ မတ်ပဲသီးနှံ နှစ်မျိုးစလုံး သကြံန်ပြီးချိန်မှစ၍ ပဲဈေးနှုန်းများ ဈေးပြိုင်မြင့်တက်လာခဲ့ပြီး ပြည်ပဝယ်မှာလည်း ဈေးကောင်းပေးဝယ်ယူခဲ့ကြတဲ့ သီးနှံများဖြစ်ခဲ့ကြပါတယ်။

၂၀၁၆ ခုနှစ်၊ မတ်လဆန်းမှ လလယ်အထိ ပဲစင်းငုံဈေးနှုန်းများကို လေ့လာရာမှာတော့ တစ်တင်း ၄၁၀၀၀ ကျပ်မှ ၄၃၅၀၀ ကျပ်အထိ ဈေးကောင်းရလျက်ရှိသလို ဝယ်လိုအားမှာလည်း ပြည်ပဝယ်လိုအား ကောင်းနေတာ ကြောင့် ရန်ကုန်ဝယ်လက်များမှလည်း ပြည်ပဲဈေးကွက်မှာ ရသလောက်ပဲစင်းငုံကို ဝယ်ယူနေကြတဲ့အတွက် ယခုလအတွင်း တစ်ရက်အိတ် ၄၀၀ ကျော် ၅၀၀ အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ လှောင်သမားဝယ်လက်များမှ လည်း ဝယ်ယူသိုလှောင်နေကြတယ်လို့ သိရပါတယ်။ ပဲသစ်ပေါ်စအချိန် ဒီဇင်ဘာလကုန်မှစ၍ ပဲဈေးနှုန်းမှာ တစ်တင်း ၄၉၅၀၀ ကျပ်ဖြင့် ကျပ်ငါးသောင်းနီးပါးအထိ ဈေးကောင်းရရှိနေသလို ပဲအဝင်လှိုင်လာချိန်မှာတော့ ဈေးပြန်လျော့သွားတဲ့အတွက် တစ်တင်း ကျပ် ၄၅၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့သလို ယခုမတ်လမှာတော့ ကျပ် လေးသောင်းစွန်းစွန်းသာ ရရှိခဲ့ကြပါတယ်။ ယခုနှစ်မှာ ပဲစိုက်တောင်သူများ ပဲဈေးကောင်းလို့ ယခင်နှစ်များက တွက်ခြေမကိုက်ခဲ့သမျှ ယခုနှစ်မှာ အထွက်နှုန်းကောင်းတဲ့ တောင်သူများ ပိုအကျိုးအမြတ်ရရှိခဲ့သလို တချို့တောင်သူတွေကလည်း ရောင်းချမှုမရှိသေးဘဲ ဈေးကောင်း ဆက်မျှော်ကာ သိုလှောင်ထားရှိနေသေး ကြောင်း သိရပါတယ်။ ငါးနှစ်တာကာလဈေးနှုန်းများအရ ယခုနှစ်မှာတော့ ပဲစင်းငုံသီးနှံဈေးဟာ ယခင်နှစ် များကထက်ဈေးပိုလာပြီး ဈေးအမြင့်ဆုံးရတဲ့နှစ်ဖြစ်ခဲ့ကာ ပြည်ပဝယ်လက်ကလည်း ရသလောက်ဝယ်ယူနေတယ်လို့ သိရပါတယ်။ **ခင်ဆွေဝင်း-ပြည်**

## ပြည်ပဲတီစိမ်းသီးနှံ လက်ကျန်အဝင်ရှိလို့ ပြန်လည်အရောင်းအဝယ်ဖြစ်

ပြည်ပဲဈေးကွက်သို့ အခြားပဲသီးနှံများ အဝင်များလာသော်လည်း ပဲတီစိမ်းသီးနှံမှာ မတ်လဆန်းမှစလို့ ပဲအဝင်ပါးသွားတဲ့အတွက် ဈေးကွက်မှာ အရောင်းအဝယ်အေးသလောက်ဖြစ်ခဲ့ရာမှ ယခုလလယ်မှာတော့ လက်ကျန်ပဲအချို့ ဝင်ရောက်လာလို့ အိတ် ၁၅၀ ကျော် ပြန်လည်အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။

မန္တလေးဝယ်လက်မှ နေ့စဉ်ပဲအဝင်မရှိလို့ အရောင်းအဝယ်ဖြစ်မှု အေးခဲ့ပေမယ့် ယခုရက်ပိုင်းမှာတော့ ဝင်ရောက်လာသမျှ စုထားကာ ဝယ်ယူလိုသည့်ပမာဏပြည့်သည့်အခါ အရောင်းအဝယ်ပြန်ဖြစ်ခဲ့ကြပါတယ်။ ပဲဈေးမှာ တစ်တင်း ၃၂၀၀၀ ကျပ်နဲ့ မတ်လဆန်းရရှိခဲ့သောဈေးထက် လျော့နည်းခဲ့ကြောင်းသိရှိရပါတယ်။

**ခင်ဆွေဝင်း-ပြည်**

# ၂၀၁၆ ခုနှစ် မတ်လ တတိယသီတင်းပတ် မန်းကုန်စည်ဒိုင်မှာ အရောင်းအဝယ်ဖြစ်တဲ့ သီးနှံများရဲ့ ဈေးနှုန်းနဲ့ ဈေးကွက်

မတ်လ တတိယသီတင်းပတ် မန္တလေးကုန်စည်ဒိုင် (ပွဲစား၊ ကုန်သည်၊ စက်ပိုင်များ မဟာကထိန်တော်အသင်း) မှာ အရောင်းအဝယ်ပြုလုပ်တဲ့ လယ်ယာထွက်ကုန်သီးနှံများရဲ့ ဈေးနှုန်းနဲ့ ယခင်လကာလတူမှာ အရောင်းအဝယ်ဖြစ်ခဲ့တဲ့ ဈေးနှုန်းများကို နှိုင်းယှဥ်ကြည့်ပါက-

**တစ်ပိဿာဈေး- ကျပ်**

| သီးနှံအမည် | ၁၇. ၂. ၂၀၁၆ | | ၁၇. ၃. ၂၀၁၆ | |
|---|---|---|---|---|
| | နိမ့် | မြင့် | နိမ့် | မြင့် |
| ပဲတီစိမ်း ရွှေဝါ | ၂၁၁၆ | ၂၁၈၇ | ၁၉၂၀ | ၁၉၃၈ |
| ပဲလွန်းဖြူ | ၁၂၅၀ | ၁၃၀၀ | - | ၁၁၆၇ |
| ပဲကြီး | ၁၅၉၃ | ၁၆၂၉ | ၁၄၄၈ | ၁၄၆၆ |
| ပဲနီပြား | ၁၇၁၉ | ၁၈၁၀ | ၁၈၈၆ | ၁၂၆၇ |
| ပဲပုပ် (ရှမ်း) | ၉၃၉ | ၁၀၃၃ | ၉၃၉ | ၁၀၈၉ |
| ပဲပုပ် (ဗမာ) | - | ၉၀၁ | ၆၂၀ | ၉၃၉ |
| ပဲယင်း | ၇၆၇ | ၇၈၃ | ၇၁၇ | ၇၃၃ |
| ထောပတ်ပဲ | - | ၁၃၈၇ | ၁၀၆၇ | ၁၁၂၀ |
| ပဲဇီးကွက် | - | ၈၅၈ | ၇၇၃ | ၇၉၀ |
| မြေထောက်ပဲ | ၁၁၈၅ | ၁၂၀၄ | ၁၀၉၃ | ၁၁၁၁ |
| မတ်ပဲ | ၂၄၈၃ | ၂၅၀၀ | - | ၂၄၅၀ |
| ကုလားပဲဖြူကြီး | - | ၁၂၇၅ | - | ၁၅၅၅ |
| ကုလားပဲ ထိုင်ဝမ် | - | ၁၃၅၁ | - | ၁၅၆၄ |
| ပြောင်းဖူးစေ့ (ရှမ်း) | - | ၄၅၄ | - | ၄၅၄ |
| ပြောင်းဖူးစေ့ (ဗမာ) | - | ၄၃၅ | ၄၃၅ | ၄၄၄ |
| ပြောင်းဖူးစေ့ (စီပီ) | - | ၄၆၃ | ၄၆၃ | ၄၆၇ |
| ထွက်တိုးပြောင်း | ၅၂၈ | ၅၃၈ | ၅၀၀ | ၅၂၈ |
| ဆန်ပြောင်း | - | ၅၀၆ | - | ၅၂၃ |
| နှမ်းဖြူ | ၂၀၄၄ | ၂၀၈၉ | ၁၈၈၉ | ၂၀၀၀ |
| နှမ်းညို | ၁၆၆၇ | ၁၈၆၇ | ၁၆၂၂ | ၁၇၃၃ |
| နှမ်းနက် | ၂၅၅၆ | ၃၆၆၇ | ၂၀၀၀ | ၂၈၈၉ |
| နှမ်းနက်(စမုံ) | ၃၈၈၉ | ၄၁၁၁ | ၃၇၇၈ | ၃၈၂၂ |
| ပန်းနှမ်း | ၂၁၇၈ | ၂၂၂၂ | - | ၂၁၁၁ |
| မြေပဲဆန် (S1လုံးဆန်) | ၂၅၀၀ | ၂၆၂၅ | ၂၆၀၀ | ၂၆၇၅ |

ပြည်ပ (တရုတ်)ဝယ်လက်နဲ့ ဒေသတွင်း ပဲခွဲစက်များ၊ ပဲသန့်စင်စက်များမှ ပုံမှန်ဝယ်ယူမှုရှိနေတဲ့ ပဲတီစိမ်းရွှေဝါ ဒီတစ်ပတ်မှာ ဈေးအနည်းငယ်အေးပြီး တစ်ပိဿာ ၁၉၃၈ ကျပ် (တစ်တန် ၁၁၈၆၈၁၂ ကျပ်)နဲ့ နေ့စဉ် သုံးတင်းအိတ် ၅၀၀ ကျပ်၊ ပဲလွန်းဖြူတစ်ပိဿာ ၁၁၆၇ ကျပ်(တစ်တန် ၇၁၄၆၅၉ ကျပ်) နဲ့ အရောင်း အဝယ်ဖြစ်လို့ ယခင်တစ်ပတ်ဈေးနှုန်းရော ယခင်လကာလတူ ဈေးနှုန်းအောက်မှာ ဈေးအေးနဲ့ ပုံမှန် အရောင်းအဝယ် ဖြစ်လို့ နေ့စဉ်သုံးတင်းအိတ် ၂၀၀ ခန့်၊ ပဲကြီး တစ်ပိဿာ ၁၄၆၆ကျပ်(တစ်တန် ၈၉၇၇၆၄ ကျပ်)နဲ့ အရောင်း အဝယ်ဖြစ်လို့ ယခင်လကာလတူဈေးနှုန်းအောက် တစ်ပိဿာ ၁၆၃ ကျပ် (တစ်တန် ၉၉၈၂၀ ကျပ်)ဈေးအေးနဲ့ နေ့စဉ်သုံးတင်း အိတ် ၄၀၀ ခန့်၊ ပဲနီပြား တစ်ပိဿာ ၁၂၆၇ ကျပ် (တစ်တန် ၇၇၅၈၉၈ ကျပ်)နဲ့ အရောင်းအဝယ်ဖြစ်လို့ ယခင်လကာလ တူဈေးနှုန်းအောက် တစ်ပိဿာ ၅၄၃ ကျပ် (တစ်တန် ၃၃၂၅၂၈ ကျပ်) နဲ့ဈေးအေးပြီး ဈေးနှုန်းကွာဟမှု ကြီးမားတာကြောင့် အရောင်းအဝယ်အေးလို့ နေ့စဉ်သုံးတင်းအိတ် ၃၅၀ ခန့်၊ ပဲပုပ် (ရှမ်း) တစ်ပိဿာ ၁၀၈၉ ကျပ် (တစ်တန် ၆၆၆၈၉၃ ကျပ်)၊ ပဲပုပ်(ဗမာ) တစ်ပိဿာ ၉၃၉ ကျပ် (တစ်တန် ၅၇၅၀၃၄ ကျပ်) နဲ့ အရောင်းအဝယ်ဖြစ်လို့ ယခင်လကာလတူဈေးနှုန်းထက် ဈေးမာပြီး နေ့စဉ် ပဲပုပ်နှစ်မျိုးပေါင်း သုံးတင်းအိတ် ၄၀၀ ခန့်၊ ပဲယင်း တစ်ပိဿာ ၇၃၃ ကျပ် (တစ်တန် ၄၄၈၈၈၂ ကျပ်)နဲ့ အရောင်းအဝယ်ဖြစ်လို့ ယခင်လကာလတူဈေးအောက်ရှိပြီး နေ့စဉ်သုံးတင်းအိတ် ၃၀၀ ခန့်၊ ထောပတ်ပဲ တစ်ပိဿာ ၁၁၂၀ ကျပ် (တစ်တန် ၆၈၅၈၇၇ ကျပ်)နဲ့ အရောင်းအဝယ်ဖြစ်လို့ ယခင်လ ကာလတူဈေးနှုန်းအောက် တစ်ပိဿာ ၂၆၇ ကျပ် (တစ်တန် ၁၆၃၅၀၈ ကျပ်)ဈေးအေးနဲ့ နေ့စဉ် သုံးတင်းအိတ် ၃၅၀ ကျော်၊ ပဲဇီးကွက် တစ်ပိဿာ ၇၉၀ ကျပ် (တစ်တန် ၄၈၃၇၈၈ ကျပ်)နဲ့ နေ့စဉ် သုံးတင်းအိတ် ၁၅၀ ခန့်၊ မြေထောက်ပဲ တစ်ပိဿာ ၁၁၁၁ ကျပ်(တစ်တန် ၆၈၀၃၆၅ ကျပ်)နဲ့ နေ့စဉ် သုံးတင်းအိတ် ၂၀၀ ခန့် အရောင်းအဝယ်ဖြစ်ကြောင်း သိရပါတယ်။

ယခုတစ်ပတ်မှာ မတ်ပဲ တစ်ပိဿာ ၂၄၅၀ ကျပ် (တစ်တန် ၁၅၀၀၃၅၆ ကျပ်)နဲ့ အရောင်းအဝယ်ဖြစ်လို့ ယခင်လ ကာလတူဈေးနှုန်းအောက်ရောက်နေပြီး နေ့စဉ် သုံးတင်းအိတ် ၅၀၀ ခန့်၊ ကုလားပဲဖြူကြီး တစ်ပိဿာ ၁၅၅၅ ကျပ် (တစ်တန် ၉၅၂၂၆၆ ကျပ်)၊ ကုလားပဲထိုင်ဝမ် တစ်ပိဿာ ၁၅၆၄ ကျပ် (တစ်တန် ၉၅၇၇၇၈ ကျပ်)နဲ့ အရောင်းအဝယ်ဖြစ်လို့ ကုလားပဲ နှစ်မျိုးစလုံး ယခင်လကာလတူဈေးနှုန်းရဲ့ အထက်နဲ့ နေ့စဉ် သုံးတင်းအိတ် ၆၀၀ ကျော်အရောင်းအဝယ်ဖြစ်ကြောင်း သိရပါတယ်။

ယခုတစ်ပတ် ပြောင်းဖူးစေ့ရဲ့ ဈေးနှုန်းများမှာ ပြောင်းဖူးစေ့ (ရှမ်း) တစ်ပိဿာ ၄၅၄ ကျပ် (တစ်တန် ၂၇၈၀၂၅ ကျပ်)၊ ပြောင်းဖူးစေ့ (ဗမာ) တစ်ပိဿာ ၄၄၄ ကျပ် (တစ်တန် ၂၇၁၉၀၁ ကျပ်)၊ ပြောင်းဖူးစေ့ (စီပီ) တစ်ပိဿာ ၄၆၇ ကျပ် (တစ်တန် ၂၈၅၉၈၆ ကျပ်)၊ အထွက်တိုးပြောင်း တစ်ပိဿာ ၅၂၈ ကျပ် (တစ်တန် ၃၂၃၄၂ ကျပ်)၊ ဆန်ပြောင်း တစ်ပိဿာ ၅၂၃ ကျပ် (တစ်တန် ၃၂၀၂၈၀ ကျပ်)နဲ့ အဆိုပါ ပြောင်းဖူးစေ့ (၅) မျိုးပေါင်း နေ့စဉ် သုံးတင်းအိတ် ၁၈၀၀ ခန့် အရောင်း အဝယ်ဖြစ်ကြောင်း သိရပါတယ်။

ဆီထွက်သီးနှံတစ်ခုဖြစ်တဲ့ နှမ်းရောင်စုံများရဲ့ ယခုတစ်ပတ်အတွင်း အရောင်းအဝယ်ဖြစ်တဲ့ ဈေးနှုန်းများမှာ နှမ်းဖြူ တစ်ပိဿာ ၂၀၀၀ ကျပ် (တစ်တန် ၁၂၂၄၇၈၀ ကျပ်)၊ နှမ်းညို တစ်ပိဿာ ၁၇၃၃ ကျပ် (တစ်တန် ၁၀၆၁၂၇၂ ကျပ်)၊ နှမ်းနက် တစ်ပိဿာ ၂၈၈၉ ကျပ် (တစ်တန် ၁၇၆၉၁၉၅ ကျပ်)၊ နှမ်းနက်(စမုံ) တစ်ပိဿာ ၃၈၂၂ ကျပ် (တစ်တန် ၂၃၄၀၅၅၅ ကျပ်)၊ ပန်းနှမ်း တစ်ပိဿာ ၂၁၁၁ ကျပ် (တစ်တန် ၁၂၉၂၇၅၅ ကျပ်)နဲ့ အရောင်းအဝယ်ဖြစ်လို့ ယခင်လ ကာလတူဈေးနှုန်း အောက်ဈေးအေးနဲ့ အဆိုပါနှမ်းငါးမျိုး နေ့စဉ် သုံးတင်းအိတ် ၁၅၀၀ ကျော်အရောင်းအဝယ်ဖြစ်ကြောင်း သိရပါတယ်။ အခြား ဆီထွက်သီးနှံတစ်မျိုးဖြစ်တဲ့ မြေပဲဆန် (S1 လုံးဆန်) တစ်ပိဿာ ၂၆၇၅ ကျပ် (တစ်တန် ၁၆၃၈၁၄၃ ကျပ်)နဲ့ အရောင်း အဝယ်ဖြစ်လို့ ယခင်လ ကာလတူဈေးနှုန်းအထက် ဈေးမာနဲ့ နေ့စဉ် သုံးတင်းအိတ် ၂၅၀၀ ကျော် အရောင်းအဝယ်ဖြစ်ကြောင်း သိရပါတယ်။

ယခုတစ်ပတ် မန္တလေးကုန်စည်ဒိုင် (ပွဲစား၊ ကုန်သည်၊ စက်ပိုင်များ မဟာကထိန်တော်အသင်း)မှာ အရောင်းအဝယ်ဖြစ်တဲ့ ပဲအများစုဈေးအေးလျက်ရှိကြောင်း၊ ပဲပုပ်နှင့်ကုလားပဲသာ ယခင်လဈေးအထက်မှာ ရှိနေကြောင်း၊ ပြောင်းဖူးစေ့မျိုးစုံမှာ ဈေးနှုန်းအပြောင်းအလဲ အနည်းငယ်ဖြင့် အရောင်းအဝယ်ရှိကြောင်း၊ နှမ်းများအားလုံး ယခင်လကာလတူဈေးနှုန်းအောက်မှာ ဈေးအေးလျက်ရှိနေကြောင်း၊ မြေထောက်ပဲဆန်မှာ ဈေးအနည်းငယ်မာလျက် အရောင်းအဝယ်သွက်လက်ကြောင်း၊ ကုလားပဲများမှာ ဒေသတွင်းပဲခွဲစက်များသာ အဝယ်လိုက်လျက်ရှိကြောင်း၊ လှောင်လက်များအနေဖြင့် အချိန်ကြာမြင့်စွာ သိုလှောင်ထားမှုမရှိဘဲ ပခုံးပြောင်း (ဒေသအခေါ် အဝေါ် ယခုဝယ်ယခုရောင်း) စနစ်ကိုသာ အဓိကထား အရောင်းအဝယ် ပြုလုပ်ကြောင်း၊ ၎င်းစနစ်ဖြင့် အရောင်း အဝယ်ပြုခြင်းကြောင့် အမြတ်နည်းသော်လည်း အရှုံးပေါ်ပါက နည်းပါးကြောင်း၊ ငွေကြေးလည်ပတ်မှု မြန်ဆန်ကြောင်း ကုန်သည်ကြီးတစ်ဦးမှ ပြောကြားကြောင်း သိရပါတယ်။

**စိုးအောင်-မန္တလေး**

# မုံရွာကုန်စည်ဒိုင် မတ်လတတိယပတ် ပဲဈေးကွက် ငုံနီဈေးတက်၊ ကုလားပဲအရောင်းအဝယ်သွက်လာ

မုံရွာကုန်စည်ဒိုင် မတ်လတတိယပတ် ပဲဈေးကွက်မှာ Export အတွက် ရန်ကုန်လက်ဝယ်လိုအား ကောင်းလာတာကြောင့် ငုံနီဈေးဟာ ပြီးခဲ့တဲ့ ရက်သတ္တပတ်ကထက် တစ်တင်း ၂၀၀၀ ကျပ်တက်ခဲ့ကာ ၄၄၅၀၀ ကျပ်အထိ တက်ဈေးဖြစ်ပြီး အရောင်းအဝယ် အနည်းငယ်သွက်ခဲ့တာတွေ့ရပါတယ်။ ယခုအချိန်မှာ တောင်သူ အရောင်း မရှိတော့ဘဲ ကုန်သည်အရောင်းသာရှိခဲ့ပြီး တစ်ရက်အိတ် ၁၀၀၀ ခန့် အရောင်းအဝယ်ဖြစ်နိုင်တယ်လို့ ဒိုင်ရပ်ကွက်က ဆိုပါတယ်။

ယခုတစ်ပတ် ကုလားပဲမျိုးစုံဈေးကွက်မှာလည်း ဒေသတွင်း ကြာဆံစက်၊ ပဲခွဲစက်၊ အမှုန့်ကြိတ်စက် လိုင်းသမားတွေ ကုန်ကြမ်းဝယ်မှုအားကောင်းလာခဲ့သလို မန်းဝယ်လက်နဲ့ ရန်ကုန်အဆွဲရှိခဲ့လို့ တစ်ရက်ကုလားပဲမျိုးစုံအိတ် ၂၀၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ပြီး၊ ကုလားပဲမျိုးစုံတစ်တင်း ပေါက်ဈေးအားဖြင့် ထိုင်ဝမ် ၃၀၀၀၀ ကျပ်၊ 929 က ၂၉၇၀၀ ကျပ်နဲ့ V2 ၂၉၅၀၀ ကျပ်အသီးသီး ဈေးအနည်းငယ်မာလာတာတွေ့ရပါတယ်။ ယခုတစ်ပတ် ပဲတီစိမ်းဈေးကွက်အနေနဲ့ နယ်ပဲအဝင်လျော့လာပြီး ရန်ကုန်ဝယ်လက်ပုံမှန်အဆွဲရှိလို့ စိမ်းကြီးတင်း ၃၁၀၀၀ ကျပ်၊ ၃၄၅၀၀ ကျပ်နဲ့ စိမ်းသေးတစ်တင်း ၂၈၅၀၀ ကျပ်အသီးသီးဈေးမာနေကာ နယ်ကဝင်လာသလောက် အရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။

ယခုတစ်ပတ် မတ်ပဲဈေးကွက်မှာတော့ Export အဝယ် ရန်ကုန်လက်ဝယ်လိုအားမြင့်လာတာနဲ့အမျှ တစ်တင်း မတ်ပဲ (ရေ) ၄၉၀၀၀ ကျပ်နဲ့ (ကုန်း) ၄၇၅၀၀ ကျပ်အသီးသီးဈေးမြောက်လာခဲ့ပြီး အရောင်းအဝယ် သွက်ခဲ့ရာ တစ်ရက်အိတ် ၇၀၀ မှ ၁၀၀၀ အကြားဖြစ်ခဲ့တယ်လို့ ဒိုင်ရပ်ကွက်ကသိရပါတယ်။ ပြည်တွင်းသုံးပဲမျိုးစုံလည်း ယခုတစ်ပတ်မှာ ပုံမှန်အရောင်းအဝယ်သာဖြစ်ပြီး ဆက်လက်ဈေးအေးလာခဲ့ရာ စွန်တာနီတစ်တင်း ၁၄၂၀၀ ကျပ်၊ လုံးကြား ၁၅၅၀၀ ကျပ်၊ ပဲကြီး ၁၉၅၀၀ ကျပ်၊ ၂၃၀၀၀ ကျပ်၊ ပုဂံ ၁၇၀၀၀ ကျပ်၊ လွန်းပြာ ၂၀၀၀၀ ကျပ်၊ ၂၀၃၀၀ ကျပ်၊ မြေထောက်ပဲ ၁၅၀၀၀ ကျပ်၊ ၁၇၅၀၀ ကျပ်၊ ပဲယင်းဝါ ၁၅၅၀၀ ကျပ်၊ ၁၆၅၀၀ ကျပ် အသီးသီး ပေါက်ဈေးဖြစ်ပေါ် ခဲ့တယ်လို့ မုံရွာကုန်စည်ဒိုင်ရပ်ကွက်ကသိရပါတယ်။

**ထွန်းလှိုင်-မုံရွာ**

**၁၄-၃-၂၀၁၆ မှ ၁၈-၃-၂၀၁၆ ထိ CO Form များ ထုတ်ပေးမှုစာရင်း ရန်ကုန်တိုင်းဒေသကြီးရုံး**

| Sr.No. | Forms | Copies | Total Value (US$) |
|---|---|---|---|
| 1 | Form A | 290 | 17,392,987.149 |
| 2 | Form D | 58 | 3,293,749.780 |
| 3 | Form E | 79 | 1,332,577.960 |
| 4 | Korea GSP | 6 | 133,161,470 |
| 5 | Form AK | 65 | 3,807,824.694 |
| 6 | Form AJ | 5 | 125,873.740 |
| 7 | Form AI | 47 | 1,941,389.469 |
| 8 | Form AANZ | 1 | 189.000 |
| 9 | Form DFTP | - | - |
| Grand Total | | 551 | 28,027,753.262 |

## ပဲစင်းငုံ အရှုံးပေါ်

ပခုက္ကူကုန်စည်ဒိုင်တွင် ပဲစင်းငုံအသစ်များ ဒီဇင်ဘာနောက်ဆုံးပတ်နဲ့ ဇန်နဝါရီလမှာ စတင်ဝင်ရောက်လာပါတယ်။ ဈေးစတင်ဖွင့်လှစ်စဉ်က တစ်တင်းကို ၄၅၀၀၀ ကျပ် ဖြင့်ဈေးဖွင့်ခဲ့သော်လည်း ပြည်ပဆွဲလက်ရှိ သော်လည်းအထွက်နည်းခြင်း၊ နယ်ဆင်းစဉ် အတွေ့အကြုံ မေးမြန်းလေ့လာမှုအရ တစ်ဧက ၃ တင်းနှင့် တောင်သူများမှာ အလွန်ရမှ ၅ တင်းသာ ရရှိခြင်းတို့ကြောင့် တစ်တင်းကို ၅၂၀၀၀ ကျပ်အထိ ဈေးမြင့်တက်ခဲ့သော်လည်း နောက်ပိုင်းတွင် ၄၄၁၀၀ ကျပ်ဈေးအထိ ကျဆင်းလာခဲ့သဖြင့် ယခင်အမြင့်ဈေး ၅၂၀၀၀ ကျပ်နှင့် ဝယ်ယူသိုလှောင်ထားသူများအနေဖြင့် တစ်တင်းကို ၈၀၀၀ ကျပ်ခန့် အရှုံးပေါ်နေကြသဖြင့် “ဘယ်လိုလဲ ပဲစင်းငုံ” လို့ မေးရမလိုဖြစ်နေကြောင်း ကုန်သည်ပွဲစားလောကတွင် ပြောဆိုနေကြကြောင်း သိရပါတယ်။

**ပပရွှေ- ပခုက္ကူ**

## ချင်း

### နယ်ဝယ်လက်အားကောင်းသော်လည်း ပြည်ချင်း အရောင်းအဝယ် ပုံမှန်သာဖြစ်

ပြည်ချင်းဈေးကွက်သို့ ယခုတစ်ပတ် တောင်ကြီး၊ အောင်ပန်းဒေသမှ ချင်း ပိဿာ ၃၀ ဝင်အိတ် ၁၀၀ ခန့်ဝင်ရောက်ခဲ့ပါတယ်။ ယခုအချိန်သည် အလှူမင်္ဂလာပွဲ အချိန်အခါဖြစ်လို့ နယ်ဝယ်လက်က ဝယ်ယူမှုအား ကောင်းနေသော်လည်း ဈေးနှုန်း မှာ ပုံမှန်အတိုင်းရှိနေပါတယ်။

အရောင်းအဝယ်မှာ တစ်နေ့လျှင် ပိဿာ ၃၇၀ ခန့် ပုံမှန် ရောင်းဝယ်နေပြီး ချင်း တစ်ပိဿာ (ရှယ်) ၉၀၀ ကျပ်၊ (ဂွန်) ၈၀၀ ကျပ်ခန့်နဲ့ ဈေးငြိမ်နေပါတယ်။ ဧရာဝတီ တိုင်းဒေသကြီးနဲ့ ရခိုင်ပြည်နယ်သို့ ပြည်ဈေးကွက်မှတစ်ဆင့် စားသုံးရန် ယခုတစ်ပတ်အတွင်း ပိဿာချိန် ၃၆၀ ခန့်တင်ပို့ကြောင်း သိရပါတယ်။

**ဝင်းဝင်းခိုင်-ပြည်**

### အောင်ပန်းဈေးကွက်မှာ ရှမ်းချင်းကို ပြည်တွင်းဈေးပတ်သမားနဲ့ ချင်းထိုးသမားများ အဝယ်လိုက်

အောင်ပန်းဈေးကွက်မှာတော့ ရှမ်းချင်းက ပုံမှန်အဝင်ရှိနေပါတယ်။ ယခု တစ်ပတ်မှာတော့ ပြည်တွင်းဈေးပတ်သမားတွေက အနည်းငယ်ပိုပြီး ဝယ်ယူလာ ပါတယ်။ နွေရာသီရောက်လာလို့ အလှူပွဲတွေ အတွက် ချင်းထိုးသမားတွေ ဝယ်ယူ လာတာကြောင့် အရင်တစ်ပတ်ကထက်ပိုပြီး အရောင်းသွက်လာတယ်လို့လည်း သိရပါတယ်။ ချင်း (ညှံ့စ) တွေကိုတော့ တပ်ကုန်းဝယ်လက်တွေက ပြန်ပြီးဝယ်ယူနေ ကြပါတယ်။ အလှူမင်္ဂလာပွဲတွေများလာတာကြောင့် ဒါးလှီးချင်းသမားတွေက ပြန်ပြီးဝယ်ယူကြတာလို့လည်း သိရပါတယ်။ စစ်တွေနဲ့ ရန်ကုန်ဝယ်လက်တွေကတော့ (လတ်စ)နဲ့ (ထိပ်စ) ချင်းတွေကို ဝယ်ယူမှုရှိနေတာကြောင့် ဒီတစ်ပတ်တော့ ချင်း (စို)က အရောင်းအဝယ်ဖြစ်နေတယ်လို့လည်း သိရပါတယ်။ အောင်ပန်းဈေးကွက်မှာ တစ်ပိဿာပေါက်ဈေးက (ညှံ့စ)ဆိုရင် ၃၅၀ ကျပ်၊ (လတ်စ)က ၄၀၀ ကျပ်-၄၅၀ ကျပ်နဲ့ (ထိပ်စ) က ၅၅၀ ကျပ်ဈေးရှိပါတယ်။ ချင်းခြောက်ကလည်း အရင်တစ်ပတ် ကထက်ပိုပြီး ဝင်လာသလို အရောင်းအဝယ်ကလည်း ပုံမှန်ဖြစ်နေပါတယ်။ ရန်ကုန်၊ မုံရွာ၊ ပြည် စတဲ့ ချင်းလှော်လက်တွေ ဝယ်ယူနေလို့ ဈေးကလည်း အရည်အသွေး ပေါ် မူတည်ပြီး ကွာသွားပါတယ်။ အနိမ့်ဆုံး ၁၈၀၀ ကျပ်မှ အမြင့်ဆုံး ၂၃၀၀ ကျပ် ဈေးရှိပါတယ်။

အောင်ပန်းဈေးကွက်မှာ တစ်ပတ်အတွင်း ချင်းစိုပိဿာချိန်ပေါင်း ၁ ဒသမ ၃ သိန်းနဲ့ ချင်းခြောက်က ပိဿာချိန်ပေါင်းလေးထောင်ခန့် အရောင်းအဝယ်ဖြစ်ခဲ့ တယ်လို့ ဈေးကွက်မှ သိရှိရပါတယ်။

**ဧခိုင်-တောင်ကြီး**

### ချင်း တန် ၃၀ ကျော် တင်ပို့

မတ် ၅ ရက်မှ ၁၂ ရက်အတွင်း ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်း မှ ချင်း ၃၆ ဒသမ ၅တန်ကို စင်ကာပူနိုင်ငံသို့တင်ပို့ခဲ့ပါတယ်။ ယခင်သီတင်းနှစ်ပတ်က တင်ပို့မှုပျောက်ခဲ့တဲ့ ချင်းက ဒီတစ်ပတ်မှ ပြန်လည်တင်ပို့နိုင်ခဲ့ခြင်းဖြစ်ပါတယ်။ချင်း တင်ပို့မှုမှ ကန်ဒေါ်လာ ၄၈၉၁၀ ဝင်ငွေရရှိခဲ့တယ်လို့ သိရပါတယ်။

**သီတာဝင်း(DOT)**

## နနွင်း

### မူဆယ်စခန်းမှသာ နနွင်းတက် တင်ပို့ခဲ့

မတ် ၅ ရက်မှ ၁၁ ရက်တာသီတင်းပတ်အတွင်း မြန်မာ-တရုတ် နယ်စပ်ရှိ မူဆယ်ကုန်သွယ်ရေးဇုန်မှ နနွင်းတက်(ရှမ်းစ)၁၀၄ တန်ခွဲကို ကန်ဒေါ်လာ ၇၄၁၃၇ ဖိုးတင်ပို့နိုင် ခဲ့ပါတယ်။ ယခင်သီတင်းပတ်က မူဆယ်မှ ၁၀၃ တန်ခွဲနဲ့ စစ်တွေမှ နှစ် တန် တင်ပို့ခဲ့ပါတယ်။ မူဆယ်ကုန်စည်ဒိုင်မှာ နနွင်းတက်တစ်တန်ကို မိမိဘက် ပေါက်ဈေး ၈၅၀၅၀၀-၈၉၃၀၂၅ ကျပ်ဈေးခန့်ရှိတယ်လို့ သိရပါတယ်။

နနွင်းတက်ကို ရှေးဘိုးဘွားတွေ လက်ထက်ကတည်းက မိမိအိမ်သုံးဟင်းချက် အမယ်အဖြစ်နဲ့ လည်းကောင်း ဆေးဝါးဖော်စပ်ရာမှာလည်းကောင်း အသုံးပြုဖို့ဆိုပြီး မိရိုးဖလာစိုက်ပျိုးခဲ့ကြတာပါ။ အခုခေတ်မှာတော့ နနွင်းကို ဆန်မှုန့်၊ ဖွဲ့မှုန့်တွေနဲ့ ရောပြီး ရောင်းလာကြတော့ နနွင်းမှုန့်စစ်စစ် သုံးစွဲချင်သူတွေက စစ်ကိုင်းတိုင်း ဒေသကြီး ပင်လည်ဘူးမြို့နယ်မှာ လာရောက်ဝယ်ယူကြတယ်လို့ နနွင်းဥစိုက်ပျိုး ရောင်းချသူတစ်ဦးက ပြောပါတယ်။

**မော်မော်အောင်**

### နနွင်း တန်ချိန် ၁၇၀၀ ကျော်တင်ပို့

မတ် ၆ ရက်မှ ၁၂ ရက်သီတင်းပတ်အတွင်း နနွင်း၂၁၂ဒသမ၉၈၅ တန် ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့ပါတယ်။ ဒီတစ်ပတ်မှာ ကန် ဒေါ်လာ ၁၉၆၀၀ တန်ဖိုးရှိ နနွင်း ၂၈ တန်ကိုအိန္ဒိယ၊ ကန်ဒေါ်လာ ၈၈၇၂၅ တန်ဖိုးရှိ နနွင်း ၁၂၅ တန်ကို မလေးရှားနဲ့ ကန်ဒေါ်လာ ၄၄၃၈၈ တန်ဖိုးရှိ နနွင်း ၅၉ ဒသမ ၉၈၅ တန်ကို စင်ကာပူသို့ တင်ပို့ခဲ့တယ်လို့သိရပါတယ်။ ယခင်သီတင်းပတ် နနွင်း အဝင်မှာ တန်ချိန် ၂၇၀ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်အဝင်နဲ့နှိုင်းယှဉ်ရင် တန် ချိန် ၆၀ ကျော် တင်ပို့မှုလျော့ခဲ့ပါတယ်။ ဒီတစ်ပတ် နနွင်းတင်ပို့မှုမှ ကန်ဒေါ်လာ ၁၅၂၇၁၃ ဝင်ငွေရရှိခဲ့တယ်လို့ သိရပါတယ်။

**သီတာဝင်း(DOT)**

### အောင်ပန်း၊ ဟိုပုံး နနွင်းဈေးကွက်မှာ နနွင်းသစ်ပုံမှန်အဝင်ရှိပြီး နနွင်းလက်ကျန်အဟောင်းကိုသာ အဝယ်လိုက်နေ

အခုလိုပူပြင်းခြောက်သွေ့တဲ့ ရာသီရောက်လာတော့ ရှမ်းနနွင်းအသစ်တွေ လည်း ဈေးကွက်ကို အဝင်ရှိလာပါတယ်။ နေအပူချိန်ပြင်းတာကြောင့် ခြောက်သွေ့ တာလည်း မြန်လာလို့ အဝင်ကပုံမှန် ရှိလာတယ်လို့လည်း သိရပါတယ်။ ဒါပေမဲ့ ဈေးကွက်မှာတော့ အရင်နှစ်က လက်ကျန်အဟောင်းတွေကိုသာ ရောင်းနေရတယ် လို့လည်း သိရပါတယ်။ ဝယ်လက်တွေကလည်း အဟောင်းတွေကိုသာ အဝယ်များ နေတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် အောင်ပန်းဈေးကွက်က နနွင်းတွေကိုတော့ ရန်ကုန်ဝယ်လက်တစ်ခုထဲသာ ဝယ်ယူ နေပါတယ်။ မူဆယ်ဝယ်လက်တွေကတော့ ဒီတစ်ပတ်တော့ အဝယ်နားနေတယ်လို့လည်း သိရပါတယ်။ ရန်ကုန်ဝယ်လက်တွေက တစ်ပတ်အတွင်း နနွင်းပိဿာချိန် ပေါင်း နှစ်သောင်းခန့် အရောင်းအဝယ်ဖြစ်ခဲ့ပါ တယ်။ တစ်ပိဿာပေါက်ဈေးကတော့ အနိမ့်ဆုံး ၁၂၀၀ ကျပ်မှ အမြင့်ဆုံး ၁၉၅၀ ကျပ်ဈေးရှိပါတယ်။

ဟိုပုံးဈေးကွက်မှာတော့ နနွင်းအသစ်က ပုံမှန်အဝင်ရှိနေပြီး အသစ်က သိပ် ပြီးတော့ အရောင်းအဝယ်မဖြစ်သေးပါဘူး၊ လက်ကျန်အဟောင်းတွေသာ အရောင်း အဝယ်ဖြစ်နေပြီး တစ်ပိဿာကို ၁၆၀၀ ကျပ်မှ ၁၇၅၀ ကျပ်ဈေးရှိတယ်လို့ ဟိုပုံး နနွင်းပွဲရုံတွေထံက သိရပါတယ်။

**ဧခိုင်-တောင်ကြီး**

## မန်ကျည်း

### ပြည်စားဖိုဆောင် မန်ကျည်းမှည့် ဈေးတက်ပြီး အရောင်းအဝယ်ဖြစ်နေ

ပြည်ပွဲရုံများတွင် မန်ကျည်းမှည့် နေ့စဉ်ပုံမှန်ဝင်ရောက်နေပေမယ့် ယခု မတ်လ တတိယပတ်မှာ တင်ပို့ရန် ရာသီဥတုအပူရှိန်ကြောင့် မန်ကျည်း မှည့်ဝင်ရောက်မှု နည်းနေခြင်းဖြစ်ပါ တယ်။ ယခင်နှစ် မန်ကျည်းမှည့်ဝင် ရောက်မှုသည် ယခုအချိန်ဆိုရင် လှိုင်လှိုင်ဝင်ရောက်ပြီး ဈေးမှာလည်း (အစေ့ပါ) တစ်ပိဿာလျှင် ၅၀၀ ကျပ်၊ ၆၀၀ ကျပ်နဲ့ (အစေ့လွတ်) တစ်ပိဿာ လျှင် ၉၀၀ ကျပ်၊ ၁၀၀၀ ကျပ်အထိသာ ဈေးနှုန်း အမှန်ပေါက်ဈေးဖြစ်လျက်ရှိ ခဲ့ပါတယ်။

ယခုတစ်ပတ်မှာတော့ မန်ကျည်း မှည့် အသစ်တွေ ဈေးမြင့်နေတာ တွေ့ရပါတယ်။ ယခုပေါက်ဈေး (အစေ့ ပါ) တစ်ပိဿာလျှင် ပွဲရုံဈေး ၁၀၀၀ ကျပ်နဲ့ (အစေ့လွတ်) တစ်ပိဿာ ၁၅၀၀ ကျပ်ဈေးတို့ဖြစ်ပြီး၊ ဒေသတွင်းအရောင်း ဆိုင်နဲ့ဈေးများမှာ လက်လီ တစ်ပိဿာ လျှင် (အစေ့လွတ်) ၂၀၀၀ ကျပ်ဈေးအထိ ရောင်းဝယ်လျက်ရှိနေပါတယ်။ တစ် ပိဿာကို (အစေ့ပါ) ၅၀၀ကျပ်နဲ့ (အစေ့ လွတ်) ၅၀၀ ကျပ်မှ ၇၀၀ ကျပ်ထိ ဈေး ပိုမြင့်နေကြောင်း တွေ့ရပါတယ်။ ဈေး အတက်ဘက် ရောက်နေသော်လည်း ရခိုင်ပြည်နယ် သံတွဲမြို့သို့ ပုံမှန်တင်ပို့ နေရသဖြင့် ပွဲရုံများတွင် မန်ကျည်းမှည့် လက်ကျန်မရှိသလောက် အရောင်း အဝယ်ဖြစ်လျက်ရှိနေပါတယ်။ ရွှေ တောင်နဲ့ ထုံးဘိုဘက်မှသာ ဝင်ရောက် နေပြီး ရခိုင်ပြည်နယ်ဘက်သို့ နေ့စဉ် ပိဿာချိန် ၁၅၀၀ တင်ပို့လျက်ရှိနေပါ တယ်။

**နီနီဝင်း-ပြည်**

### မန်ကျည်းတန်ချိန် ၁၇၀၀ ကျော်တင်ပို့

မတ် ၆ ရက်မှ ၁၂ရက် သီတင်း ပတ်အတွင်း မန်ကျည်း ၁၇၆၁ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့ပါတယ်။ ဒီတစ်ပတ်မှာ မလေးရှားသို့ ၅၉၈ တန်၊ပါကစ္စတန်သို့ ၇၆၃ တန်၊ စင်ကာပူသို့ တန်ချိန် ၁၅၀၊ ထိုင်းသို့ တန်ချိန် ၁၀၀၊ ဗီယက်နမ်သို့ တန်ချိန် ၁၀၀ နဲ့ အိန္ဒိယသို့ တန် ၅၀ တင်ပို့ခဲ့တယ်လို့ သိရပါတယ်။

ဒီတစ်ပတ်မှာ ပါကစ္စတန်သို့ အများဆုံး တင်ပို့နိုင်ခဲ့ပါတယ်။ ယခင် သီတင်းပတ်က မန်ကျည်းတင်ပို့မှုမှာ တန်ချိန် ၁၃၄၀ ကျော် ရှိခဲ့တာကြောင့် ဒီတစ်ပတ်တင်ပို့မှုနဲ့ယှဉ်ရင် တန်ချိန် ၄၁၀ ကျော် ပိုမိုတင်ပို့နိုင်ခဲ့တယ်လို့ သိရပါတယ်။ မန်ကျည်းတင်ပို့မှုမှ ကန် ဒေါ်လာ၆၂၈၀၅၅ဝင်ငွေရရှိခဲ့တယ်လို့ သိရပါတယ်။

**သီတာဝင်း(DOT)**

## ကြက်သွန်

### ပခုက္ကူနှင့် ဆိပ်ဖြူတို့တွင် ဆောင်းစိုက် (ပင်စိုက်) ကြက်သွန်နီများ ဈေးနှုန်းကျဆင်း

ပခုက္ကူခရိုင်အတွင်း ကြက်သွန်နီစိုက် ဒေသများဖြစ်တဲ့ ရေစကြို၊ ပေါက်၊ ဆိပ်ဖြူ မြို့နယ်များတွင် ကြက်သွန်နီဆောင်းစိုက် (ပင်စိုက်)များ လှိုင်လှိုင်ထွက်ပေါ် လျက်ရှိရာ တစ်နေ့ကို ပိဿာ ၂၅၀၀၀ ခန့် ဝင်လာတာနဲ့အမျှ ကြက်သွန်နီဈေးနှုန်းမှာ တဖြည်းဖြည်း လျော့နည်းကျဆင်းလာရာ လက်ကားဈေးအနေဖြင့် ပခုက္ကူတွင် ကြက်သွန်နီ တစ်ပိဿာကို ထိပ်စ ၃၅၀ ကျပ်၊ အလတ်စ ၃၀၀ ကျပ်၊ အောက်စ ၂၅၀ ကျပ်ရှိ၍ ဆိပ်ဖြူတွင် ထိပ်စ ၃၂၅ ကျပ်၊ အလတ်စ ၃၁၀ ကျပ်နှင့် အောက်စ ၂၉၀ ကျပ်ထိ ဈေးနှုန်းများ ကျဆင်းနေသည် ကို လေ့လာတွေ့ရှိရပါတယ်။

ယခင်နှစ်က ကြက်သွန်နီဈေးကောင်းခဲ့သဖြင့် ယခုနှစ်တွင် ပိုမိုစိုက်ပျိုးလာကြပြီး ရာသီဥတုဖျက်ဆီးမှုမရှိသဖြင့် အထွက်သည် ယခင်နှစ်ထက် တစ်ဆခွဲခန့် ပိုမိုထွက်ရှိမည်ဟု ခန့်မှန်းရပြီး ပြည်ပဆွဲလက်မရှိပါက ကြက်သွန်နီအနေဖြင့် အိမ်တွင်းစားသုံးမှု ဖူလုံရုံမျှမက များစွာပိုလျှံမည်ဟု လေ့လာသိရှိရပါတယ်။ ကြက်သွန်နီ ဈေးအနေဖြင့် ပစ္စည်းများများ ဖော်၍ ဈေးကွက်အတွင်း အများအပြား ဝင်ရောက်လာပါက ဈေးကျသည်ထက် ဆက် လက်ကျမည်ဟု ဝေဖန်သုံးသပ်နေကြကြောင်း သိရပါတယ်။

**ချယ်ရီမြင့်-ပခုက္ကူ**

### ဒေသတွင်း ပြည်မော်ဇာကြက်သွန်နီထွက်ရှိ

ယခုတစ်ပတ်အတွင်း ပြည်ကြက်သွန်နီဈေးကွက်သို့ ဒေသတွင်းမော်ဇာ ကြက်သွန်နီများ အဝင်ရှိလာပါတယ်။ စိုက်ပျိုးသူများမှ ဈေးကွက်အတွင်း တစ်နိုင်တစ်ပိုင် လက်လီရောင်းချကြောင်းလည်း သိရပါတယ်။ ဈေးနှုန်းအား ဖြင့် မော်ဇာကြက်သွန်နီ တစ်ပိဿာကို (လတ်) ၅၀၀ ကျပ်၊ (သေး) ၄၀၀ ကျပ် တို့နှင့် စားသုံးသူထံ တိုက်ရိုက်ရောင်းချနေကြောင်း သိရပါတယ်။

ပြည်ပွဲရုံများမှာတော့ ကျောက်ပန်းတောင်း၊ မိတ္ထီလာ၊ တောင်တွင်း ဘက်မှ ကြက်သွန်နီများမှာ အစိုဓာတ်ရှိနေသေးတာကြောင့် လှောင်လက် အကြိုက်မရှိတဲ့အတွက် မှာယူမှုနည်းနေပြီး အဝင်အားဖြင့် နေ့စဉ်အိတ် ၄၀၀ ခန့်အဝင်ရှိကြောင်း သိရပါတယ်။ အရောင်းအဝယ်အားဖြင့် ဒေသတွင်း လက်လီသမားများနှင့် နေ့စဉ် ပိဿာ ၃၀ ဝင်အိတ် ၃၀၀-၃၅၀ ခန့်သာ အရောင်းအဝယ်ဖြစ်နေပါတယ်။ ဈေးနှုန်းမှာ ပွဲရုံလက်ကားဈေး တစ်ပိဿာ ကို (ကြီး) ၄၂၅ ကျပ်၊ (လတ်) ၄၀၀ ကျပ်၊ (သေး) ၃၈၀ ကျပ်နဲ့ လက်လီ တစ် ပိဿာ (ကြီး) ၆၀၀ ကျပ်၊ (လတ်) ၅၀၀ ကျပ်၊ (သေး) ၄၀၀ ကျပ်တို့ရှိကြောင်း သိရပါတယ်။

**ဝင်းလဲ့ဝါ-ပြည်**

# စီးပွားရေးလုပ်ငန်းတွေ စီမံအုပ်ချုပ်မှုကောင်းစေဖို့

| ခင်မောင်ညို(ဘောဂဗေဒ) |

နိုင်ငံတကာ ဘဏ္ဍာရေးကော်ပိုရေးရှင်း (IFC) နဲ့ မြန်မာနိုင်ငံကုန်သည်နှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအဖွဲ့ချုပ် (UMFCCI) တို့ပူးပေါင်းပြီး မြန်မာလုပ်ငန်းတွေအတွက် စီမံအုပ်ချုပ်ပုံနဲ့ဆိုင်တဲ့ ဆွေးနွေးပွဲလုပ်မယ်ဆိုတာကို မိတ်ဆွေတစ်ယောက်ကပြောတော့ ပထမတော့ သိပ်စိတ်မဝင်စားလှဘူး။ ခရီးသွားဖို့ စီစဉ်ထားတာတစ်ခုလည်း ရှိနေတယ်။ ဒါပေမယ့် ခရီးက လည်း မသွားဖြစ် အပြင်ထွက်ပြီး လူထဲသူထဲ မဝင်တာကလည်း ကြာနေလေတော့ အကြောင်းသိရအောင် သွားကြည့်မယ်ဆိုပြီး ရောက်သွားပါတယ်။

တစ်လောကပဲ မိုဘိုင်းငွေကြေးနဲ့ ပတ်သက်တဲ့ အစည်းအဝေးတစ်ခုကို စာနယ်ဇင်းအနေနဲ့ ဖိတ်တာ မတက်ချင်လို့ ပညာရှင်အနေနဲ့ တက်ချင် ပါတယ်ပြောတော့ ပိုက်ဆံပေးရမယ် ဆိုတာနဲ့ မတက်ဖြစ်ပါဘူး။ တကယ်တမ်းကျတော့ ဆွေးနွေးပွဲ တွေမှာ ပြောကြဆိုကြမှာတွေက အင်တာနက်မှာ ကိုယ့်ဘာသာ ကိုယ်ရှာဖွေဖတ်ရှုရင်လည်း ရနေတာ မဟုတ်လား။

အခုလည်း ကိုယ့်ဘာသာ ရှာဖွေဖတ်ရှုရင် ရနိုင်ပေမယ့် တကယ့်အခင်းအကျင်းကို သိချင်တာနဲ့ ရောက်သွားတာပါ။ တကယ်က မြန်မာလုပ်ငန်းရှင်တွေ ကိုယ့်လုပ်ငန်းကို စနစ်တကျ စီမံခန့်ခွဲတတ်အောင် အသိပညာပေးတဲ့ ဆွေးနွေးပွဲဖြစ်ပေမယ့် မြန်မာလုပ်ငန်းရှင်တွေကိုယ်စား နိုင်ငံခြားသားတွေ အတော်များများ တက်လာတာတွေ့ရတယ်။ တကယ်ပဲ မြန်မာလုပ်ငန်းတွေကို နိုင်ငံခြားသားတွေ စီမံခန့်ခွဲလို့ ကြီးပွားတိုးတက်နေကြပြီလား။ ပကာသနတစ်ခုအနေနဲ့ အပြိုင်အဆိုင် ခန့်ထားတာလားဆိုတဲ့ မေးခွန်းခေါင်းထဲအရင်ရောက်လာပါတယ်။

မြန်မာကုမ္ပဏီတွေ အများစုဟာ မိသားစုကုမ္ပဏီတွေဖြစ်ပြီး၊ စနစ်တကျ စီမံခန့်ခွဲဖို့ဆိုရင် စရိတ်အကုန်အကျ မရှိဘူးလားလို့ မေးတော့ ပညာရှင်တစ်ဦးက ဒါဟာ စရိတ်မဟုတ်၊ ရင်းနှီးမြှုပ်နှံမှုပဲလို့ ပြောသွားကိုလည်း သတိထားမိပါတယ်။

လွန်ခဲ့တဲ့ ငါးနှစ်လောက်အတွင်းမှာ မြန်မာနိုင်ငံကို စိတ်ဝင်စားမှုများပြားခဲ့ပေမယ့် အဲဒီလောက်များပြားတဲ့ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူတွေကို ဖြေရှင်းပေမယ့်၊ အဖွဲ့အစည်းဆိုင်ရာ စွမ်းရည် (Institutional Capacity) အားနည်းတာကြောင့် အခွင့်အလမ်းတွေ ဆုံးရှုံးခဲ့ရတယ်။ လာကြည့်ကြတယ် (Learn)၊ နားထောင်တယ် (Listen)၊ ပြီးတော့ ရယ်ရယ်မောမော (Laugh)နဲ့၊ တခုတာလုပ်ပြီး ပြန်သွားကြတယ် (Leave) လို့ နောက်ပြောင်စရာဖြစ်ခဲ့ပါတယ်။ အခုတော့ ဒီလိုပြန်သွားတဲ့အဖြစ်မျိုး မဖြစ်ရအောင် မိုင်ငါးထောင်လောက်မှာရှိတဲ့ ရင်းနှီးမြှုပ်နှံသူတွေ၊ လုပ်ဖော်ကိုင်ဘက်တွေရဲ့၊ ယုံကြည်စိတ်ချမှုရဖို့အရေး ကုမ္ပဏီတွေကို စနစ်တကျ စီမံအုပ်ချုပ်မှု လိုအပ်နေတာ အမှန်ပါ။

အခုအခါမှာ မြန်မာနိုင်ငံမှာ ရန်ကုန်စတော့အိပ်ချိန်းလည်း ပေါ်လာနေပါပြီ။ အခုလို ရန်ကုန်စတော့ဒိုင် ပေါ်ပေါက်လာနိုင်တာဟာလည်း သင့်တော်တဲ့ စည်းမျဉ်းစည်းကမ်းတွေ၊ ဥပဒေတွေနဲ့ ထိန်းကျောင်းမယ့် အဖွဲ့အစည်းတွေလည်း ရှိနေလို့ ဖြစ်ပါတယ်။ စတော့ရှယ်ယာ ရောင်းဝယ်ရာမှာ ဝန်ဆောင်မှုပေးကြမယ့် လုပ်ငန်းလေးခုကို လိုင်စင်ထုတ်ပေးခဲ့သလို ကုမ္ပဏီခြောက်ခုကိုလည်း စာရင်းပေါက်ကုမ္ပဏီ ဖြစ်နိုင်ခြင်းရှိမရှိ အချိန်ယူ စိစစ်နေ တာတွေ့ရပါတယ်။ ရန်ကုန်စတော့ဒိုင်မှာ လုပ်ငန်းခွဲ့ထွင်ချင်တဲ့ အများပိုင်ကုမ္ပဏီတွေ၊ အရင်းအနှီးရယူနိုင်ဖို့ငွေပိုငွေလျှံရှိ တဲ့သူတွေ၊ ရင်းနှီးမြှုပ်နှံစရာလုပ်နိုင်ဖို့ အခွင့်အလမ်းတွေ တိုးပွားလာပါပြီ။ ရင်းနှီးမြှုပ်နှံသူတွေ ယုံကြည်စိတ်ချရတဲ့ စာရင်းပေါက်ကုမ္ပဏီ(Listed Company) တစ်ခု



ဖြစ်ဖို့ဆိုရင် အခြေခံလိုအပ်ချက်က ကောင်းမွန်တဲ့ စီမံအုပ်ချုပ်မှုရှိဖို့ပဲ ဖြစ်ပါတယ်။

စီးပွားရေးလုပ်ငန်းတွေကို စီမံအုပ်ချုပ်တယ်ဆိုတာ လုပ်ထုံးလုပ်နည်းတွေ၊ လုပ်ငန်းစဉ်တွေ တိတိကျကျရှိရမယ်။ တာဝန်တွေ လုပ်ပိုင်ခွင့်တွေနဲ့ ပေးထားရမယ်။ ဆုံးဖြတ်ချက်ချဖို့ စည်းမျဉ်းစည်းကမ်းတွေ ချပေးထားပြီး အဲဒီ စည်းမျဉ်းစည်းကမ်းတွေအတိုင်း လိုက်နာဆောင်ရွက်ရမယ်။

အခုလို စနစ်တကျလုပ်ဆောင်ရမယ်ဆိုတာ သိရှိရုံ၊ နားလည်သဘောပေါက်ရုံနဲ့မပြီး။ တကယ်လည်း လက်တွေ့ လိုက်နာကျင့်သုံးဖို့ လိုအပ်ပါတယ်။ အထူးသဖြင့် အခုလို တံခါးဖွင့်ပြီး နိုင်ငံတကာစီးပွားရေးလုပ်ငန်းတွေနဲ့ ဆက်ဆံချိန်မှာ ပိုပြီး လိုအပ်ပါတယ်။

ဒါမှသာ ယုံကြည်မှုရအောင် လုပ်နိုင်မယ်။ အရေးကြုံ တဲ့အခါ အကျပ်အတည်းတွေ မတွေ့ရအောင် ကာကွယ်နိုင်မယ်။ ရင်းနှီးမြှုပ်နှံရာမှာ တွေ့ကြုံရမယ့် အန္တရာယ်တွေကို လျော့ပါးစေနိုင်ပြီး အကျိုးအမြတ်လည်းရနိုင်မယ်။ လုပ်ငန်းအောင်မြင်မှုရသလို ရေရှည်တည်တံ့နိုင်မယ်။

စီမံအုပ်ချုပ်မှုကောင်းမွန်တယ်ဆိုတာ တစ်နည်းအားဖြင့် စွမ်းဆောင်ရည် မြင့်မားတာ၊ မြင်သာထင်သာရှိတာ၊ စာရင်း အစစ်ခံနိုင်တာ အစုရှယ်ယာရှင်တွေ သာမက အကျိုးစီးပွားချင်း ဆက်နွှယ်နေသူတွေ အားလုံးရဲ့ ယုံကြည်ကိုးစားမှု စိတ်ချယုံ ကြည်မှုရနိုင်တာတွေလည်း ဖြစ်ပါတယ်။

မြန်မာနိုင်ငံမှာ အများပိုင်ကုမ္ပဏီ ၂၀၀ ကျော်လောက်ရှိနေပေမယ့် ကုမ္ပဏီအများစုဟာ စနစ်တကျ စီမံအုပ်ချုပ်ပြီး စွမ်းဆောင်ရည်မြင့်မားအောင်လုပ်ဖို့ လိုအပ်နေတယ်လို့ ပညာရှင်တစ်ဦးက ဆိုပါတယ်။

အများပိုင်ကုမ္ပဏီတွေဟာ အစုရှယ်ယာရှင်တွေ၊ ဒါရိုက်တာတွေ၊ အမှုဆောင်အရာရှိချုပ်နဲ့ ဦးဆောင်ညွှန်ကြားရေးမှူးတွေကြားမှာ ပြေလည်တဲ့ ဆက်ဆံရေးရှိသလား၊ ဘုတ်အဖွဲ့ကို ဘယ်လို ဖွဲ့ထားသလဲ၊ ဘယ်လိုတာဝန်တွေ ခွဲထားပြီး ဘယ်လိုအစည်း အဝေးလုပ်သလဲ၊ လစာတွေ ဘယ်လိုပေးသလဲ၊ သင်တန်းတွေ ဘယ်လိုပေးသလဲ၊ ဂရု တစိုက်၊ သစ္စာရှိရှိ၊ လေးလေးစားစား မြင်သာထင်သာရှိရှိ အလုပ်လုပ်ကြသလား ဆိုတာတွေကို စိစစ်ကြည့်ရင် အများအားဖြင့် အားနည်းနေကြတာကို တွေ့ရပါတယ်။

ကုမ္ပဏီတွေဟာ မြန်မာနိုင်ငံရဲ့ ဥပဒေတွေ၊ စီးပွားရေးပတ်ဝန်းကျင်တွေနဲ့လည်းလိုက်လျောညီထွေ ရှိရပါမယ်။ စနစ် တကျစီမံအုပ်ချုပ်တဲ့ ကုမ္ပဏီတွေအတွက် အခွင့်အလမ်းတွေ ရှိနေပြီး စနစ်မကျတဲ့ ကုမ္ပဏီတွေအတွက် စိန်ခေါ်မှုတွေ တွေ့နိုင် တဲ့ အကြောင်းလည်း သတိပေးသွားပါသေးတယ်။

ကုမ္ပဏီတွေရဲ့ အုပ်ချုပ်ပုံမှာ အကြမ်းအားဖြင့် အင်္ဂလန်ပုံစံနဲ့ အမေရိကန်ပုံစံရယ်လို့ ခွဲနိုင်ပြီး အာဆီယံ အဖွဲ့ဝင် နိုင်ငံအတော်များများမှာ အင်္ဂလန်ပုံစံကို အမေရိကန်ပုံစံထက် ပိုပြီးအသုံးများတယ်။ ကမ္ဘာမှာတော့ အိုအီးစီဒီ (OECD) ခေါ်တဲ့ အုပ်စုရဲ့မူတွေကို အများအားဖြင့် လိုက်နာကျင့်သုံးကြတယ်။ ဘယ်ပုံစံက ကောင်းတယ်လို့ ပုံသေပြောလို့ မရပါဘူး။ အဓိက ကတော့ လူတွေရယ်၊ ကုမ္ပဏီရဲ့ ဖွဲ့စည်းပုံရယ်၊ စနစ်ရယ်၊ လုပ်ငန်းစဉ်ရယ် ပါဝင်တာပေါ့လေ။

မကြာသေးမီ နှစ်တွေအတွင်းက စီးပွားရေးလုပ်ငန်းတွေရဲ့ စီမံအုပ်ချုပ်ပုံ ဘာလို့ ခေတ်စားလာ၊ တွင်ကျယ်လာရသလဲ ဆိုတာကလည်း စိတ်ဝင်စားစရာ ကောင်းပါတယ်။

ကုမ္ပဏီတွေလောကမှာ အရှုပ်တော်ပုံတွေများလာ၊ ဘဏ္ဍာရေးအကျပ်အတည်းတွေတွေ့၊ စီမံခန့်ခွဲသူတွေက ထင်ရာစိုင်းလာတာတွေ၊ ဒါရိုက်တာ အဖွဲ့ဝင်တွေ အချိုးမပြေတာ၊ စည်းမျဉ်းစည်းကမ်းတွေကို တိတိကျကျ လိုက်နာမှုအားနည်းလာတာ၊ ရင်းနှီးမြှုပ်နှံသူတွေက ပိုမိုတက်ကြွလှုပ်ရှားလာတာ၊ စာနယ်ဇင်းတွေနဲ့ ကိုယ်ကျင့်တရားဆိုင်ရာ အဖွဲ့အစည်းတွေ အရေးပါလာတာ၊ ကိုယ်ကျင့်တရားကို ပိုပြီးအလေးပေးလာကြတာတွေကြောင့်လို့ဆိုပါတယ်။

မြန်မာနိုင်ငံအတွက် ပညာရှင်တစ်ဦးက အကြံပြုရာမှာ အရင်းအနှီးဈေးကွက်ရဲ့ အစောပိုင်းအဆင့်မှာ စည်းကမ်းလျော့ တဲ့အမှားထက် စည်းကမ်းတင်းကျပ်တဲ့ အမှားမျိုးကို ပိုပြီးကျူးလွန် စေသင့်တယ်။ တစ်နည်းအားဖြင့် စည်းကမ်းကြီးတာ ကောင်းတယ်လို့ ဆိုပါတယ်။

အရင်းအနှီးဈေးကွက်တစ်ခု အောင်မြင်ဖို့ဆိုတာ စရိတ် သက်သက်သာသာနဲ့ အရောင်းအဝယ် လုပ်နိုင်ပြီး အရောင်း အဝယ်ဖြစ်နေရမယ်။ မြင်သာထင်သာရှိရမယ်။ စနစ်တကျ စီမံခန့်ခွဲမှုရှိရမယ်လို့ ဆိုလေတော့ အရင်းအနှီးဈေးကွက် အောင်မြင်ဖို့အတွက်လည်း စီးပွားရေးလုပ်ငန်းတွေကို စနစ်တကျ စီမံအုပ်ချုပ်မှုရှိဖို့ လိုအပ်နေပါတယ်။ အဲဒီလို စနစ်တကျ စီမံအုပ်ချုပ်မှုရှိဖို့ဆိုတာလည်း နိုင်ငံတော်အဆင့် စည်းမျဉ်းစည်းကမ်းတွေ ချမှတ်တဲ့အဆင့် လုပ်ထုံးလုပ်နည်းတွေ သင်ကြားပြသ၊ လိုက်နာ၊ ကြီးကြပ်စောင့်ကြည့်မှုတွေအားလုံး ပါဝင်ရမှာပါ။ အခုဆွေးနွေးပွဲပြီးရင် သင်တန်းတွေလည်း ဆက်ပေးသွားကြမယ်လို့ ဆိုပါတယ်။

အခုလို ကုမ္ပဏီတွေ၊ စီးပွားရေးလုပ်ငန်းတွေ ဘယ်လိုစီမံအုပ်ချုပ်မှု ကောင်းမွန်အောင် လုပ်ကြမလဲလို့ ပြောဆိုဆွေးနွေးနေချိန်မှာ လူအများကို အနှောင့်အယှက်ဖြစ်လောက်အောင် တယ်လီဖုန်း ခေါ်သံတွေ ကျယ်ကျယ်လောင်လောင် ပြောဆိုသံတွေက ရှိနေလေသေးတော့။

## ဟောင်ကောင်တွင် The 4th International Myanmar Pearl Auction (Hong Kong) ပြပွဲ ကျင်းပ

The 4th International Myanmar Pearl Auction (Hong Kong) ပြပွဲကို ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၂၄ ရက်မှ ၂၆ ရက်အထိ ဟောင်ကောင်တွင် ကျင်းပပြုလုပ်ခဲ့ရာ မြန်မာနိုင်ငံ သတ္တုတွင်းဝန်ကြီးဌာန၊ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများ ဦးဆောင်၍ အမေရိကန် ဒေါ်လာ ၆,၈၁၈,၆၀၀ တန်ဖိုးရှိ ပုလဲ အတွဲ ပေါင်း ၃၂၄ တွဲ၊ ပုလဲလုံးရေ ၁၂၃၅၆၂ လုံး၊ အလေးချိန် ၈၁၆၈၅ ဒသမ ၈၅ မိုမီပုလဲများ သွားရောက် ပြသရောင်းချခဲ့ရာ ပုလဲအတွဲပေါင်း ၃၂၁ တွဲ၊ ပုလဲလုံးရေ ၁၂၂၆၃၆ လုံး၊ အလေးချိန် ၈၁၀၃၃ ဒသမ ၀၅ မိုမီ၊ အမေရိကန် ဒေါ်လာ ၁၂,၅၂၇,၈၇၆ ရောင်းချခဲ့ရသဖြင့် ကြမ်းခင်းဈေးပေါ်တွင် ၈၅ ရာခိုင်နှုန်း ပိုမိုရောင်းချခဲ့ရကြောင်း သိရှိရပါသည်။ အဆိုပါပြပွဲသို့ နိုင်ငံပေါင်း ၂၀ မှ ကုမ္ပဏီပေါင်း ၈၀ တက်ရောက်ခဲ့ပြီး ပုလဲကုန်သည် ကုမ္ပဏီပေါင်း ၆၁ ခုမှ တင်ဒါအောင်မြင်ခဲ့ပါသည်။ ယင်းပြပွဲသို့ ဂျပန်နိုင်ငံမှ Kobe Pearls & Gems Co., Ltd က တန်ဖိုးငွေ အမေရိကန်ဒေါ်လာ ၁,၁၉၇,၃၈၁ ဖြင့် အများဆုံး တက်ရောက်ဝယ်ယူခဲ့ကြောင်း သိရှိရပါ သည်။

အဆိုပါပြပွဲသို့မြန်မာ့ပုလဲများ သွားရောက်ပြသခြင်းဖြင့် မြန်မာ့ပုလဲများအား ပြည်ပတွင်ရောင်းချခဲ့သည့် ပုလဲပြပွဲများတွင် အများဆုံး ရောင်းချခဲ့ရသော ပမာဏဖြစ်ခြင်း၊ မြန်မာနိုင်ငံမှ ထွက်ရှိသော ပုလဲများ နိုင်ငံတကာဈေးကွက်တွင် နေရာတစ်ခု ခိုင်ခိုင်မာမာရရှိခြင်း၊ မြန်မာ့ပုလဲများကို ကမ္ဘာကသိစေခြင်း၊ ကုန်သည်အသစ် များတိုးပွားခြင်း၊ နိုင်ငံခြားငွေများ ပိုမိုရရှိခြင်းနှင့် မြန်မာနိုင်ငံသို့ လာရောက်၍ ပုလဲမွေးမြူရေး လုပ်ငန်းများ ရင်းနှီးမြှုပ်နှံလာစေရန် ဆွဲဆောင်မှု ရရှိခဲ့ခြင်းစသည့် အကျိုးကျေးဇူးများ ရရှိခဲ့သည့်အတွက် အောင်မြင်သော ပြပွဲတစ်ပွဲဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။

ဇင်းလင်းအောင် (TF)

## ဓာတ်ဆီ/ဒီဇယ်



### ဒီတစ်ပတ် ဓာတ်ဆီ၊ ဒီဇယ်အဝင်နား

မတ် ၆ ရက်မှ ၁၂ ရက် သီတင်းပတ်အတွင်း ပင်လယ်ရေကြောင်း လမ်းမှ ဓာတ်ဆီ၊ ဒီဇယ်အဝင်မရှိခဲ့ဘူးလို့ သိရပါတယ်။ ယခင်သီတင်းပတ်မှာ ဓာတ်ဆီတန်ချိန် ၁၆၀ ကျော်နဲ့ ဒီဇယ်တန်ချိန် ၇၄၀ ကျော်တင်သွင်းခဲ့ပြီး ဒီတစ်ပတ်မှာ စက်ချောဆီ၊ အမဲဆီ၊ အင်ဂျင်ဝိုင်၊ ဂီယာဝိုင်များသာတင်သွင်းခဲ့တယ်လို့ သိရပါတယ်။

ပြည်တွင်းပုဂ္ဂလိက စက်သုံးဆီဆိုင်များမှာ ရောင်းချနေတဲ့ ဓာတ်ဆီ၊ ဒီဇယ်ဈေးများက တောင်ကြီး၊ မော်လမြိုင်နဲ့ရန်ကုန်မှာ ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပြင်ပမှာ လက်လီရောင်းချနေတဲ့ဒီဇယ်၊ ဓာတ်ဆီပီပါဈေးများမှာလည်း ယခင်တစ်ပတ်ဈေးနှင့် နှိုင်းယှဉ်ကြည့်ရင် ရန်ကုန်မှာ ဓာတ်ဆီ၊ ဒီဇယ်ဈေးတွေငြိမ်နေခဲ့တယ်လို့သိရပါတယ်။

**ရန်ကုန်ဈေးကွက်မှာ** ပုဂ္ဂလိက စက်သုံးဆီဆိုင်များမှာ ရောင်းချနေတဲ့ အောက်တိန်း(92) ဈေးငြိမ်နေပြီး အောက်တိန်း(95) ဈေးအနည်းငယ်ကျကာ ဒီဇယ်နဲ့ အဆင်မြင့်ဒီဇယ်မှာ ဈေးအနည်းငယ်မြင့်လာတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်ပုဂ္ဂလိက စက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ဈေးမှာ ဒီဇယ် ၄၈၀ ကျပ်၊ အောက်တိန်း (92) ၅၂၀ ကျပ်၊ အောက်တိန်း (95) ၆၃၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် ၅၃၀ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာ ပြင်ပပီပါဈေးများမှာ ဒီဇယ်ရော ဓာတ်ဆီပါဈေး အနည်းငယ်မြင့်လာတယ်လို့သိရပါတယ်။ မတ် ၁၄ ရက် ဒီဇယ်ဝယ်ဈေး ၉၂၀၀၀ ကျပ်၊ ရောင်းဈေး ၉၅၀၀၀ ကျပ် ဈေးရှိခဲ့ပြီး ၁၆ ရက်တွင် ဝယ်ဈေး၂၀၀၀ ကျပ်၊ ရောင်းဈေး ၁၀၀၀ ကျပ်ဈေးမြင့် အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ဓာတ်ဆီပီပါဈေးမှာ မတ် ၁၄ ရက်တွင် ဝယ်ဈေး ၁၂၉၀၀၀ ကျပ်၊ ရောင်းဈေး ၁၃၂၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ပြီး ၁၆ ရက်တွင် ဝယ်ဈေး၊ ရောင်းဈေး ၃၀၀၀ ကျပ်ဈေးမြင့်ပြီး အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ တစ်ဂါလန် ဈေးမှာ ဒီဇယ်ရော ဓာတ်ဆီပါ တစ်ဂါလန် ၃၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**မန္တလေးဈေးကွက်မှာ** ဓာတ်ဆီ၊ ဒီဇယ်က ပုံမှန်အရောင်းအဝယ်ရှိနေပါတယ်။ ပုဂ္ဂလိကဆိုင်များတွင် ရောင်းချနေတဲ့ဈေးမှာ ဓာတ်ဆီ၊ ဒီဇယ်၊ အဆင့်မြင့်ဒီဇယ်နဲ့ အောက်တိန်းမှာ ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ပုဂ္ဂလိကစက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ဈေးမှာ ဓာတ်ဆီ တစ်လီတာ ၅၆၀ ကျပ်၊ အောက်တိန်း (92) ၄၉၀ ကျပ်၊ ဒီဇယ် ၄၄၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် ၄၉၀ကျပ်၊ အောက်တိန်း (95) ၆၉၀ကျပ်နဲ့ ရောင်းချနေပါတယ်။ ပြင်ပလက်လီဆိုင်များမှာ အရောင်းအဝယ် ဖြစ်နေတဲ့ ပီပါဈေးများမှာ မတ် ၁၄ ရက် ဒီဇယ်ဝယ်ဈေး ၁၀၆၀၀၀ ကျပ်၊ ရောင်းဈေး ၁၀၈၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ပြီး တစ်ပတ်လုံးဒီဈေးနဲ့ပဲ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ မတ် ၁၄ ရက် ဓာတ်ဆီဈေးမှာ ဝယ်ဈေး ၁၃၀၀၀၀ ကျပ်၊ ရောင်းဈေး ၁၃၅၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ တစ်ပတ်လုံးဒီဈေးနဲ့ပဲ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ပြင်ပ လက်လီဆိုင်များတွင် တစ်ဂါလန် ဈေးမှာ ဒီဇယ် ၂၁၀၀ကျပ်၊ ဓာတ်ဆီ ၂၆၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** ပုဂ္ဂလိကစက်သုံးဆီဆိုင်ရဲ့ ဓာတ်ဆီ ၊ ဒီဇယ်နဲ့ အောက်တိန်းမှာ ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပုဂ္ဂလိကဆိုင်မှာ ရောင်းချနေတဲ့ဈေးများက ဓာတ်ဆီတစ်ဂါလန် ၃၀၀၀ ကျပ်၊ ဒီဇယ်တစ်ဂါလန် ၂၂၉၅ ကျပ်၊ အောက်တိန်း ၂၅၂၀ ကျပ်နဲ့ ရောင်းချတယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ ဓာတ်ဆီတစ်ဂါလန် ၃၂၀၀ကျပ်၊ ဒီဇယ် တစ်ဂါလန် ၂၄၀၀ ကျပ်၊ အောက်တိန်း ၂၇၀၀ ကျပ်နဲ့ အရောင်း အဝယ်ဖြစ်နေ တယ်လို့ သိရှိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** ဓာတ်ဆီ၊ ဒီဇယ်က ပုံမှန်အရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။ ဒီတစ်ပတ်စက်သုံးဆီဈေးများမှာ ဓာတ်ဆီရော ဒီဇယ်ပါ ဈေးငြိမ်ခဲ့တယ်လို့ သိရပါတယ်။ ပုဂ္ဂလိကစက်သုံးဆီဆိုင်ရဲ့ဈေးမှာ ဓာတ်ဆီတစ်ဂါလန် ၂၄၀၀ ကျပ်၊ ဒီဇယ် ၂၄၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရှိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ ဓာတ်ဆီ ၂၆၀၀ ကျပ်၊ ဒီဇယ် ၂၇၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။

**MIRT-DOT**

## Energy NYMEX 18-3-2016

| | Price | Change | Change % |
|---|---|---|---|
| WTI Crude Future (USD/bbl.) | 40.16 | -0.04 | 2.22 |
| Brent Crude Futr (USD/bbl) | 41.43 | -0.11 | 1.52 |
| Gasoline Rbob Fut (Cent/gal) | 143.87 | 0.04 | 1.50 |
| Natural Gas Futr (USD/MMBtu) | 1.94 | 0.02 | 1.12 |
| Heating Oil Futr (Cent/gal) | 124.85 | 1.80 | 1.40 |

## ဒေါ်လာဈေး ကစားသူများကြောင့် ဈေးအတက်အကျများရှိလာ

ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်းက အတက်အကျကြမ်းခဲ့သည့်ပြည်တွင်း ငွေလဲနှုန်းများသည် ယခုတစ်ပတ်တွင်လည်း အတက်အကျကြမ်းခဲ့ကြောင်း ဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။ မတ် ၁၅ ရက်ကပြုလုပ်ခဲ့သည့် သမ္မတသစ်ရွေးချယ်ပွဲပြုလုပ်နေချိန်တွင် ပင်ဈေးကစားသူများရှိနေခဲ့သဖြင့် တစ်ရက်အတွင်းမှာပင် ဈေးအတက်အကျများ ကြမ်းတမ်းခဲ့ကြောင်း ဈေးကွက်အတွင်း ဝယ်ရောင်းလုပ်နေသူများက ပြောကြားခဲ့သည်။

"သမ္မတသစ်ရွေးချယ်ပွဲလုပ်တဲ့နေ့က ဈေးအတက်အကျက တော်တော်လေးကိုများတယ်။ တစ်ခဏအတွင်းမှာကို အတက်အကျဖြစ်နေတာ။ ဒါမျိုးက ဈေးကစားတာမျိုးပဲ။ အရောင်းအဝယ်တွေ အေးနေတဲ့အချိန်မှာ ပြီးခဲ့တဲ့တစ်ပတ်ကလည်း ဒီလိုပဲ။ ဈေးကစားနေကြတာ။ ဗဟိုဘဏ်ရဲ့ရည်ညွှန်းငွေလဲနှုန်းအတွင်းမှာကို လုပ်ချင်သလိုလုပ်နေကြတယ်။ အဲဒီနေ့ ဈေးစဖွင့်တဲ့အချိန်မှာ ရောင်းဈေး ၁၂၁၄ ကျပ်၊ ဝယ်ဈေး ၁၂၀၉ ကျပ်ရှိနေရာကနေ နောက်တစ်နေ့မှာ ရောင်းဈေး ၁၂၁၇ကျပ်၊ ဝယ် ဈေး ၁၂၁၁ ကျပ်ဖြစ်သွားတယ်"ဟု အနော်ရထာလမ်းပေါ်ရှိ ငွေလဲစင်တာတစ်ခုမှ သိရသည်။

ပြည်တွင်းငွေလဲစင်တာများတွင် မတ် ၁၄ ရက်က ရောင်းဈေး ၁၂၁၄ ကျပ်၊ ဝယ်ဈေး ၁၂၀၉ ကျပ်ရှိခဲ့ပြီး မတ် ၁၅ ရက်တွင် ရောင်းဈေး ၁၂၁၄ ကျပ်၊ ဝယ်ဈေး ၁၂၀၉ ကျပ်ဖြင့် ဈေးဖွင့်ခဲ့ပြီး ထိုနေ့တစ်နေ့လုံးအတက်အကျ များရှိခဲ့ကာ ဈေးပိတ်ချိန်တွင် ရောင်းဈေး ၁၂၀၉ ကျပ်၊ ဝယ်ဈေး ၁၂၀၄ ကျပ်ရှိခဲ့သည်။ မတ် ၁၈ရက်တွင် ရောင်းဈေး ၁၂၀၇ကျပ်၊ ဝယ်ဈေး ၁၂၀၁ ကျပ်ဖြင့် ဈေးဖွင့်ခဲ့ပြီး ရောင်းဈေး ၁၂၁၀ကျပ်၊ ဝယ်ဈေး ၁၂၀၇ကျပ်ဖြင့် ဈေးပိတ်ခဲ့သည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ယခုတစ်ပတ်အတွင်း သတ်မှတ်ထားသည့် ရည်ညွှန်းငွေလဲနှုန်းမှာ ၁၂၁၈ ကျပ်ဖြစ်ကြောင်း ဗဟိုဘဏ်၏ ထုတ်ပြန်ထားချက်များအရသိရသည်။

**မယ်သီတာ**

## ကမ္ဘာ့ရွှေဈေးအတက်အကျဖြစ်မှုကြောင့် ပြည်တွင်းရွှေဈေး မငြိမ်မသက်ဖြစ်



ကမ္ဘာ့ရွှေဈေး အတက်အကျဖြစ်နေမှုကြောင့် ပြည်တွင်းရွှေဈေးလည်း မငြိမ်မသက်ဖြစ်လျက်ရှိကြောင်း ရွှေဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။ ပြည်တွင်း ရွှေဈေးကွက်တွင်သာမက ကမ္ဘာ့ရွှေဈေးကွက်တွင်လည်း ဈေးနှုန်းမငြိမ်မသက်ဖြစ်နေမှုများကြောင့် ကမ္ဘာ့ရွှေဈေးကွက်တွင်လည်း ရောင်းသူဈေးကွက်သဖွယ်ဖြစ်နေကြောင်း ရွှေကုန်သည်များက သုံးသပ်လျက်ရှိသည်။

"ကမ္ဘာ့ရွှေဈေးကွက်ထဲမှာ ဈေးကမြင့်တက်နေတယ်။ တစ်နေ့ထက်တစ်နေ့ ပိုမြင့်တက်လာတယ်။ ဒီနေ့(မတ်လ ၁၈ ရက်)ဆို ကမ္ဘာ့ရွှေဈေးက အမေရိကန်ဒေါ်လာ ၁၂၆၀ အထိရောက်သွားတယ်။ ကမ္ဘာ့ရွှေဈေးက လိုက်ပြီးမြင့်တက်တဲ့အချိန်မှာ ပြည်တွင်းငွေလဲနှုန်းကလည်း လိုက်ပြီးမြင့်တက်လာတော့ ဒီနေ့(မတ်လ ၁၈ရက်)ဆို ပြည်တွင်းရွှေဈေးက ကျပ် ရှစ်သိန်းကျော်အထိရောက်လာတယ်။ ဈေးတက်လာတော့ ဈေးကွက်ထဲမှာ အရောင်းက ပိုများလာတယ်။ အဝယ်က နည်းလာတော့ ဈေးကွက်အေးတယ်လို့ပြောရမယ်"ဟု ရွှေကုန်သည် ဦးစံမြင့်က ဆိုသည်။

ပြည်တွင်းရွှေဈေးသည် မတ် ၁၄ ရက်က ကျပ် ၇၉၇၀၀၀ ရှိခဲ့ပြီး မတ် ၁၆ရက်တွင် ကျပ် ၇၉၀၀၀၀သို့ ကျဆင်းခဲ့သည်။ မတ် ၁၇ရက်တွင် ကျပ် ၇၉၆၀၀၀ သို့ ပြန်လည်မြင့်တက်ခဲ့ပြီး မတ် ၁၈ ရက်တွင် ကျပ် ၈၀၁၀၀၀ သို့ ဆက်လက်မြင့်တက်ခဲ့သည်။ သို့သော် မတ် ၁၉ ရက်တွင်ဈေးပြန်လည်ကျဆင်းလာခဲ့ပြီး ကျပ် ၇၉၇၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိသည်။

ကမ္ဘာ့ရွှေဈေးသည် မတ် ၁၄ ရက်က ၁၂၅၅ ဒေါ်လာရှိသော်လည်း မတ် ၁၅ ရက်တွင် ၁၂၃၀ ဒေါ်လာသို့ ကျဆင်းသွားခဲ့သည်။ မတ် ၁၇ ရက်တွင် ၁၂၅၉ ဒေါ်လာသို့ ပြန်လည်မြင့်တက်ခဲ့ပြီး မတ် ၁၈ရက်တွင် ၁၂၆၀ ဒေါ်လာသို့ ဆက်လက်မြင့်တက်ခဲ့သည်။ သို့သော် မတ် ၁၉ ရက်တွင် ၁၂၅၅ဒေါ်လာသို့ ပြန်လည်ကျဆင်းခဲ့သည်။

**မယ်သီတာ**

## Currency Exchange Rate

March 18, 2016
Base Currency is
United States Dollar - USD

| Currency Unit | Units per USD |
|---|---|
| AUD Australia Dollars | 1.31 |
| BDT Bangladesh Taka | 78.43 |
| CAD Canada Dollars | 1.30 |
| CNY China Yuan Renminbi | 6.46 |
| EUR Euro | 0.88 |
| H KD Hong Kong Dollars | 7.76 |
| I NR India Rupees | 66.66 |
| I DR Indonesia Rupiahs | 13107.25 |
| JPY Japan Yen | 111.35 |
| MYR Malaysia | 4.06 |
| PKR Pakistan Rupees | 104.67 |
| PHP Philippines Pesos | 46.32 |
| RUB Russia Rubles | 67.99 |
| SGD Singapore Dollars | 1.36 |
| KRW South Korea Won | 1162.01 |
| LKR Sri Lanka Rupe | 145.15 |
| THB Thailand Baht | 34.86 |
| GBP United Kingdom Pounds | 0.69 |
| VND VietnamDon | 22291.57 |

*Source : xe.com*

## World Gold Price

March, 2016 (USD/OZ)

| Date | NY | London | Zurich |
|---|---|---|---|
| 14 | 1252 | 1253 | 1252 |
| 15 | 1226 | 1227 | 1228 |
| 16 | 1229 | 1230 | 1232 |
| 17 | 1252 | 1256 | 1256 |
| 18 | 1260 | 1261 | 1264 |

## Domestic Gold Price

Kyats(Thousand)

| Date | Yangon | Mandalay |
|---|---|---|
| 14-3- 2016 | 798.50 | 798.60 |
| 15-3- 2016 | 794.00 | 793.50 |
| 16-3- 2016 | 790.00 | 789.70 |
| 17-3- 2016 | 800.00 | 800.50 |
| 18-3- 2016 | 801.00 | 800.00 |

## နယ်စပ်ငွေလဲလှယ်နှုန်း

မတ် ၂၀၁၆ (1US$)

| ရက် | တရုတ် (ယွမ်) | ထိုင်း (ဘတ်) | ဘင်္ဂလားဒေ့ရှ် (တာကာ) | အိန္ဒိယ (ရူပီး) |
|---|---|---|---|---|
| 14 | 6 .47 | 35.13 | 78.09 | 67.06 |
| 15 | 6. 51 | 35.10 | 78.41 | 67.26 |
| 16 | 6 52 | 35.06 | 78.29 | 67.39 |
| 17 | 6 .50 | 34.82 | 77.49 | 66.86 |
| 18 | 6.46 | 34.86 | 78.43 | 66.66 |

## World Metal Price (US$)

| Date | Silver/Oz | Zinc/Ton | Aluminium/Ton | Copper/Ton | Platinum/Oz |
|---|---|---|---|---|---|
| 14 - March | 15.60 | 1841.50 | 1581.89 | 5078.53 | 966.00 |
| 15 - March | 15.29 | 1810.82 | 1559.49 | 5032.61 | 956.00 |
| 16- March | 15.23 | 1770.05 | 1530.37 | 5039.10 | 961.00 |
| 17 - March | 15.59 | 1799.84 | 1532.83 | 5088.61 | 976.00 |
| 18 - March | 16.08 | 1859.42 | 1542.91 | 5188.51 | 988.00 |

Source:kitco.com

## ဘိလပ်မြေ

### ဘိလပ်မြေတန်ချိန် သုံးသောင်းခြောက်ထောင်ကျော်ဝင်

မတ် ၆ ရက်မှ ၁၂ ရက် သီတင်းပတ်အတွင်း ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ ကန်ဒေါ်လာ၃၄၆၂၉၈၈ တန်ဖိုးရှိ ဘိလပ်မြေ ၃၆၇၁၅ ဒသမ ၄၉၅ တန်ကို တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ်မှာ ထိုင်းနိုင်ငံမှ ၃၆၀၄၅ ဒသမ ၃၇ တန် နဲ့ စင်ကာပူမှ ၆၇၀ ဒသမ ၁၂၅ တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ထိုင်းမှ ဆင်နဲ့ စိန် အများဆုံးဝင်လာတယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ် ဘိလပ်မြေအဝင်မှာ တန်ချိန် လေးသောင်းရှစ်ထောင်ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်အဝင်နဲ့ယှဉ်ရင် တန်ချိန် ၁၁၀၀၀ ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။

### ဘိလပ်မြေဈေးကွက် ပုံမှန် အရောင်းအဝယ်ဖြစ်

မတ် ၆ ရက်မှ ၁၂ ရက် သီတင်းပတ်မှာ ပြည်တွင်းသို့ ရေလမ်းမှ ဘိလပ်မြေအဝင်မှာ ၃၆၇၁၅ တန် ကျော်ရှိခဲ့တယ်လို့သိရပါတယ်။ ယခင်သီတင်းပတ်က ဘိလပ်မြေအဝင်မှာ ၄၈၀၆၅ တန် ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ ဘိလပ်မြေ တန်ချိန် ၁၁၀၀၀ ကျော်အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။ နယ်စပ်လမ်းမှ ဘိလပ်မြေအဝင်မှာ တန် ၂၂၉၆၆ ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်အဝင်မှာ တန်ချိန် ၂၆၇၇၅ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန် ၃၈၀၀ ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့်ဒီတစ်ပတ်မှာ ရေလမ်းရော နယ်စပ်လမ်းမှပါ ဘိလပ်မြေအဝင်လျော့ခဲ့ပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** ဘိလပ်မြေက အရောင်းအဝယ်လိုက်ပေမယ့် ဈေးအတက်အကျမရှိဘဲငြိမ်နေတယ်လို့သိရပါတယ်။ သင်္ကြန်ပိတ်ရက်နီးလာရင် အရောင်းအဝယ်ပိုကောင်းလာနိုင်သလို ဈေးလည်း နည်းနည်းပြောင်းနိုင်တယ်လို့ ခန့်မှန်းပြောဆိုကြပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ ဆင်(ထိုင်း) ၅၃၅၀ ကျပ်၊ ကြံ့(မြိုင်ကလေး) ၄၉၅၀ကျပ်၊ စိန် (ထိုင်း)၅၁၇၅ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ သိရှိရပါတယ်။

**မန္တလေးဘိလပ်မြေဈေးကွက်မှာ** ဆောက်လုပ်ရေးလုပ်ငန်းတွေ အလုပ်ကောင်းတာကြောင့် အရောင်းအဝယ်ကောင်းပေမယ့် ဒီတစ်ပတ်မှာလည်း ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် အရောင်း အဝယ်ဖြစ်နေတဲ့ဈေးမှာ အေသုံးလုံး ၅၀၀၀ ကျပ်၊ မြန်မာဆင် ၄၅၀၀ကျပ်၊ ဆင်မင်း (ကျောက်ဆည်)၄၅၀၀ ကျပ်၊ ကျားခေါင်း ၄၅၀၀ ကျပ်၊ မြင်းခေါင်း ၄၅၀၀ ကျပ်၊ ဆင်(ထိုင်း) ၇၂၀၀ ကျပ်၊ စိန် ၇၁၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** ဘိလပ်မြေက ပွင့်လင်းရာသီကြောင့် အရောင်းအဝယ်ပုံမှန်ရှိပေမယ့်လည်း ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ဆင်(ထိုင်း) ၇၅၀၀ကျပ်၊ စိန်(ထိုင်း) ၇၄၀၀ ကျပ်၊ အေသုံးလုံး ၅၀၀၀ ကျပ်၊ အပါချီ ၅၀၀၀ကျပ်၊ ကမ္ဘောဇ ၄၆၀၀ကျပ်၊ နဂါး ၅၀၀၀ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဘိလပ်မြေအရောင်းဆိုင်မှ စုံစမ်းသိရှိခဲ့ပါတယ်။



သီတာဝင်း (DOT) စုစည်းသည်

## ဓာတ်မြေဩဇာ

### မြေဩဇာတန်ချိန် ငါးထောင်ကျော်ဝင်

မတ် ၆ ရက်မှ ၁၂ ရက် သီတင်းပတ်အတွင်း ကန်ဒေါ်လာ ၁၁၇၉၇၄၂ တန်ဖိုးရှိ မြေဩဇာ ၅၅၂၁ ဒသမ ၉၀ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ်မှာ တရုတ်နိုင်ငံမှ ၂၅၆၂ တန်၊ ထိုင်းနိုင်ငံမှ ၂၄၁၉ ဒသမ ၉၀ တန်နဲ့ စင်ကာပူမှ တန်ချိန် ၅၄၀ တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ တင်သွင်းခဲ့တဲ့ အမျိုးအစားများမှာ အမိုးနီးယမ်းဆာလဖိတ်၊ ယူရီးယား၊ ကွန်ပေါင်း ၊ နိုက်တြိုဂျင်တို့ဖြစ်တယ်လို့ သိရပါတယ်။

ယခင်သီတင်းပတ် မြေဩဇာအဝင်မှာ တန်ချိန် ၂၆၀၀ ကျော် ရှိခဲ့တာကြောင့် ဒီတစ်ပတ်အဝင်နဲ့ယှဉ်ရင် တန်ချိန် ၂၈၉၀ကျော်အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။

### အရောင်းအေးနေတဲ့ မြေဩဇာဈေးကွက်

မတ် ၆ ရက်မှ ၁၂ရက် သီတင်းပတ်အတွင်း ပြည်တွင်းကို ရေလမ်းမှ မြေဩဇာ ၅၅၂၁ တန်ကျော်အဝင်ရှိခဲ့ပြီး ယခင်တစ်ပတ်အဝင်မှာ တန်ချိန် ၂၆၂၄ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၂၈၉၀ ကျော် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။ နယ်စပ်လမ်းမှ ယခုတစ်ပတ် မြေဩဇာအဝင်မှာ ၂၀၂၁၀ တန်ကျော်ရှိခဲ့ပြီး၊ ယခင်တစ်ပတ်အဝင်မှာ ၁၉၀၅၁ တန်ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ ၁၁၅၈ တန်ကျော် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ရေလမ်းမှရော နယ်စပ်လမ်းမှ မြေဩဇာအဝင်ပိုခဲ့ပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** မြေဩဇာက ဒီတစ်ပတ် အရောင်းပုံမှန်ရှိပေမယ့် ဈေးနည်းနည်းမြင့်လာတယ်လို့ သိရပါတယ်။ ပုလဲအသေး ၁၀၀၀ ကျပ်၊ ကွန်ပေါင်း ၁၅ ပတ်လည် ၃၀၀ ကျပ် ဈေးမြင့်ခဲ့တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ပုလဲ အသေး ၄၆% (ရွှေတုံး၊ ရွှေပျား၊ ရွှေတောင်)(တရုတ်) ၂၁၀၀၀ ကျပ်၊ ကွန်ပေါင်း (အစိမ်း) ၁၅ပတ် လည်(ထိုင်း) ၃၇၅၀၀ ကျပ်၊ ကွန်ပေါင်း (ပန်းရောင်) ၁၅ပတ် လည် (ထိုင်း) ၃၀၅၀၀ ကျပ်၊ကွန်ပေါင်း ၁၆း၁၆း၈ (မြင်းပျံ-ထိုင်း)၂၉၀၀၀ကျပ်၊တီစူပါ ၄၆%(သံကွင်း-တရုတ်) ၂၁၅၀၀ ကျပ်၊ တီစူပါ ၁၆% (မြားကမ္ဘာ-တရုတ်) ၁၂၅၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ စုံစမ်းရရှိခဲ့ပါတယ်။

**မန္တလေးဈေးကွက်မှာ** မြေဩဇာများက အရောင်းအဝယ်ပုံမှန်ရှိတယ်လို့ သိရပါတယ်။ ဒီအချိန်မှာ ဆောင်းသီးနှံလက်ကျန်စိုက်ပျိုးနေသလို နွေစပါး၊ နှမ်း စတာတွေလည်းစိုက်နေတာကြောင့် အရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။အရောင်းအဝယ် ကောင်းပေမယ့် ဈေးကကျနေတယ်။ ဒါကလည်း တရုတ်ငွေဈေးကျတာကြောင့် ဈေးကျလာတာဖြစ်တယ်လို့ စိုက်ပျိုးရေးအရောင်းဆိုင်မှ တာဝန်ရှိသူတစ်ဦးကပြောပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ယူရီးယား (ရွှေတောင်-တရုတ်) ၁၈၄၀၀ကျပ်၊ ယူရီးယား (ပန်းဖူး-တရုတ်) ၁၈၇၀၀ ကျပ်၊ တီစူပါ (၄၆%-တရုတ်) ၁၇၄၀၀ ကျပ်၊ ကွန်ပေါင်း ၁၀း၁၀း၅ ၁၂၈၀၀ ကျပ်ဈေးနဲ့အရောင်းအဝယ်ဖြစ်တယ်လို့ ဈေးကွက်အတွင်းမှ စုံစမ်းသိရပါ တယ်။

**မကွေးဈေးကွက်မှာ** ရာသီစိုက်ပျိုးချိန်လည်း မရောက်သေးတာကြောင့် အရောင်းအေးသလို ဈေးလည်း နည်းနည်းကျလာတယ်လို့ သိရပါတယ်။ ဈေးကျတာ ဆင် ၁၀း၁၀း၅၊ အာမို ၁၀း၁၀း၅၊ တီစူပါ၊ ယူရီးယားနဲ့ တောင်သူမတို့ဖြစ်ပါတယ်။ ကျန်မြေဩဇာက ယခင်ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ် နေတဲ့ဈေးမှာ မြားကမ္ဘာ-တရုတ် ၁၂း၁၃ (အပြာ) ၁၃၉၀၀ ကျပ် ၊ဆင် ၁၀း၁၀း၅ ၁၃၉၀၀ ကျပ်၊ အာမို ၁၀း၁၀း၅ ၁၄၅၀၀ကျပ်၊ အာမို ၁၅း၁၅း၁၅ ၃၈၀၀၀ ကျပ်၊ အာမို ၁၆း၁၆း၈ ၃၄၅၀၀ ကျပ်၊ ယူရီးယား-ပုလဲ (ပန်းဖူး-တရုတ်) ၁၉၇၀၀ ကျပ်၊ ယူရီးယား -ပုလဲ (ရွှေတောင်-တရုတ်) ၁၈၇၀၀ ကျပ်၊ ယူရီးယား ၁၈၅၀၀ ကျပ်၊ အောင်ကမ္ဘာ ၁၀း၁၀း၅ ၁၆၈၀၀ ကျပ်၊ တီစူပါ ၁၈၃၀၀ ကျပ်၊ တောင်သူမ ၁၃၅၀၀ ကျပ်ဈေးရှိတယ်လို့ မြေဩဇာအရောင်းဆိုင်မှ စုံစမ်းသိရှိရပါတယ်။

**ရန်ကုန်ဈေးကွက်မှာ** မြေဩဇာ အရောင်းပုံမှန်ရှိပေမယ့် ဒီတစ်ပတ်မှာ ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ယူရီးယား (ကမ္ဘာလုံး-တရုတ်) ၂၂၀၀၀ ကျပ်၊ ယူရီးယား (နေရွက်လှေ-တရုတ်) ၂၂၀၀၀ ကျပ်၊ တီစူပါ (သံကွင်း-တရုတ်)၂၁၅၀၀ ကျပ်၊ ပိုတက် (အိန္ဒိယ) ၂၃၅၀၀ ကျပ်၊ကွန်ပေါင်း၁၅ ပတ်လည် (နေရွက်လှေ) ၃၇၅၀၀ ကျပ်၊ကွန်ပေါင်း ၂၅း၇း၇ ၃၁၆၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဈေးကွက်အတွင်းမှ စုံစမ်းသိရှိရပါတယ်။

## နို့ဆီ/နို့မှုန့်

### နို့ဆီအဝင်လျော့ပြီး နို့မှုန့်အဝင်ပို

မတ် ၆ ရက်မှ ၁၂ ရက် သီတင်းပတ်အတွင်း ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ ကန်ဒေါ်လာ ၃၈၈၂၂၇ တန်ဖိုးရှိ နို့ဆီ ၂၉၈ ဒသမ ၀၀၈ တန်ကို တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ်မှာ ဒွန်းနို့ဆီ ၄၉ဒသမ ၆၀၈ တန်နဲ့ အိုကေနို့ဆီ ၂၄၈ ဒသမ ၄၀ တန် ဝင်လာခဲ့ပါတယ်။ ယခင်သီတင်းပတ် နို့ဆီအဝင်မှာ တန်ချိန် ၄၁၀ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်အဝင်နဲ့ယှဉ်ရင် တန်ချိန် ၁၁၀ ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။

နို့မှုန့်က ဒီတစ်ပတ်မှာ မလေးရှားမှ ၆၄ ဒသမ ၃၁၄ တန်၊ နယူးဇီလန်မှ ၁၅၃ ဒသမ ၂ တန်နဲ့ စင်ကာပူမှ ၈၅ ဒသမ ၈၁၉ တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ် နို့မှုန့်အဝင်မှာ တန်ချိန် ၂၀၀ ကျော်သာရှိခဲ့တာကြောင့် ဒီတစ်ပတ် နို့မှုန့်အဝင်နဲ့ ယှဉ်ရင်၉၉ တန်ကျော် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့်ဒီတစ်ပတ်မှာ နို့ဆီအဝင်လျော့ပြီး နို့မှုန့်အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဘိလပ်မြေတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၅/၃ မှ ၁၁/၃ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၂၇/၂ မှ ၄/၃ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၁၇၂၉၀၇၅ | ၁၄၉၉၀၆၅ | (+) | ၂၃၀၀၁၀ |
| ၂။ | လွယ်ဂျယ် | ၉၉၅၀၀၀ | ၉၂၅၀၀၀ | (+) | ၇၀၀၀၀ |
| ၃။ | ချင်းရွှေဟော် | - | - | | - |
| ၄။ | ကန်ပိုက်တီး | ၄၉၃၄၀၀၀ | ၃၁၅၃၀၁၃ | (+) | ၁၇၈၀၀၈၇ |
| ၅။ | တာချီလိတ် | ၃၅၂၅၀၀၀ | ၅၀၀၅၀၀၀ | (-) | ၁၄၈၀၀၀၀ |
| ၆။ | မြဝတီ | ၁၅၀၇၀၉၀ | ၁၁၈၈၀၁၀ | (+) | ၃၁၉၀၈၀ |
| ၇။ | ကော့သောင်း | ၉၉၅၅၀၀၀ | ၁၁၁၃၀၀၀၀ | (-) | ၁၁၇၅၀၀၀ |
| ၈။ | မြိတ် | ၃၂၀၀၀၀ | ၃၈၇၅၀၀၀ | (-) | ၃၅၅၅၀၀၀ |
| ၉။ | မောင်တော | - | - | | - |
| | စုစုပေါင်း | ၂၂၉၆၆၀၆၅ | ၂၆၇၇၅၀၈၈ | (-) | ၃၈၀၉၀၂၃ |

မြင့်မြင့်မာ MIRT

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဓာတ်မြေဩဇာတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၅/၃ မှ ၁၁/၃ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၂၇/၂ မှ ၄/၃ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၁၈၈၂၆၀၀၀ | ၁၈၁၇၂၀၂၅၀ | (+) | ၆၅၃၀၇၅၀ |
| ၂။ | လွယ်ဂျယ် | ၁၀၀၀၀ | - | (+) | ၁၀၀၀၀၀ |
| ၃။ | ချင်းရွှေဟော် | - | - | | - |
| ၄။ | တာချီလိတ် | ၁၂၁၀၅၀၀ | - | (+) | ၁၂၁၀၅၀၀ |
| ၅။ | မြဝတီ | ၅၈၈၀၅၀၀ | ၃၃၅၀၅၀၀ | (+) | ၂၅၃၀၀၀၀ |
| ၆။ | ကော့သောင်း | ၁၇၄၀၅၀၀ | ၂၉၃၀၉၀၈ | (-) | ၁၁၉၀၄၀၈ |
| ၇။ | မြိတ် | ၁၀၀၀၀၀၀ | ၁၀၀၀၀၀၀ | | - |
| ၈။ | ရိဒ် | ၃၀၀၀၀၀၀ | ၁၅၀၀၀၀၀ | (+) | ၁၅၀၀၀၀၀ |
| | စုစုပေါင်း | ၂၀၂၁၀၀၅၀၀ | ၁၉၀၅၁၀၆၅၈ | (+) | ၁၁၅၈၀၈၄၂ |

တင်တင်ထွန်း MIRT

## နှမ်း

### နှမ်းတင်ပို့မှု အနည်းငယ်လျော့ကျ

မတ် ၅ ရက်မှ ၁၁ ရက်တာကာလအတွင်း မြန်မာ-တရုတ်နယ်စပ်ရှိ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ ကန်ဒေါ်လာ သုည ဒသမ ၅၃၉ သန်းတန်ဖိုးရှိ နှမ်းရောင်စုံ၄၄၉ တန်တင်ပို့ခဲ့ပါတယ်။ တင်ပို့တဲ့ နှမ်းအမျိုးအစား တွေကတော့ နှမ်းနက် ၂၂၆ တန်နဲ့ နှမ်းဖြူ ၂၂၃ တန်ဖြစ်ပါတယ်။ ယခင်ရက်သတ္တပတ်က ချင်းရွှေဟော်မှ ၁၀၁၄ တန်နဲ့ မပို့တာကြာပြီဖြစ်တဲ့ မူဆယ်မှ ၁၃ တန်ခွဲတင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်တင်ပို့မှု အနည်းငယ်လျော့ကျသွားခဲ့ပါတယ်။ အရောင်းအဝယ်မရှိပေမယ့် မူဆယ်ကုန် စည်ဒိုင်မှာတော့ နှမ်းဖြူ တစ်တန် ၁၂၄၁၃၃၉ ကျပ်နဲ့ နှမ်းနက်တစ်တန် ၁၇၇၇၀၅၄ ကျပ်ဈေးရှိနေပါတယ်။ တရုတ်နိုင်ငံသို့ ပင်လယ်ရေကြောင်းနဲ့ တင်ပို့ပါက ရှန်ဟိုင်းသို့ တင်ပို့ရပြီး လာရောက်ဝယ်ယူသူများက ယင်းနေရာအထိ လာရောက်ဝယ်ယူရခြင်းကြောင့် ဝယ်ယူမှုနည်းပါကြောင်း၊ နှမ်းတင်ပို့ရာတွင် မူဆယ်နှမ်းဈေးကွက်အတွင်းသို့ မန္တလေးလမ်းကြောင်းမှ တင်ပို့ခြင်းထက်ရေ ကြောင်းမှ ရှန်ဟိုင်းမြို့သို့ တင်ပို့ရခြင်းဟာနှမ်းတစ်တန်ကို ကန်ဒေါ်လာ ၃၀၀ မှ ၄၀၀ကြားထိ ပိုမိုကုန်ကျကြောင်း နှမ်းကုန်သည် များထံမှ သိရပါတယ်။

**မော်မော်အောင်**

### ပြည်ဆီထွက်သီးနှံ ဝင်ရောက်မှုများပြီး အရောင်းအဝယ်ဖြစ်

ပြည်ဆီထွက်သီးနှံရောင်းဝယ်ရေး ဈေးကွက်အတွင်း မတ်လ(တတိယ) ပတ်တွင် မြေပဲဆန်အိတ်များ ရွှေဘော်၊ ကံမ၊ မင်းတုန်းမြို့နယ်များမှ အများအပြားဝင်ရောက်လာတာ တွေ့ရပါတယ်။ တစ်နေ့လျှင် အိတ် ၁၇၀၀၊ ၁၈၀၀ ခန့် ဝင်ရောက်နေခြင်းဖြစ်ပါတယ်။ ဆီဆန်များကို ဆီစက်ပိုင်ရှင်နဲ့ လှော်လက်တို့မှအဝယ်ရှိပြီး၊ လုံးဆန်များကိုတော့ နယ်ဘက်များမှ အဝယ်ရှိကြောင်းသိရပါတယ်။

ယခုတစ်ပတ် ပြည်မြေပဲဆန်ဈေးနှုန်းများကတော့ တစ်ပိဿာလျှင် မြေပဲ(ဆီဆန်) ၁၈၀၀ကျပ်၊(လုံးဆန်အဖြူ) ၂၃၀၀ ကျပ်၊ (လုံးဆန်အနီ) ၂၂၀၀ ကျပ်ဈေးတို့ပေါက်ပြီး၊ ဝင်ရောက်သမျှ အရောင်းအဝယ် ဖြစ်နေပါတယ်။ ရန်ကုန်နဲ့ မန္တလေးသို့ နေ့စဉ်အိတ် ၈၀၀ ကျော်အတင်ရှိပြီး လုံးဆန်အဖြူများကို ပိုမိုတင်ပို့ရကြောင်းသိရပါတယ်။

နှမ်းဈေးကွက်မှာ ပွဲရုံများသို့ နှမ်းအဝင်မရှိတော့တဲ့အတွက် အရောင်းအဝယ် ငြိမ်နေပါတယ်။ နှမ်းဈေးနှုန်းများ ပြောင်းလဲမှုမရှိဘဲ ယခုတစ်ပတ်ဈေးနှုန်းအတိုင်းသာငြိမ်နေတာ တွေ့ရပါတယ်။ ဆီဈေးနှုန်းများမှာလည်း ပုံမှန်အရောင်းအဝယ်ဖြစ်ပြီး ဈေးနှုန်းများ အတက်အကျမရှိစေဘဲ ဈေးနှုန်းငြိမ်နေခြင်းဖြစ်ပါတယ်။

**ဝေဝေမင်း-ပြည်**

## စားအုန်းဆီ

### အထွက်နှုန်းကျဆင်းမယ့် အလားအလာကြောင့် စားအုန်းဆီဈေး ပြန်လည်မြင့်တက်

အယ်လ်နီညိုရာသီဥတုကြောင့် သီးနှံများကိုထိခိုက်ပြီး ထွက်နှုန်းကျဆင်းလိမ့်မယ်လို့ ခန့်မှန်းကြတဲ့အတွက် မလေးရှားစားအုန်းဆီကြိုရောင်းဈေးက စောစောပိုင်းကရှိခဲ့တဲ့ ဆုံးရှုံးမှုတွေကနေ ပြန်လည်နာလန်ထူလာပြီး မတ် ၁၆ ရက်မှာ ပြန်လည်မြင့်တက်လာကြောင်း ဘီရီကော်ဒါသတင်းမှာ ဖော်ပြပါတယ်။ အယ်လ်နီညိုကြောင့် ဖြစ်ပေါ်ခဲ့တဲ့ ပူပြင်းခြောက်သွေ့မှုကြောင့် ကမ္ဘာ့စားအုန်းဆီထုတ်လုပ်မှုက တန်နှစ်သန်းမှ သုံးသန်းအကြား ကျဆင်းမယ်လို့ ကွာလာလမ်ပူမြို့မှာ မတ်လ ပထမပတ်အတွင်းက ကျင်းပခဲ့တဲ့ ကွန်ဖရင့်တစ်ခုမှာ ကျွမ်းကျင်သူတွေက ခန့်မှန်းထားပါတယ်။ အဲဒီအခြေအနေတွေကြောင့် ဇွန်လမှာ စားအုန်းဆီရဲ့ အခြေခံစံထားဈေးနှုန်းက ရင်းဂစ် ၂၇၀၀ မှ ၃၀၀၀ အတွင်း ရောက်ရှိလာလိမ့်မယ်လို့ ခန့်မှန်းထားပါတယ်။

အလားတူ စားအုန်းဆီရဲ့ ပြိုင်ဘက်ဖြစ်တဲ့ ဟင်းရွက်ဆီဈေးတွေ ကျဆင်းမှုနဲ့ ဝယ်လိုအား နှေးကွေးကျဆင်းမှုတို့ကြောင့် စားအုန်းဆီဈေးနှုန်းတွေ ရက်သတ္တနှစ်ပတ်အတွင်း အနိမ့်ဆုံးအထိ စောစောပိုင်းက ကျဆင်းခဲ့တာကိုတွေ့ရပါတယ်။ ဒါပေမယ့် ကုန်သည်တွေကတော့ အမြတ်အစွန်းတွေရရှိခဲ့ပါတယ်။

ဘာဆာမလေးရှားကုန်စည်ဒိုင် (Bursa Malaysia Derivatives Exchange) မှာ မတ် ၁၆ ရက် ဈေးပိတ်ချိန်က မေလအတွက်ချုပ်ဆိုတဲ့ စားအုန်းဆီကြိုရောင်းဈေးက သုည ဒသမ ၀၄ ရာခိုင်နှုန်း မြင့်တက်ပြီး တစ်တန်ကို ၂၆၁၁ ရင်းဂစ် (အမေရိကန်ဒေါ်လာ ၆၃၁ ဒေါ်လာ)နှုန်းရှိခဲ့ပါတယ်။ စားအုန်းဆီက ရက်သတ္တပတ်အစဖြစ်တဲ့ မတ် ၁၄ ရက်မှာ တစ်တန်ကို ၂၆၃၂ ရင်းဂစ်နှုန်းအထိရောက်ရှိပြီး တစ်လအတွင်း အမြင့်ဆုံးနှုန်းဖြစ်ခဲ့ပါတယ်။ ရောင်းချရတဲ့ပမာဏက မတ် ၁၆ ရက် ဈေးပိတ်ချိန်မှာ ၂၅ တန်ရှိအတွဲ ပေါင်း ၄၇၂၂၆ တွဲအထိရောက်ရှိခဲ့ပါတယ်။

"ဈေးကွက်က အတက်ဘက်ကို ဆက်လက်ဦးတည်နေပါတယ်။ နောက်ထပ်အကြောင်းတရားတွေ ပေါ်မလာဘူးဆိုရင်တော့ ဈေးကွက်အခြေအနေက ကွန်ဖရင့်ကခန့်မှန်းခဲ့တဲ့ဈေးနှုန်းအခြေအနေနဲ့ ထုတ်လုပ်မှု ခန့်မှန်းချက်အတိုင်း



ဆက်သွားလိမ့်မယ်လို့ ယူဆရပါတယ်"လို့ ကွာလာလမ်ပူအခြေစိုက်ကုန်သည်တစ်ဦးက ပြောပါ တယ်။

အခြားဟင်းသီးဟင်းရွက်ဆီများအနက် တရုတ်နိုင်ငံ ဒါလီယံဈေးကွက် (Dalian Commodity Exchange) မှာ မေလအတွက် ပဲပုပ်ဆီကြိုရောင်းဈေးက သုညဒသမ ၂ ရာခိုင်နှုန်းကျဆင်းပြီး၊ ချီကာဂိုပဲပုပ်ဆီဈေးက သုညဒသမ ၄ ရာခိုင်နှုန်း ကျဆင်းခဲ့ပါတယ်။

စီးပွားရေး နှေးကွေးကျဆင်းတဲ့အတွက် စားအုန်းဆီထိပ် တန်းစားသုံးနိုင်ငံဖြစ်တဲ့ တရုတ်နဲ့အိန္ဒိယတို့ရဲ့ဝယ်လိုအား ကျဆင်းတဲ့အတွက် စားအုန်းဆီပို့ကုန်ဝယ်လိုအား ကျဆင်းနိုင်ပါတယ်။ ဒီလိုစားအုန်းဆီ ဝယ်လိုအားကျဆင်းမှုက ဈေးနှုန်းမြင့်တက်မှုကို အဟန့်အတားဖြစ်စေနိုင်ပါတယ်။ မလေးရှားစားအုန်းဆီ ထွက်ကုန်ပစ္စည်းတင်ပို့မှုက မတ် ၁ ရက်မှ ၁၅ ရက်အတွင်း တင်ပို့မှုကို ဖေဖော်ဝါရီ ၁ ရက်မှ ၁၅ ရက်အထိ တင်ပို့မှုနဲ့ နှိုင်းယှဉ်ပါက ၁ ဒသမ ၁ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း ကုန်စည်စစ်တမ်း ကောက်ယူရေးအဖွဲ့ Societe Generalede Surveillance ကထုတ်ပြန်တဲ့ ကိန်းဂဏန်းတွေအရ သိရပါတယ်။

ဒါပေမယ့် အခြားကုန်စည်စစ်တမ်းကောက်ယူရေးအဖွဲ့ဖြစ်တဲ့ Intertek Testing Services ရဲ့ ခန့်မှန်းချက်အရ အလားတူကာလအတွင်းမှာ စားအုန်းဆီတင်ပို့မှုက ၁၀ ဒသမ ၅ ရာခိုင်နှုန်းနဲ့ စံချိန်တင်မြင့်တက်ခဲ့တယ်လို့ဆိုပါတယ်။ ဒီလိုမြင့်တက်ခဲ့ရတာဟာ ဖေဖော်ဝါရီလအတွင်းက နှစ်သစ်ကူးပွဲတော်ရှိတဲ့ တရုတ်နိုင်ငံကို တင်ပို့မှုကျဆင်းခဲ့လို့ သာ ပမာဏကွာခြားမှုရှိခဲ့တာဖြစ်ကြောင်း ကုန်သည်တွေက ပြောပါတယ်။ ဒါပေမယ့် ဧပြီလမှာ စားအုန်းဆီကြမ်းတင်ပို့ခွန် ၅ ရာခိုင်နှုန်းအထိ မမြင့်တင်မီမှာ အရောင်းအဝယ်ပိုမိုမြင့်တက် လာလိမ့်မယ်လို့ ခန့်မှန်းထားပါတယ်။

**ဉာဏ်တင်**

### ပြည်တွင်းဆီဈေးနှုန်းများ (၁၈-၃-၂၀၁၆)

ကျပ်/ပိဿာ

| မြို့အမည် | ပဲဆီ | | | နှမ်းဆီ | | | စားအုန်းဆီ | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| နေပြည်တော် (ပျဉ်းမနား) | ၄၂၀၀ | ၄၂၀၀ | □ | ၃၈၀၀ | ၃၈၀၀ | □ | ၁၆၀၀ | ၁၇၀၀ | △ |
| ရန်ကုန် | ၄၅၀၀ | ၄၅၀၀ | □ | ၃၉၀၀ | ၃၉၀၀ | □ | ၁၅၁၅ | ၁၅၆၅ | △ |
| မန္တလေး | ၄၀၀၀ | ၄၀၀၀ | □ | ၃၄၀၀ | ၃၄၀၀ | □ | ၁၆၁၀ | ၁၆၉၀ | △ |
| ပဲခူး | ၃၆၀၀ | ၃၈၀၀ | △ | ၄၈၀၀ | ၄၈၀၀ | □ | ၁၅၆၀ | ၁၆၂၀ | △ |
| မကွေး | ၄၀၀၀ | ၄၀၀၀ | □ | ၃၈၀၀ | ၃၈၀၀ | □ | ၁၆၀၀ | ၁၆၀၀ | □ |
| မုံရွာ | ၄၁၀၀ | ၄၀၀၀ | ▽ | ၃၆၀၀ | ၃၆၀၀ | □ | ၁၆၅၀ | ၁၇၀၀ | △ |
| စစ်တွေ | ၄၀၀၀ | ၄၀၀၀ | □ | ၄၀၀၀ | ၄၀၀၀ | □ | ၁၉၀၀ | ၁၉၀၀ | □ |

*Source: mirt*




### မလေးရှားစားအုန်းဆီ အပတ်စဉ်ပျမ်းမျှ (FOB) ဈေးနှုန်း

၁၈-၃-၂၀၁၆ US$/Ton

| အမျိုးအစား | မတ်လပထမပတ် | မတ်လဒုတိယပတ် | နှိုင်းယှဉ်ချက် |
|---|---|---|---|
| RBD P.Oil | ၅၉၈.၅၀ | ၆၁၉.၀၀ | △ |
| RBD P.Olein | ၆၀၈.၀၀ | ၆၃၁.၅၀ | △ |
| RBD P.Strarin | ၅၆၂.၅၀ | ၅၈၆.၅၀ | △ |

*Source: econ.mpob*

### ပြည်ပမှတင်သွင်းလာသော စားအုန်းဆီများ ရန်ကုန်ဆိပ်ကမ်းအရောက် တစ်ပိဿာအရင်းဈေးတွက်ချက်ပုံ (၁၈- ၃ -၂၀၁၆ )နေ့

| အကြောင်းအရာ | တွက်ချက်နှုန်း | တစ်ပိဿာကုန်ကျစရိတ် (ကျပ်) Cloud Point 8˚CMax |
|---|---|---|
| CIF ဈေး | (CIFx USD)/ 612 | ၁၄၀၃.၀၉ |
| FDA ထောက်ခံစာ | 58 .20/ 612 | ၀.၁၀ |
| သွင်းကုန်လိုင်စင်ကြေး | 50/ 612 | ၀.၀၈ |
| L/C စရိတ် | (1500 x 0.25% x USD)/612 | ၃.၅၁ |
| Bill စရိတ် | (CIF x 0.50% x USD )/612 | ၇.၀၂ |
| စားအုန်းဆီအလျော့ | 0.5% x လက်ကားဈေး | ၇.၈၃ |
| ဆီကန်သိုလှောင်ထိန်းသိမ်းခ | 5/ -1% | ၄.၉၅ |
| ကုန်သွယ်လုပ်ငန်းခွန် | (FOB x USD x 1.2 x 5%) 612 | ၈၁.၂၀ |
| ဆိပ်ကမ်းခွန် | (50000/ 1000) 612 | ၀.၀၈ |
| MITS စစ်ဆေးခ (FDA အပါအဝင်) | | ၀.၆၀ |
| အခွန်လျာထား | (CIF x 35/-)/ 612 | ၄၀.၃၂ |
| ဆိပ်ကမ်းကပ်ခ | (3x USD )/ 612 | ၅.၉၅ |
| | ရန်ကုန်ဆိပ်ကမ်းအရောက် အရင်းဈေး | ၁၅၅၄.၇၃ |

မှတ်ချက်။
၁။ အထက်ပါတွက်ချက်မှုမှာ ၁၈-၃-၂၀၁၆ နေ့ (CIF ဈေး Cloud Point 8 ˚C Max ၇၀၅ ဒေါ်လာ၊ FOB ၆၈၀ ဒေါ်လာနှင့် USD ဈေး ၁၂၁၈ ကျပ်) ဖြင့်တွက်ချက်ထားခြင်း ဖြစ်ပါသည်။
၂။ ၁၈-၃-၂၀၁၆ နေ့ဝယ်ယူပြီးနောက် ၁၀ ရက်ခန့်အကြာ ရန်ကုန်ဆိပ်ကမ်းရောက်ရှိမည့် ဈေးဖြစ်ပါသည်။
၃။ တင်သွင်းလာသော ကုမ္ပဏီ၏ အမြတ်၊ ဆိပ်ကမ်းမှ ဖြန့်ဖြူးမည့် ဈေးကွက်အရောက် သယ်ယူစရိတ်၊ လုပ်သားခ၊ လက်လီဆိုင်များ၏အမြတ်များ မပါဝင်သေးပါ။
၄။ ငွေလဲနှုန်းတစ်ဒေါ်လာကို ဒေါ်လာဈေး ၁၂၁၈ ကျပ်ဖြင့် တွက်ချက်ထားပါသည်။
၅။ ကုန်သွယ်လုပ်ငန်းခွန်မှာ ယခင် သုညရာခိုင်နှုန်းဖြစ်ပြီး ယခု ၅ ရာခိုင်နှုန်းဖြစ်ပါသည်။
၆။ ဆိပ်ကမ်းကပ်ခမှာ ယခင်ကောက်ခံခြင်းမရှိပါ။ ယခုတစ်တန်လျှင် အမေရိကန် ၃ ဒေါ်လာနှုန်းကောက်ခံပါသဖြင့် ထည့်သွင်းတွက်ချက်ပါသည်။
၇။ နိုင်ငံခြားစားအုန်းဆီ FOB နှင့် CIF ဈေးနှုန်းများ အပါအဝင် ဖော်ပြပါ ဈေးနှုန်းများသည် အချိန်နှင့်အမျှအတက်အကျ အပြောင်းအလဲရှိနိုင်ပါသည်။

Vol: 16, No.12 Monday March 21 2016

# ရင်းနှီးမြှုပ်နှံမှု ရန်ပုံငွေအဖွဲ့ များ၏ အရေးပါပုံ

|ထွန်းသက်ထွန်း|

ရင်းနှီးမြှုပ်နှံမှုရန်ပုံငွေအဖွဲ့ ဆိုသည်မှာ ရင်းနှီးမြှုပ်နှံမှု မဟာဗျူဟာအရ ရင်းနှီးငွေများကို စုပေါင်းထည့်ဝင်၍ လုပ်ငန်းများတွင် ဝင်ရောက် ရင်းနှီးမြှုပ်နှံသော အဖွဲ့အစည်းများကို ဆိုလိုပါသည်။ ရင်းနှီးမြှုပ်နှံမှုရန်ပုံငွေအဖွဲ့များသည် စွန့်ဦးတီထွင် လုပ်ကိုင်ဆောင်ရွက်သည့် စီးပွားရေးလုပ်ငန်းများနှင့် တိုးတက်ရန် အလားအလာကောင်းမွန်သည့် လုပ်ငန်းများသို့ အရင်းအနှီး (Venture Capital) ထည့်ဝင်ကာ ယင်းစီးပွား ရေးလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်သည်။ ယင်းရန်ပုံငွေအဖွဲ့များကို (Private Equity Fund) ဟုခေါ်တွင်ပြီးယင်းတို့သည် အလားအလာကောင်းမွန်၍ ငွေကြေးအင်အားနည်းပါးသည့် ကုမ္ပဏီများအတွက် အဓိကအားကိုးအားထားရာအဖွဲ့များဖြစ်သည်။

ရင်းနှီးမြှုပ်နှံမှုရန်ပုံငွေအဖွဲ့များသည် စီးပွားရေးလုပ်ငန်းများ၊ ကုမ္ပဏီများ စတော့ဈေးကွက်သို့ ဝင်ရောက်ရေးအတွက် ပြုစုပျိုးထောင် ပေးသည့် အဖွဲ့များဖြစ်ပြီး ၎င်းတို့သည် ကုမ္ပဏီများတွင် နှစ်ကာလကြာရှည်စွာ ငွေကြေးထည့်ဝင်ရင်းနှီးရုံမျှမက အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲရေးကိစ္စများတွင်ပါ ဝင်ရောက် အားဖြည့်ကာ ကုမ္ပဏီအောင်မြင်ကြီးထွားလာရေးအတွက် ဆောင်ရွက်ပေးကြပါသည်။

ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုရန်ပုံငွေများသည်ပုံမှန်အားဖြင့် အရေးအတွက် အကန့်အသတ်ဖြင့် အစုစပ်ထည့်ဝင်သည့် ပုံသဏ္ဍာန် (Limited Partnership) များဖြင့် ဖွဲ့စည်းထားပြီး သက်တမ်းမှာ ၁၀ နှစ် အထိ ကြာမြင့်တတ်ပါသည်။ ကနဦးတွင် ရင်းနှီးမြှုပ်နှံသူများသည် သတ်မှတ်ကာလမပြည့်မချင်း ထည့်ဝင်ငွေများကိုပြန်လည်တောင်းခံခြင်းမပြုရသော အာမခံချက်များကိုချုပ်ဆိုကာ ကုမ္ပဏီများတွင် ရန်ပုံငွေတစ်ရပ်ကို ထည့်ဝင် ရန်စီစဉ် ဆောင်ရွက်ကြပါသည်။ ယင်းရန်ပုံငွေအစုထဲသို့ အရွယ်အစား တူညီသောအစုများထည့်ဝင် ကြသလို အရွယ်အစားမတူညီသော အစုများကိုလည်း ထည့်ဝင်နိုင်ကြပါသည်။

ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှု ရန်ပုံငွေများကို ကျွမ်းကျင်သော ဘဏ္ဍာရေး ဝန်ဆောင်မှုအဖွဲ့များက တာဝန်ယူဆောင်ရွက်ကြပါသည်။ ပုံမှန်အားဖြင့် ရင်းနှီးမြှုပ်နှံမှုရန်ပုံငွေ အဖွဲ့တစ်ဖွဲ့သည် ခိုင်မာ၍အလားအလာ ကောင်းမွန်သော ပုဂ္ဂလိကကုမ္ပဏီများထံသို့ စဉ်ဆက်မပြတ် ထည့်ဝင်ရင်းနှီးကြပြီး ထည့်ဝင်ငွေပြည့်သွား သောအချိန်ကာလ (၃ နှစ်မှ ၅နှစ်) ပြီးသည့် နောက်ပိုင်းတွင် နောက်ထပ်ရန်ပုံငွေအသစ်များကို ထပ်မံ စုစည်းလေ့ရှိပါသည်။ သို့သော်လည်း ယင်းအဖွဲ့များသည် ကုမ္ပဏီများထံသို့ လွယ်လွယ်ကူကူ ထည့်ဝင်လေ့မရှိပါချေ။ ၎င်းတို့ ထည့်ဝင်မည့်လုပ်ငန်းများကို သေချာစွာစုံစမ်းလေ့လာ (Due diligence)ကာ စိတ်ချသေချာမှ ထည့်ဝင်ခြင်းဖြစ်သည်။ ထို့ပြင် မိမိတို့ထည့်ဝင်မည့်လုပ်ငန်းသို့ ဒါရိုက်တာနေရာများ၊ အဆင့်မြင့် နေရာများတွင်ရယူကာ လုပ်ငန်းကို အနီးကပ်စောင့်ကြည့်မောင်းနှင်ခြင်းဖြစ်ပါသည်။

ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှုအဖွဲ့အများစုသည် အရေအတွက်ကန့်သတ်ထားသောအစုစပ်ပုံသဏ္ဍာန်ဖြင့် ဖွဲ့စည်းထားပြီး သက်တမ်းကို Limited Partnership သဘောတူစာချုပ်တွင် ရေးဆွဲသတ်မှတ်ပြဋ္ဌာန်းထားပါသည်။ အဆိုပါရန်ပုံငွေအဖွဲ့တွင် ငွေကြေးတောင့်တင်းသောအဖွဲ့အစည်းများမှ ရင်းနှီးငွေ ပုံမှန်ထည့်ဝင်လေ့ရှိပါသည်။ ၎င်းတို့မှာ ပင်စင်ရန်ပုံငွေအဖွဲ့များ၊ တက္ကသိုလ်ရန်ပုံငွေများ၊ အာမခံကုမ္ပဏီများ၊ ဖောင်ဒေးရှင်းများ၊ ငွေပဒေသာပင်များဖြစ်ပါသည်။ ယင်းရန်ပုံငွေအဖွဲ့တွင် အထက်ဖော်ပြပါအဖွဲ့ အစည်းနှင့် ပုဂ္ဂိုလ်များသည် အရေအတွက်ကန့်သတ်ထားသည့် အစုစပ်ပုံစံမျိုးဖြင့် ထည့်ဝင်ထားပြီး အဖွဲ့၏ စည်းမျဉ်းသတ်မှတ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

အစုစပ်ရန်ပုံငွေတစ်ခု၏ သက်တမ်းမှာ ပုံမှန်အားဖြင့် ခြောက်နှစ်မှ ၁၀ နှစ်အထိ သတ်မှတ်ကာ လိုအပ်ပါက သက်တမ်းကို တိုးမြှင့်နိုင်ပါသည်။ ပထမ သုံးနှစ်မှ ငါးနှစ်သည် ရင်းနှီးမြှုပ်နှံသည့် ကာလဖြစ်ပြီး ဒုတိယခြောက်နှစ်မှ ၁၀ နှစ်ကာလသည် ကုမ္ပဏီဖွံ့ဖြိုးတိုးတက်ရန်အချိန်ယူရသည့် ကာလဖြစ်ပါသည်။ ထည့်ဝင်ရင်းနှီးထားသူများသည် အဆိုပါ ရင်းနှီးမြှုပ်နှံမှုရန်ပုံငွေအဖွဲ့သို့ ရန်ပုံငွေစီမံခန့်ခွဲမှုစရိတ်များ နှစ်စဉ်ထည့်ဝင်ရပြီးနှုန်းထားမှာ ထည့်ဝင်သည့်ငွေအပေါ် မူတည်၍ တစ်ရာခိုင်နှုန်းမှ နှစ်ရာခိုင်နှုန်း အထိရှိပါသည်။

ရင်းနှီးငွေ ထည့်ဝင်ထားသူများ၏ အနည်းဆုံးပြန်ရလိုသော ဝင်ငွေနှုန်း (Hurdle Rate) သည် ရှစ်ရာခိုင်နှုန်းမှ ၁၂ ရာခိုင်နှုန်းအတွင်းဖြစ်ပါသည်။ ဤနှုန်းထားသည် ရန်ပုံငွေမန်နေဂျာများ အနေဖြင့် ကုမ္ပဏီများတွင် ထည့်ဝင် ထားမှုများမှ အကျိုးအမြတ် (နှစ်ထပ်တိုးများ) မထုတ်ယူမီအနည်းဆုံးရရှိလိုသော အကျိုးအမြတ် (Minimum Return) ဖြစ်ပါသည်။

မိမိတို့ထည့်ဝင်ထားသော ကုမ္ပဏီတစ်ခုမှ ခွဲဝေပေးသည့် အမြတ်ငွေ (နှစ်ထပ်တိုးများ) များထဲမှ ရင်းနှီးမြှုပ်နှံမှုရန်ပုံငွေအဖွဲ့အနေဖြင့် စုစုပေါင်း ၂၀ ရာခိုင်နှုန်းကို လုပ်ငန်းဆောင်ရွက်မှုဆုကြေးအဖြစ်ရယူပြီး ကျန်သည့် ၈၀ ရာခိုင်နှုန်းကို ထည့်ဝင်ထားသော အဖွဲ့အစည်းများ၊ ရင်းနှီးမြှုပ်နှံသူများသို့ ခွဲဝေပေးလေ့ရှိပါသည်။

ရင်းနှီးမြှုပ်နှံမှုရန်ပုံငွေအဖွဲ့များတွင် ထည့်ဝင်ထားသည့် ရန်ပုံငွေ အစုတစ်ခုအား ပုံမှန်အားဖြင့် လွှဲပြောင်းခြင်း၊ ရောင်းဝယ်ခြင်းများ ပြုလုပ်လေ့မရှိပါ။ သို့သော်လည်း ၎င်းထည့်ဝင်ထားသောအစုများကို အခြားအဖွဲ့တစ်ဖွဲ့အား လွှဲပြောင်းလိုပါက ရန်ပုံငွေအဖွဲ့ မန်နေဂျာများ၏ သဘောတူညီချက်ဖြင့် လွှဲပြောင်းနိုင်ပါသည်။

ရန်ပုံငွေအဖွဲ့မန်နေဂျာများသည် ရန်ပုံငွေများကိုရင်းနှီးမြှုပ်နှံရေးနှင့် စီမံခန့်ခွဲရေးအတွက် အရေး ပါသော ဆုံးဖြတ်ချက်များ ချုပ်ကိုင်ခွင့်ရှိပါသည်။ သို့သော်လည်း အစုထည့်ဝင်မှု သဘောတူညီချက်စာချုပ် (Limited Partnership Agreement) များတွင် ပြဋ္ဌာန်းထားသော ရန်ပုံငွေတစ်ခု၏ အရွယ်အစား၊ အမျိုး အစား၊ နေရာဒေသရွေးချယ်မှု၊ ရင်းနှီးမြှုပ်နှံမှုတစ်ရပ်၏ ကြာမြင့်ချိန် စသည်တို့ကို လိုက်နာကြရပါသည်။

## ရန်ပုံငွေတစ်ခု ပြန်လည်ထွက်ခွာခြင်း (Exit the Fund)

ဤအပိုင်းသည် ရင်းနှီးမြှုပ်နှံမှု ရန်ပုံငွေအဖွဲ့တို့၏ အရေးအကြီးဆုံးအပိုင်းဖြစ်ကာ ရင်းနှီးမြှုပ်နှံမှု၏ ရည်မှန်းချက် ပန်းတိုင်လည်းဖြစ်ပါသည်။ ပြန်လည်ထွက်ခွာသည့် ပုံသဏ္ဍာန်အနေအထားသည် အစဉ်အလာအရ ထည့်ဝင်ထားသော ကုမ္ပဏီသည် အချိန်ကာလတစ်ခုရောက်၍ ကြီးထွားလာချိန်တွင် အများနှင့်သက်ဆိုင်သောကုမ္ပဏီအဖြစ်ပြောင်းလဲကာ စတော့များထုတ်ဝေ၍ ဈေးကွက်တွင်ရောင်းချခြင်းဖြစ်ပါသည်။ ရင်းနှီးမြှုပ်နှံမှုအဖွဲ့သည် မိမိ ပိုင်ဆိုင်ထားသည့် အချိုးအစားကို စတော့ဈေးကွက်မှ တစ်ဆင့် ရောင်းချကာ မိမိတို့ထည့်ဝင်ရင်းနှီးငွေနှင့် အကျိုးအမြတ်များကို တပေါင်းတည်း ပြန်လည်ရယူခြင်းဖြစ်ပါသည်။ အခြားနည်းလမ်းတစ်ခုမှာ ကုမ္ပဏီများကို ဝယ်ယူခြင်း၊ ပေါင်းစည်းခြင်းနည်းစနစ် (Merger and Acquisition) ကို ကျင့်သုံးခြင်းဖြစ်ပြီး ယင်းထည့်ဝင်ထားသော ကုမ္ပဏီကြီးထွားလာချိန်တွင် မိမိပိုင်ဆိုင်သော အချိုးအစားကို အခြားကုမ္ပဏီတစ်ခုသို့ ဈေးကွက်တန်ဖိုးဖြင့် ပြန်လည်ရောင်းချခြင်းဖြစ်ပါသည်။ ရင်းနှီးမြှုပ်နှံမှု ရန်ပုံငွေအဖွဲ့များအနေနှင့် ကုမ္ပဏီများသို့ ရှယ်ယာများထည့်ဝင်ရာတွင် ထည့်သွင်းစဉ်းစား ရမည့်အချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

## စတင်ဝင်ရောက်ရန်လိုအပ်သောငွေကြေးလိုအပ်ချက်

ဘဏ္ဍာရန်ပုံငွေအဖွဲ့တစ်ခုမှ စတင်ထည့်ဝင်ရန် ကနဦး လိုအပ်သော ရန်ပုံငွေပမာဏမှာ အနည်းဆုံး ဒေါ်လာတစ်သန်း ဖြစ်ပါသည်။ သို့သော်လည်း ရန်ပုံငွေအဖွဲ့ မန်နေဂျာတို့၏ လုပ်ငန်းဆောင်ရွက်မှုအပေါ် မူတည်ကာ ပမာဏမှာကွဲပြားသွားပါသည်။

## ငွေဖြစ်လွယ်မှုကန့်သတ်ချက်

ရန်ပုံငွေအဖွဲ့၏ငွေဖြစ်လွယ်မှုမှာ ကန့်သတ်ချက်ရှိပါသည်။ အဘယ်ကြောင့်ဆိုသော် ကုမ္ပဏီတစ်ခုသို့ ထည့်ဝင်ထားသော ရန်ပုံငွေတစ်ရပ်ကို တိုးတက်ကြီးပွားလာစေရန် ကာလသက်တမ်းတစ်ခုအထိထိန်းချုပ် (Lock-up) ထားရသောကြောင့် ၎င်း၏ ငွေဖြစ်လွယ်မှုမှာ အခြားရင်းနှီးမြှုပ်နှံမှုများလောက် သွက်လက်မှုမရှိပါ။

## ရင်းနှီးမြှုပ်နှံမှုအားထိန်းချုပ်ခြင်း

ရန်ပုံငွေအဖွဲ့တွင်ပါဝင်ထားသော အစုဝင်များ အားလုံးမှာ လှုပ်ရှားမှု မရှိသော အစုဝင် (Passive-investor) များ ဖြစ်ပါသည်။ ကုမ္ပဏီများတွင်ထည့်ဝင်ထားသော ရင်းနှီးမြှုပ်နှံမှုများ အားလုံးကို ရန်ပုံငွေအဖွဲ့မန်နေဂျာ (Fund Manager) များမှ ထိန်းချုပ်စီမံခန့်ခွဲပါသည်။

## ငွေထည့်ဝင်ရန်အာမခံချက်

အစုစပ်ဝင်များ သည် ရင်းနှီး မြှုပ်နှံမှု ရန်ပုံငွေအဖွဲ့တစ်ခုတွင် ငွေတစ်ရပ်ထည့်ဝင်ရန်အတွက် အာမခံချက်ပေးထားရပြီး ရန်ပုံငွေအဖွဲ့မန်နေဂျာမှ တောင်းခံလာချိန်တွင် ကြိုတင်သတ်မှတ်ထားသော ပမာဏကို ထည့်ဝင်ရပါသည်။ ယင်းထည့်ဝင်ထားသော ရန်ပုံငွေတစ်ရပ်သည် ကာလသက်တမ်း တစ်ခုအထိ ပြန်လည်တောင်းခံခြင်းမပြုရသော အာမခံချက်များ ထားရှိရပါသည်။

## ရင်းနှီးမြှုပ်နှံမှု ရန်ပုံငွေအဖွဲ့၏ ကြုံတွေ့နိုင်သော ဆုံးရှုံးနိုင်ခြေများ

ရင်းနှီးမြှုပ်နှံမှုရန်ပုံငွေအဖွဲ့ တစ်ဖွဲ့သည် လုပ်ငန်းသဘာဝအရ ပုဂ္ဂလိကကုမ္ပဏီများတွင် ဝင်ရောက်ရင်းနှီးမြှုပ်နှံရသည့်အတွက် အများနှင့် သက်ဆိုင်သော ကုမ္ပဏီများတွင် ဝင်ရောက်ရင်းနှီးမြှုပ်နှံခြင်းထက် ပိုမို၍စွန့်စားရကာ ဆုံးရှုံးနိုင်ခြေများပါသည်။ သို့ရာတွင် ရန်ပုံငွေ အဖွဲ့မန်နေဂျာများသည် အဆိုပါကုမ္ပဏီများတွင် စီမံခန့်ခွဲမှုများကို ဝင်ရောက်ပြုလုပ်ရသည့်အတွက် နှစ်ကာလ အနည်းငယ်အတွင်းမှာပင် ခိုင်မာသော ကုမ္ပဏီကြီးများအဖြစ်သို့ရောက်ရှိလာကာ ဆုံးရှုံးနိုင်ခြေများလည်း တဖြည်းဖြည်း လျော့နည်းလာစေပါသည်။ ပုဂ္ဂလိက ကုမ္ပဏီများ၏ ဝင်ငွေသည်လည်း အစောပိုင်းကာလများတွင် နည်းပါးမည်ဖြစ်သော်လည်း ရန်ပုံငွေအဖွဲ့ဝင်ရောက်လာပြီး နောက်ပိုင်းကာလများတွင် တဖြည်းဖြည်း တိုးတက်များပြားလာမည်ဖြစ်ပါသည်။

ကုမ္ပဏီတစ်ခုထံသို့ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုရန်ပုံငွေများ ထည့်ဝင်ရာတွင် အားသာချက်၊ အားနည်း ချက်များ တွဲလျက်ရှိနေပါသည်။

### အားသာချက်များမှာ

(က) ကုမ္ပဏီတစ်ခုသည် ရင်းနှီးမြှုပ်နှံမှုအဖွဲ့မှ စွန့်စားထည့်ဝင်လိုက်သည့် ငွေကြေးများကို ရယူအသုံးပြုကာ ကုမ္ပဏီ၏ ဖွံ့ဖြိုးတိုး တက်မှုအရှိန်ကို မြင့်တက်စေခြင်း၊

(ခ) ကုမ္ပဏီအနေနှင့် ရင်းနှီးမြှုပ်နှံမှုအဖွဲ့တစ်ခုတည်းမှ လုံလောက်သော ငွေကြေးတစ်ရပ်ကို ရရှိစေခြင်း၊

(ဂ) ကုမ္ပဏီအနေနှင့် ရင်းနှီးမြှုပ်နှံမှုအဖွဲ့ထံမှ အကြံဉာဏ်များ၊ နည်းပညာအထောက်အပံ့များစွာကို ရရှိစေခြင်း၊

(ဃ) ကုမ္ပဏီအနေနှင် ကော်ပိုရိတ် စီမံခန့်ခွဲမှုစနစ်များ၊ အုပ်ချုပ် ရေးစနစ်များ တိုးတက်ကောင်းမွန်စေခြင်း၊

(င) ကုမ္ပဏီအနေနှင့်ရင်းနှီးမြှုပ်နှံသူများနှင့် ကောင်းမွန်သော ဆက်သွယ်မှုများရရှိကာနောက်ပိုင်းတွင် စတော့အိတ်ချိန်း၌ စာရင်းဝင်ချိန်တွင် အထောက်အကူဖြစ်ပေါ်စေခြင်း။

### အားနည်းချက်များမှာ–

(က) ရင်းနှီးမြှုပ်နှံမှုရန်ပုံငွေများ ထည့်ဝင်ခြင်းမပြုမီ နည်းစနစ်များ၊ လုပ်ထုံးလုပ်နည်းများ ဆောင်ရွက်ရန် အချိန်များစွာယူရခြင်း၊

(ခ) ရန်ပုံငွေအဖွဲ့ထံသို့ လိုအပ်သောသတင်းအချက်အလက်များ ဖွင့်ဟကြေညာမှုများ ပေးအပ်ရခြင်း၊

(ဂ) သတ်မှတ်ထားသည့်အချိန်အတိုင်း ပုံမှန်အစီရင်ခံရခြင်း၊

(ဃ) မိမိကုမ္ပဏီအတွင်းသို့ ရန်ပုံငွေအဖွဲ့မှ မန်နေဂျာများကို စီမံအုပ်ချုပ်မှုများတွင်ပါဝင်ခွင့်ပြုရခြင်း၊

(င) သတ်မှတ်ထားသော အချိန်တစ်ရပ်တွင် ရန်ပုံငွေပြန်လည်ထွက်ခွာမှု (Exit) ပြုလုပ်ခွင့်ပေးရခြင်း စသည်တို့ ဖြစ်ပါသည်။

မြန်မာသံရုံးများမှ ပေးပို့သော စီးပွားရေးသတင်းများ

# ၂၀၁၆ ခုနှစ်အတွင်း စီးပွားရေးတိုးတက်လာစေရန် ပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်မည်ဟု ကိုရီးယားစီးပွားရေး ခေါင်းဆောင်များ သိန္နိဋ္ဌာန်ပြု

တောင်ကိုရီးယားနိုင်ငံ၏ စီးပွားရေးခေါင်းဆောင်များသည် ဖွဲ့စည်းတည်ဆောက်မှုဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများနှင့် ဖွံ့ဖြိုးတိုးတက်မှု အလားအလာ များ ကောင်းမွန်စွာ ဆောင်ရွက်နိုင်ရေးအတွက် ၎င်းတို့၏ ဆုံးဖြတ်ချက်ကို ဖော်ပြခြင်းအားဖြင့် နှစ်သစ်ကို စတင်ခဲ့ကြသည်။ ယခုနှစ်သည် အစိုးရ၏ စီးပွား ရေးပြုပြင်ပြောင်းလဲမှု သုံးနှစ်စီမံကိန်းတွင် တတိယမြောက်နှစ်ဖြစ်ပြီး ၎င်းတို့အနေဖြင့် ဆောင်ရွက်ခဲ့နိုင်သည့် ပြုပြင် ပြောင်းလဲမှုများကို ထုတ်ဖော်ပြသသင့်သည်ဟု ဘဏ္ဍာရေးဝန်ကြီးက ပြောကြားခဲ့သည်။ လက်ရှိသမ္မတ ပတ်ဂွင်ဦးဆောင်သည့်အစိုးရအဖွဲ့သည် ဘဏ္ဍာရေး၊ ပြည်သူလူထု၊ အလုပ်သမားနှင့် ပညာရေးကဏ္ဍများတွင် ပြုပြင်ပြောင်းလဲမှုများကို တွန်း အားပေး ဆောင်ရွက်ခဲ့ပြီး ယင်းကဏ္ဍများတွင် တွေ့ကြုံရသည့်ပြဿနာများသည် စီးပွားရေးတိုးတက်မှု အလားအလာအတွက် အတားအဆီးများဖြစ်သည်ဟုလည်း ပြောကြားခဲ့သည်။

မဟာဗျူဟာနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနအနေဖြင့် ၂၀၁၆ ခုနှစ်အတွက် စီးပွားရေးမူဝါဒ စီမံကိန်းသစ်တစ်ရပ်ကိုချမှတ်ခဲ့ပြီး၊ ယင်းစီမံကိန်းသည် ဇီဝနည်းပညာနှင့် အင်တာနက်ဆိုင်ရာ ပစ္စည်းများကဲ့သို့သော အနာဂတ်တွင် တိုးတက်လာနိုင်သည့် လုပ်ငန်းများဆိုင်ရာ စည်းမျဉ်းများပြန်လည်ချမှတ်ခြင်းကို ဗဟိုပြုထားခြင်းဖြစ်သည်။ ဖန်တီးနိုင်သည့် စီးပွားရေးနှင့်ဆန်းသစ်တီထွင်မှုလုပ်ငန်းများအတွက် ဗဟိုဌာနများကို နိုင်ငံတစ်ဝန်းထားရှိနိုင်ခြင်းသည် လူငယ်များ အလုပ်အကိုင်ရရှိရေးကိုလည်း အထောက်အကူပြုမည်ဖြစ်ကြောင်းလည်း ပြောကြားခဲ့ပါသည်။ လက်ရှိ စိန်ခေါ်မှုများကို ကျော်လွှားရန်နှင့် မိမိတို့၏ စွမ်းအားများကို စုစည်းပြီး တိုးတက်မှုအဆင့်ဆင့် တက်လှမ်းနိုင်ရေး ကြိုးစားဆောင်ရွက်ကြမည်ဖြစ်ကြောင်းနှင့် ပြုပြင်ပြောင်းလဲမှုများ နှောင့်နှေးခြင်းသည် အကျပ်အတည်းကို ပိုမိုကြီးထွားစေမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

တောင်ကိုရီးယားစီးပွားရေးသည် ၂၀၁၆ ခုနှစ်အတွင်း အမေရိကန်အတိုးနှုန်းမြင့်မားမှု၊ အိမ်ထောင်စုကြွေးမြီဆိုင်ရာကိစ္စများ၊ ပို့ကုန်ကျဆင်းခြင်း၊ လူငယ်အလုပ်လက်မဲ့နှုန်းမြင့်မားလာခြင်း အစရှိသည့် စိန်ခေါ်မှုများစွာကို ရင်ဆိုင်နေရသည်။ အခွန်ဆိုင်ရာ အခွင့်အာဏာရှိသူများသည် ယခုနှစ်တွင် အခွန်တိမ်းရှောင်သူများကို ပြင်းထန်စွာ အရေးယူအပြစ်ပေးမှုများ ဆောင်ရွက်လိမ့်မည်ဖြစ်ကြောင်း National Tax Service ကော်မရှင်အဖွဲ့ဝင်ဖြစ်သူ Mr. LimHwan-soo ကပြောကြားခဲ့သည်။ အခွန်တိမ်းရှောင်ခြင်းနှင့် တမင်ရည်ရွယ်ပြုလုပ်သည့် မသမာမှုများကိုဖြစ်နိုင်သည့် နည်းလမ်းအားလုံးဖြင့် အပြစ်ပေးသင့်ကြောင်းနှင့်အာဏာပိုင်များအနေဖြင့် အခွန်ရှောင်သူများ ရှာဖွေရာတွင် ပိုမိုအာရုံစိုက်ဆောင်ရွက်မည်ဖြစ်ကြောင်းလည်း ပြောကြားခဲ့သည်။

ကုန်သွယ်ရေး၊ စက်မှုနှင့်စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးဟောင်းဖြစ်သည့် Mr. Yoon Sang-jick ကဝန်ကြီးဌာနအနေဖြင့် ပို့ကုန်နှင့် ရင်းနှီးမြှုပ်နှံမှု ကျဆင်းနေရာမှ ပြန်လည်နာလန်ထူနိုင်ရန် အဓိကထား ဆောင်ရွက်လိမ့်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ ကုန်သွယ်ရေးဝန်ကြီးဌာန အနေဖြင့် ကိုရီးယားနိုင်ငံကို တရုတ် နိုင်ငံနှင့် နှစ်နိုင်ငံလွတ်လပ်သော ကုန်သွယ်ရေးသဘောတူညီချက်မှ တစ်ဆင့် စီးပွားရေးပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ၂၀၁၆ ခုနှစ်ကိုပို့ကုန် ပြန်လည်တိုးတက်အောင်ပြုလုပ်သည့် ကာလအဖြစ် ဆောင်ရွက်သွားမည်ဖြစ် ကြောင်းနှင့် ဈေးကွက်အသစ်များကိုလည်း ချဲ့ထွင်သွားမည်ဖြစ်ကြောင်းပြောကြားခဲ့သည်။

ကိုရီးယားပို့ကုန်သည် ၂၀၁၅ ခုနှစ်တွင် ၂၀၁၄ ခုနှစ်နှင့် နှိုင်းယှဉ်ပါက ၇ ဒသမ ၉ ရာခိုင်နှုန်းလျော့နည်းကျဆင်းခဲ့ပြီး ရေနံစိမ်းဈေးနှုန်းများကျဆင်းခြင်းကြောင့်ဖြစ်သည်ဟု သုံးသပ်ရကြောင်း ကုန်သွယ်ရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်များအရ သိရှိရသည်။ နိုင်ငံ၏ ကုန်သွယ်မှုပမာဏသည်လည်း ၂၀၁၅ ခုနှစ်တွင် အမေရိကန်ဒေါ်လာ တစ်ထရီလီယံသို့ ကျဆင်းခဲ့ပြီး ငါးနှစ်အတွင်း ပထမဆုံးကျဆင်းခဲ့ခြင်းဖြစ်သည်။

ကမ္ဘာ့စီးပွားရေးနှင့် ကုန်သွယ်ရေးသည် နှေးကွေးစွာပြန်လည်နာလန်ထူလာလိမ့်မည်ဟု မျှော်လင့်ရသော်လည်း အဓိကစီးပွားရေးနိုင်ငံများဖြစ်သည့် တရုတ်၊ ဘရာဇီးနှင့် ရုရှားနိုင်ငံတို့၏ စီးပွားရေးသည် ပြန်လည်နာလန်ထူလာပုံမပေါ်သေးပေ။ ယင်းသို့သော မသေချာမှုများရှိသော်လည်း ကုန်သွယ်ရေး ဝန်ကြီးဌာနအနေဖြင့် အလှကုန်ကဲ့သို့သော လူသုံးကုန်ပစ္စည်းများကို ကိုရီးယား-တရုတ် လွတ်လပ်စွာ ကုန်သွယ်ရေးသဘောတူညီမှုမှ တစ်ဆင့် အဓိကပို့ကုန်အဖြစ်ဆောင်ရွက်နိုင်ရေးကို ဦးတည်ဆောင်ရွက်သွားမည်ဖြစ်သည်။ ယင်းသို့ ဆောင်ရွက်ခြင်း သည် ခက်ခဲနေသည့် ကုန်သွယ်မှုဆိုင်ရာ အခြေအနေကို ကျော်လွှားနိုင်ရန် အတွက် ပို့ကုန်လုပ်ငန်းရှင်များကို အထောက်အပံ့ဖြစ်စေမည် ဖြစ်သည်။ ကုန်သွယ်ရေးဝန်ကြီးဌာနအနေဖြင့် သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ကိစ္စရပ်များကို အရှိန်မြှင့်တင်ဆောင်ရွက်ခြင်းဖြင့် နောင်တွင် တိုးတက်လာနိုင်သည့် လုပ်ငန်းများနှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်သည့် တန်ဖိုးမြှင့်ထုတ်ကုန်သစ်များ ဆက်လက်ဆောင်ရွက်နိုင်ရေးကိုလည်း ဦးတည်ဆောင်ရွက်သွားမည် ဖြစ်သည်။

**ခင်မျိုးသော်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ဆိုးလ်မြို့**

# ဓာတ်မြေဩဇာထောက်ပံ့သည့်အစီအစဉ်အား DBT စနစ်ဖြင့် ဆောင်ရွက်ရန် အိန္ဒိယအစိုးရစီစဉ်

အိန္ဒိယနိုင်ငံအနေဖြင့် လယ်သမားများအား ဓာတ်မြေဩဇာ ထောက်ပံ့ရာတွင် Direct Benefit Transfer (DBT) စနစ်ဖြင့် ဆောင်ရွက်ရန် စီစဉ်လျက်ရှိကြောင်း၊ အဆိုပါအစီအစဉ်အတွက် ခရိုင်ပေါင်း ၂၀ တွင် ရှေ့ပြေးစီမံကိန်းများဆောင်ရွက်ရန်လည်း ထည့်သွင်း စဉ်းစားထားကြောင်း၊ Department of Fertilisers (DoF) အနေဖြင့် ဓာတ်မြေဩဇာရောင်းချမည့် အချက်အလက်များကို စုစည်းနိုင်ရန်နှင့်လယ်သမားများ၏ ငွေစာရင်းများသို့ တိုက်ရိုက်လွှဲပြောင်းနိုင်ရေး အတွက် လယ်သမားများ၏ အသေးစိတ်အချက်အလက်များကို စုဆောင်းမည့် လမ်းပြမြေပုံတစ်ခုကို ရေးဆွဲဆောင်ရွက်လျက်ရှိကြောင်း၊ ပါလီမန်ရေးရာအမြဲတမ်းကော်မတီ အစီရင်ခံစာတွင် ဖော်ပြထားကြောင်း သိရသည်။

အိန္ဒိယနိုင်ငံသည် Direct Benefit Transfer (DBT) ကို ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီ ၁ ရက်ကတည်းက စတင်အကောင်အထည်ဖော်အသုံးပြုခဲ့ခြင်းဖြစ်ပြီး၊ အဆိုပါ စနစ်အသုံးပြုရခြင်း၏ အဓိကရည်ရွယ်ချက်မှာ အကျိုးခံစားခွင့်များအား တစ်ဦးချင်းစီ၏ ငွေစာရင်းသို့ အီလက်ထရောနစ်စနစ်ဖြင့် တိုက်ရိုက်ဝင်ရောက်စေရန်၊ ငွေကြေးစီးဆင်းရာတွင် နှောင့်နှေးကြန့်ကြာမှုများနှင့်ပါဝင်ပတ်သက်မှုများအား အနည်းဆုံးလျှော့ချနိုင်ရန်၊ ရည်ရွယ်ထားသူများအား အမှန်တကယ် အကျိုးခံစားခွင့်ရှိစေရန်နှင့် ကြားဖြတ်ခိုးယူမှုနှင့် နှစ်ထပ်ကွမ်း အကျိုးခံစားသူများကို ထိန်းချုပ်ရန်အတွက်ဖြစ်ကြောင်း သိရသည်။

အစီရင်ခံစာအရ Department of Fertilisers (DoF) သည် ဓာတ်မြေဩဇာထောက်ပံ့ရာတွင် (DBT) စနစ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရန် အဆိုပါစနစ်အား ဦးစီးဆောင်ရွက်သည့် ဘဏ္ဍာရေးဝန်ကြီးဌာနလက်အောက်ရှိ အသုံးစရိတ်စီမံရေးဌာနနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း ရှေ့ပြေးစီမံကိန်းအား ဂူဂျာရတ်နှင့် ဩရိဿပြည်နယ်များရှိ ခရိုင်များကို ရွေးချယ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လက်ရှိဘဏ္ဍာနှစ်အတွင်း ဓာတ်မြေဩဇာထောက်ပံ့ရန် အတွက် ရူပီးကုဋေ ၇၃၀၀၀ ခန့်ကို ဘဏ္ဍာငွေ ခွဲဝေခွင့်ပြုခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ဓာတ်မြေဩဇာ ထောက်ပံ့ရာတွင် ပြည်တွင်းထုတ်ဓာတ်မြေဩဇာများအတွက် ဘဏ္ဍာငွေရူပီးကုဋေ ၃၈၂၀၀ ခန့်ကိုလည်းကောင်း၊ ပြည်ပမှတင်သွင်းသည့် ဓာတ်မြေဩဇာအတွက် ရူပီးကုဋေ ၁၂၃၀၀ ခွဲဝေထားခဲ့ပြီး၊ ကျန်ရူပီးကုဋေ ၂၂၄၆၈ ဒသမ ၅၆ အားရောင်းချမှုအနေအထား ကန့်သတ်ချက်ခြင်းမပြုဘဲ ဖော့စဖောရပ်စ်နှင့်ပိုတက်ဓာတ်မြေဩဇာများ ဝယ်ယူရန်အတွက် လျာထားခွင့်ပြုခဲ့ကြောင်း သိရသည်။

**ယဉ်ယဉ်နွယ်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ နယူးဒေလီမြို့**

# တရုတ်နိုင်ငံ၏ နိုင်ငံပိုင် စီးပွားရေးလုပ်ငန်းများအား ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်မည်

ယခုနှစ်အတွင်း တရုတ်နိုင်ငံပိုင်လုပ်ငန်းများ၏ အုပ်ချုပ်မှုပိုင်းတိုးတက်ကောင်းမွန်စေရန် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းသုံးခုမှ ငါးခုအထိ စမ်းသပ်အစီအစဉ်ဖြင့် ပြုပြင်ပြောင်းလဲမည်ဖြစ်ကြောင်း State-owned Assets Supervision and Administration Commission (SASAC) မှ ဒုတိယအကြီးအကဲဖြစ်သူ Zhang Xiwu က ဖေဖော်ဝါရီ ၂၃ ရက် အစည်းအဝေး၌ ထုတ်ဖော်ပြောကြားခဲ့ပါသည်။

အဓိကနိုင်ငံပိုင်စီးပွားရေးလုပ်ငန်း နှစ်ခုမှာ China Chengtong Holding Group Ltd နှင့် China Reform Holding Corp Ltd နှစ်ခုဖြစ် ကြောင်း၊ China Chengtong Holding Group Ltd သည် Assets management၊ Logistic service၊ Capital goods trade နှင့် Forestry and parper products လုပ်ငန်းများကို ဆောင်ရွက်နေပြီး China Reform Holding Corp Ltd သည် SASAC ၏ ကျောထောက်နောက် ခံကုမ္ပဏီဖြစ်ကြောင်း သိရှိရပါသည်။

ပြုပြင်ပြောင်းလဲရာ၌ နိုင်ငံပိုင်လုပ်ငန်းများ၏ စီမံခန့်ခွဲမှုစွမ်းရည်တစ်ခုလုံး တိုးတက်စေရန်ရည်ရွယ်ပြီး အဖွဲ့အစည်းတစ်ခုလုံးကို ပြန်လည်ဖွဲ့စည်းမည်ဖြစ်ကြောင်း၊ ဦးစားပေးအစီအစဉ်မှာ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ၏ လုပ်ငန်းစီမံအုပ်ချုပ်မှုဖွဲ့စည်းပုံနှင့် ရောပြွမ်းပိုင်ဆိုင်မှုရှိသောစီးပွားရေး တိုးတက်မှုကို ဦးစားပေးဆောင်ရွက်မည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ အသစ်ပြန်လည်ဖွဲ့စည်းခြင်းအားဖြင့် နိုင်ငံပိုင်ပစ္စည်းများစီမံခန့်ခွဲရာ၌ ထိရောက်လာခြင်းနှင့်ကုမ္ပဏီများအချင်းချင်း ပေါင်းစပ်ခြင်း၊ ဝန်ထမ်းများ၏လစာနှင့် အစုရှယ်ယာစသည့် ကိစ္စရပ်များ၌ ပို၍တိုးတက်ကောင်းမွန်လာမည်ဟု မျှော်လင့်ကြောင်းဖော်ပြထားပါသည်။

China Chengtong သည် အစိုးရအထောက်အပံ့ခံလုပ်ငန်းပေါင်း ၁၀၀ ကျော်ရရှိပြီး ယဉ်ကျေးမှု၊ ခရီးသွားလုပ်ငန်းနှင့်ထုပ်ပိုးမှုလုပ်ငန်းစသည့် စီးပွားရေးလုပ်ငန်းများလည်း ဆောင်ရွက်ကြောင်း သိရှိရပါသည်။ China Reform Holidng Corp Ltd သည် အချိန်အတော်ကြာ နိုင်ငံပိုင်စီးပွားရေး လုပ်ငန်းများ ဆောင်ရွက်နေခဲ့ပြီး၊ အခြား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများလည်း ရှိသည့်အတွက် ပြုပြင်ပြောင်းလဲမှု ဆောင်ရွက်သော်လည်း လုပ်ငန်းစီမံ ခန့်ခွဲရာ၌ အမှန်တကယ်ထိရောက်မှုရှိ /မရှိနှင့် စီးပွားရေးလုပ်ငန်းများလုပ် ကိုင်ရာ၌ ကိုယ်ပိုင်လုပ်ပိုင်ခွင့် ရှိနိုင်/ မရှိနိုင်ဆိုသည်ကို စောင့်ကြည့်လေ့လာ ရမည်ဖြစ်ကြောင်း၊ လန်ဒန် အခြေစိုက် ရင်းနှီးမြှုပ်နှံမှုဘဏ် NSBO မှ သုတေသနအရာရှိ အိုလီဗာ ဘာရွန်ကသုံးသပ်ထားပါသည်။

**သန္တာခိုင်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ပေကျင်းမြို့**

# ကုန်စည်ဒိုင်အသီးသီး၏ လက်ရှိအရောင်းအဝယ်ဖြစ်နေသော ဈေးနှုန်းများနှင့် ဈေးကွက်အခြေအနေ (၂၁–၃–၂၀၁၆)

ခင်မောင်မောင်အုန်း

## ဘုရင့်နောင်ဈေးကွက်မှာ မတ်ပဲနှင့် ပဲစင်းငုံနီ ဈေးစွာလာ

ဘုရင့်နောင်ဈေးကွက်မှာ ဒီတစ်ပတ် မတ်ပဲ (RC) ကို အိန္ဒိယဝယ်လက်က ဝယ်လိုအား ပြန်လိုက်လာတာကြောင့် ဈေးကွက်စဖွင့်ချိန်မှာ တစ်တန်ကို ၁၄ သိန်းရှိခဲ့ပြီး နောက်ပိုင်းရက်တွေမှာ ဈေးတရိပ်ရိပ် မြင့်တက်လာကာ ဈေးကွက်ပိတ်ချိန်မှာတော့ တစ်တန်ကို ၁၄၇၀၀၀၀ ကျပ် အထိဈေးမြင့်လာကြောင်း သိရပါတယ်။ ပဲစင်းငုံနီ (RC) ကိုတော့ အိန္ဒိယဝယ်လက်က ဈေးကွက်စဖွင့်ချိန်မှာ တစ်တန်ကို ၁၃၄၇၀၀၀ ကျပ်ဈေးဖြင့် အဝယ်ရှိခဲ့ရာက နောက်ပိုင်းရက်တွေမှာ ဝယ်လိုအားများလာတာကြောင့် ဈေးမြင့်လာပြီး ဈေးကွက်ပိတ်ချိန်မှာတော့ တစ်တန်ကို ၁၃၆၅၀၀၀ ကျပ်ဈေးအထိ ထပ်မံဈေးမြင့်တက်ခဲ့ကြောင်း သိရပါတယ်။

×××××××××××××××××

## ပခုက္ကူဈေးကွက်မှာ ကုလားပဲအုပ်စု အရောင်းအဝယ်သွက်၊ ဈေးမာ

ပခုက္ကူဈေးကွက်မှာ ဒီတစ်ပတ် ကုလားပဲ(ထိုင်ဝမ်) နှင့် ကုလားပဲဖြူလုံးကြီးကို မြို့ခံပဲခွဲစက်များက ဝယ်လိုအားသွက်တာကြောင့် ယခင်တစ်ပတ်ဖြင့် နှိုင်းယှဉ်ပါက ဈေးမြင့်လာကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် ကုလားပဲ (ထိုင်ဝမ်) တစ်ပိဿာ ၁၅၆၀ ကျပ် (တစ်တန်ကို ၉၅၅၃၂၈ ကျပ်)၊ ကုလားပဲဖြူလုံးကြီး တစ်ပိဿာ ၁၅၇၅ ကျပ် (တစ်တန်ကို ၉၆၄၅၁၄ ကျပ်) ဈေးဖြင့် နှစ်မျိုးပေါင်းတစ်ရက်ကို အိတ် ၈၀၀ မှ ၁၀၀၀ ကြား အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ပဲစင်းငုံနီကိုတော့ ပြည်ပအတွက် အဓိကဝယ်ယူနေတဲ့ ရန်ကုန်ဝယ်လက်က တစ်ပိဿာကို ၂၂၀၀ ကျပ် (တစ်တန်ကို ၁၃၄၇၂၅၈ ကျပ်) ဈေးဖြင့် ပုံမှန်အဝယ်ရှိခဲ့ကြောင်း သိရပါတယ်။

×××××××××××××××××

## အောင်လံဈေးကွက်မှာ ပဲစင်းငုံနီနှင့် သိပ္ပံနှမ်း ဈေးမြင့်လာ

အောင်လံဈေးကွက်မှာ ဒီတစ်ပတ် ပဲစင်းငုံနီ(သစ်) အနေဖြင့် ဈေးကွက်သို့ ပုံမှန်ဝင်ရောက်မှုရှိသလို ရန်ကုန်ဝယ်လက်ကလည်း ဝယ်လိုအားပုံမှန်ရှိခဲ့ကြောင်း အရောင်းအဝယ်အနေဖြင့် တစ်ပိဿာကို ၂၂၀၀ ကျပ် (တစ်တန်ကို ၁၃၄၇၂၅၈ ကျပ်) ဈေးဖြင့် တစ်ရက်ကိုအိတ် ၄၀၀ ခန့်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ဒေသထွက်သိပ္ပံနှမ်းကိုတော့ မန္တလေးဝယ်လက်က အရည်အသွေးပေါ်မူတည်ပြီး တစ်ပိဿာကို ၃၅၅၆ ကျပ်ဈေးဖြင့် ပုံမှန်အဝယ်ရှိခဲ့ကြောင်း သိရပါတယ်။

×××××××××××××××××

## ဟင်္သာတဈေးကွက်မှာ မတ်ပဲကို ရန်ကုန်အဝယ်ပုံမှန်ရှိ

ဟင်္သာတဈေးကွက်မှာ ဒီတစ်ပတ်မတ်ပဲတွေအဝင်ပုံမှန်ရှိသလို ရန်ကုန်ဝယ်လက်ကလည်း ပဲရဲ့အရည်အသွေးပေါ်မူတည်ပြီး ဝယ်လိုအားပုံမှန်ရှိခဲ့ကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာကို ၂၄၀၀ ကျပ် (တစ်တန်ကို ၁၄၆၉၇၃၆ ကျပ်) ဈေးဖြင့်နေ့စဉ် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ပဲလွန်းဖြူကိုတော့ ရန်ကုန်ဝယ်လက်က တစ်ပိဿာကို ၉၉၀ ကျပ် (တစ်တန်ကို ၆၀၆၂၆၆ ကျပ်) ဈေးဖြင့် ပုံမှန်အဝယ်ရှိခဲ့ကြောင်း သိရပါတယ်။

×××××××××××××××××

## ရေစကြိုဈေးကွက်မှာ ကုလားပဲ ဈေးကောင်းရ

ရေစကြိုဈေးကွက်မှာ ဒီတစ်ပတ် ကုလားပဲ (ထိုင်ဝမ်) ကို မြို့ခံပဲခွဲစက်များက ဝယ်လိုအားသွက်တာကြောင့် ယခင်တစ်ပတ်ဖြင့် နှိုင်းယှဉ်ပါက ဈေးမြင့်လာပြီး တစ်ပိဿာကို ၁၅၇၀ ကျပ် (တစ်တန်ကို ၉၆၁၄၅၂ ကျပ်) ဈေးဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

×××××××××××××××××

## ပြည်ဈေးကွက်မှာ မတ်ပဲကို ရန်ကုန်အဝယ်သွက်လို့ ဈေးစွာ

ပြည်ဈေးကွက်မှာ ဒီတစ်ပတ် မတ်ပဲကိုပြည်ပအတွက်အဓိကဝယ်ယူနေတဲ့ ရန်ကုန်ဝယ်လက်က ဈေးပေးအဝယ်ရှိသလို ဝယ်လိုအားပါများလာတာကြောင့် ဈေးအနည်းငယ်မြင့်လာပြီး တစ်ပိဿာကို ၂၄၂၅ ကျပ် (တစ်တန်ကို ၁၄၈၅၀၄၅ ကျပ်) ဈေးဖြင့် တစ်ရက်ကို အိတ် ၈၀၀ ခန့်အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ဒ့ါအပြင် ပဲစင်းငုံနီ(သစ်) ကိုလည်း ရန်ကုန်ဝယ်လက်က တစ်ပိဿာကို ၂၁၇၅ ကျပ် (တစ်တန်ကို ၁၃၃၁၉၄၈ ကျပ်) ဈေးဖြင့် ဝယ်လိုအားများခဲ့ကြောင်း သိရပါတယ်။ ကုလားပဲ (ထိုင်ဝမ်) ကို မြို့ခံပဲခွဲစက်တွေက ဝယ်လိုအားပြန်လိုက်လာတာကြောင့် ယခင်တစ်ပတ်ဈေးဖြင့်နှိုင်းယှဉ်ပါက ဈေးမြင့်လာကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာကို ၁၅၇၅ ကျပ် (တစ်တန်ကို ၉၆၄၅၁၄ ကျပ်) ဈေးဖြင့် နေ့စဉ် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

×××××××××××××××××

## မကွေးဈေးကွက်မှာ ပဲစင်းငုံနီကို ရန်ကုန်အဝယ် ပုံမှန်ရှိ၊ နှမ်းမျိုးစုံ ပုံမှန်အရောင်းအဝယ်ဖြစ်

မကွေးဈေးကွက်မှာ ဒီတစ်ပတ် ပဲစင်းငုံနီကို ပြည်ပအတွက် အဓိကဝယ်ယူနေတဲ့ ရန်ကုန်ဝယ်လက်က ဝယ်လိုအားပုံမှန်ရှိတာကြောင့် ဈေးအနည်းငယ်မြင့်လာပြီး တစ်ပိဿာကို ၂၂၁၅ ကျပ် (တစ်တန်ကို ၁၃၅၆၄၄၀ ကျပ်) ဈေးဖြင့် နေ့စဉ် အိတ် ၃၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ နှမ်းမျိုးစုံကို ရန်ကုန်မန္တလေးဝယ်လက်နှင့် ဆီစက်လုပ်ငန်းရှင်များက ပုံမှန်အဝယ်ရှိခဲ့ကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် နှမ်းဖြူထိပ်စ တစ်ပိဿာ ၂၁၁၁ ကျပ်၊ နှမ်းနီပုံမှန် တစ်ပိဿာ ၁၈၄၄ ကျပ်ဈေးဖြင့် နှမ်းမျိုးစုံတစ်ရက်ကို အိတ် ၆၀၀ ခန့် ဖြစ်ခဲ့ကြောင်းသိရပါတယ်။

×××××××××××××××××

## မန္တလေးဈေးကွက်မှာ မတ်ပဲ၊ ပဲစင်းငုံနီနှင့် ပဲတီစိမ်း(ခရမ်းရွှေဝါ) အရောင်းအဝယ်ပုံမှန်ရှိပြီး ကုလားပဲ အုပ်စုဈေးမာ

မန္တလေးဈေးကွက်မှာ ဒီတစ်ပတ် မတ်ပဲ (သစ်) တွေ ဈေးကွက်ထဲအဝင်ပုံမှန်ရှိသလို ရန်ကုန်ဝယ်လက်နှင့် မြို့ခံပဲခွဲစက်တွေကလည်း ဝယ်လိုအားပုံမှန်ရှိခဲ့ကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာ ၂၄၂၀ ကျပ် (တစ်တန်ကို ၁၄၈၁၉၈၃ ကျပ်) ဈေးဖြင့် နေ့စဉ်အိတ် ၅၀၀ ခန့် ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ပဲစင်းငုံနီကိုတော့ ပြည်ပအတွက်အဓိကဝယ်ယူနေတဲ့ ရန်ကုန်ဝယ်လက်က ဝယ်လိုအား ဆက်တိုက်ရှိတာကြောင့် ဈေးမြင့်လာပြီး တစ်ပိဿာကို ၂၁၈၀ ကျပ် (တစ်တန်ကို ၁၃၃၅၀၁၀ ကျပ်) ဈေးဖြင့် အရောင်းအဝယ်ဖြစ်မှုများခဲ့ကြောင်း သိရပါတယ်။ ပဲတီစိမ်း (ခရမ်းရွှေဝါ) ကိုတော့ တရုတ်ဝယ်လက်က ပဲရဲ့အရည်အသွေးပေါ် မူတည်ပြီး တစ်ပိဿာကို ၁၉၀၂ ကျပ် (တစ်တန်ကို ၁၁၆၄၇၆၅ ကျပ်) ဈေးဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ကုလားပဲဖြူလုံးကြီးနှင့် ကုလားပဲ (ထိုင်ဝမ်)ကို မြို့ခံပဲခွဲစက်များနှင့် လျှောင်လက်များက ဝယ်လိုအားသွက်တာကြောင့် ဈေးသိသာစွာမြင့်တက်လာကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် ကုလားပဲဖြူလုံးကြီး တစ်ပိဿာ ၁၅၅၅ ကျပ် (တစ်တန်ကို ၉၅၂၂၆၆ ကျပ်) ကုလားပဲ (ထိုင်ဝမ်) တစ်ပိဿာ ၁၅၈၀ ကျပ် (တစ်တန်ကို ၉၆၇၅၇၆ ကျပ်) ဈေးဖြင့် နှစ်မျိုးပေါင်းတစ်ရက်ကို အိတ် ၁၀၀၀ ခန့်ဖြစ်ကြောင်း သိရပါတယ်။

×××××××××××××××

## တောင်ကြီးဈေးကွက်မှာ ပြောင်းကို ရန်ကုန်-မန္တလေးနှင့် အစာစပ်များ ဝယ်လိုအား ပုံမှန်ရှိ

တောင်ကြီးဈေးကွက်မှာ ဒီတစ်ပတ် ဈေးကွက်သို့ ပြောင်းအဝင်နည်းပေမယ့် ရန်ကုန်-မန္တလေးဝယ်လက်နှင့် အစာစပ်လုပ်ငန်းရှင်များက ဝယ်လိုအား ပုံမှန်ရှိခဲ့ကြောင်း အရောင်းအဝယ်အနေဖြင့် တစ်ပိဿာကို ၄၄၅ ကျပ်ဈေးဖြင့် တစ်ပတ်အတွင်းပိဿာချိန် ၁၀ သိန်းခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

×××××××××××××××

## လားရှိုးဈေးကွက်မှာ ပြောင်းသီးနှံကို တရုတ်အဆွဲသွက်

လားရှိုးဈေးကွက်မှာ ဒီတစ်ပတ် ပြောင်းသီးနှံနယ်အဝင်လျော့သွားပေမယ့် တရုတ်ဝယ်လက်ကတော့ အဆွဲသွက်ခဲ့ကြောင်းသိရပါတယ်။ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာကို ၄၄၆ ကျပ်ဈေးဖြင့် တစ်ပတ်အတွင်း ပိဿာချိန် ၁၂ သိန်းခန့်ဖြစ်ခဲ့ကြောင်း ဈေးကွက်အတွင်းမှ သိရပါတယ်။

×××××××××××××××××


## မူဆယ်ဈေးကွက်မှာ ပြောင်းကို တရုတ်အဝယ် ပုံမှန်ရှိ

မူဆယ်ဈေးကွက်မှာ ဒီတစ်ပတ် ပြောင်းအဝင်ကတစ်ပတ်အတွင်း တန်ချိန် ၁၆၀၀၀ ခန့်ဝင်ရောက်ခဲ့သလို တရုတ်ဘက်ကလည်း ဝယ်လိုအားတောက်လျှောက်ရှိခဲ့ကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် ၅၀ ကီလိုမီတာတစ်အိတ်ကို ၈၂ ယွမ်မှ ၈၅ ယွမ်ကြား အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

×××××××××××××××××

## မုံရွာဈေးကွက်မှာ မတ်ပဲနှင့် ပဲစင်းငုံနီဈေးမြင့် ကုလားပဲအုပ်စု အရောင်းအဝယ်သွက်

မုံရွာဈေးကွက်မှာ ဒီတစ်ပတ် ကုလားပဲဖြူလုံးကြီးနဲ့ ကုလားပဲ (ထိုင်ဝမ်) ကို မြို့ခံပဲခွဲစက်တွေက ဈေးပေးအဝယ်ရှိသလို ဝယ်လိုအားပါများတာကြောင့် ယခင်တစ်ပတ်ဖြင့်နှိုင်းယှဉ်ပါက ဈေးသိသာစွာမြင့်လာကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် ကုလားပဲဖြူလုံးကြီး တစ်ပိဿာ ၁၅၅၃ ကျပ် (တစ်တန်ကို ၉၅၁၀၄၁ ကျပ်) ကုလားပဲ (ထိုင်ဝမ်) တစ်ပိဿာ ၁၅၇၀ ကျပ် (တစ်တန်ကို ၉၆၁၄၅၂ ကျပ်) ဈေးဖြင့် နှစ်မျိုးပေါင်းတစ်ရက်ကို အိတ် ၈၀၀ ခန့် ဖြစ်ခဲ့ကြောင်း သိရပါတယ်။ မတ်ပဲ (သစ်) ကို ရန်ကုန်ဝယ်လက်နှင့် မြို့ခံပဲခွဲစက်တွေက တစ်ပိဿာကို ၂၄၅၀ ကျပ် (တစ်တန်ကို ၁၅၀၀၃၅၅ ကျပ်) ဈေးဖြင့် ဝယ်လိုအားပုံမှန်ရှိခဲ့ကြောင်း ဈေးကွက်အတွင်းမှ သိရပါတယ်။





## မန္တလေးတိုင်းဒေသကြီး၊ စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့နှင့် လုပ်ငန်းကော်မတီနှစ်ရပ်တို့၏ (၂/ ၂၀၁၆) လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံးတွင် မတ် ၁၆ ရက်က မန္တလေးတိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့နှင့် လုပ်ငန်းကော်မတီ နှစ်ရပ်၏ (၂/၂၀၁၆) လုပ်ငန်းညှိနှိုင်းအစည်းအဝေးကိုကျင်းပပြုလုပ်ခဲ့ပါတယ်။ အဆိုပါအခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ဥက္ကဋ္ဌ၊ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်၊ စီမံကိန်းနှင့်စီးပွားရေးဝန်ကြီးဌာန၊ ဝန်ကြီးဦးအောင်ဇံတက်ရောက်၍ အဖွင့်အမှာစကားပြောကြားခဲ့ပြီး စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ဝင် ဌာနဆိုင်ရာများနှင့်အသင်းအဖွဲ့များမှ တာဝန်ရှိသူများလည်း တက်ရောက်ခဲ့ကြပါသည်။

ပထမဦးစွာ စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာအောင်မြင့်က စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ဝင်များအချင်းချင်း ပူးပေါင်းလက်တွဲ လုပ်ဆောင်ခဲ့သည့်အတွက် အဖွဲ့၏လုပ်ငန်းများ အောင်မြင်မှုရှိခဲ့ပါကြောင်း၊ ဤကဲ့သို့သောအဖွဲ့တွင် ပါဝင်ဆောင်ရွက်ရခြင်းအတွက် ဂုဏ်ယူမိပါကြောင်း၊ ရှေ့တွင်လည်း ယခုထက်ပိုမိုဆောင်ရွက်သွားကြစေချင်ကြောင်း ဆွေးနွေးတင်ပြပါသည်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီးစားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့အတွင်းရေးမှူး၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး တိုင်းဒေသကြီးဦးစီးမှူး ဦးကြည်စိန်က စားသုံးသူ အကာအကွယ်ပေးရေးနှင့် ပတ်သက်ပြီး မိမိတို့အဖွဲ့မှ ဖြေရှင်းဆောင်ရွက်ပေးမှုများနှင့် ဆောင်ရွက်လျက်ရှိသည့်လုပ်ငန်းစဉ်များအား ရှင်းလင်းပြောကြားခြင်း၊ မန္တလေးတိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့နှင့် လုပ်ငန်းကော်မတီနှစ်ရပ်ဖြစ်သော ထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာ လုပ်ငန်းကော်မတီ၊ စားသုံးသူတိုင်ကြားမှု လက်ခံဆောင်ရွက်ရေးကော်မတီတို့တွင် ပါဝင်သည့်ပုဂ္ဂိုလ်များ၏ လက်ရှိနေရာတွင်ပြောင်းလဲမှုအခြေအနေကို လည်းကောင်း၊ စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့မှ လက်ရှိဆောင်ရွက်ပြီးသည့် အခြေအနေများကိုလည်းကောင်း ရှင်းလင်းဆွေးနွေးခဲ့ပါသည်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီးစားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ဒုတိယတိုင်းဒေသကြီး ဦးစီးမှူး ဦးဆွေတင့်ကြူးက စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ထံ တိုင်ကြားလာသည့်ဖြစ်စဉ်များအပေါ် မိမိဌာနမှနစ်နာသူ စားသုံးသူနှင့်လုပ်ငန်းရှင်တို့ကို ခေါ်ယူညှိနှိုင်းပေးပြီး ပြေလည်သည်အထိ ဆောင်ရွက်ပေးခဲ့မှုများကို ရှင်းလင်းဆွေးနွေးခဲ့ပါသည်။

မန္တလေးတိုင်း ဒေသကြီး စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ဝင်များဖြစ်သော ပညာရေးဦးစီးဌာနမှ သောက်ရေသန့်နှင့်ပတ်သက်ပြီး၊ စားသုံးသူများအတွက် လုံခြုံစိတ်ချရမှုရှိစေရန်အတွက် အကြံပြုချက်ကို လည်းကောင်း၊ စက်မှုကြီးကြပ်နှင့်စစ်ဆေးရေးဦးစီးဌာနမှ ကိုင်တွယ်နေသော ဥပဒေလေးခုနှင့်ပတ်သက်သော အကြောင်းအရာများကိုလည်းကောင်း၊ တိုင်းဥပဒေချုပ်ရုံးမှ စားသုံးသူအကာအကွယ်ပေးရေး ဥပဒေတွင်ပြဋ္ဌာန်းထားသော စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ လုပ်ငန်းတာဝန်များနှင့် လုပ်ပိုင်ခွင့်များအပေါ် အကြံပြု တင်ပြချက်များကို လည်းကောင်း၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ တိုင်းပညာရေးဦးစီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့နှင့် ပူးပေါင်းပြီး ကျောင်းမုန့်ဈေးတန်းများတွင် ပညာပေးလုပ်ငန်းများဆောင်ရွက်မှုများကိုလည်းကောင်း၊ စိုက်ပျိုးရေးဦးစီးဌာနမှ ဟင်းသီးဟင်းရွက်များတွင် ပိုးသတ်ဆေး ဓာတ်ကြွင်းကျန်ရှိနေမှုကို ဌာနဆိုင်ရာများ၊ ပူးပေါင်းကာကွယ်ရန် အကြံပြုတင်ပြ ဆွေးနွေးခဲ့ကြပါတယ်။

ထို့နောက်စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးအောင်ဇံက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိခဲ့ပါသည်။

**တင်ချစ်ကောင်း-မန္တလေး**

## ဧရာဝတီတိုင်းဒေသကြီးအတွင်း ဆန်စက်လုပ်ငန်းများ ပိုမိုဖွံ့ဖြိုးလာစေရန် Gasifier အသုံးပြုခြင်းနည်းပညာပေးသင်တန်းပြုလုပ်

လယ်ယာစိုက်ပျိုးရေးလုပ်ငန်းဖြင့် ဆန်စပါးအများဆုံး စိုက်ပျိုးထုတ်လုပ်လျက်ရှိသော ဧရာဝတီတိုင်းဒေသကြီးအတွင်း ဆန်စက်လုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန် ကျေးလက်ဒေသရှိ ဆန်စက်လုပ်ငန်းများမှာ Gasifier အသုံးပြုရာတွင် စနစ်တကျ ကိုင်တွယ်ထိန်းသိမ်းတတ်စေရန် နည်းပညာပေးသင်တန်းကို ဖေဖော်ဝါရီ နောက်ဆုံးပတ်က ပုသိမ်မြို့ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနမှ ပုသိမ်မြို့နယ်၊ ကြက်ပေါင်ကျေးရွာတွင် ကျင်းပပြုလုပ်ရာ ဆန်စက်ပိုင်ရှင်များ၊ ဆန်စက်မောင်းအော်ပရေတာများနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးတို့ စုစုပေါင်း ၁၀၀ ဦးခန့် တက်ရောက်ခဲ့ကြောင်း သိရပါတယ်။

၎င်းသင်တန်းတွင် ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ သုတေသနနှင့် နည်းပညာပေးရေးဌာနခွဲမှ ဦးထွန်းထွန်းက သင်တန်းဖွင့်လှစ်ရခြင်းနှင့် ပတ်သက်ပြီး ပြောင်းလဲလာသော ခေတ်စနစ်နှင့်အညီ ဆန်စက်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှသာ စီးပွားရေးကဏ္ဍများ မြင့်မားလာမှာဖြစ်ကြောင်း၊ ခေတ်မီဆန်စက်များ ပြောင်းလဲတိုးတက်မှုနှင့် Gasifier အသုံးပြုရာတွင် သဘာဝပတ်ဝန်းကျင်မထိခိုက်စေရေးနှင့် အဖိုးနည်းဝန်ပါရေဆိုးသန့်စင်နည်း စနစ်တကျနားလည်သိရှိစေရန် ယခုလို နည်းပညာပေးသင်တန်း ဖွင့်လှစ်ပေးရခြင်းဖြစ်ကြောင်း ပြောကြားပါတယ်။

ဆက်လက်၍ သင်တန်းပြီးဆုံးချိန်တွင် တက်ရောက်လာသော ဆန်စက်လုပ်ငန်းရှင်များနှင့် စက်မောင်း အော်ပရေတာများက သိလိုသည်များကို မေးမြန်းခဲ့ရာ ဦးထွန်းထွန်းက ပြန်လည်ဆွေးနွေးဖြေကြားပေးခဲ့ကြောင်း သိရပါတယ်။

**မင်းမင်းဦး-ပုသိမ်**

## ဧရာဝတီတိုင်းဒေသကြီးအတွင်း ပြည်ပပို့ကုန် တိုးမြှင့်တင်ပို့နိုင်ရန် ပြောင်းလဲစိုက်ပျိုးထားသော အထွက်တိုး ပီလောပီနံ (ပြည်ပ) မျိုးသစ်များ တူးဖော်ရိတ်သိမ်းပွဲကျင်းပ

ဧရာဝတီတိုင်းဒေသကြီးအတွင်း ပြည်ပပို့ကုန်များ တိုးမြှင့်တင်ပို့နိုင်ရန်အတွက် ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနနှင့် တိုင်းပီလောပီနံအသင်းတို့ ပူးပေါင်းလျက် ပီလောပီနံအများဆုံးစိုက်ပျိုးထုတ်လုပ်လျက်ရှိသော ကျုံပျော်မြို့နယ်တွင် ယခင်နှစ်စိုက်ပျိုးရာသီက Thai Wah ကုမ္ပဏီမှ ပံ့ပိုးကူညီမှုဖြင့်ဝေဖုန်း ၆၀ အထွက်နှုန်းကောင်း ပြည်ပမျိုးသစ်များ ပြောင်းလဲစိုက်ပျိုးခဲ့သော ကျုံပျော်မြို့နယ်၊ ကုန်းညောင်ဆိုင်ကျေးရွာတွင် ပီလောပီနံမျိုးသစ်များ တူးဖော်ရိတ်သိမ်းပွဲကို မတ် ၉ ရက်နံနက်တွင် ကျင်းပပြုလုပ်ရာ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးခင်မောင်လှိုင်၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဌေး၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်နှင့် ကျုံပျော်မြို့နယ်ဦးစီးမှူး၊ ကျုံပျော်၊ ရေကြည်၊ လေးမျက်နှာ၊ သာပေါင်းမြို့နယ်မှ ဝန်ထမ်းများ၊ နိုင်ငံတကာအပူပိုင်းသီးနှံများ ဗဟိုဌာန (CIAT) အဖွဲ့ကိုယ်စား ပညာရှင်ဒေါက်တာတင်မောင်အေး၊ ရေဆင်းစိုက်ပျိုးရေး သုတေသနဦးစီးဌာနမှ ဒေါက်တာဒေါ်နီနီတင့်နှင့် အရာထမ်း၊ အမှုထမ်းများ၊ တိုင်းပီလောပီနံအသင်းဥက္ကဋ္ဌ ဦးကျော်သူရနှင့် ကျုံပျော်မြို့ ပတ်ဝန်းကျင်၊ မြို့နယ်/ကျေးရွာမှ ပီလောပီနံစိုက်တောင်သူများ၊ ဟသ်ာတနှင့် ကျုံပျော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ လာရောက်လေ့လာသူများ စုစုပေါင်း ၁၀၀ခန့် တက်ရောက်ခဲ့ကြောင်း သိရပါတယ်။

၎င်းရိတ်သိမ်းပွဲတွင် ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ ညွှန်ကြားရေးမှူး ဦးခင်မောင်လှိုင်က ပြည်ပဈေးကွက်ဝယ်လိုအားရှိသော ပီလောပီနံများ စိုက်ပျိုးရာတွင် ဒေသမျိုးထက်၊ ယခုလို အထွက်နှုန်းကောင်း မျိုးသစ်များပြောင်းလဲစိုက်ပျိုးခြင်းဖြင့် ဒေသခံတောင်သူများ ဝင်ငွေတိုးပွားလာမှာဖြစ်ကြောင်း၊ မိမိတို့ဌာနအနေဖြင့် သွင်းကုန်၊ ထုတ်ကုန်လိုင်စင်များ ထုတ်ပေးခြင်း၊ အသင်းအဖွဲ့များ ဖွဲ့စည်းပေးခြင်း၊ နည်းပညာပေးသင်တန်းများနှင့် အလုပ်ရုံဆွေးနွေးပွဲများ ပြုလုပ်ပေးခြင်း၊ ၎င်းအပြင် ပြည်ပနိုင်ငံပညာရှင်များနှင့် ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ပေးမည့် ကုမ္ပဏီများကို ဖိတ်ခေါ်ချိတ်ဆက်ဆောင်ရွက်ပေးသွားမှာဖြစ်ကြောင်း၊ တောင်သူများအနေဖြင့် ပီလောပီနံများ စနစ်တကျ စိုက်ပျိုးထုတ်လုပ်နိုင်ရေး၊ သိပ္ပံနည်းကျစိုက်ပျိုးထုတ်လုပ်ကာ မိမိတို့ဒေသရှိတောင်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာစေရန် ခေတ်မီစိုက်ပျိုးရေးအဖြစ် ပြောင်းလဲလျက် စီးပွားရေးဖွံ့ဖြိုးသော ဒေသကြီးဖြစ်လာစေရန် SKY Net ရုပ်သံအဖွဲ့ကိုလည်း ခေါ်ယူ၍ မြန်မာတစ်နိုင်ငံလုံး သိရှိစေရန် ရည်ရွယ်၍ ရုပ်သံလွှင့်ပေးနိုင်ရန် စီစဉ်ဆောင်ရွက်ထားကြောင်း ဆွေးနွေးပြောကြားပါတယ်။

တိုင်းပီလောပီနံအသင်းဥက္ကဋ္ဌ ဦးကျော်သူရက ပီလောပီနံမျိုးသစ်များ ရိတ်သိမ်းပြီး ယခင်ဒေသမျိုးများ စိုက်ပျိုးရာတွင် ပီလောပီနံကို အပုံစနစ်ဖြင့် စိုက်ပျိုးခဲ့သဖြင့် တစ်ဧကကို ပိဿာချိန် ၃၅၀၀၊ ၄၀၀၀ ခန့်သာထွက်ရှိကြောင်း၊ ယခုစံပြစိုက်ခင်းအဖြစ် စိုက်ပျိုးရာတွင် အတန်းလိုက် မြောင်းဖော်စိုက်ပျိုးခဲ့ရာ ခန့်မှန်းခြေ တစ်ဧကကို ပိဿာချိန် ၇၀၀၀၊ ၈၀၀၀ ခန့်ထွက်ရှိနိုင်သည်ဟု ခန့်မှန်းကြောင်း၊ ဧရာဝတီတိုင်းဒေသကြီး ပီလောပီနံလုပ်ငန်းများ လျင်မြန်စွာဖွံ့ဖြိုးလာပြီး မိမိတို့မြို့နယ် ဖွံ့ဖြိုးမှုနှင့်အတူ အနာဂတ်တွင် နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်အောင် မိမိတို့ပီလောပီနံအသင်းမှ သက်ဆိုင်ရာ၊ ဌာနဆိုင်ရာများ၊ ဒေသအာဏာပိုင်များနှင့် ဝိုင်းဝန်းပူးပေါင်း၍ ကြိုးစားဆောင်ရွက်မှာဖြစ်ကြောင်း၊ ပီလောပီနံအသင်း၏ ဆောင်ရွက်မှုမှတ်တမ်းများနှင့် ရှေ့ဆက်ဆောင်ရွက်ရမည့် အစီအစဉ်များကို ရှင်းလင်းဆွေးနွေးပြောကြားခဲ့ပါတယ်။

ဆက်လက်၍ နိုင်ငံတကာ အပူပိုင်းသီးနှံများဗဟိုဌာန (CIAT) မှ ဒေါက်တာတင်မောင်အေးက ပီလောပီနံသီးနှံ စိုက်ပျိုးရေးနည်းစနစ်များ၊ ပီလောပီနံအထွက်နှုန်းကောင်းရန် ဆောင်ရွက်ရမည့်ကိစ္စရပ်များ၊ ပီလောပီနံ၏ ပြည်ပဈေးကွက်ဝယ်လိုအားရှိသော အလားအလာများကို ရှင်းလင်းဆွေးနွေးပြောကြားပြီး တက်ရောက်လာသူများက သိလိုသည်များကို မေးမြန်းခဲ့ရာ ပညာရှင်ဒေါက်တာတင်မောင်အေးနှင့် လက်တွေ့စိုက်ပျိုးသူ ဦးကျော်သူရတို့က ပြန်လည်ဆွေးနွေးဖြေကြားပေးကြောင်း သိရပါတယ်။

**မင်းမင်းဦး-ပုသိမ်**

Vol: 16, No.12 Monday March 21 2016

# ပြည်ပပို့ကုန်တင်ပို့မှု ကာလတူထက် ကန်ဒေါ်လာသန်း ၉၀၀ ကျော်လျော့နည်း

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်စမှ ၂၀၁၆ ခုနှစ်မတ် ၁၁ ရက်ထိ ပြည်ပပို့ကုန် စုစုပေါင်း ကန်ဒေါ်လာ ၁၀၂၇၇ သန်းကျော် ဆောင်ရွက်နိုင်ခဲ့ပြီး ယမန်နှစ်ကာလတူနဲ့ နှိုင်းယှဉ်ပါက ကန်ဒေါ်လာ ၉၅၃ဒသမ ၈၀၃ သန်း လျော့နည်းဆောင်ရွက်နိုင်ခဲ့ပါတယ်။ တင်ပို့မှုတန်ဖိုးအရ လျော့နည်းခဲ့ရတဲ့ အုပ်စုများမှာ လယ်ယာထွက်ပစ္စည်း (ပဲမျိုးစုံမပါ)၊ တိရစ္ဆာန်ထွက်ပစ္စည်း၊ သတ္တုတွင်းထွက်ပစ္စည်း၊ စက်မှုကုန်ချောပစ္စည်းများဖြစ်ပါတယ်။

**လယ်ယာထွက်ကုန်ပစ္စည်း။** (ပဲမျိုးစုံမပါ)၊ ဆန်၊ ဆန်ကွဲ၊ ပြောင်းနဲ့ ကောက်ညှင်းဆန်တင်ပို့မှုမှ ကန်ဒေါ်လာ ၂၃၆၃ သန်းကျော်ရရှိခဲ့သော်လည်း ယမန်နှစ်ကာလတူနဲ့ နှိုင်းယှဉ်ပါက ကန်ဒေါ်လာ ၁၃၈ သန်းကျော် လျော့နည်းခဲ့ပါတယ်။ ပဲအမျိုးမျိုး တင်ပို့မှုတန်ချိန် ၁၀၈၄၂၂၆ တန်၊ တန်ဖိုးအားဖြင့် ကန်ဒေါ်လာ ၁၀၅၃ သန်းဖိုး တင်ပို့နိုင်ခဲ့ပြီး၊ ယမန်နှစ်ကာလတူနဲ့ နှိုင်းယှဉ်ပါက တင်ပို့မှုတွင် တန်ချိန်အားဖြင့် ၆၄၄၂၇ တန် တင်ပို့မှု လျော့နည်းခဲ့သော်လည်း တင်ပို့မှု တန်ဖိုး ကန်ဒေါ်လာ ၁၂၃ သန်းကျော် ပိုမိုခဲ့ပါတယ်။

**တိရစ္ဆာန်ထွက်ပစ္စည်း။** ကန်ဒေါ်လာ ၇ ဒသမ ၄၅၄ သန်းဖိုး တင်ပို့နိုင်ခဲ့ပြီး ယမန်နှစ် ကာလတူထက် ကန်ဒေါ်လာ သုည ဒသမ ၃၀၆ သန်းလျော့နည်းခဲ့ပါတယ်။ သားရေစိမ်းနဲ့ သားရေချော တင်ပို့မှုပိုမိုသော်လည်း အခြားတိရစ္ဆာန်ထွက်ပစ္စည်း တင်ပို့မှုလျော့နည်းခဲ့၍ဖြစ်ပါတယ်။

**ရေထွက်ပစ္စည်း။** တင်ပို့မှုမှာ ကန်ဒေါ်လာ ၄၃၂ သန်းကျော်ရှိပြီး ယမန်နှစ်ကာလတူထက် ကန်ဒေါ်လာ သန်း ၄၀ ကျော်ပိုမိုဆောင်ရွက်နိုင်ခဲ့ပါတယ်။ ငါးတင်ပို့မှုနဲ့ ရေထွက်ပစ္စည်း တင်ပို့မှုမှာ ပမာဏလျော့နည်းသော်လည်း တန်ဖိုးပိုမိုခြင်းနဲ့ ပုစွန်တင်ပို့မှုတွင် တန်ဖိုးရော တန်ချိန်ပါ ပိုမိုခဲ့တဲ့အတွက်ဖြစ်ပါတယ်။

**သတ္တုတွင်းထွက်ပစ္စည်း။** တင်ပို့မှုမှာ ကန်ဒေါ်လာ ၉၅၁ သန်းကျော်ရှိပြီး ယမန်နှစ်ကာလတူထက်၄၈၈ သန်း ကျော်လျော့နည်းခဲ့ပါတယ်။ သတ္တုနဲ့ သတ္တုရိုင်းတင်ပို့မှုမှာ တန်ချိန်ရော တန်ဖိုးပါ ပိုမိုခဲ့သော်လည်း ကျောက်စိမ်း၊ ကျောက်မျက်ရတနာနဲ့ အခြားသတ္တုတွင်းထွက်ပစ္စည်း တင်ပို့မှု တန်ချိန်ရောတန်ဖိုးပါ လျော့နည်းခဲ့တဲ့အတွက်ဖြစ်ပါတယ်။

**သစ်တောထွက်ပစ္စည်း။** တင်ပို့မှုတွင် ကန်ဒေါ်လာ ၁၉၃ သန်းကျော် ဆောင်ရွက်နိုင်ခဲ့ပြီး ယမန်နှစ်ကာလတူထက် ကန်ဒေါ်လာ သန်း ၁၁၀ နီးပါးပိုမို ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ကျွန်းသစ်ခွဲသား၊ သစ်မာခွဲသား၊ သစ်ပါးလွှာ၊ အထပ်သားနဲ့ အခြားသစ်တောထွက်ပစ္စည်းများ ပိုမိုတင်ပို့ခဲ့ပါတယ်။

**စက်မှုကုန်ချောပစ္စည်း။** တင်ပို့မှုတွင် ကန်ဒေါ်လာ ၅၂၉၉ သန်း ဆောင်ရွက်နိုင်ခဲ့သော်လည်း ယမန်နှစ်ကာလတူထက် ကန်ဒေါ်လာ ၇၁၇ သန်း ကျော်လျော့နည်းဆောင်ရွက်ခဲ့ပါတယ်။ သကြားနဲ့ လက်ဝတ်ရတနာ တင်ပို့မှု တန်ချိန်ရော တန်ဖိုးပါကာလတူထက်ပိုမိုခဲ့ပြီးသဘာဝဓါတ်ငွေ့ တင်ပို့မှုပမာဏ ပိုမိုသော်လည်း တန်ဖိုး လျော့နည်းခြင်း၊ ချုပ်ပြီးအထည် အရေအတွက်ရော တန်ဖိုးပါ လျော့နည်းခဲ့ခြင်းတို့ကြောင့် ကာလတူထက် လျော့နည်းခဲ့ခြင်းဖြစ်ပါတယ်။

အခြားပစ္စည်းများ တင်ပို့မှုတွင် ကန်ဒေါ်လာ ၁၀၂၉ သန်းကျော်ဆောင်ရွက်နိုင်ခဲ့ပြီး ယမန်နှစ်ကာလတူထက် ကန်ဒေါ်လာ ၂၃၉ သန်းကျော်ပိုမိုခဲ့ပါတယ်။ Re - export သကြား၊ Re - export နဲ့ အခြားပစ္စည်းများ ပိုမိုတင်ပို့ခဲ့တဲ့အတွက်ဖြစ်ပါတယ်။

ပို့ကုန်တစ်ခုလုံးကိုခြုံငုံကြည့်လျှင် ကာလတူထက် နယ်စပ်ကုန်သွယ်မှုမှ တင်ပို့မှု ပိုမိုခဲ့သော်လည်း ပင်လယ် ရေကြောင်း ကုန်သွယ်မှုက လျော့နည်းခဲ့တာတွေ့ရပါတယ်။ **MIRT**

# ကော့သောင်းနဲ့မြိတ်ကုန်သွယ်ရေးစခန်းမှ ရေထွက်ကုန်ပိုမိုတင်ပို့

မြန်မာ-ထိုင်းနယ်စပ်ရှိ မြဝတီကုန်သွယ်ရေးဇုန်၊ကော့သောင်းကုန်သွယ်ရေးစခန်းနဲ့ မြိတ်ကုန်သွယ်ရေး စခန်းတို့မှ ၂၀၁၆ ခုနှစ် မတ် ၅ ရက်မှ ၁၃ ရက်တာကာလအတွင်း ကန်ဒေါ်လာ ၄ ဒသမ ၁၇၀ သန်း တန်ဖိုးရှိ ရေထွက်ကုန် ၄၉၆၈ တန်ကျော် တင်ပို့နိုင်ခဲ့ပါတယ်။ယခင်သီတင်းပတ်နဲ့ နှိုင်းယှဉ်ပါက ၁၆၈၃ တန်နီးပါး ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

မြဝတီကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ သုည ဒသမ ၁၂၁ သန်းတန်ဖိုးရှိ ရေထွက်ကုန်များဖြစ်တဲ့ ငါးမျိုးစုံ ၈၃ တန်နီးပါး ၊ ပုစွန်နှစ်တန်ကျော်နဲ့ကဏန်း ၁၀ တန်ကျော် တင်ပို့နိုင်ခဲ့ပါတယ်။ ယခင်သီတင်းပတ်နဲ့ နှိုင်းယှဉ်ပါက ၅၅ တန်ကျော် လျော့နည်းတင်ပို့ခဲ့ပါတယ်။

ကော့သောင်းကုန်သွယ်ရေးစခန်းမှ ကန်ဒေါ်လာ ၁ ဒသမ ၇၂၃ သန်းတန်ဖိုးရှိ ရေထွက်ကုန်များဖြစ်တဲ့ ငါးမျိုးစုံ တန် ၂၁၀၀ ကျော် ၊ အခြားရေထွက်ပစ္စည်း ၇၅ တန်ကျော်၊ ကင်းမွန် ၃၂ တန်နီးပါး၊ပုစွန် ခြောက် တန်ကျော်၊ ပင်လယ်ငါးရှဉ့် သုံးတန်ကျော်နဲ့ ရေဘဝဲ တစ်တန်နီးပါးတင်ပို့နိုင်ခဲ့ပါတယ်။ ယခင်သီတင်းပတ်နဲ့ နှိုင်းယှဉ်ပါက ၇၆၂ တန်ကျော် ပိုမိုတင်ပို့ခဲ့ပါတယ်။

မြိတ်ကုန်သွယ်ရေးစခန်းမှ ကန်ဒေါ်လာ ၂ ဒသမ ၃၂၆ သန်းတန်ဖိုးရှိ ရေထွက်ကုန်များဖြစ်တဲ့ ငါးမျိုးစုံ ၁၃၆၉ တန်ကျော်၊ငါးမှုန့် ၁၂၆၀ တန်ကျော်၊ ရေငန်ပုစွန် ၁၈ တန်ကျော်၊ကဏန်းသေးအသေ နှစ်တန်ကျော်၊ ကင်းမွန်နှစ်တန်ကျော်နဲ့ သဲကဏန်း ၆၂၀ ကီလိုဂရမ် တင်ပို့နိုင်ခဲ့ပါတယ်။ ယခင်သီတင်းပတ်နဲ့နှိုင်းယှဉ်ပါက ၉၇၅ တန်ကျော် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

**ခင်မြနွယ်**

# စခန်းစုံမှ မြန်မာ့ဖရဲ တင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိမူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ မတ် ၅ ရက်မှ ၁၁ ရက်တာကာလအတွင်း ကန်ဒေါ်လာ ၃ ဒသမ ၃၀၅ သန်း တန်ဖိုးရှိ ဖရဲသီး ၃၁၁၀၀ တန်၊ မြန်မာ-ထိုင်းနယ်စပ်ရှိ တာချီလိတ် ကုန်သွယ်ရေးစခန်းမှ ကန်ဒေါ်လာ ၃၂၇၆၀ တန်ဖိုးရှိ ဖရဲသီးတန် ၂၀၀ နဲ့ မြန်မာ-အိန္ဒိယနယ်စပ်ရှိ ရိဒ်ကုန်သွယ်ရေးစခန်းမှ ကန်ဒေါ်လာ သုည ဒသမ ၀၄၁ သန်းတန်ဖိုးရှိ ဖရဲသီး ၃၃၃ တန်ခွဲ တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ပုံမှန်တင်ပို့နေကျဖြစ်တဲ့ မူဆယ်နယ်စပ်ကသာ ဖရဲသီးတန်ချိန် ၁၇၇၅၀ တင်ပို့ခဲ့တာပါ။

မန္တလေး အနီးပတ်ဝန်းကျင်များမှ ဖရဲသီးထွက်ရှိမှု များပြားလာတာကြောင့် တရုတ်ပြည်သို့တင်ပို့တဲ့ ဖရဲသီးဈေးကွက်မှာ ဖရဲသီးစထွက်သည့် ဒီဇင်ဘာလကုန်ခန့်မှ ဇန်နဝါရီလအတွင်း ဈေးနှုန်းများ မြင့်တက်ခဲ့ပြီး ဖေဖော်ဝါရီလ တတိယပတ်မှစတင်ကာ ဈေးကျဆင်းသွားကြောင်းသိရပါတယ်။ မူဆယ်ကုန်စည်ဒိုင်သို့ တစ်ရက်လျှင် ဖရဲကားကားစီးရေ ၁၅၀-၂၅၀ ခန့်အထိအဝင်ရှိပါတယ်။

ချင်းပြည်နယ် ရိဒ်ခေါဒါရ်မြို့မှာ ရိဒ်ရေကန်သို့ အလည်အပတ်ခရီးလာရောက်သူများပြားခြင်းတို့ကြောင့် နွေရာသီကာလနှင့် ပွင့်လင်းရာသီကာလတွင် လူစည်ကားပြီး ဖရဲသီးရောင်းဝယ်မှုဈေးကွက်ဖြစ်ထွန်းလျက်ရှိကြောင်း၊ ရိဒ်ဒေသကို တင်ပို့တဲ့ ဖရဲသီးများမှာ စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့နယ်တစ်ဝိုက်မှ ဝယ်ယူလာခြင်းဖြစ်ကြောင်းသိရပါတယ်။

**မော်မော်အောင်**

# လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်းအုပ်စုတင်သွင်းမှု ယမန်နှစ်ကာလတူထက် လျော့နည်း

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်စ ဧပြီ ၁ ရက်မှ ၂၀၁၆ ခုနှစ် မတ် ၁၁ ရက်ထိ ပြည်ပမှ လုပ်ငန်းသုံး ကုန်ကြမ်းပစ္စည်းတင်သွင်းမှုမှာ ကန်ဒေါ်လာ ၄၅၁၀ သန်းကျော်ဖြစ်ပြီး ယမန်နှစ်ကာလတူထက် ကန်ဒေါ်လာ ၇၇၅ သန်းကျော် လျော့နည်းဆောင်ရွက်ခဲ့ပါတယ်။

ကျန်အုပ်စု နှစ်ခုဖြစ်တဲ့ ရင်းနှီးမြှုပ်နှံမှု ကုန်ပစ္စည်းနဲ့ လူသုံး ကုန်ပစ္စည်းအုပ်စုများကတော့ ယမန်နှစ်ကာလတူထက် ပိုမိုတင်သွင်းနိုင်ခဲ့သော်လည်း သွင်းကုန်စုစုပေါင်း တင်သွင်းမှုကတော့ ကန်ဒေါ်လာ ၂၇ သန်း ကျော်လျော့နည်းခဲ့ပါတယ်။

လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်းများ တင်သွင်းမှုတွင် ယမန်နှစ်ကာလတူထက် ဂျုံမှုန့်၊ ရေနံစိမ်း၊ ရေနံထွက်ပစ္စည်း၊ ဓါတ်မြေဩဇာ၊ပလတ်စတစ်ကုန်ကြမ်းပစ္စည်းများ၊ ရော်ဘာကုန်ကြမ်းပစ္စည်းများ၊ သတင်းစာစက္ကူများ၊ ပုံနှိပ်စက္ကူများ၊စီးကရက်စက္ကူများ၊ ဓာတုဗေဒချည်ခင်များ၊ အခြားချည်ခင်များ၊ သတ္တုကုန်ကြမ်းပစ္စည်းများ၊ သွပ်ပြား၊ တာယာနှင့်ကျွတ်များ၊ အခြားပစ္စည်းများတင်သွင်းမှုလျော့နည်းခဲ့တယ်လို့ သိရပါတယ်။ **MIRT**

# လွယ်ဂျယ်နယ်စပ်မှ ဘိုစားပဲသီး တင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ မတ် ၅ ရက်မှ ၁၁ ရက်တာ သီတင်းပတ်အတွင်း ကန်ဒေါ်လာ ၂၄၆၄ တန်ဖိုးရှိ ဘိုစားပဲသီးတောင့်ရှည် ၁၂ တန်ကျော် တင်ပို့ခဲ့ပါတယ်။ ၂၀၁၆ ခုနှစ် ဇန်နဝါရီလတွင် တန် ၁၅၀ ခွဲအထိတင်ပို့ခဲ့ပြီး၊ ဖေဖော်ဝါရီလမှာ တင်ပို့မှု မရှိဘဲ ယခုမတ်လမှာပြန်လည် တင်ပို့တာဖြစ်ပါတယ်။ စတင်တင်ပို့ခဲ့တဲ့ ၂၀၁၅ ခုနှစ်က အကြောအမျှင်မဲ့တိုင်ထောင် ဘိုစားပဲတောင့်ရှည် တစ်ကီလိုကို ၂၀၀ ကျပ်နှုန်းရှိခဲ့ပြီး လက်ရှိလိုင်စင်ဈေးကတော့ ၂၅၀ ကျပ်ရှိတယ်လို့သိရပါတယ်။

**မော်မော်အောင်**

# မြန်မာ-တရုတ် နယ်စပ်မှ ရေထွက်ကုန်တန် ၁၄၀၀ ကျော်တင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိမူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်နဲ့ ချင်းရွှေဟော် ကုန်သွယ်ရေးစခန်းမှ ကန်ဒေါ်လာ ၂ ဒသမ ၂၃၉ သန်းဖိုးရှိ ရေထွက်ကုန် ၁၄၁၃ တန်ကျော် တင်ပို့ခဲ့ပါတယ်။ မူဆယ်ကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ ၂ ဒသမ ၁၃၇ သန်းဖိုးရှိ ရေထွက်ကုန်မျိုးစုံ ၁၃၈၅ တန်ကျော် တင်ပို့ပြီး တင်ပို့ခဲ့တဲ့ ရေထွက်ပစ္စည်းများမှာ ကဏန်း ၉၂ တန်ကျော်၊ ငါးရှဉ့် ၈၅ တန်ကျော်၊ ရေခဲငါး ၁၅၇ တန်ကျော်၊ ငါးမှုန့် ၃၄ တန်၊ ငါးလေးခြောက် ၇၀၇ တန်ခန့်၊ ငါးဆားနယ် ၁၃၃ တန်ခန့်၊ ငါးမြစ်ချင်းစီဖောင်းလေးတန်ခန့်၊ ငါးခြောက် ၁၀ တန်ကျော်၊ ပုစွန်ခြောက် ၅၄ တန်၊ ပုစွန်ခြောက်မှုန့် ၁၇ တန်၊ ကင်းမွန်ခြောက် ၈၁ တန်ကျော်၊ ငါးလိပ်ကျောက်ရေခွံခြောက် ခြောက်တန်ကျော်၊ ငါးပူတင်းရေခွံခြောက် နှစ်တန်နဲ့ ခရုအသားခြောက် နှစ်တန်ကျော်ဖြစ်ပါတယ်။ ယခင်တစ်ပတ်တင်ပို့မှုထက် ၄၈၄ တန်ပိုမိုတင်ပို့ခဲ့ပါတယ်။

ချင်းရွှေဟော် ကုန်သွယ်ရေးစခန်းမှ ကန်ဒေါ်လာ သုည ဒသမ ၁၀၂ သန်းဖိုးရှိ ငါးရှဉ့် ၂၈ တန် တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်ကတော့ ငါးရှဉ့် တင်ပို့မှုမရှိခဲ့ဘူးလို့သိရပါတယ်။

**ယဉ်ယဉ်အေး**

# မူဆယ်ကုန်သွယ်ရေးဇုန်မှ သီဟိုဠ်စေ့တန် ၄၀ ကျော်တင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်ကုန်သွယ်ရေးဇုန်မှ ၂၀၁၆ ခုနှစ်၊ မတ် ၅ ရက်မှ ၁၃ ရက်တာ ကာလအတွင်း ကန်ဒေါ်လာ သုည ဒသမ ၂၄၀ သန်း တန်ဖိုးရှိ သီဟိုဠ်စေ့တန် ၄၀ ကျော် တင်ပို့နိုင်ခဲ့ပါတယ်။ မြန်မာ-ထိုင်းနယ်စပ်ရှိ ကော့သောင်းနဲ့ မြိတ်ကုန်သွယ်ရေးစခန်းကတော့ တင်ပို့နိုင်ခြင်းမရှိဘူးလို့ သတင်းရရှိပါတယ်။

သီဟိုဠ်စေ့တိုးမြှင့်တင်ပို့နိုင်ရေးအတွက် ဧရာဝတီတိုင်းဒေသကြီး ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူ ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးနဲ့ တာဝန်ရှိသူများ ပူးပေါင်း၍ နည်းပညာပေးဆွေးနွေးပွဲများပြုလုပ်ခဲ့တယ်လို့ သတင်းရရှိခဲ့ပါတယ်။

**ခင်မြနွယ်**

# ဖန်ခါးမြေတွင် စီးပွား/ကူးသန်းစာမျက်နှာသစ်ဖွင့်လှစ်

ယခင့်ယခင် ရှေးရှေးဘဝများက ကုသိုလ်ကောင်းမှုများ အဆမတန်ပြုခဲ့ဟန်ရှိသည်။ ယခုနှစ်ကို သတင်းဌာနတိုင်း စာနယ်ဇင်းတိုင်းမှာ ထူးထူးခြားခြား အပူရှိန်ကဲမည့် နှစ်၊ အပူလွန်မည့်နွေရယ်လို့ အယ်လ်နီညို အမည်နဲ့တစ်ဖုံ တင်စားတပ်လှန့်နေသည်အချိန် မကွေးတိုင်းကိုပြောင်းမိန့်ကျလေသည်။ အထက်အမိန့်နာခံရမည်မှာ ဝန်ထမ်းတို့ရဲ့တာဝန်တွေပဲ၊ သွားရပေမပေါ့။ မြေလတ်ဒေသအညာနွေဆီ . . .။ ငြိမ်းချမ်းသာယာ သော၊ မြူနှင်းတို့ ဝေနေသော၊ အေးချမ်းလှပသော ငွေတောင်ပြည်ကို ခေတ္တကျောခိုင်းကာ ကြီးမားပူနွေးသော တာဝန်ထမ်းပိုး အောက်ကို ငုံ့လျှိုးဝင်ရောက်ခဲ့ရပြီ။

မကွေးမှထွက်သောနေမင်းသည် လှိုင်ကော်မှာထွက်သော နေမင်းနဲ့အတူတူပါပဲဟု မည်သည့်ပုဂ္ဂိုလ်က ကျိန်တွယ်ပြောစေ မယုံနိုင်၊ လှိုင်ကော်မှာ နေ့လယ်နေ့ခင်းပူသော အပူမျိုးကို မကွေးမှာ မနက်လင်းကတည်းက ခံစားရသည်။ ဒီလိုပတ်ဝန်းကျင်နှင့်ရာသီဥတုကို ပူပူပင်ပင်ဂရုထားချိန်သည် တစ်ရက်မှမခံလိုက်၊ မတ် ၁၁ ရက်တွင် ဖန်ခါးမြေကုန်သွယ်မှုဗဟိုဌာနကို ရုံးချုပ်အဆင့်နှင့်ဖွင့်လှစ်မည်။ မကွေးတိုင်းဂုဏ်ဆောင် မြို့တော်ခန်းမကြီးမှာ ဒေသထွက်ကုန်စည်ပြပွဲနှင့် စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ ဆွေးနွေးနှီးနှောဖလှယ်ပွဲကြီး ကျင်းပရန်ရှိသည်။

မတ် ၁၁ ရက် နံနက် ၈ နာရီမှာ မကွေးတိုင်းဒေသကြီးတွင်း တစ်ကြိမ်တစ်ခါမှ မဖွင့်လှစ်ဖူးသေးသော ဖန်ခါးမြေ ကုန်သွယ်မှုဗဟိုဌာနကို မကွေးတိုင်းဒေသကြီး၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနရုံးမှာ ဖွင့်လှစ်ခဲ့သည်။ အဆိုပါရုံးချုပ်မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဦးဟန်က အမှာစကား ပြောကြားခဲ့ပြီး၊ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး ဦးမြင့်နိုင် တက်ရောက်ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ပြခန်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

မြို့တော်ခန်းမတွင် မကွေးတိုင်းအတွင်းဒေသအလိုက် ထွက်ကုန်ပစ္စည်းများ ခင်းကျင်းပြသပွဲကို ရွှေထနောင်း အများပိုင်ကုမ္ပဏီ၏ ပြခန်း၊ စိုက်ပျိုးရေးဦးစီးဌာန၊ သမဝါယမဦးစီးဌာနနှင့် ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနတို့မှ စုစုပေါင်း ၁၂ ခန်းပြသခဲ့သည်။ စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး ဦးမြင့်နိုင်နှင့် ဒုတိယညွှန်ကြားရေးမှူး ချုပ် ဦးဦးဟန်တို့က ပြခန်းများကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့သည်။

အခမ်းအနားတွင် စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးနှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်တို့က အဖွင့်အမှာစကားပြောကြားခဲ့ပြီး မြန်မာနိုင်ငံစားသုံးသူများသမဂ္ဂမှ အတွင်းရေးမှူး ဦးမောင်မောင်က သမဂ္ဂ၏ လှုပ်ရှားဆောင်ရွက်မှုများ၊ ပညာရှင်ဒေါ်တင်မျိုးမျိုးက အစာအာဟာရဆိုင်ရာ သိပ္ပံနှင့်နည်းပညာအသင်း၏ အခန်းကဏ္ဍ၊ တောင်တွင်းကြီးမြို့ မုန့်တိုက်ပွဲဦးဆောင်သူ ဒေါက်တာကျော်ဆွေက စားသောက်ကုန်ထုတ်လုပ်သူများအားလုံး မိမိတို့ထုတ်လုပ်သော ကုန်ပစ္စည်းများအပေါ် အပြည့်အဝတာဝန်ယူမှု၊ တာဝန်ခံမှုရှိရေး၊ အမျိုးသားစံချိန်စံညွှန်းနှင့်အရည်အသွေးဌာန၊ သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါက်တာဇာနည်အောင်က အမျိုးသားအရည်အသွေး အခြေခံအဆောက်အအုံ၊ မကွေးတိုင်းစိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယတိုင်းဦးစီးမှူး ဦးမြင့်စိန်က ဘေးအန္တရာယ်ကင်းရှင်းပြီး အရည်အသွေး ကောင်းမွန်မှန်ကန်သည့် သီးနှံထွက်ကုန်များရရှိရေး၊ မကွေးတက္ကသိုလ်ဥပဒေပညာဌာနမှ လက်ထောက်ကထိက ဒေါ်စမ်းမို့မို့သူက စားသုံးသူ အကာအကွယ်ပေးရေး ဥပဒေအကြောင်းသိကောင်းစရာများ၊ မကွေးတိုင်းဒေသကြီး အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ တာဝန်ခံဆရာဝန် ဒေါက်တာပြည့်ထူးက FDA၏ ဆောင်ရွက်ချက်များ စသဖြင့် တတ်သိပညာရှင်များက ရှင်းလင်းပြောကြားပြီး တက်ရောက်လာသူများကလည်း မြိုင်မြိုင်ဆိုင်ဆိုင် အပြန်အလှန်မေးမြန်းဖလှယ်ကြပါသည်။

မကွေးတိုင်း ဟိုတယ်နှင့် ခရီးသွားလာရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးညိုအေးကဧရာဝတီမြစ် အစုန်အဆန် သွားကာလှည့်လည်လေ့လာနေသည့် နိုင်ငံခြားသားများ သွားလာလည်ပတ်စရာနေရာ ချဲ့ထွင်လိုကြောင်း ပြောသဖြင့် တိုင်းဒေသကြီးဦးစီးမှူးက ယနေ့နံနက်ကဖွင့်လှစ်ခဲ့သော ဖန်ခါးမြေကုန်သွယ်မှုဗဟိုဌာနမှာတိုင်းအတွင်း ဒေသထွက်ကုန်များ၏ နမူနာပစ္စည်းကို ခင်းကျင်းပြသထားပြီး ရည်ရွယ်ချက်များထဲမှတစ်ခုမှာ ပြည်တွင်းထွက်ကုန်များ ကမ္ဘာအနှံ့ပျံ့နှံ့စေရမည်ဟူသော ရည်ရွယ်ချက်လည်း ပါဝင်သဖြင့် လာရောက်လည်ပတ်ကြည့်ရှုလေ့လာလိုပါက လက်ခံပြသပေးနိုင်ကြောင်း၊ စိတ်ပါဝင်စားသူများပါလာပါက နောင်တွင် အချိတ်အဆက်များဖြစ်ထွန်းပြီး စီးပွားရေးဈေးကွက်များ ပွင့်လင်းလာကာ ကုန်သွယ်မှုပမာဏမြှင့်တင်နိုင်မည်ဖြစ်ကြောင်းရှင်းလင်းပြောပြပြီး အမောပန်းဖြေအနားယူဖို့ ကြံနေသော ဝန်ထမ်းများကို မှန်လုံဘတ်(စ်)သုံးစီးဖြင့် ကမ္ဘာလှည့်ခရီးသည် ၇၀ ဦးကျော် ဖန်ခါးမြေ ကုန်သွယ်မှုဗဟိုဌာနကို လာလေ့လာမည်။ အသင့်ပြင်ထားရန် တပ်လှန့်ခဲ့သည်။

ရောက်လာသည်နှင့် ကမ္ဘာ့လှည့်ဧည့်သည်တော်များက မင်္ဂလာပါဟု မပီကလာဆိုကာ ပျော်ကြသည်။ အိမ်ရှင်ဝန်ထမ်းများကလည်း အဝေးမှပင်မြင်ဖူးခဲ့သော နိုင်ငံခြားသားများကို ကောင်တာအလိုက် ကုန်ပစ္စည်းအမျိုးအမည်၊ ထုတ်လုပ်ပုံအဆင့်ဆင့်တွေကို ရှင်းပြရသည်။ နိုင်ငံခြားသူများ စိတ်အဝင်စားဆုံးမှာ ရှင်မတောင်သနပ်ခါးဖြစ်သည်။ နေကပူပူ လေကပူပူရှိသဖြင့် ဝန်ထမ်းအမျိုးသမီးများက ကျောက်ပျဉ်နှင့်သနပ်ခါးကို လက်တွေ့သွေးပြ၊ လိမ်းပေးလိုက်သဖြင့် အေးမြမွှေးပျံ့ကာ ပျော်ရွှင်သွားကြသည်။ အမှတ်တရပစ္စည်းအချို့ကိုလည်း ဝယ်ယူသွားကြသည်။ ဓာတ်ပုံများလည်း တဖျပ်ဖျပ်ရိုက်သွားကြသည်။ ဖန်ခါးမြေကုန်သွယ်မှုဗဟိုဌာနသည် စတင်ဖွင့်လှစ်သည့် မတ် ၁၁ ရက်တွင်ပင် ဈေးဦးပေါက်ကောင်းခဲ့လေပြီ။ ပြည်ပဧည့်သည်တော်များ၏ သတင်းစကား Online သတင်းစာမျက်နှာများတွင် ပျံ့နှံ့နေလောက်ပြီ။

ဖန်ခါးမြေသည် ကမ္ဘာကြီးရှိရာသို့ မည်သို့မည်ပုံသွားရောက်ရပ့ါဟု တွေးတောနေစဉ် ကမ္ဘာကြီးသည် ကုန်သွယ်မှုဗဟိုဌာနဝင်ပေါက်မှတစ်ဆင့် ဖန်ခါးမြေသို့ တိုးဝင်ရောက်လာခဲ့ပြီ။

**ဖန်ခါးမောင်မောင်**

---

# မြန်မာ့ကုန်သွယ်မှုသတင်းအချက်အလက်ကွန်ရက်တည်ထောင်ရန် ဆွေးနွေးချက်မှတ်တမ်းလက်မှတ်ရေးထိုး

မြန်မာနိုင်ငံတွင် အကောင်အထည်ဖော်လျက်ရှိသော အမျိုးသားပို့ကုန်မဟာဗျူဟာတွင်ပါဝင်သည့် ပို့ကုန် အထောက်အကူပြုကဏ္ဍလေးခုအနက် တစ်ခုအပါအဝင်ဖြစ်သည့် ကုန်သွယ်မှုသတင်းအချက်အလက်မြှင့်တင်ရေး ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ကုန်သွယ်မှုသတင်းအချက်အလက်ကွန်ရက် (Trade Information Network-TIN) တစ်ရပ် တည်ထောင်ရန်အတွက် ကနဦးစတင်တည်ထောင်မည့်အဖွဲ့ဝင်များ (Founder members) များရဲ့ ဆွေးနွေးချက်မှတ်တမ်း (Record of Discussion-ROD) လက်မှတ်ရေးထိုးရေးညှိနှိုင်းအစည်းအဝေးကို မတ် ၉ ရက်တွင် နေပြည်တော် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြေညီထပ်အစည်းအဝေးခန်းမတွင် ကျင်းပပြုလုပ်ခဲ့သည်။

အစည်းအဝေးသို့ နိုင်ငံတကာကုန်သွယ်မှုဗဟိုဌာနမှ ကျွမ်းကျင်သူ Mr.Bastian ပါဝင်တက်ရောက်ကာ TIN အကြောင်း ရှင်းလင်းတင်ပြခဲ့သည်။ TIN တည်ထောင်ရန်အတွက် ရှေ့ပြေးစီမံကိန်းကို ဗြိတိသျှနိုင်ငံအစိုးရ၏ ထောက်ပံ့မှု၊ နိုင်ငံတကာ ကုန်သွယ်မှုဗဟိုဌာန (International Trade Centre - ITC) ၏ နည်းပညာအကူအညီဖြင့် အကောင်အထည်ဖော်နေခြင်းဖြစ်သည်။ စီမံကိန်းသည် ကုန်သွယ်မှုသတင်းအချက်အလက်ကွန်ရက်တစ်ခုအား အစိုးရနှင့်ပုဂ္ဂလိကကဏ္ဍတို့ ပူးပေါင်းတည်ထောင်ပြီး ကုန်သွယ်မှုနှင့်သက်ဆိုင်သော သတင်းအချက်အလက်များ ကောက်ယူခြင်း၊ စိစစ်ခြင်း၊ ထုတ်လုပ်ခြင်းနှင့် ဖြန့်ဝေခြင်းတို့အတွက် ထိရောက်ကောင်းမွန်သော စနစ်တစ်ခုပေါ်ပေါက်လာစေရန်ရည်ရွယ်သည်။ ဤစီမံကိန်းကို အကောင်အထည်ဖော်ခြင်းဖြင့် ကုန်သွယ်မှုနှင့်ဆက်စပ်သည့်အဖွဲ့အစည်းများအကြား ပွင့်လင်းမြင်သာသည့် သတင်းအချက်အလက်စီမံခန့်ခွဲမှုစနစ်တစ်ရပ် ဖွံ့ဖြိုးတိုးတက်လာစေမည့်အပြင် အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ပို့ကုန်ဈေးကွက်သစ်များသို့ ဝင်ရောက်လာနိုင်သည့် အခွင့် အလမ်းများရရှိစေမည်ဖြစ်သည်။

စီမံကိန်း ကနဦးရှေ့ပြေးအဆင့်တွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ITC နှင့်သက်ဆိုင်ရာ ဌာနများ၊ အဖွဲ့အစည်းများဖြစ်သည့် စိုက်ပျိုးရေးဦးစီးဌာန၊ သုတေသနနှင့်တီထွင်ဆန်းသစ်မှုဦးစီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန၊ သစ်တောရေးရာဦးစီးဌာန၊ ဗဟိုစာရင်းအင်းအဖွဲ့၊ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ အစားသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ အကောက်ခွန်ဦးစီးဌာန၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်နှင့်ညီနောင်အသင်းအဖွဲ့တို့အကြား ကုန်သွယ်မှုသတင်းအချက်အလက်ကွန်ရက်နှင့်ပတ်သက်၍ ပံ့ပိုးပူးပေါင်းဆောင်ရွက်နိုင်မည့် နယ်ပယ်နှင့်နည်းလမ်းများကို ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလနှင့် ၂၀၁၆ ခုနှစ်ဖေဖော်ဝါရီလတို့အတွင်း ကြိုတင်ညှိနှိုင်းဆွေးနွေးမှုများပြုလုပ်ခဲ့ပြီးဖြစ်သည်။

ဤသို့ညှိနှိုင်းဆွေးနွေးမှုများအရ ပွင့်လင်းမြင်သာသော စီမံခန့်ခွဲမှုဖြစ်စေရန်နှင့် ရေရှည်တည်တံ့သည့် ကွန်ရက်တစ်ခုအဖြစ် ထိန်းသိမ်းထားနိုင်ရန်အတွက် ကနဦးတည်ထောင်သူအဖွဲ့ဝင်များဖြစ်ကြသည့် သက်ဆိုင်ရာဌာနများနှင့် ပုဂ္ဂလိကအသင်းအဖွဲ့များအကြား ကုန်သွယ်မှုသတင်းအချက်အလက်များပူးပေါင်းဖလှယ်ရန် သဘောတူညီမှု စာလွှာ (Letter of Intent-LOI) ကို လက်မှတ်ရေးထိုးဆောင်ရွက်သွားမည်ဖြစ်သည်။ LOI ကို လက်မှတ်ရေးထိုးခြင်း မပြုမီ၊ ပထမအဆင့်အဖြစ်၊ ROD ကို ပဏာမလက်မှတ်ရေးထိုးစတင်ကြမည်ဖြစ်သည်။ ROD တွင် ကွန်ရက် တည်ထောင်သူများအကြား အခြေခံနားလည်သဘောတူညီမှုဖြစ်သည့် (၁) TIN တွင် ပူးပေါင်းပါဝင်ရန်၊ (၂) TIN အတွက် မိမိတို့၏ တရားဝင် သတင်းအချက်အလက်များကို ဖလှယ်ရန်၊ (၃) TIN တည်ထောင်ရန်အတွက် သဘောတူညီမှုစာလွှာ (LOI) ကို ညှိနှိုင်း၍ လက်မှတ်ရေးထိုးနိုင်ရေး ဆက်လက်ပူးပေါင်းဆောင်ရွက်ရန်ဟူသော အချက်သုံးချက်ကိုသာ မှတ်တမ်းတင်လက်မှတ်ရေးထိုးသွားမည်ဖြစ်သည်။

သို့ပါ၍ ကုန်သွယ်မှုသတင်းအချက်အလက်နှင့် ကုန်သွယ်မှုမြှင့်တင်ရေးအတွက် "တန်ဖိုးကွင်းဆက်တစ်လျှောက် ပါဝင်ပတ်သက်လုပ်ကိုင်နေသူများအား အချိန်နှင့်တစ်ပြေးညီ ကုန်သွယ်မှုသတင်းအချက်အလက်များကို ပံ့ပိုးပေးခြင်းဖြင့် ပို့ကုန်ဦးဆောင်သည့်တိုးတက်မှုဆီသို့" ဟူသော မျှော်မှန်းချက်နှင့်အညီ၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် ပို့ကုန်တိုးတက်ရေးအတွက် များစွာသော အခွင့်အလမ်းများကို ဆောင်ကျဉ်းပေးနိုင်မည့် ကုန်သွယ်မှုသတင်းအချက်အလက်ကွန်ရက်တစ်ခု ပေါ်ထွက်လာစေရေးအတွက် ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနနှင့် Founder member များက ဆွေးနွေးချက်မှတ်တမ်း (ROD) ကို သဘောတူလက်မှတ်ရေးထိုးခဲ့ကြပြီးဖြစ်ကြောင်း သတင်းရရှိပါသည်။

**မြတ်မြတ်စိုးမိုး-DOTP**

Vol: 16, No.12 Monday March 21 2016

# စားသုံးသူအကာအကွယ်ပေးရေး လက်ခုပ်သံမြိုင်မြိုင်တီးကြစို့

| မြင့်ဦး (ပခုက္ကူ) | ၁၈



ကျွန်တော်တို့ ဗုဒ္ဓဘာသာ မြန်မာလူမျိုးတွေဟာ တစ်ဦးနှင့်တစ်ဦးတွေ့ဆုံနှုတ်ဆက်သည်ဖြစ်စေ၊ ကြီးသူကို ငယ်သူက ဂါရဝတရားနှင့် ပူဇော်ရိုကျိုးသည်ဖြစ်စေ ဆုတောင်းပေးတတ်ကြပါတယ်။ “ကျန်းမာပါစေ ချမ်းသာပါစေ ကိုယ်စိတ်နှစ်ပါး စီးပွားမယွင်း ချမ်းသာကျန်းမာခြင်းနှင့် ပြည့်စုံပါစေ” ဆိုတာတွေပါ။ နောက်ဆုံး ဘုရားရှိခိုးရင်တောင် နောက်ဆုံး နိဗ္ဗာန်မဂ်ဖိုလ် ရက်တိုတိုဖြင့် ရောက်ရပါလို၏ဘုရား ဆိုတာတောင်းကြတယ် မဟုတ်ပါလား။ စာရေးသူဆိုလိုချင်တာက ကျန်းမာစေကြောင်း ချမ်းသာစေကြောင်းကို အဓိကထားပြီး ဆုပေးနေကြတယ်လို့ ပြောချင်တာပါ။ ကောင်းပြီ ချမ်းသာမှုဆိုတာ အတိတ်ဘဝက ဆောင်ရွက်ခဲ့သော ဒါနဥစ္စာထုပ်မြေဝယ်မြှုပ်ခဲ့မှ ပေးမှုကမ်းမှု လှူဒါန်းမှုအကျိုးဆက်ရယ် ပစ္စုပ္ပန်ဘဝမှာ ကိုယ်ရဲ့လုပ်ကိုင် ဆောင်ရွက်မှုရယ် ပေါင်းစည်းပြီး အကောင်အထည်ပေါ်တယ်။ ကျန်းမာမှုမှာရော သူလည်းပဲ အတိတ်ဘဝနဲ့ဆိုင်တဲ့ ကိစ္စပါပါတယ်။ လှသူ၊ ရုပ်ဆိုးသူ၊ ဖြူသူမည်းသူ၊ ပုသူရှည်သူစသည်ဖြင့်ပေ့ါလေ၊ ပစ္စုပ္ပန်မှာတော့ အစားအသောက် အရေးကြီးလှပါတယ်။ ခန္ဓာရလာပြီ ဆိုကတည်းက ဒီခန္ဓာကိုယ့်အတွက် လိုအပ်သောအာဟာရ အစားအသောက်စားပြီးဖြည့်ဆည်း ပေးရမှာဖြစ်ပါတယ်။

ဒီတော့ စားရမယ်ပေ့ါ၊ စားရတော့မယ်။ စားသောက်စရာပစ္စည်းတွေက မိမိကိုယ်တိုင် ထုတ်လုပ်နိုင်ပါသလား၊ မထုတ်လုပ်နိုင်ရင် ဝယ်ယူစားသုံးရမယ်။ ဒီလိုဝယ်ယူစားသုံးရမှာကို မိမိဝယ်ယူတဲ့ ပစ္စည်းဟာ ပင်ရင်းကို တိုက်ရိုက်ဝယ်ယူမှာလား ဒီလိုတော့ မဖြစ်နိုင်ပါဘူး။ ဥပမာ-ဧရာဝတီတိုင်းဒေသကြီးက ထွက်ရှိပို့လွှတ်တဲ့ ဆန်၊ သဘာဝသယံဇာတကပေးတဲ့ ငါးခြောက်၊ ငါးပိစတာတွေကို သက်ဆိုင်ရာ တိုင်းအလိုက် ဝင်ရောက်လာပါတယ်။ သက်ဆိုင်ရာ ပွဲရုံဈေးဆိုင်တွေဆီကို သွားဝယ်ယူရတာပေ့ါ၊ ကြားထဲမှာ ရောင်းသူက ဘယ်လို စေတနာထား ရောင်းချမလဲ။ ဝယ်ယူစားသုံးသူက ဘယ်လို အရှိတရားကို သတိထားဝယ်ယူစားသုံးမလဲဆိုတာ ဒီမှာ မထင်မှတ်တဲ့ပြဿနာတစ်ခုဖြစ်ပေါ်လာတာပါပဲ၊ ရောင်းချသူက ကုန်ပစ္စည်းဝယ်ယူသူကြိုက်အောင် လှတပတ အရောင်တွေသုံးမယ်။ ပြီးတော့ မပုပ်မသိုးအောင် တာရှည်ခံအောင် ဘာတွေအသုံးပြုမလဲဆိုတာတွေ ပါလာပါပြီ။ ဒါကပြည်တွင်းကိစ္စ။ အခြားတစ်ပါးသော နိုင်ငံက တင်သွင်းလာပြီဆိုရင်တော့ ပိုမိုကျယ်ပြန့်လာတာပေ့ါ၊ ဒါက ရောင်းသူအပိုင်း။

ဝယ်ယူသူကိုလည်း ပြန်ကြည့်ရပါဦးမယ်။ စားသောက်စရာကို မျက်စိပသာဒလှမှ စားမှာလား၊ ဖြူဖြူပြာပြာ နီနီဝါဝါ စိမ်းစိမ်း အရောင်ကလေးတွေပါမှ စားသုံးကြမှာလား၊ ရောင်းသူဘက်က ကိုယ့်အကျိုး ကျေးဇူးတစ်ခုတည်းကိုကြည့်ပြီး ဝယ်ယူစားသုံးသူဘာပဲဖြစ်ဖြစ်ဆိုတဲ့ အရောင်းအဝယ် သစ္စာဖောက်တာကို ဝယ်ယူစားသုံးသူက ကိုယ့်ကျန်းမာရေးအတွက် အဓိကလိုအပ်ချက် အာဟာရ ဆိုတာကို အဓိကမထားဘဲ နိုင်ငံခြားဖြစ်ကို အထင်ကြီးကာ လှပအောင် ပြုလုပ်ထားတဲ့ အရောင်ဆိုးထားတဲ့ အစားအစာတွေကို ကြိုက်နှစ်သက်တဲ့ စားသုံးသူက အသိတရားကို ဦးထိပ်ပန်ဆင် သတိထားရမယ်။ သစ္စာမရှိတာ ဒီအကျိုးဆက်က ဘာတွေဖြစ်ပေါ်လာပါသလဲ၊ အသက်ရှည်ရာအနာမဲ့ကြောင်းဆိုတဲ့ လမ်းပေါ်ကို မရောက်ဘဲ အသက်တိုရာ အနာပေါကြောင်းလမ်းပေါ်ကို ရောက်လာခဲ့ကြတယ်။

မြန်မာနိုင်ငံအနေနဲ့ ၂၀၁၄ ခုနှစ်ကစတင်ပြီး စားသုံးသူ အကာအကွယ်ပေးရေး လုပ်ငန်းတွေကို လှုပ်ရှား အကောင်အထည်ဖော်ခဲ့ပါတယ်။ နိုင်ငံတော်ရဲ့ ယန္တရားတစ်ခုဖြစ်တဲ့ စီးပွားရေးနှင့်ကူးသန်းရောင်း ဝယ်ရေးဝန်ကြီးဌာနက တာဝန်ယူ ဆောင်ရွက်ခဲ့ကြတာပါ။ မိတ်ဖက် အဖွဲ့အစည်းတွေလို့ပြောရမယ့် ကျန်းမာရေးဝန်ကြီးဌာန၊ FDAဌာနဆိုင်ရာ အဖွဲ့အစည်းတွေမဟုတ်တဲ့ ပုဂ္ဂလိကအဖွဲ့အစည်းတွေ အပါအဝင် ကြိုးစားပမ်းစားဆောင်ရွက်ခဲ့ကြလို့ ပြည်သူတွေ ကြား မှာ စားသုံးသူအကာအကွယ်ပေးရေးဆိုတဲ့ အသံတွေ များစွာကျယ် လောင်နေပါပြီ။ ကျွန်တော်တို့ကိုယ်တိုင် နယ်တွေကျောင်းတွေမှာ သွားပြီးဟောပြောကြရာ လက်ကမ်းစာစောင်တွေပေးဝေကြ၊ လိုအပ်တဲ့ ပိုစတာတွေ၊ ဗီနိုင်းတွေ ထောင်ပြကြ စိတ်ဝင်စားကြပါတယ်။ ဟောပြောပွဲအပြီး အပြန်အလှန် ဆွေးနွေးပွဲတွေမှာတော့ ဆွေးနွေး မှုနည်းတယ်။ လူကြားထဲမှာဆိုတော့ အလေ့အကျင့်မရှိတာ ကြောက်တာလည်းပါကြမှာပေ့ါ၊ ဒါပေမယ့် အပြင်မှာဆိုရင်တော့ မေးကြပါတယ်။ ဒီလိုရောင်းသူတွေကို ဘယ်လိုအရေးယူမှာလဲ ဒါတွေပဲမေးကြတယ်။ ကျွန်တော်တို့ ကျွန်မတို့က ဘာတွေရှောင်ကြဉ်ရမလဲဆိုတာ မပါပါဘူး။ သတင်းစာတွေ ဂျာနယ်တွေ တီဗီတွေမှာ ကျန်းမာရေးဝန်ကြီးဌာန၊ အစားအသောက်နဲ့ ဆေးဝါးကွပ်ကဲမှုဌာန၊ စားသုံးရန်မသင့်သော အစားအစာသုံးစွဲရန် မသင့်သော အလှကုန်ပစ္စည်း တွေရဲ့ ဆိုးကျိုးအပြစ်ဆိုတာတွေ ဆက်တိုက်ကြေညာပေးပါတယ်။

သက်ဆိုင်ရာ ဌာနဆိုင်ရာဆိုတာကလည်း ခက်တော့ခက်ပါတယ်။ တံဆိပ်တစ်ခု အဖွဲ့တစ်ဖွဲ့ ကုမ္ပဏီတစ်ခုက ထုတ်လုပ်တဲ့ ပစ္စည်းကိုသာ စစ်ဆေးစမ်းသပ်ခံ အတည်ပြုချက် ထုတ်ပေးနိုင်တာမျိုးပါ။ နေ့စဉ်စားနေကြတဲ့ (ပန်းမုန်လာ၊ မုန်လာထုပ်၊ ခါကြက်ဥ၊ မုန်လာဥဖြူ အခြားအသီးအရွက်) တွေ နေ့စဉ်စားနေတဲ့ အသားငါးတွေ ပုစွန်တွေကို နေ့စဉ်ရောင်းချနေကြတော့ ဘယ်အသီးအရွက် အသားငါးဈေးသည်ထံမှ ထောက်ခံချက်လာလုပ်ကြ မှာ မဟုတ်ကြပါဘူး။ ဒီအပေါ်မှာ အခွင့်အကောင်းယူပြီး ရောင်းချတဲ့ အသံတွေ သတင်းတွေ ကြားနေရပါတယ်။ ဥပမာ-ပုစွန် (အလတ်စားနဲ့ အကြီးစား)တွေ ရောင်းချတဲ့နေရာမှာ အလေးချိန်တိုးအောင် ပုစွန်ထုပ်ခေါင်းထဲကို ခဲချောင်းထည့်တယ်။ ဒီအပေါ်မှာ ရောင်းသူဘယ်လောက် အကျိုးအမြတ်ရှိသလဲ၊ ပုစွန်ထုပ်တစ်ကောင်ကို ဘယ်လောက် အလေးချိန်ရှိလို့ ဒီခဲချောင်း ဘယ်လောက်ပိုရမှာလဲ ။ ဝယ်ယူစားသုံးသူဘက်ကနစ်နာတာက ကိုယ်ဝယ်လို့ပေးရတဲ့ ငွေနဲ့ညီမျှထိုက်တန်တဲ့ အလေးချိန်ပြန်မရဘူး။ နစ်နာတယ်။ ဒါက အပရိကနစ်နာမှုကိုး။

အဓိကနစ်နာမှုက ဒီပုစွန်ထဲကထည့်ထားတဲ့ ခဲတွေက လူတွေကို ဘာဒုက္ခပေးနိုင်သလဲ။ လူကိုချက်ချင်းဒုက္ခ မပေးနိုင်ပေမယ့် နည်းနည်းချင်း စားရင်းစားရင်း ခန္ဓာကိုယ်ထဲမှာ ဒုက္ခပေးနိုင်တဲ့ ပမာဏ (Minimun Residual Limit-MRI) ရောက်လာပြီဆိုရင်တော့ ခဲဆိပ်တက်တဲ့ရောဂါ (Lead Poisoining ) ရလာမှာ ဖြစ်ပါတယ်။ ဒီခဲရဲ့ဂုဏ်သတ္တိက ခန္ဓာကိုယ်ရဲ့ ဦးနှောက်အာရုံကြောနဲ့ ကျောက်ကပ်တွေဆီမှာ ထိရောက်မှုရှိစေခဲ့ပြီး ဒါနဲ့ပတ်သက်တဲ့ ရောဂါတွေဖြစ်လာမှာပါ။ သတိလစ်မယ်၊ မေ့မျောသွားမယ်၊ နောက်ဆုံး အသက်ပါဆုံးရှုံးသွားမယ်။ ကဲလာပြီ အသက်သေတဲ့အထိ ဆုံးရှုံးရတဲ့ စားသုံးသူထိခိုက် နစ်နာမှု တော်တော်ကြီးမားတဲ့ ပေးဆပ်မှုပါ။ ဒါက ပုစွန်ခေါင်းထဲ ခဲချောင်းထည့်တဲ့ကိစ္စ။

ဒီပုစွန်တွေကို ဆပ်ပြာမှုန့် ရေဖျော်နစ်လိုက်တော့ ပြောင်တယ်၊ လတ်တယ်။ တစ်ခါဝယ်သူက ကိုင်ကြည့်တော့ ချော်သွားမယ်။ ဒီငါး ပုစွန်များ လတ်ဆတ်ချက်ကတော့ အရောင်ပြောင်လက်ချော်ထွက်နေတယ်ပေ့ါ။ ရောင်းချသူက ဝယ်ယူစားသုံးသူ လှည့်ဖြားတာ လေ့လာရသလောက် ဆပ်ပြာမှုန့်တွေထဲမှာ ဓာတုဗေဒပစ္စည်းပေါင်းများစွာပါတယ်ဆိုတာပါပဲ၊ အဲဒီပစ္စည်း ၁၂ မျိုးမှာ- Surfactants (Surface Active Agents) ရေမျက်နှာပြင်ကိုတင်းစေတယ် သို့မဟုတ် ရေမှာပါတယ် ဆီနဲ့ရေကို ခွဲထုတ်စေသောဓာတ်၊ Builders (ရေကိုသွက်စေသော ရေသွက်ဖြစ်စေတဲ့ ဓာတ်ပစ္စည်း)၊ Anti Redepo - sition Agent (အဝတ်လျှော်ရာမှ ထွက်လာတဲ့ အနယ်တွေကို အနည်မထိုင်စေဘဲ ရေနှင့်အတူ မျောပါစေသောဓာတ်)၊ Corrosion Inhibitor (ဆပ်ပြာကြောင့် ကြေးထည်ပစ္စည်းကွာကျမှုကို ကာကွယ်ပေးသော ဓာတ်ပစ္စည်း)၊ Bleach (ကြေး (ချေး) ချွတ်ဆေး)၊ Taed (Tetra Acetyl Ethylene Diamine (ကြေး (ချေး) ချွတ်ဆေးကို အထောက်အကူပြု ဓာတ်ပစ္စည်း)၊ Phosphonate (ချွတ်ဆေးကို အတိုင်းအတာအချိန်တစ်ခုအထိ ကြာရှည်စေရန်အားကူ ပေးသော ဓာတ်ပစ္စည်း)၊ Fluorescers (အရောင်တောက်ပြောင်စေသော ဓာတ်ပစ္စည်း)၊ Lather Control Agents- Suds Suppressor (အထူးသဖြင့် အဝတ်လျှော်စက်များ မပျက်စီးစေရန် ဆပ်ပြာအမြှုပ်များကို လိုအပ်သည်ထက် ပို၍မထွက်စေရန် ထိန်းချုပ်ပေးသောဓာတ်ပစ္စည်း)၊ Enzymes (ဓာတ်ကူပစ္စည်း)၊ Fragrances (အနံ့မွှေးစေသောဓာတ်ပစ္စည်း)၊ Preservative (အဝတ်များဆွေးမြေ့မသွားအောင် အရောင်မမှိန်အောင် ထည့်သော တာရှည်ခံ ဆေးဓာတ်ပစ္စည်း) တို့ဖြစ်ကြပါတယ်။

ဖော်ပြပါ ဓာတ်ပစ္စည်း ၁၂ မျိုးအားလုံး ဓာတုပစ္စည်းတွေပါ၊ ဒီဓာတုပစ္စည်းတွေမှာ လူတွေဖြစ်စေချင်သော အရာဝတ္ထု ဓာတ်ပစ္စည်းတွေဖြစ်သလို သူ့မှာလည်း ဘေးထွက်ဆိုးကျိုးတွေရှိနေမှာမလွဲပါ။ ထုတ်လုပ်စဉ် ရည်ရွယ်တာကိုက အဝတ်မှကပ်နေသောပေနေသော အညစ်အကြေးတွေကို စင်ကြယ်အောင် ဆေးကြောဖို့ ထုတ်လုပ်ထားတာပါ။ ဒီပစ္စည်းတွေကို စားမယ့်သောက်မယ့် ပစ္စည်းတွေကို အရောင်လှဖို့ လတ်ဆတ်တယ် ထင်အောင်လို့ အသုံးပြုတယ်။ ဒီဖော်ပြပါ ဓာတ်ပစ္စည်းတွေဟာ ပုစွန်များ ၊ ငါးများ အသားထဲကို အနည်းနဲ့အများ စိမ့်ဝင်သွားမှာဖြစ်ပါတယ်။ ဒါဆိုရင် ဒီပုစွန်တွေကို စားသုံးသူဘာဖြစ်မလဲဆိုတာ သေသေချာချာ စဉ်းစားဖို့ လိုပါမယ်။ ဒါဆိုရင် ဒီငါးစားတဲ့ပါးစပ် အစာအိမ်ခံနိုင်ပ့ါမလား။

➲ စာမျက်နှာ ၂၂ သို့


MYANMAR REFRESHING CO., LTD.
ရန်ကုန်ရောက်ပြီး Model အနိမ့်/အမြင့် ကားများအား ထိုက်တန်သောဈေးနှုန်းဖြင့် ရောင်းချပေးနေပါသည်။
1300 CC Model မြင့်ကားများကိုလည်း ရောင်းချပေးလျှက်ရှိပါသည်။
ရေကြောင်းအာမခံထားပေးခြင်း။
ဓာတ်ရောင်ခြည် သင့်မှု ရှိ၊ မရှိ စစ်ဆေးပေးခြင်း။
ဘဏ်စာရင်းဖွင့်လှစ်ပေးခြင်း။
သွင်းကုန်လိုင်စင်လျှောက်ထားပေးခြင်း။
L/C ဖွင့်လှစ်ပေးခြင်း။ ဝယ်ယူထားသော မော်တော်ယာဉ်အတွက် ပြည်ပမှ ရန်ကုန်ဆိပ်ကမ်းနှင့် အကောက်ခွန်ဦးစီးဌာနတွင် ရှင်းလင်းထုတ်ယူပေးခြင်း။
က-ည-န ရန်ကုန်တွင် ယာဉ်မှတ်ပုံတင်ပြီး လက်ဝယ်အရောက်အပ်နှံခြင်း။
အမှတ်(၉) ၊ ရတနာလမ်းနှင့် ခေမာသီလမ်းထောင့်၊ မိကျောင်းကန်အပိုင်း(၃)ရပ်ကွက် ၊ သဃ်န်းကျွန်းမြို့နယ် ၊ ရန်ကုန်မြို့။
၀၁-၇၅၅၀၆၀၂ ၊ ၀၉-၃၀၀၇၀၀၄၀ ၊ ၀၉-၅၁၆၇၇၇၇ ၊ ၀၉-၇၃၄၆၇၇၇၇
Email : myanmarrefreshing@gmail.com

## ပြောင်း

### ပြောင်းပုံမှန်တင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁ဝ၅)မိုင် ကုန်သွယ်ရေးဇုန်နဲ့ ကန်ပိုက်တီး ကုန်သွယ်ရေးစခန်းမှ မတ် ၅ ရက်မှ ၁၁ ရက်တာသီတင်းပတ်အတွင်း ကန်ဒေါ်လာ ၃ ဒသမ ၅၄၆ သန်းတန်ဖိုးရှိပြောင်း ၁၅၃၃၆ တန် တင်ပို့နိုင်ခဲ့ပါတယ်။ မူဆယ်မှ ၁၄၅၈၆ တန်နဲ့ ကန်ပိုက်တီးမှ တန် ၇၅ဝ တင်ပို့ခဲ့ပါတယ်။

ယခင်သီတင်းပတ်က မူဆယ်၊ လွယ်ဂျယ်နဲ့ ကန်ပိုက်တီးစခန်းများမှ ၁၅၃ဝ၇ တန်ကျော် တင်ပို့ခဲ့တာမို့ ယခုတစ်ပတ် ပြောင်းတင်ပို့မှုအနည်းငယ်ခန့်ပိုမိုလာပြီး တရုတ်ပြည်ကို ပြောင်းပုံမှန်တင်ပို့နေတယ်လို့ သိရပါတယ်။ မူဆယ်ကုန်စည်ဒိုင်မှာ ယခင်တစ်ပတ်က ပြောင်းတစ်တန်ဈေး ၂၆၅၁၇၅ ကျပ်ရှိရာမှ ယခုတစ်ပတ်တွင် ၂၇၇ဝ၅၄ ကျပ်သို့ပြောင်းဈေးအနည်းငယ်ပြန်တက်လာပါတယ်။ လားရှိုးဈေးကွက်မှာတော့ ပြောင်းကို တရုတ်ဘက်မှ ဝယ်လိုအားပုံမှန်ရှိပေမယ့် ရောင်းသူကုန်သည်တွေရဲ့ လက်ဝယ်မှာပြောင်းလက်ကျန် လျော့နည်းနေတယ်လို့ သိရပါတယ်။

**မော်မော်အောင်**

### တောင်ကြီးရှမ်းပြောင်း အဝင်ပါးပေမယ့် အဝယ်လိုက်

ဒီတစ်ပတ်မှာတော့ တောင်ကြီးဈေးကွက်မှာ ရှမ်းပြောင်းက အဝယ်လိုက်နေပါတယ်။ အထွက်ရဲ့ တစ်ဝက်မကကုန်သွားပါပြီ၊ အဝင်ကသိပ်ပြီးမရှိတော့ပါဘူး၊ ရှမ်းပြည်နယ်(တောင်ပိုင်း)မှာ ပြောင်းလက်ကျန်က တန်ချိန် ၁ဝ သိန်း၊ ၁၂ သိန်းခန့် ကျန်ရှိနေသေးတယ်လို့လည်း ဈေးကွက်က သိရှိရပါတယ်။ လောလောဆယ် လှောင်လက်တွေက အဝယ်ရပ်နေပြီး တိရစ္ဆာန်အစာစပ်သမားတွေသာ အဝယ်ရှိနေပါတယ်။

ရှမ်းပြောင်းက တစ်နှစ်ပတ်လုံး အရောင်းအဝယ်ဖြစ်တဲ့ သီးနှံဖြစ်ပြီး၊ အခုနှစ်ထွက်ပစ္စည်းတွေက နောက်တစ်ရာသီအထိ ရှိနေဦးမှာဖြစ်ပြီး နှစ်စဉ်လိုလို အရောင်းအဝယ်က ဆက်သွားလေ့ရှိပါတယ်။ တစ်ရက်ကို ပိဿာချိန် တစ်သိန်းခွဲခန့် အရောင်းအဝယ်ဖြစ်နေတယ်လို့လည်း သိရပါတယ်။ စီပီကုမ္ပဏီမှ တိရစ္ဆာန်အစာအတွက် တစ်နှစ်ကို တန်ချိန် နှစ်သောင်း၊ နှစ်သောင်းခွဲခန့် ဝယ်ယူလေ့ရှိပြီး ဒီနှစ်လည်း ဝယ်ယူနေတာ သတ်မှတ်ချက် ပြည့်ခါနီးပြီလို့ စီပီကုမ္ပဏီရဲ့ တာဝန်ခံတစ်ဦးထံက သိရပါတယ်။

တိရစ္ဆာန်အစာစပ်တွေရယ်၊ ရန်ကုန်၊ မန္တလေးကဝယ်လက်တွေ ဝယ်ယူနေတာကြောင့် တစ်ပတ်အတွင်းမှာ ပိဿာချိန် ရှစ်သိန်းမှ ဆယ်သိန်းအထိ အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ရန်ကုန်၊ မန်း ဝယ်လက်တွေ ဝယ်ယူတဲ့ ပြောင်းက တစ်ပိဿာ ၄၄၅ ကျပ်ဈေးရှိပြီး၊ အစာစပ်တွေဝယ်ယူတဲ့ ပြောင်းက ၄၈ဝ ကျပ်ဈေးရှိပါတယ်။

**ဇေခိုင်-တောင်ကြီး**

## ဝါ

### တရုတ်ပြည်သို့ ဝါတင်ပို့

ငွေခြည်-၆ ချည်မျှင်ရှည်ဝါ စိုက်ပျိုးမှုကို တောင်တွင်းကြီး၊ ပျော်ဘွယ်၊ ရမည်းသင်း၊ စလေ၊ ချောက်၊ အောင်လံ၊ ပေါင်းတည်နဲ့ ဝက်ထီးကန်ဒေသတွေမှာ အများဆုံး စိုက်ပျိုးကြပြီး၊ တရုတ်နိုင်ငံဈေးကွက်သို့ အဓိက တင်ပို့ရောင်းချလျက်ရှိပါတယ်။ မြန်မာ-တရုတ် နယ်စပ်ရှိ မူဆယ် (၁ဝ၅) မိုင်ကုန်သွယ်ရေးဇုန်ကနေ မတ် ၅ ရက်မှ ၁၁ ရက်တာကာလအတွင်း သုည ဒသမ ၅၉၈ သန်းတန်ဖိုးရှိငွေခြည်-၆ ချည်မျှင်ရှည်ဝါ ၂၃၉ တန်ကျော်ကို တင်ပို့နိုင်ခဲ့ပါတယ်။ ငွေချည်-၆ ဝါကို ၂ဝ၁၄ ခုနှစ် မတ်လမှစတင် တင်ပို့ခဲ့တာဖြစ်ပြီး ယခင်ကလိုင်စင်ဈေးဟာ တစ်တန်ကို ၂၂ဝဝ ဒေါ်လာရှိခဲ့ပြီး ယခု ၂၅ဝဝ ဒေါ်လာရှိတယ်လို့ သိရပါတယ်။

**မော်မော်အောင်**

## ဝဥ

### ဝဥခြောက် ပုံမှန်တင်ပို့လျက်ရှိ

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁ဝ၅)မိုင် ကုန်သွယ်ရေးဇုန်မှ မတ် ၅ ရက်မှ ၁၁ ရက်အတွင်း ကန်ဒေါ်လာ သုည ဒသမ ဝ၄ဝ သန်းဖိုးရှိ ဝဥခြောက် ၂ဝ တန်ခွဲ တင်ပို့ခဲ့ပါတယ်။ ယခင်ရက်သတ္တပတ်က ၃၇ တန်ခွဲ တင်ပို့ခဲ့တာမို့ မူဆယ်နယ်စပ်ကနေ ဝဥခြောက် ပုံမှန်တင်ပို့နေတာတွေ့ရပါတယ်။

ဝဥကို ပြည်တွင်းမှာ စားသုံးမှုနည်းပေမယ့် ပြည်ပနိုင်ငံတွေမှာတော့ တန်ဖိုးကြီး အစားအသောက်အဖြစ် ပြုလုပ်စားသောက်လေ့ရှိကြပြီး အဆီကျစေတဲ့ အာနိသင်လည်းရှိကြောင်း၊ ကိုလက်စထရောလည်း ကျစေကြောင်း၊ သွေးတိုး၊ ဆီးချို၊ နှလုံးရောဂါ၊ အူမကြီးရောဂါနဲ့ အဝလွန်ရောဂါများကို ကာကွယ်ပေးနိုင်တယ်လို့ ယုံကြည်မှုရှိကြောင်း သိရပါတယ်။

**မော်မော်အောင်**

## ရော်ဘာ

### ယခင်တစ်ပတ် တင်ပို့မှုထက် ရော်ဘာတန်ချိန် ၇ဝ ကျော် လျော့နည်းတင်ပို့

ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ မတ် ၆ ရက်မှ ၁၂ ရက်အထိ ကာလအတွင်း ကန်ဒေါ်လာ ၂ ဒသမ ၁၈၂ သန်းဖိုးရှိ ရော်ဘာ ၂၅ဝ၆ တန်ကို မလေးရှား၊ ဂျပန်နဲ့ ကိုရီးယားနိုင်ငံများသို့ တင်ပို့ခဲ့ပါတယ်။ မလေးရှားနိုင်ငံသို့ RSS-3 တန် ၁၅၉ဝ၊ MSR-20 ၄ဝ၂ တန်ခန့်၊ ဂျပန်နိုင်ငံသို့ MSR-20 ၃၁၃ တန် ၊ ကိုရီးယားနိုင်ငံသို့ TSR-20 ၂ဝ၂ တန်ခန့် တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်ထက် ၁၈၄၈ တန် ပိုမို တင်ပို့နိုင်ခဲ့ပါတယ်။ ဘဏ္ဍာနှစ်စ ဧပြီမှ မတ် ၁၂ ရက်ထိ မလေးရှားနိုင်ငံသို့ RSS-3 တင်ပို့နိုင်မှုမှာ ၈၈၄၈ တန်ခန့်နဲ့ MSR-20 ၃၂၃၅တန်၊ ဂျပန်နိုင်ငံသို့ MSR-20 တင်ပို့နိုင်မှုမှာ ၃၄၃၃ တန်၊ ကိုရီးယားနိုင်ငံသို့ MSR-20 ၈၅၇ တန်တင်ပို့ထားပြီး ဖြစ်ပါတယ်။

ကုန်သွယ်ရေးစခန်းများမှ ရော်ဘာတင်ပို့မှုမှာ မတ် ၅ ရက်မှ ၁၁ ရက်အထိကာလအတွင်း မူဆယ်ကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ သုည ဒသမ ၁၃၇ သန်းဖိုးရှိ RSS-3 ၁၃၂ တန်၊ ကန်ဒေါ်လာ သုည ဒသမ ၂၈၆ သန်းဖိုးရှိ MSR-20 ၃ဝ၃ တန် တင်ပို့ခဲ့ပြီး ယခင်တစ်ပတ်တင်ပို့မှုထက် ၇၂ တန် လျော့နည်းခဲ့ပါတယ်။

ယခုတစ်ပတ် နိုင်ငံတကာရော်ဘာဈေးအပြောင်းအလဲမရှိကြောင်းနဲ့ မြန်မာ့ရော်ဘာ FOB ဈေးလည်း ယခင်တစ်ပတ်အတိုင်း မပြောင်းလဲကြောင်း မြန်မာနိုင်ငံရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းမှ ထုတ်ပြန်ထားပါတယ်-

| | | | |
|---|---|---|---|
| **RSS 1** | **တစ်တန်လျှင်** | **ဒေါ်လာ** | **၁၁ဝဝ-၁၂ဝဝ** |
| **RSS 2** | **တစ်တန်လျှင်** | **ဒေါ်လာ** | **၁ဝ၅ဝ-၁၁၅ဝ** |
| **RSS 3** | **တစ်တန်လျှင်** | **ဒေါ်လာ** | **၁ဝဝဝ-၁၁ဝဝ** |
| **RSS 4** | **တစ်တန်လျှင်** | **ဒေါ်လာ** | **၉၅ဝ-၁ဝ၅ဝ** |
| **RSS 5** | **တစ်တန်လျှင်** | **ဒေါ်လာ** | **၉ဝဝ-၁ဝဝဝ** |
| **MSR (3)L** | **တစ်တန်လျှင်** | **ဒေါ်လာ** | **၁၂၅ဝ-၁၃၅ဝ** |
| **MSR 10** | **တစ်တန်လျှင်** | **ဒေါ်လာ** | **၁ဝဝဝ-၁၁ဝဝ** |
| **MSR 20** | **တစ်တန်လျှင်** | **ဒေါ်လာ** | **၉၅ဝ-၁ဝ၅ဝ** |
| **MSR 50** | **တစ်တန်လျှင်** | **ဒေါ်လာ** | **၈၅ဝ - ၉၅ဝ** |
| **Crepe Rubber** | **တစ်တန်လျှင်** | **ဒေါ်လာ** | **၈ဝဝ - ၉ဝဝ** |
| **Mixtures of Natural Rubber and Synthetic Rubber (99% RSS-3,1% SBR 1502)** | **တစ်တန်လျှင်** | **ဒေါ်လာ** | **၁ဝ၅ဝ -၁၁၅ဝ** |
| **Concentrate Latex 60% DRC** | **တစ်တန်လျှင်** | **ဒေါ်လာ** | **၆၆ဝ - ၇၁ဝ** |

**ယဉ်ယဉ်အေး**

### ရော်ဘာပေါ်လစီကို အိန္ဒိယနိုင်ငံတွင် ကြေညာတော့မည်

အိန္ဒိယတောင်ပိုင်း ရော်ဘာစိုက်ပျိုးသူများအသင်း (The United Planters' Association of Southern India UPASI) က နိုင်ငံတော် ရော်ဘာပေါ်လစီအား အစိုးရအနေနဲ့ မကြာမီကြေညာပေးရန် တိုက်တွန်းပြောကြားလိုက်တယ်လို့ ကမ္ဘာ့ရော်ဘာဈေးကွက်သတင်းမှာ မတ် ၁၄ ရက်က ဖော်ပြထားပါတယ်။ လွန်ခဲ့တဲ့ တစ်နှစ်ခွဲကျော်ကပင် ရော်ဘာကျွမ်းကျင်ပညာရှင်များကော်မတီ အစည်းအဝေးမှာ ဆွေးနွေးခဲ့တဲ့ ရော်ဘာပေါ်လစီကို ထုတ်ပြန်ပေးရန် တောင်းဆိုခဲ့ကြောင်း UPASI ရဲ့ ဥက္ကဋ္ဌ N-Dharmaraj က သတင်းစာရှင်းလင်းပွဲမှာ ပြောကြားခဲ့တယ်။

၂ဝ၁၁-၂ဝ၁၂ ခုနှစ်ကစပြီး ရော်ဘာထုတ်လုပ်မှုဟာ ဖြည်းဖြည်းချင်းလျော့နည်းနေပြီဖြစ်ပါတယ်။ ရော်ဘာခြံစိုက်ရှင်များရဲ့ ရော်ဘာအစေးခြစ်မှုဟာလည်း စုစုပေါင်း ရော်ဘာစိုက်ခင်းများရဲ့ ၅၆ ရာခိုင်နှုန်းကိုသာ အစေးခြစ်နိုင်တော့တယ်လို့ ဆိုပါတယ်။

ရော်ဘာထုတ်လုပ်မှု ကုန်ကျစရိတ်၊ ဖြန့်ဖြူးမှု ကုန်ကျစရိတ်များရဲ့ ဟန်ချက်မညီမှုဟာလည်း များစွာကွာခြားနေပြီဖြစ်ပါတယ်။ မူဝါဒအသစ် ချမှတ်ရာမှာ ရော်ဘာအဆင့်အလိုက် ထုတ်လုပ်ရမယ့် ပမာဏရည်မှန်းချက် သွင်းကုန်ရည်မှန်းချက်နဲ့ ဈေးနှုန်းတည်ငြိမ်ရေး တည်တံ့ရေးပြဿနာများကို ထည့်သွင်းစဉ်းစားချမှတ်ရန် လိုအပ်ကြောင်း အဆိုပါသတင်းမှာဖော်ပြထားပါတယ်။

**CMK**

### ၂ဝ၁၅ ခုနှစ်အတွင်း တရုတ်နိုင်ငံမှ ကန်ဒေါ်လာ ၁၃ ဘီလီယံကျော်ဖိုးရှိ တာယာများတင်ပို့နိုင်ခဲ့

၂ဝ၁၅ ခုနှစ်တွင် တရုတ်နိုင်ငံသည် အမေရိကန်ဒေါ်လာ ၁၃ ဒသမ ၈၄၆ ဘီလီယံဖိုးရှိ တာယာ အလုံးရေ ၄၄ ဒသမ ၄၅၁ သန်းကို တင်ပို့နိုင်ခဲ့ကြောင်းနဲ့ ၂ဝ၁၄ ခုနှစ်ကတင်ပို့မှုထက် ၆ ဒသမ ၅၈ ရာခိုင်နှုန်း လျော့နည်းခဲ့တယ်လို့ မတ် ၁ဝ ရက်က ထုတ်ပြန်ခဲ့တဲ့ Global Rubber Market News သတင်းမှာ ဖော်ပြထားပါတယ်။ ယခုနှစ်အတွင်း ကမ္ဘာ့ရော်ဘာဈေးကျဆင်းနေတာနဲ့အမျှ တာယာထုတ်လုပ်မှု ကုန်ကျစရိတ်လည်း ကျဆင်းနေတာကြောင့် တာယာရောင်းဈေးများလည်းလျော့နည်းခဲ့ရတာဖြစ်ကြောင်း ဈေးကွက်နဲ့ သုတေသနမှထုတ်ပြန်တဲ့ ဈေးကွက်သတင်းအစီရင်ခံစာအရ သိရပါတယ်။

တရုတ်နိုင်ငံထုတ်တာယာများကို အမေရိကန်နိုင်ငံ အပါအဝင် ဒေသပေါင်း ၂ဝဝကျော်ကို တင်ပို့ လျက်ရှိပြီး အမေရိကန်နိုင်ငံသည် တရုတ်တာယာဈေးကွက်အတွက် အကြီးဆုံးဖြစ်ပါတယ်။ ဥရောပသမဂ္ဂသည် အမေရိကန်နိုင်ငံပြီးလျှင် ဒုတိယနေရာမှာရှိနေပါတယ်။ ထို့အပြင် အာရပ်စော်ဘွားများနိုင်ငံ၊ မက္ကဆီကို၊ ရုရှား၊ ဆော်ဒီအာရေဗျနဲ့ ဩစတြေးလျနိုင်ငံတို့သည်လည်း တာယာအများအပြား ဝယ်ယူတဲ့နိုင်ငံများဖြစ်ကြပါတယ်။

၂ဝ၁၆ ခုနှစ်မှာတော့ တရုတ်နိုင်ငံမှ တာယာတင်ပို့မှုမှာ ကမ္ဘာ့စီးပွားရေးအခြေအနေနဲ့ ပြည်တွင်း လိုအပ်ချက်နည်းလာတဲ့အတွက် လျော့ကျလာဖွယ်ရှိပါတယ်။ တစ်ဖက်မှ ဥရောပနိုင်ငံများနဲ့ ဂျပန်နိုင်ငံတို့မှ တက်သစ်စ စီးပွားရေးလုပ်ငန်းများရဲ့ ကြီးထွားမှုနှေးကွေးနေခြင်းဟာ တာယာလိုအပ်ချက်နဲ့ ပတ်သက်မှု ရှိနေပါတယ်။ တရုတ်နိုင်ငံမှာ တာယာထုတ်လုပ်မှုလုပ်ငန်းအနေနဲ့ လာမယ့်ကာလအတွင်း ကမ္ဘာ့ဈေးကွက်မှာ ဆက်လက်တည်တံ့ရန်နဲ့ ထုတ်ကုန် စဉ်ဆက်မပြတ်တိုးမြှင့်တင်ပို့နိုင်ရေး မျှော်လင့်နေကြတယ်လို့ သတင်းမှာဖော်ပြထားပါတယ်။

**MIRT**

သင့်ကျန်းမာရေး

# ကူးစက်မြန် ဦးနှောက်အမြှေးရောင်ရောဂါ

ဒေါက်တာလွင်သန့်

**ကူးစက်မြန်ဦးနှောက်အမြှေးရောင်ရောဂါသည်** Neisseria meningitidis ရောဂါပိုးကြောင့်ဖြစ်ရတယ်။

ရောဂါပိုးရက်မှာ နှစ်ရက်မှ ၁၁ ရက်အထိ ပျမ်းမျှ သုံးရက်မှ လေးရက်ကြာမြင့်တယ်။ ကူးစက်ပျံ့နှံ့ပုံအရ လူနာချောင်းဆိုးခြင်း၊ နှာချေခြင်းမှ တိုက်ရိုက်ကူးစက်နိုင်တယ်။ ရောဂါဖြစ်သူရဲ့ ချွဲ၊ သလိပ်၊ ခန္ဓာကိုယ်အရည်၊ အသုံးအဆောင်ပစ္စည်းများကို ထိတွေ့ခြင်းတို့မှ ကူးစက်နိုင်ပါတယ်။ အများအားဖြင့် လူအများစုပေါင်းနေထိုင်တဲ့ စားရိပ်သာများ၊ ဘားတိုက်များမှာဖြစ်တယ်။

**ရောဂါလက္ခဏာများက** လတ်တလော အပြင်းအထန်ဖျားခြင်း၊ အပြင်းအထန် ခေါင်းကိုက်ခြင်း၊ အန်ခြင်း၊ ဇက်တောင့်ခြင်း၊ ကြွက်သားများ နာကျင်ခြင်း၊ အရေပြားမှာ သွေးခြေဥများထွက်ခြင်း၊ အန်ခြင်း၊ မှိန်းခြင်း၊ သတိလစ်ခြင်း၊ တက်ခြင်း၊ သွေးလန့်ခြင်းတို့ဖြစ်တယ်။ ငယ်ထိပ်မပိတ်သေးတဲ့ တစ်နှစ်အောက်ကလေးများမှာ ငယ်ထိပ်ဖောင်းခြင်း၊ တင်းခြင်းတို့ဖြစ်နိုင်ပါတယ်။

**ကူးစက်မြန် ဦးနှောက်အမြှေးရောင်ရောဂါဟာ** အသက်ဆုံးရှုံးမှုနဲ့ ရောဂါပြန့်ပွားမှုမှ ကာကွယ်နိုင်ဖို့ နီးစပ်ရာကျန်းမာရေးဌာနမှာ စောစောဆေးကုသမှုခံယူဖို့လိုတယ်။ သတင်းပို့ဖို့လိုမယ်။ ထိရောက်သေချာတဲ့ ကုသမှု၊ မိသားစုဆရာဝန်တို့နဲ့ ပြသဖို့လိုပါတယ်။

**ကြိုတင်ကာကွယ်ခြင်းမှာ** တစ်ကိုယ်ရည်သန့်ရှင်းမှုကို ဂရုပြုဆောင်ရွက်ခြင်း၊ နှာချေ၊ ချောင်းဆိုးရင် လက်ကိုင်ပုဝါနဲ့ ဖုံးအုပ်ခြင်း၊ တံထွေး၊ သလိပ်ကို စည်းကမ်းမဲ့ထွေးခြင်းမှ ရှောင်ရမယ်။

ရောဂါဖြစ်ပွားသူများ၊ သံသယရှိသူများနဲ့ တွေ့ဆုံဖို့လိုအပ်ရင်၊ ရောဂါမကူးစက်စေဖို့ နှာခေါင်းနဲ့ ပါးစပ်ဖုံးအုပ်ထားတဲ့ မျက်နှာဖုံး အကာအကွယ်နှင့်အခြားအကာအကွယ်ပစ္စည်းများ အသုံးပြုရမယ်။ ပွဲလမ်းသဘင်၊ လူစည်ကားတဲ့နေရာနဲ့ ဖုံထူထပ်တဲ့နေရာများကို ရှောင်ကြဉ်ရမယ်။

**ကူးစက်မြန်ဦးနှောက်အမြှေးရောင်ပြုစုကုသသူနဲ့** လူနာစောင့်များ၊ ဆေးကြိုတင်သောက်ထားဖို့လိုမယ်။ ဒီဖရန် (၅၀၀ မီလီဂရမ်) နှစ်လုံးနှစ်ကြိမ်သောက်သုံးဖို့လိုပြီး၊ လူနာပြုစုချိန် နှာခေါင်းစည်း၊ ပါးစပ်စည်းနှင့် လက်အိတ်၊ ခြေအိတ်ဝတ်ဆင်ထားဖို့လိုမယ်။ စနစ်တကျဆေးကြောသန့်ရှင်းပြီး မိမိရဲ့အဝတ်အစားသစ် ဝတ်ဆင်ပြီးမှ အပြင်ထွက်သင့်ပါတယ်။

**လူနာရဲ့စားကြွင်းစားကျန်များစနစ်တကျစွန့်ပစ်ဖို့** လိုအပ်သလို၊ လူနာမကုန်တဲ့စားကြွင်းစားကျန်များ စွန့်ပစ်ဖို့လိုမယ်။ စားသောက်ခြင်း မပြုသင့်ပါ။ သီးခြားခွဲထားကာ စနစ်တကျဆေးကုသမှုခံယူဖို့လိုပါမယ်။ ဆေးကုသမှုနှောင့်နှေးရင် " သွေးဆိပ်တက်ပြီး " သေဆုံးနိုင်ပါတယ်။

## ဆေးယဉ်ပါးတီဘီရောဂါဆိုင်ရာအသိ ပညာပေးလှုပ်ရှားမှုတစ်ရပ်ကို ကျန်းမာရေးဝန်ကြီးဌာနမှစတင်

ကျန်းမာရေးဝန်ကြီးဌာနသည် မြန်မာနိုင်ငံအတွင်း တီဘီရောဂါနှင့် ဆေးယဉ်ပါးတီဘီရောဂါဖြစ်ပွားမှုကို လျှော့ချရန် ထောင်စုနှစ်ဖွံ့ဖြိုးတိုးတက် ရေးရည်မှန်းချက်သုံးမျိုးရန်ပုံငွေ (The Three Millennium Development Goal Fund-3MDG) ၏ပံ့ပိုးကူညီမှုဖြင့် အသိပညာပေးလှုပ်ရှားမှုတစ်ရပ်ကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မတ် ၁၆ ရက်က ကျန်းမာရေးဝန်ကြီးဌာနက ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတစ်ရပ်အရ သိရသည်။

အဆိုပါလှုပ်ရှားမှုတွင် တီဘီရောဂါသည် ကုသပျောက်ကင်းနိုင်သည့်ရောဂါဖြစ်ပြီး အခမဲ့ကုသပေးခြင်းဖြစ်ပြီး တီဘီရောဂါတိုက်ဖျက်ရန်အတွက် အားလုံးပူးပေါင်းဆောင်ရွက်ကြရန်လိုအပ်ကြောင်းကိုလည်း အသိပေးတိုက်တွန်းထားကြောင်း ဖော်ပြထားသည်။

မြန်မာနိုင်ငံသည် တီဘီရောဂါဖြစ်ပွားမှု အများဆုံးနိုင်ငံ ၃၀တွင် ပါဝင်နေပြီး တီဘီရောဂါဖြစ်ပွားမှုမှာ ကမ္ဘာ့ ဖြစ်ပွားမှုနှုန်းထက် သုံးဆမြင့်ကာ အာရှတိုက်တွင် တီဘီဖြစ်ပွားမှုအများဆုံးနိုင်ငံများစာရင်းတွင် ပါဝင်နေကြောင်း သိရသည်။

လူဦးရေ တစ်သိန်းတွင်နှစ်စဉ်တီဘီ လူနာအသစ် ၃၇၀ ခန့် ဖြစ်ပွားမည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ခန့်မှန်းထားသည်။

"တီဘီရောဂါကို စနစ်တကျကုသမှု မခံယူရင် အသက်အန္တရာယ်ကိုပါ ထိခိုက်နိုင်ပါတယ်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ရဲ့ ခန့်မှန်းချက်အရ မြန်မာနိုင်ငံမှာ တီဘီလူနာနှစ်သိန်းလောက် နှစ်စဉ် တွေ့ရှိနေရပါတယ်။ ဒါကြောင့် ကျွန်တော်တို့အနေနဲ့ ကျန်းမာရေးဝန်ကြီးဌာန၊ အမျိုးသားတီဘီတိုက်ဖျက်ရေးစီမံကိန်းရဲ့လှုပ်ရှားမှုကို ပံ့ပိုးကူညီခွင့်ရတာဟာ ဒီရောဂါကိုတိုက်ဖျက်ဖို့အတွက် တစ်ဖက်တစ်လမ်းက ကူညီပံ့ပိုးရာ ရောက်ပါတယ်။ ဒီလှုပ်ရှားမှုရဲ့တစ်စိတ်တစ်ပိုင်းအဖြစ် နိုင်ငံကျော်အဆိုတော် စိုင်းစိုင်းခမ်းလှိုင်ကလည်း တီဘီရောဂါစစ်ဆေးကုသမှုတွေကို နိုင်ငံတစ်ဝန်းမှာ အခမဲ့ရရှိနိုင်တယ်ဆိုတာကို မေတ္တာနဲ့ သတင်းစကားဖြန့်ဝေပေးထားပါတယ်"ဟု 3MDG ၏ရန်ပုံငွေ ညွှန်ကြားရေးမှူး ဒေါက်တာပေါလ်ဆဲန်ဒါက ပြောကြားခဲ့သည်။

လာမည့် မတ် ၂၄ ရက်တွင်ကျရောက်မည့်ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့ အခမ်းအနားကို ကျင်းပမည်ဖြစ်ပြီး ယင်းအခမ်းအနားတွင် ကျန်းမာရေးဆိုင်ရာ ကျွမ်းကျင်သူများက တီဘီရောဂါကာကွယ်ရေး၊ ကုသရေး အကြောင်းအရာများနှင့်တကွ မည်သည့်နေရာများတွင် အခမဲ့စစ်ဆေးကုသနိုင်သည်များကို ပြောကြားသွားမည်ဖြစ်ကြောင်း သိရသည်။


"တီဘီရောဂါဟာ အသက်အန္တရာယ်ရှိပြီး ကူးစက်နိုင်ခြေမြင့်မားတဲ့ ရောဂါဖြစ်ပေမယ့် ကုသလို့ရတဲ့ ရောဂါဖြစ်ပါတယ်။ ၁၉၉၀ပြည့်နှစ်နဲ့ နှိုင်းယှဉ်ပြီး တီဘီဖြစ်ပွားမှုနဲ့သေဆုံးမှုတွေကို ၅၀ရာခိုင်နှုန်းလျှော့ချဖို့ ကြိုးပမ်းဆောင်ရွက်နေကြပါတယ်။ ကျန်းမာရေးဝန်ကြီးဌာန၊ အမျိုးသားတီဘီရောဂါတိုက်ဖျက်ရေးစီမံကိန်းအနေနဲ့ ၂၀၅၀ ပြည့်နှစ်မှာ တီဘီရောဂါကို ပြည်သူ့ ကျန်းမာရေးပြဿနာတစ်ရပ်အဖြစ်ကနေ ဖယ်ရှားပစ်နိုင်ဖို့ ကြိုးပမ်းဆောင်ရွက်နေပါတယ်"ဟု ကျန်းမာရေးဝန်ကြီးဌာန အမျိုးသားတီဘီရောဂါတိုက်ဖျက်ရေး စီမံကိန်းမှာ စီမံကိန်းမန်နေဂျာ ဒေါက်တာစည်သူအောင်ကပြောကြားခဲ့သည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ယခုနှစ် တီဘီရောဂါတိုက်ဖျက်ရေးနေ့အတွက် ချမှတ်ထားသည့်ဆောင်ပုဒ်မှာ "တီဘီရောဂါကင်းဝေးဖို့ အားလုံးပူးပေါင်း ဆောင်ရွက်စို့"( Unite to End TB) ဖြစ်ကြောင်း သိရသည်။ **မယ်သီတာ**

## ကိုးလ်ဂိတ်၏ သွားနှင့်ခံတွင်း ကျန်းမာရေးလ အစီအစဉ်တွင် ပြည်သူ ခြောက်သောင်းကျော်ကို သွားနှင့်ခံတွင်းအခမဲ့စစ်ဆေးပေးခဲ့

ကိုးလ်ဂိတ်၏ သွားနှင့်ခံတွင်း ကျန်းမာရေးလအစီအစဉ်အဖြစ် နှစ်စဉ် ဖေဖော်ဝါရီလ တစ်လလုံးကို ပြုလုပ်ပေးခဲ့ရာ အဆိုပါကျန်းမာရေးအစီအစဉ်တွင် ပြည်သူပေါင်းခြောက်သောင်းကျော်ကို သွားနှင့်ခံတွင်း အခမဲ့စစ်ဆေးခြင်းကို ပြုလုပ်ပေးနိုင်ခဲ့ကြောင်း ကိုးလ်ဂိတ်၏ သတင်းထုတ်ပြန်ချက်များအရ သိရသည်။

အဆိုပါ အရေအတွက်သည် ၂၀၁၅ ခုနှစ်က အရေအတွက်ထက်




၅၀၀၀ ကျော် ပိုမိုခဲ့ကြောင်း သိရသည်။

ကိုးလ်ဂိတ်၏ စတုတ္ထအကြိမ်မြောက် သွားနှင့်ခံတွင်းကျန်းမာရေးလအစီအစဉ်ကို မန္တလေးမြို့တွင် အခမ်းအနားဖြင့် စတင်ခဲ့ပြီး မြန်မာနိုင်ငံသွားနှင့်ခံတွင်း ဆရာဝန်များအသင်းမှ အမှုဆောင်များနှင့် အကယ်ဒမီ ချောရတနာတို့တက်ရောက်ခဲ့ကြသည်။

အဆိုပါအစီအစဉ်ကို မြန်မာနိုင်ငံတစ်ဝန်းတွင် သွားနှင့်ခံတွင်းဆိုင်ရာ အသိပညာပေးမှုမြှင့်တင်ရန်နှင့် သွားနှင့်ခံတွင်း ကျန်းမာရေးအခမဲ့စစ်ဆေးပေးနိုင်ရန်ရည်ရွယ်၍ လုပ်ဆောင်ခြင်းဖြစ်ပြီး မြန်မာနိုင်ငံ အထက်ပိုင်းတွင် ဆေးရုံနှင့်ဆေးခန်း ၁၁၃ ခု၊ မန္တလေးမြို့တွင် ဆေးရုံနှင့် ဆေးခန်း ၁၀၅ ခု၊ ရန်ကုန်မြို့တွင် ဆေးရုံနှင့်ဆေးခန်း ၁၆၈ ခုအပါအဝင်မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ဆေးရုံနှင့်ဆေးခန်းပေါင်း ၄၁၄ ခုတို့ ပါဝင်ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ယခုနှစ်တွင် ပြုလုပ်ခဲ့သည့် အဆိုပါအစီအစဉ်တွင် ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့ရှိ ဆေးရုံနှင့်ဆေးခန်းများ ပထမဆုံးအကြိမ်အဖြစ် ပါဝင်နိုင်အောင် လုပ်ဆောင်ခဲ့သည်။ ကချင်ပြည်နယ် တစ်ခုတည်းတွင် ကိုးလ်ဂိတ်မှ ပူးပေါင်းပါဝင်မည့် ဆေးခန်းအရေအတွက်ကို ၂၀၁၅ ခုနှစ်တွင် ၁၈ ခုမှ ယခုနှစ် ၂၀၁၆ ခုနှစ်တွင် ၂၆ ခုအထိ တိုးမြှင့်နိုင်ခဲ့ပြီး ရှမ်းပြည်နယ်တွင် ၂၀၁၅ ခုနှစ်က ဆေးခန်း တစ်ခန်းသာပါဝင်ခဲ့ရာမှ ယခု ၂၀၁၆ခုနှစ်တွင် သုံးခန်းအထိထပ်မံပါဝင်လာခဲ့ကာ စစ်ကိုင်းတိုင်းဒေသကြီးတွင်လည်း သွားနှင့်ခံတွင်းအခမဲ့ စစ်ဆေးနိုင်မည့် ဆေးခန်း ၁၂ ခန်းအထိရှိလာစေရန် လုပ်ဆောင်နိုင်ခဲ့သည်။

အဆိုပါအစီအစဉ်များ၏ တိုက်ရိုက်အကျိုးရလဒ် တစ်ခုအနေဖြင့် ကောင်းမွန်သည့် သွားနှင့်ခံတွင်းစောင့်ရှောက်မှု၏ အရေးပါခြင်းအသိပညာများသည် ၂၀၁၆ ခုနှစ်တွင် ပိုမိုတိုးတက်လာခဲ့ပြီး ကျေးလက်နေမြန်မာပြည်သူများသည် လွန်ခဲ့သည့် ငါးနှစ်အတွင်း သွားနှင့်ခံတွင်းဆိုင်ရာ အသိပညာများ ၅၀ ရာခိုင်နှုန်း ခန့်တိုးတက်လာခဲ့ကြောင်း မြန်မာနိုင်ငံ သွားနှင့်ခံတွင်းဆရာဝန်များအသင်း၊ ဒုတိယဥက္ကဋ္ဌ ဒေါက်တာအောင်သန်းက ပြောကြားခဲ့သည်။

**မယ်သီတာ**

## ကိုရီးယားနိုင်ငံရှိ မြန်မာကုန်သွယ်မှုဗဟိုဌာနပြခန်းအတွက် မြန်မာ့ထုတ်ကုန်ပစ္စည်းများ ပေးပို့နိုင်ရန်ဖိတ်ခေါ်

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနနှင့် Myanmar Inspection and Testing Services Korea Co.,Ltd (MITSK) တို့ပူးပေါင်း၍ ကိုရီးယားသမ္မတနိုင်ငံ၊ ဆိုးလ်မြို့၌ ဇန်နဝါရီ ၂၅ ရက်တွင် မြန်မာကုန်သွယ်မှုဗဟိုဌာန Myanmar Trade Center(Seoul) ကို ဖွင့်လှစ်ခဲ့ပါသည်။ ၎င်းစင်တာသည် မြန်မာနိုင်ငံ၏ နိုင်ငံခြားတွင်ဖွင့်လှစ်သည့် ပထမဆုံး ကုန်သွယ်မှုစင်တာဖြစ်ပါသည်။ မြန်မာကုန်သွယ်မှုစင်တာ(ဆိုးလ်)တွင် ကိုရီးယားနှင့် နိုင်ငံတကာမှလုပ်ငန်းရှင်များမှ လေ့လာ ဝယ်ယူ နိုင်ရန်နှင့် ကုန်သွယ်မှုတိုးမြှင့်ရန်ရည်ရွယ်၍ မြန်မာ့ထုတ်ကုန်ပစ္စည်းများကို ပြသထားမည်ဖြစ်ပါသည်။ ယခုကဲ့သို့ ပြည်ပနိုင်ငံ များတွင် ကုန်သွယ်မှုစင်တာများ ဖွင့်လှစ်ခြင်းဖြင့် ကုန်သွယ်မှု သတင်းအချက်အလက်များ၊ ပို့ကုန်နှင့်ပတ်သက်သည့် စာရွက်စာတမ်းများကို ထိရောက်လွယ်ကူစွာ ဖြန့်ဝေနိုင်ခြင်း၊ ပို့ကုန်ပစ္စည်းများကို ခင်းကျင်းပြသထားခြင်းဖြင့် မြန်မာ့ ကုန်စည်များကို တိုက်ရိုက်လေ့လာနိုင်ပြီး၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် ချိတ်ဆက်ပေးနိုင်ခြင်းများကို ဆောင်ရွက် ပေးနိုင်မည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ စိတ်ပါဝင်စားသည့် ပို့ကုန်လုပ်ငန်းရှင်များအနေဖြင့် မိမိတို့၏ ထုတ်ကုန်ပစ္စည်းနမူနာများ၊ လက်ကမ်းကြော်ငြာများအား အဆိုပါ စင်တာတွင် ထားရှိလိုပါက ရန်ကုန်မြို့ ကမ်းနားလမ်းနှင့် ရွှေဘုံသာလမ်းထောင့်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ Myanmar Trade Center ဒုတိယထပ်၊ ဖုန်းနံပါတ် ၀၁-၂၅၄၀၂၄ ဖက်စ် ၀၁-၂၅၄၀၂၃ နှင့် Email: itpic.moc@gmail.com သို့ ဆက်သွယ်မေးမြန်းပေးပို့နိုင်ပါကြောင်း သတင်းကောင်းပေးအပ်ပါသည်။

➲ စာမျက်နှာ ၁၈ မှ အဆက်

နောက်တစ်ခု "ဖော်မလင်" ကို ဂယနဇာ သေသေချာချာမသိရင်တောင် ကြားဖူးနားဝရှိနေကြပါပြီ။ ဒါကလည်း ကျွန်တော်တို့ဌာနနဲ့ မိတ်ဖက်အဖွဲ့အစည်းများ စည်းရုံးလှုံ့ဆော် ဟောပြောစည်းရုံးမှုကြောင့်လို့ ပြောရမှာပါ။ လူတွေသေရင် ရုပ်ဝေးရောက်နေတဲ့ ဆွေမျိုးသားသမီးတွေကို စောင့်ရင်း မပုပ်မသိုးအောင် ထိုးရတဲ့ဆေး။ နောက်လူနဲ့ တိရစ္ဆာန်တွေရဲ့ အသားစကို ကိုယ်တွင်းအင်္ဂါ (Tissue and Organ) တွေကို မပုပ်မသိုးအောင် ဆေးစိမ်ရာမှာသုံးတဲ့ပစ္စည်း။ ဒီဖော်မလင်ကို ပုစွန်အသားငါးတွေထဲ ဆေးထိုးအပ်နဲ့ ထိုးထားကြပါ တယ်။

ဒီနေရာမှာ ကဏ္ဍလေးတွေကို ခွဲကြည့်ရအောင်ပါ "ထုတ်လုပ် ရောင်းချ ဖြန့်ဖြူးသူအပိုင်းရယ်"၊ "ဝယ်ယူစားသုံးသူ အပိုင်းရယ် "၊ "နိုင်ငံတော်အပိုင်းရယ်" လို့ တွေ့ရပါတယ်-

- နိုင်ငံတော်အပိုင်းအနေနဲ့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနကို တာဝန်ပေးထားတယ်။ ဌာနကလည်း တာဝန်ယူပြီး ကျေပွန်အောင်ဆောင်ရွက်တယ်။ မိတ်ဖက်အဖွဲ့အစည်းတွေနဲ့ ပေါင်းစည်းလုပ်ဆောင်တယ်။ ဒါ့ကြောင့်လည်း ပြည်သူတွေကြားမှာ စားသုံးသူအကာအကွယ် ပေးရေးဆိုတဲ့ အသံလှိုင်းမြင့်တက်နေတယ်။
- ထုတ်လုပ်ရောင်းချဖြန့်ဖြူးသည့်အပိုင်း ဘယ်သူတွေ ဒုက္ခရောက်ရောက် ရောဂါရရ။ ငါအကျိုးအမြတ်ရဖို့ တစ်ခုတည်းကိုသာ ဦးတည်လုပ်ဆောင်နေမယ်ဆိုရင် ကိုယ်တစ်ဦးတည်းက ကုန်ပစ္စည်းအားလုံးကို ထုတ်လုပ် ဖြန့်ဖြူးရောင်းချတာ မဟုတ်ပါဘူး။ ကိုယ်မထုတ်လုပ်တဲ့ပစ္စည်းကို ကိုယ်က ပြန်လည်ဝယ်ယူသုံးစွဲရပါလိမ့်ဦး မယ်။ တူသောအကျိုးပေးတတ်ပါတယ်။
- နောက်ဆုံး ဝယ်ယူစားသုံးသူအပိုင်း နိုင်ငံခြားဖြစ်မှ နီနီ ဝါဝါ ပြာပြာစိမ်းစိမ်း ကလေးမှဆိုတဲ့ အစားအသောက်ကို ပါးစပ်နဲ့တင်မစားဘဲ မျက်စိကအရင်စားတဲ့အကျင့် မိမိဝယ်ယူစားသုံးတဲ့ အစားအစာပစ္စည်းဟာ ကိုယ့်မိသားစုနဲ့တကွ ပတ်ဝန်းကျင်အတွက် တကယ်စားသုံးသင့်ရဲ့လားဆိုတဲ့ သတိနဲ့ယှဉ် အသိနဲ့ဆင်ခြင် စားသုံးကြဖို့လိုနေတယ်ဆိုတာ အသိတရား တစ်ခုထားစေချင်ပါတယ်။ ဒီ သုံးခုသာ တက်ညီ လက်ညီ ဆောင်ရွက်လုပ်ဆောင်နိုင်ကြရင် စားသုံးသူ အကာအကွယ်ပေးရေး လက်ခုပ်သံမြိုင်မြိုင်တီးနိုင်မှာ ဖြစ်ပါတယ်။

"အစားအသောက် အသုံးအဆောင်များကြောင့်ဖြစ်တဲ့ ရောဂါဘယကင်းဝေးကြပါစေ"

# MPT က သုံးစွဲသူမိဘပြည်သူများအတွက် လိုတရ ဝက်ဘ်ပေါ်တယ်လ်ကို စတင်လွှင့်တင်

မြန်မာနိုင်ငံ၏ ပထမဆုံးဦးဆောင်ဆက်သွယ်ရေး အော်ပရေတာဖြစ်သော မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း (MPT) သည် သုံးစွဲသူမိဘပြည်သူများအတွက် အတွေ့အကြုံသစ်များကိုပေးနိုင်မည့် ပထမဆုံးသော "လိုတရ" web portal ကို စတင်ကြောင်း MPT က ထုတ်ပြန်ကြေညာခဲ့သည်။ အဆိုပါဝက်ဘ်ပေါ်တယ်လ်ကို အသုံးပြုလိုသူများအနေဖြင့် http://lotayamm.com တွင် သွားရောက်ရယူနိုင်ပြီဖြစ်သည်။

အဆိုပါဝက်ဘ်ပေါ်တယ်လ်သည် မြန်မာပြည်ရှိသုံးစွဲသူများ လိုအပ်သော အချက်အလက်များအားလုံးကို တစ်နေရာတည်းတွင်ရရှိနိုင်ရန် ဒီဇိုင်းရေးဆွဲထားခြင်းဖြစ်သည်။ ပြီးပြည့်စုံသော အချက်အလက်များ၊ အသုံးဝင်မှုများကို ၂၄ နာရီပတ်လုံး လက်တစ်ချက်ထောက်လိုက်ရုံဖြင့် တစ်နေရာတည်းတွင် စုံလင်စွာရရှိနိုင်မည်ဖြစ်သည်။

"လိုတရ"ကို သုံးစွဲခြင်းဖြင့် မြန်မာနိုင်ငံနှင့် ကမ္ဘာတစ်ဝန်းရှိ နောက်ဆုံးရသတင်းများကို အချိန်နှင့်တစ်ပြေးညီ သိရှိစေနိုင်မည်ဖြစ်သည်။ မိုးလေဝသဆိုင်ရာ အချက်အလက်များ၊ နိုင်ငံခြားငွေလဲနှုန်းများနှင့် အခြားသော MPT၏ ထပ်ဆောင်းဝန်ဆောင်မှုများ အကြောင်းအရာများကိုလည်း ကြည့်ရှုနိုင်သည်။

ယင်းဝက်ဘ်ပေါ်တယ်လ်ကိုမြန်မာဘာသာစကားဖြင့် ကြည့်ရှုနိုင်မည်ဖြစ်ပြီး ပထမဆုံးစာမျက်နှာသို့ ဝင်ရောက်မှုအတွက် မည်သည့်အင်တာနက် data ဖိုးမျှ ကုန်ကျမည်မဟုတ်ကြောင်း သိရသည်။

အဆိုပါ "လိုတရ"ဝက်ဘ်ပေါ်တယ်လ်တွင် Google Search box ၊ မိုးလေဝသဆိုင်ရာ သတင်းအချက်အလက်များ၊ ငွေလဲနှုန်းနှင့်ငွေကြေးဖလှယ်ခြင်းများ၊ သတင်းများကို ကြည့်ရှုနိုင်မည်ဖြစ်ကြောင်း သိရသည်။

**မယ်သီတာ**

# သင်္ကြန်ပွဲတော်မတိုင်မီကာလ အရောင်းအဝယ်အေးပြီး စလစ်ဈေးတန်းမြင့်တက်

ရန်ကုန်မြို့ ကားဈေးကွက်မှာ မတ်လ ဒုတိယပတ်နှင့် တတိယပတ်ကာလအတွင်းအရောင်းအဝယ်ပြန်အေးနေပြီး လတ်တလောကျယ်ကျယ်ပြန့်ပြန့်လုပ်ဆောင်နေသည်မှာ အခွန်ဆောင် အမည်ပြောင်းကိစ္စများပင်ဖြစ်ကြောင်း သိရသည်။

ဒေါ်လာဈေး သိသိသာသာကျဆင်းနေသော်လည်း ကားအရောင်းအဝယ်မှာမူအေးနေပြီး စလစ်ဈေးမှာလည်း ယခင်ရက်သတ္တပတ်ခန့်ကထက် ၁၀ သိန်းကျော်ခုန်တက်သွားကြောင်း အပ်ကားများရှားပါးလာမှုမှာ အဓိကအကြောင်းရင်းဖြစ်သော်လည်း ရန်ကုန်ကားဈေးကွက်တွင်ပို၍ စလစ်ဈေးတက်မှုဖြစ်စေသည်မှာ ဆိပ်ကမ်းအရောက်ကားတန်ဖိုး သတ်မှတ်ချက်မှာ ယခင်ကထက် မြင့်တက်လာ၍ အဓိကလူကြိုက်များ၊ လူသုံးများကားများဈေးတန်းတက်ရိပ်ပြကာ စလစ်ဈေးများပါ မြင့်တက်ကုန်ခြင်းဖြစ် ကြောင်း၊ ယခင်လဆန်းပိုင်းက ၆၅ သိန်းဝန်းကျင်တန်းရှိသော စလစ်ဈေးသည် ယခုတစ်ပတ်အတွင်း ၇၈ သိန်းမှ သိန်း ၈၀ အထိဖြစ်လာကြောင်း ရန်ကုန်ဈေးကွက်ရှိ အင်ဂျင်ပါဝါသေးကားဈေးကွက်အတွက် အဓိကကားပါကင်ခေတ္တဆိုင်းငံ့ထားခြင်းကလည်း ဈေးတက်ရန် အကြောင်းဖန်လာသဖြင့် ဈေးကွက် ပိုမိုအေးစက်လာရခြင်းဖြစ်ကြောင်း လှိုင်ယာဉ်ရောင်းဝယ်ရေးစခန်းမှ ကိုမြင့်ကျော်က ပြောသည်။

ကားဈေးကွက်အတွင်း ဈေးမာပြီး အရောင်းအေးနေရခြင်းမှာ အကြောင်းတိုက်ဆိုင်မှုများ များပြားနေပြီး ၁၀ တန်းစာမေးပွဲဖြေဆိုနေသောကာလဖြစ်သလို အစိုးရအပြောင်းအလဲကာလလည်း ဖြစ်ပေါ်နေသဖြင့် လူအများမှာ မူဝါဒအပြောင်းအလဲရှိနိုင်သည်ဆိုသည့် အမြင်နှင့်စောင့်ကြည့်နေကြခြင်းတို့ကြောင့်လည်း ဈေးကွက်အေးစက်နေရကြောင်း သိရသည်။

သို့ရာတွင် မကြာခင်ရောက်ရှိလာတော့မည့် သင်္ကြန်ပွဲတော်နှင့် ရက်ရှည် ကျောင်းပိတ်ရက်များရှိလာတော့မည်ဖြစ်သဖြင့် ယခင်နှစ်များကဲ့သို့ ခရီးသွားကားများ အရောင်းအဝယ်ပြန်ဖြစ်လာနိုင်သလို သင်္ကြန်ကာလအတွက် ပစ်ကပ်ကားများလည်း ဈေးကွက်ပြန်ရလာနိုင်ကြောင်း၊ လတ်တလောဈေးကွက်အတွင်းအခြေအနေမှာ အထွေထွေကိစ္စများနှင့် အခွန်သတင်းများကြောင့်အကွာရာတစ်တန်း၊နှစ်တန်းသုံးတန်းနိမ့်ကားများအား လူအဝယ်များသလို လက်ကိုင်ထားသည့် သူများက အမည်ပြောင်းကြပြီးများသောအားဖြင့် လိုင်စင်သက်တမ်းအသစ်တိုးပြီး ကားများအား ပိုမိုရွေးချယ်လာကြကြောင်း သိရသည်။

**SN**

## ရန်ကုန်မြို့ တစ်ပတ်အတွင်း မော်တော်ယာဉ်ဈေးနှုန်းများ

| စဉ် | အမျိုးအစား/MDL | အကွာရာ | ဈေးနှုန်း | မှတ်ချက် |
|---|---|---|---|---|
| ၁။ | ကာလ်ဒီးနားဗင် (၂၀၀၃) | ယာယီ | ၁၉၀ သိန်း | 1.8 ဓာတ်ဆီ |
| ၂။ | ပရိုဘောက် (၂၀၁၁) | 1L | ၁၂၀ သိန်း | 1.5 ဓာတ်ဆီ |
| ၃။ | ဗီလ်ဒါ (၂၀၀၉) | ယာယီ | ၁၈၀ သိန်း | 1.5 ဓာတ်ဆီ |
| ၄။ | ခရောင်းဆလွန်း (၂၀၀၄) | ယာယီ | ၃၄၀ သိန်း | 3.0 ဓာတ်ဆီ |
| ၅။ | အာဗီအာ (၂၀၁၀) | 1J | ၂၇၀ သိန်း | 1.8 ဓာတ်ဆီ |
| ၆။ | အာဗီအာ (၂၀၁၁) | ယာယီ | ၃၄၀ သိန်း | 1.8 ဓာတ်ဆီ |
| ၇။ | ကိုလ် (မစ်ဆူဘီရှီ) (၂၀၁၀) | ယာယီ | ၉၅ သိန်း | 1.3 ဓာတ်ဆီ |
| ၈။ | ဟွန်ဒါမီနီထရပ် (၂၀၀၆) | ယာယီ | ၆၃ သိန်း | 660 စီစီ |
| ၉။ | အပ်ကား | နှစ် ၂၀ | ၇၆ သိန်း | |

➲ စာမျက်နှာ ၃ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့် မှ အဆက်

ပါမစ်ထုတ်ပေးခြင်းဆိုင်ရာလုပ်ငန်းများကို ကြီးကြပ်စစ်ဆေးခြင်းတို့ဖြစ်ပါကြောင်း၊ ယာဉ်အို/ယာဉ်ဟောင်း အစားထိုးပါမစ်အား ၂၀၁၁ ခုနှစ် စက်တင်ဘာ ၂၀ ရက် တွင် စတင်ခွင့်ပြုခဲ့ပြီး ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီ ၂၉ ရက်အထိ ငါးနှစ်တာကာလအတွင်း မော်တော်ယာဉ် ၁၃၉၁၈၅ စီး၊ အရောင်းစင်တာမှ ဝယ်ယူခြင်းအတွက် မော်တော်ယာဉ် ၆၅၅၄၉ စီး၊ စုစုပေါင်း ၂၀၄၇၃၄ စီးအား အိုဟောင်းယာဉ်များအပ်နှံစေ၍ အစားထိုး တင်သွင်းခွင့်ပြုခဲ့ပြီး နိုင်ငံခြားသင်္ဘောသားများ၊ နိုင်ငံခြားရေးဝန်ထမ်းများ၊ ပြည်ပအလုပ်သမားများ အပါအဝင် လူပုဂ္ဂိုလ်တစ်ဦးချင်း လျှောက်ထားမှုကို ၂၀၁၁ ခုနှစ် နိုဝင်ဘာ ၁ ရက်မှစတင်ခွင့်ပြုခဲ့ပြီး ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီ ၂၉ ရက်အထိ ငါးနှစ်တာကာလအတွင်း မော်တော်ယာဉ် ၃၀၈၅၉၁ စီးခွင့်ပြုခဲ့ကြောင်း၊ ထိုကဲ့သို့ခွင့်ပြုရာတွင် ယာဉ်အို/ယာဉ်ဟောင်းအစား ထိုးပါမစ်ခွင့်ပြုမှုအတွက် စီးရေ ၂၀၄၇၃၄ စီးမှာ အပ်နှံယာဉ်အတွက် အစားထိုးတင်သွင်းခြင်းသာ ဖြစ်သဖြင့် ယာဉ်စီးရေတိုးလာခြင်းမရှိဘဲ၊ နိုင်ငံသားတစ်ဦးလျှင် ယာဉ်တစ်စီးတင်သွင်းခွင့် မူဝါဒအရခွင့်ပြု ခဲ့သည့် ယာဉ်စီးရေ ၃၀၈၅၉၁ စီးသာတိုးလာခြင်း ဖြစ်သည့်အတွက် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ငါးနှစ်တာကာလအတွင်း ပျမ်းမျှခွင့်ပြုမှုမှာ တစ်နှစ်လျှင် ယာဉ်စီးရေ ခြောက်သောင်းခန့်ဖြစ်ပါကြောင်း၊ မြန်မာတစ်နိုင်ငံလုံးရှိပြည်သူများ မော်တော်ယာဉ် ဝယ်ယူရာတွင် လွယ်လင့်တကူ ဝယ်ယူနိုင်ရေးအတွက် နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်နှင့် အညီမော်တော်ယာဉ်အရောင်းပြခန်းနှင့်မော်တော်ယာဉ် အရောင်းစင်တာများ ဖွင့်လှစ်ပေးနိုင်ခဲ့ပြီး ပြည်သူများအနေနှင့် မော်တော်ယာဉ်အသစ်များအား မော်တော်ယာဉ် အရောင်းပြခန်းများမှ လည်းကောင်း၊ ယာဉ်အို/ယာဉ်ဟောင်းလဲလှယ်ခြင်း အစီအစဉ်အရတင်သွင်းခဲ့တဲ့ မော်တော်ယာဉ်များနှင့် တစ်ဦးချင်းအစီအစဉ်ဖြင့် တင်သွင်းတဲ့ မော်တော်ယာဉ်များအား မော်တော်ယာဉ် အရောင်းစင်တာများမှလည်းကောင်း လွယ်လင့်တကူ ဝယ်ယူနိုင်ခဲ့ကြောင်း၊ မိမိတို့ဝန်ကြီးဌာနအနေဖြင့်ဖွင့်လှစ်ခွင့်ပြုထားတဲ့ မော်တော်ယာဉ်အရောင်းပြခန်းနှင့် မော်တော်ယာဉ်အရောင်းစင်တာများ စည်းကမ်းတကျရှိရေး မော်တော်ယာဉ်အရောင်း စင်တာစစ်ဆေးရေးအဖွဲ့များ ဖွဲ့စည်း၍ ကြပ်မတ်စစ်ဆေး ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်၏ စီစဉ်ဆောင်ရွက်ပေးမှုကြောင့် မော်တော်ယာဉ်များ တင်သွင်းမှုလွယ်ကူချောမွေ့စွာ ဆောင်ရွက်နိုင်ခဲ့ပြီး ပြည်သူများ ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစီးနင်း နိုင်ခဲ့ပါကြောင်း၊ အဆိုပါ မော်တော်ယာဉ် တင်သွင်းခြင်းမှတစ်ဆင့် နိုင်ငံတော်အတွက်လည်း အခွန်ငွေ မြောက်များစွာရရှိခဲ့ပါကြောင်းဖြင့် ပြောကြားခဲ့ပါသည်။

ယင်းနောက် အစည်းအဝေးတက်ရောက်လာကြသည့် ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်ရာတွင် တွေ့ကြုံရသည့် အခက်အခဲများအား တင်ပြကြရာတင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက သက်ဆိုင်ရာလုပ်ငန်းဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သတင်းရရှိသည်။

# မွန်ပြည်နယ်အတွင်း ဒေသစီးပွားဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြု ပညာပေးဆွေးနွေးပွဲကျင်းပ



မွန်ပြည်နယ်အတွင်းရှိကုန်သည်လုပ်ငန်းရှင်များ၊ အသင်းအဖွဲ့များ ကုန်သွယ်မှုဗဟုသုတရရှိစေရန် ရည်ရွယ်ပြီး မွန်ပြည်နယ် ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာနမှ ကြီးမှူး၍ ဒေသစီးပွား ဖွံ့ဖြိုးတိုးတက်ရေး အထောက် အကူပြု ပညာပေးဆွေးနွေးပွဲကို မတ် ၁၁ ရက် နံနက်က ပြည်နယ်ဦးစီးမှူးရုံးမှာ ကျင်းပပြုလုပ်ခဲ့ပါတယ်။

အဆိုပါ ပညာပေးဆွေးနွေးပွဲတွင် ပြည်နယ်ဦးစီးမှူး ဦးစိုးသန်းအေးက ကုန်သွယ်မှုနှင့် ASEAN, AFTA, AEC အကြောင်း သိကောင်းစရာများ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ရည်မှန်းချက်၊ မျှော်မှန်းချက်များ၊ ပို့ကုန်/သွင်းကုန် မူဝါဒများ၊ အသေးစား အလတ်စားစက်မှုလုပ်ငန်းများ ရှင်သန်တိုးတက်ရေး အကြောင်းအရာများကို ရှင်းလင်းဆွေးနွေးခဲ့ပြီး၊ ဆွေးနွေးပွဲသို့ မော်လမြိုင်၊ သထုံ၊ ကျိုက်မရော၊ မုဒုံမြို့နယ်တို့မှ ကုန်သည်လုပ်ငန်းရှင်များ၊ ဆန်စက်လုပ်ငန်းရှင်များ၊ ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များ စုစုပေါင်း ၇၀ ဦး တက်ရောက်ခဲ့ကြောင်း သိရပါတယ်။

အလားတူ ဒေသစီးပွားဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြု ပညာပေးဆွေးနွေးပွဲကို မတ် ၁၅ ရက်က ချောင်းဆုံမြို့နယ်၊ ကွှန်းသာယာခန်းမမှာ ကျင်းပပြုလုပ်ခဲ့ရာ ဆွေးနွေးပွဲသို့ ဌာနဆိုင်ရာအကြီးအကဲများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ စက်မှုလက်မှုလုပ်ငန်းရှင်များ၊ ရပ်ကွက်၊ ကျေးရွာကော်မတီဝင်များ စုစုပေါင်း ၁၀၀ တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါတယ်။

**အောင်လွင်၊**
**မင်းနောင် - မော်လမြိုင်**

# မြဝတီမြို့တွင် "SMEs ဖွံ့ဖြိုးတိုးတက်ရေးမှ ကုန်သွယ်မှု ဖွံ့ဖြိုးရေးသို့" ဆွေးနွေးပွဲကျင်းပ

ကရင်ပြည်နယ် မြဝတီမြို့တွင် မတ် ၁၅ ရက်နံနက်က ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ ကရင် CCI တို့ပါဝင်တဲ့ အဖွဲ့က "အသေးစားအလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးရေးမှ ကုန်သွယ်မှုဖွံ့ဖြိုးရေးသို့"ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲကို ကျင်းပခဲ့ပါတယ်။ ဆွေးနွေးပွဲသို့ မြဝတီခရိုင် အုပ်ချုပ်ရေးမှူးနှင့် ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာများ၊ မြို့နယ်ဖွံ့ဖြိုးရေးအထောက်အကူပြုဥက္ကဋ္ဌနဲ့ အဖွဲ့ဝင်များ၊ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းရှင်များ၊ နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းရှင်များ၊ အသင်းအဖွဲ့များမှ ပုဂ္ဂိုလ်များ စုစုပေါင်း ၁၄၀ ခန့် တက်ရောက်ခဲ့ပါတယ်။

ဆွေးနွေးပွဲတွင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူး ဒေါ်အိကလျာနိုင်၊ စက်မှုကြီးကြပ် ပြည်နယ်ဦးစီးမှူး ဦးရဲထွန်းတို့က ဌာနရဲ့ ရည်မှန်းချက်၊ လုပ်ငန်းတာဝန်များ၊ ဆောင်ရွက်နေသည့် လုပ်ငန်းများ၊ ဝန်ဆောင်မှုပေးနိုင်သည့် သင်တန်းများနဲ့ SME ဥပဒေများအကြောင်း ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးခဲ့ပါတယ်။ ကရင် CCI အတွင်းရေးမှူး ဦးစိုးသိန်းက အသင်း ဖွဲ့စည်းထားမှု၊ အသင်းရည်ရွယ်ချက်များ ဆောင်ရွက်ချက်များ၊ ပြည်တွင်းပြည်ပအသင်းအဖွဲ့များနဲ့ ဆက်စပ်ဆောင်ရွက်နေမှုများနှင့် အသင်းပြန်လည်ဖွဲ့စည်းရာတွင် ပါဝင်ကြရန် ဆွေးနွေးပြီးနောက် ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးတင့်ဆန်းက ဝန်ကြီးဌာနနှင့် ဦးစီးဌာန၏ ဦးတည်ချက် မျှော်မှန်းချက်၊ လုပ်ငန်းတာဝန်များ ဖွဲ့စည်းထားရှိမှု၊ ကုန်သွယ်မှုအခြေအနေများ၊ အခွင့်အလမ်းများ ပြုပြင်ပြောင်းလဲဆောင်ရွက်နေမှုများ၊ တရားမဝင်ကုန်သွယ်မှုကြောင့် SMEs များနှင့် စားသုံးသူများအပေါ် ရိုက်ခတ်မှုများ၊ ယှဉ်ပြိုင်နိုင်ရေးအတွက် ပြင်ဆင်သင့်သည်များကို ဆွေးနွေးခဲ့ပါတယ်။

တက်ရောက်လာသူများအနက် လယ်ယာလုပ်ငန်းရှင် ဒေါ်ရွှေပြည်တော်က လယ်ယာကဏ္ဍဖွံ့ဖြိုးရေးအတွက် ချေးငွေရရှိရေး မေးမြန်းရာ မြဝတီစိုက်ပျိုးရေးဦးစီးဌာနတာဝန်ခံက မေးမြန်းမှုကို ပြန်လည်ရှင်းလင်းပြီး စီးပွားရေးလုပ်ငန်းရှင် ဦးစောရွှေဝင်းက ခရီးသွားလာရေးလုပ်ငန်းများအကြောင်း မေးမြန်းရာ မြဝတီမြို့နယ် အုပ်ချုပ်ရေးမှူးနှင့် ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူးတို့က အသေးစိတ် ပြန်လည်ရှင်းလင်းခဲ့ပါ တယ်။

ဆက်လက်ပြီး စီးပွားရေးလုပ်ငန်းရှင် ဦးသောင်းလှိုင်က တစ်နိုင်တစ်ပိုင်အိမ်တွင်းစက်ချုပ် လုပ်ငန်းအကြောင်းမေးမြန်းရာ စက်မှုကြီးကြပ် ပြည်နယ်ဦးစီးမှူး ဦးရဲထွန်းက ပြန်လည်ရှင်းလင်းခဲ့ကြောင်း သိရပါတယ်။

**ထွန်းနိုင်လင်း-ကရင်**

# ဖျာပုံမြို့နယ် မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း မြို့နယ်အသင်းခွဲ၏ အမှုဆောင်အသစ်များ ပြန်လည်ရွေးချယ်ခြင်း အခမ်းအနားကျင်းပ

မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်း ဖျာပုံမြို့နယ်အသင်းခွဲ၏ ၂၀၁၆ မှ ၂၀၁၉ အထိ သက်တမ်းကာလအတွက် အမှုဆောင်အသစ်များ ပြန်လည်ရွေးချယ် ဖွဲ့စည်းခြင်းအခမ်းအနားကို မတ် ၁၃ ရက် နံနက်ပိုင်းက ဖျာပုံမြို့နယ် ဆန်စက်လုပ်ငန်းရှင်များအသင်းရုံး အစည်းအဝေးခန်းမမှာ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရပါတယ်။

အဆိုပါအခမ်းအနားသို့ မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်း ဗဟိုမှ ဥက္ကဋ္ဌ ဦးတင်ဝင်း၊ ဧရာဝတီတိုင်းဒေသကြီး မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်းမှ ဒုတိယဥက္ကဋ္ဌ ဦးတင်အောင် ရွေးချယ်တင်မြှောက်ပွဲ ကော်မရှင်အဖြစ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်လတ်လတ်ထွေး၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနမှ ဒုတိယခရိုင်ဦးစီးမှူး ဒေါ်တင်တင်အေးနှင့် ဝန်ထမ်းများ၊ ဆန်စက်ကြီးနဲ့ ငါးပုံဟာလာဆန်စက်မှ ဆန်စက်လုပ်ငန်းရှင်များ စုစုပေါင်း ၂၇ ဦး တက်ရောက်ကြပါတယ်။

အဆိုပါအခမ်းအနားတွင် မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်အသင်း ဗဟို ဥက္ကဋ္ဌ ဦးတင်ဝင်းက သဘာပတိအဖြစ် ဆောင်ရွက်ပြီး အဖွင့်အမှာစကားပြောကြားကာ ဧရာဝတီတိုင်းဒေသကြီး ဒုတိယဥက္ကဋ္ဌ ဦးတင်အောင်က ဖွဲ့စည်းပုံထားရှိမှုနဲ့ အလုပ်အမှုဆောင် ရွေးချယ်ပုံစနစ်တို့အား အကျယ်တဝင့် ရှင်းလင်းပြောကြားသွားပါတယ်။

ထို့နောက် အများသဘောဆန္ဒအရ လျှို့ဝှက်ဆန္ဒမဲပေးပြီး ရွေးချယ်ရာ နာယကအဖြစ် ဦးဘဟိန်း၊ ဦးအေးကြိုင်၊ ဦးသိန်းလှိုင်၊ ဦးတင်အေးတို့ကို လည်းကောင်း၊ ဥက္ကဋ္ဌအဖြစ် ဦးအုန်းဟန်နှင့် ဒုတိယဥက္ကဋ္ဌ ဦးမိုးဇော်၊ ဦးဝင်းလှိုင်တို့ကိုလည်းကောင်း၊ အတွင်းရေးမှူးအဖြစ် ဦးကျော်ဝင်းသန်းကို လည်းကောင်း၊ ဘဏ္ဍာရေးမှူးအဖြစ် ဦးအေးလွင်နှင့် တွဲဖက်ဘဏ္ဍာရေးမှူးအဖြစ် ဦးဇင်မင်းထိုက်တို့ကို လည်းကောင်း၊ စာရင်းစစ်မှူးအဖြစ် ဦးမြစိန်နှင့် တွဲဖက်စာရင်းစစ်မှူး ဦးသီဟအောင်တို့ကို လည်းကောင်း အသီးသီးရွေးချယ်ခဲ့ကြပါတယ်။ ဧရာဝတီတိုင်းဒေသကြီး ကိုယ်စားလှယ်အဖြစ် ထပ်မံရွေးချယ်ခဲ့ကြရာ ဦးအုန်းဟန်၊ ဦးမိုးဇော်၊ ဦးဝင်းလှိုင်နှင့် ဦးကျော်ဝင်းသန်း စတဲ့ လေးဦးတို့အား ရွေးချယ်ခဲ့ကြတယ်လို့ သိရပါတယ်။

**မင်းဇော်မွန်-ဖျာပုံ**

## ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Trade Promotion and Information Service(TPIS) များ၏ Contact Points များ


| | | |
|---|---|---|
| (၁) | ရန်ကုန်တိုင်းဒေသကြီး | ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။ Fax:01-254023, Ph:01-250270,254019 email: ygnmapt@gmail.com |
| (၂) | ပဲခူးတိုင်းဒေသကြီး(အနောက်) | ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။ Fax : 053-28220, Ph : 053-28032,28020 |
| (၃) | ပဲခူးတိုင်းဒေသကြီး(အရှေ့) | အောင်မြေသာရပ်ကွက်၊ ပိုလန်ဝင်း၊ ပဲခူးမြို့။ Ph : 052-2221844, 2221108, 2221036 |
| (၄) | ဧရာဝတီတိုင်းဒေသကြီး | ပုသိမ်မြို့။ Fax : 042-21811, Ph: 042-24520,24522 email: yiyinaingwin@gmail.com |
| (၅) | မန္တလေးတိုင်းဒေသကြီး | မန္တလေးမြို့။ Fax : 02-36340, Ph: 02-36342,36339 email: mdymapt@gmail.com |
| (၆) | ရခိုင်ပြည်နယ် | စစ်တွေမြို့။ Fax:043-23426,Ph:043-23426 |
| (၇) | မကွေးတိုင်းဒေသကြီး | အစိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။ Fax : 063-23199, Ph : 063-23196,23197 |
| (၈) | ရှမ်းပြည်နယ်(တောင်ပိုင်း) | အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့။ Ph:081-2121615, Fax:081-2121627, email:dtptaunggyi@gmail.com |
| (၉) | ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။ Fax:084-21034,Ph:084-21034 |
| (၁၀) | ရှမ်းပြည်နယ်(မြောက်ပိုင်း) | အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။ Fax:082-23493,Ph:082-23039 |
| (၁၁) | ကရင်ပြည်နယ် | ဘားအံမြို့။ Fax:058-21666,Ph:058-21041 |
| (၁၂) | တနင်္သာရီတိုင်းဒေသကြီး | ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။ Fax:059-41012,Ph:059-41012 |
| (၁၃) | ကချင်ပြည်နယ် | အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။ Fax:074-22459,Ph:074-22459 |
| (၁၄) | ကယားပြည်နယ် | (၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါ်လမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။ Fax:083-21005,Ph:083-21005 |
| (၁၅) | မွန်ပြည်နယ် | အမှတ်(၄)ကမ်းနားလမ်း၊ ရွှေတောင်ရပ်၊ ဘုရင့်ရုံရှေ့၊ မော်လမြိုင်မြို့။ Fax:057-24728, Ph:057-24318 |
| (၁၆) | စစ်ကိုင်းတိုင်းဒေသကြီး | သာစည်လမ်း၊ ဒေါနခြံရပ်၊ မီးရထားသံလမ်းနှင့် ဗိုလ်ချုပ်ကြေးရုပ်ကြား၊ မုံရွာမြို့။ Fax : 071-23630, Ph:071-23630,22924 |

စီးပွားရေးအောင်မြင်ရန် သတင်းအချက်အလက်ကို အခြေခံ

Vol: 16, No.12 Monday March 21 2016


## (၇) နေ့ သားသမီးများအတွက်
## စီးပွားရေး အကြံပေး ဟောကိန်း
## ၂၁-၃-၂၀၁၆ မှ ၂၇-၃-၂၀၁၆ ရက်နေ့ထိ

ဒေါ်မြတ်မြတ်အေး
(မြန်မာနိုင်ငံ ဝေဒသုတေသနအဖွဲ့)




**တနင်္ဂနွေသားသမီးများအတွက်** ပြည်ပနှင့် ဆက်သွယ်သော စီးပွားရေး လုပ်ငန်းများအဆင်ပြေတိုးတက်မှုရှိလာလိမ့်မည်။ အထူးသဖြင့် ယာဉ် စက်နှင့်ပတ်သက်သော စီးပွားရေးလုပ်ငန်း ပိုမိုအကျိုးဖြစ်ထွန်းမှုရှိနေတတ်ပါသည်။ ပညာရေးကောင်းနေမည်။ အချစ်ရေးတွင် တစ်ဦးနှင့်တစ်ဦးစကားနိုင်လုပြောခြင်းဖြင့် ရန်ပြုသည့်သဘောရောက်နေတတ်သည်။ ကျန်းမာရေးအနေဖြင့် ဆီးကျောက်ကပ်နှင့်ဆိုင်သောဝေဒနာခံစားရမှု ရှိနေတတ်ပါသည်။ ခရီးသွားခြင်းဖြင့် ထိခိုက်ဒဏ်ရာရတတ်သည့် သဘောရှိသောကြောင့် သတိရှိသင့်သည့် ကာလဖြစ်နေတတ်ပါသည်။

**ယတြာ။ ။ အုန်းဆီလူး၍ သွားပါ။**




**တနင်္လာသားသမီးများအတွက်** ကြံစည်လုပ်ကိုင်သော စီးပွားရေး လုပ်ငန်းများတွင် အခက်အခဲ အနည်းငယ်တွေ့ရတတ်သော်လည်း ဝင်ငွေများစွာရရှိနေတတ်ပါသည်။ ပညာရေးတွင် ထူးချွန်နိုင်စွမ်းအားရှိသောကြောင့် ကြိုးစားပါအောင်မြင်လိမ့်မည်။ အချစ်ရေးတွင် မိမိအနားမှာနေ၍ မိမိအပေါ် ချင်ခင်ကြင်နာတတ်သောသူနှင့် ချစ်သူဖြစ်ရတတ်ပါသည်။ မကြာမီအတွင်း အိမ်ထောင်ဖက် ဖြစ်ရတတ်ပါသည်။ ကျန်းမာရေးတွင် ရာသီဥတုအပြောင်းအလဲတို့ကြောင့် ဖြစ်သော ဝေဒနာများ ခံစားရတတ်ပါသည်။

**ယတြာ။ ။ နွားနို့လှူပါ။**



**အင်္ဂါသားသမီးများအတွက်** လုပ်ငန်းတူအသိုင်းအဝိုင်းတို့၏ ယှဉ်ပြိုင်မှုများရှိနေတတ်သော်လည်း မိမိ၏ကြိုးစားအားထုတ်မှုကြောင့် အောင်မြင်မှု ရတတ်ပါသည်။ အကျိုးဆောင်လုပ်ငန်း၊ အထည်အလိပ်စက်ချုပ်လုပ်ငန်းများမှ အောင်မြင်ခြင်းတို့ ရရှိလာတတ်ပါသည်။ ပညာရေးတွင် ကံကောင်းခြင်းတို့ရှိနေမည်။ အချစ်ရေးတွင် ခရီးဝေးသွားခြင်းဖြင့် ချစ်သူရတတ်ပါသည်။ ကျန်းမာရေးတွင် အပူကြီးခြင်း၊ လည်ချောင်းနာခြင်း၊ အသံအိမ် တွင် ရောဂါဝေဒနာဖြစ်ခြင်းတို့ရှိတတ်သောကြောင့် သတိဝီရိယရှိနေသင့်ပါသည်။

**ယတြာ။ ။ ဇီဝိတသံဃာဒါနဆေးရုံးတွင် ငွေကြေးလှူဒါန်းပါ။**



**ဗုဒ္ဓဟူးသားသမီးများအတွက်** မူလရည်ရွယ်ချက်အတိုင်း စီးပွားရေး လုပ်ငန်းများကို အကောင်အထည်ဖော်၍ ဆောင်ရွက်ရာတွင် အခက်အခဲအနည်းငယ်ရှိသည်မှအပခါတိုင်းထက်ပို၍ အောင်မြင်တိုးတက်တတ်ပါသည်။ မြေတူးစက်များ၊ လယ်ယာသုံးပစ္စည်းများ၊ ဆီထွက်သီးနှံများနှင့် စိုက်ပျိုးရေးလုပ်ငန်းများဖြင့် အခြေအနေတိုးတက်မှုရှိပါသည်။ ပညာရေးရည်ရွယ်ချက်များ ပြည့်ဝသောအောင်မြင်နိုင်သည့် အချိန်ကာလဖြစ်သည်။ အချစ်ရေးကောင်းနေမည်။ ကျန်းမာရေးအကြောအားနည်းသောရောဂါ၊ အဆုတ်ပွခြင်းရောဂါတို့ သတိပြုသင့်ပါသည်။

**ယတြာ။ ။ ဘုရားတွင် ရေချမ်းကပ်လှူပါ။**



**ကြာသပတေးသားသမီးများအတွက်** လက်ရှိအခြေအနေတို့နှင့် ကိုက်ညီသော လုပ်ငန်းရပ်များ လုပ်ကိုင်ဆောင်ရွက်ချင်သော်လည်း မိမိဘဝနှင့် မကိုက်ညီသောမိမိကျွမ်းကျင်သောလုပ်ငန်းများကို စွန့်စား၍ လုပ်ကိုင်ဆောင်ရွက်ရတတ်သည်။ ဇိမ်ခံပစ္စည်းများ၊ ဆက်သွယ်ရေးနှင့် ပို့ဆောင်ရေးလုပ်ငန်းများအကျိုးပေးပါသည်။ ချစ်ရသူနှင့် အချစ်ရေးတွင် နယ်ပယ်လုနေရခြင်းကြောင့် အိမ်ထောင်ပြုရန် အခက်အခဲရှိနေမည်။ ပညာရေး ထိပ်ဆုံးသို့မရောက်နိုင်သော်လည်း မနိမ့်ကျသောအဆင့်သို့ရှိနိုင်ပါသည်။ ကျန်းမာရေးကောင်းနေမည်။

**ယတြာ။ ။ သံဃာတော်အား သင်္ကန်းလှူပါ။**



**သောကြာသားသမီးများအတွက်** မိမိလုပ်ကိုင်ဆောင်ရွက်သော လုပ်ငန်းရပ်တို့သည် အများအကျိုးအတွက် ဖြစ်နေတတ်ပြီး ကိုယ်ကျိုးအတွက်မပါရှိတတ်ပါ။ စီးပွားရေး အဓိကလုပ်ငန်းတို့တွင် သံထည်ပစ္စည်းများ၊ ကျောက်မျက်ရတနာများ အကျိုးပေးပါသည်။ ပညာရေးတွင် ဝီရိယ အနည်းငယ်စိုက်လိုက်ရုံဖြင့် ဂုဏ်ထူးများရရှိတတ်ပါသည်။ အချစ်ရေးတွင် ချစ်သူအချင်းချင်းသံသယပွား၍ စကားစစ်ထိုးပွဲများ မကြာခဏကြုံရတတ်သလို စိတ်ဝမ်းကွဲမှုများလည်းဖြစ်ပေါ်နေတတ်ပါသည်။ ကျန်းမာရေးတွင် အိပ်ချိန် မမှန် အိပ်ရေးပျက်ခြင်းတို့ကြောင့် ဦးနှောက်နှင့် အာရုံကြောများ သတိပြုသင့် ပါသည်။

**ယတြာ။ ။ ဘုရားတွင် သစ်သီး ခုနစ်မျိုးလှူပါ။**



**စနေသားသမီးများအတွက်** အကျိုးတူ ပူးပေါင်းဆောင်ရွက်သူများ၊ ရှယ်ယာဝင်များနှင့် အတွေးအခေါ် ပေါင်းစပ်၍ စီးပွားရေးလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်နေရတတ်ပါသည်။ အဖျော်ယမကာလုပ်ငန်း၊ ရေနံနှင့် ရေနံထွက်ပစ္စည်းများ၊ ဓာတုဗေဒပစ္စည်းများ အကျိုးပေးကောင်းနေတတ်ပါသည်။ ဆရာသမား၊ အမိအဖတို့၏ထောက်ပံ့ကူညီမှုများကြောင့် ပညာရေးအတွက် အကောင်းဆုံးအထောက်အပံ့များ ဖြစ်နေတတ်ပါသည်။ ကျန်းမာရေးတွင် ခေါင်းကိုက်ခြင်း၊ ခေါင်းမူးခြင်း၊ ဇာက်ကြောတက်ခြင်းဝေဒနာများ ခံစားရတတ်ပါသည်။

**ယတြာ။ ။ အပေါင်းအသင်းများအား ပေါက်စီကျွေး၍ လက်ဖက်ရည်တိုက်လိုက်ပါ။ လိုရာဆုပြည့်စေပါမည်။**

# ပြည်ပဈေးကွက်သို့ မြန်မာ့ပျားရည် တင်ပို့

မြန်မာ့ပျားရည်ကို ပြည်တွင်းသုံးစွဲမှုထက် ပြည်ပဈေးကွက်သို့ ပိုမိုတင်ပို့နေရကြောင်း သိရပါတယ်။ ပျားရည်ကို ပြည်တွင်းမှာ ဆေးဝါးအဖြစ်သာ အဓိကအသုံးပြုကြပြီး ပြည်ပနိုင်ငံများမှာတော့ သကြားအစားပျားရည် စားသုံးခြင်းနဲ့ အအေးပိုင်းနိုင်ငံတွေမှာ ပျားရည်ကို အဓိကထားပြီး သုံးစွဲမှုများနေတာကြောင့် ပြည်ပဈေးကွက်သို့ ယခုလိုတင်ပို့နေရခြင်း ဖြစ်ပါတယ်။

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ တစ်ဆင့် မတ် ၅ ရက်မှ ၁၁ ရက်တာ သီတင်းပတ်တွင်း ကန်ဒေါ်လာ ၁၆၁၀၀ တန်ဖိုးရှိ ပျားရည် ၂၃ တန် တင်ပို့ခဲ့ပါတယ်။ ယခင်သီတင်းပတ်ကလည်း ၁၆ တန် တင်ပို့ခဲ့တာတွေ့ရပါတယ်။ ပျားရည်ကို တရုတ်နိုင်ငံအပြင် အမေရိကန်၊ ကနေဒါ၊ ဂျပန်နဲ့ ထိုင်းနိုင်ငံတွေကိုလည်း တင်ပို့မှုရှိကြောင်း၊ ပျားမွေးမြူရေးလုပ်ငန်းလုပ်ကိုင်လိုသူတွေကို မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန(ပျားလုပ်ငန်းဌာန) မှ အရင်းအနှီးနဲ့ နည်းပညာတွေကို ကူညီမယ်လို့သိရပါတယ်။

**မော်မော်အောင်**

# ဆန်စပါးထုတ်ကုန်မုန့်တီခေါက်ဆွဲလုပ်ငန်းအား စီးပွားဖြစ် ထုတ်ကုန်အဖြစ် ဒေသတွင်းစားသုံးရန်အဆင့်မှ တိုးချဲ့ထုတ်လုပ်သင့်



အင်းတော်မြို့နယ်မှာ ဆန်စပါးထုတ်ကုန် မုန့်တီခေါက်ဆွဲလုပ်ငန်းကို ဒေသတွင်းစားသုံးရန် လုပ်ငန်း ၂၀ ကျော် လုပ်ကိုင်လျက်ရှိပေမယ့် ဒီထုတ်ကုန်က တာရှည်မခံတဲ့အတွက် စီးပွားဖြစ်ထုတ်လုပ်နိုင်ခြင်းမရှိတာ တွေ့ရပါတယ်။ ကောလင်း ရေစိမ်ခေါက်ဆွဲလုပ်ငန်းများကို လေ့လာပြီး စီးပွားဖြစ် ထုတ်လုပ်နိုင်တဲ့ အင်းတော်ရေစိမ်ခေါက်ဆွဲအဖြစ် တိုးချဲ့ပြောင်းလဲထုတ်လုပ်သင့်ကြောင်း သိရပါတယ်။

ကောလင်း ရေစိမ်ခေါက်ဆွဲကို ဒေသထွက် စောရှုပ်ဆန်နဲ့ ပြုလုပ်ပါတယ်။ ရေစိမ်၊ အမှုန့်ကြိတ်၊ ပေါင်းခံကြိတ်ပြားလုပ် ခေါက်ဆွဲနန်းဆွဲ၊ နေခြောက်လှန်းပြီး ထုပ်ပိုးရောင်းချပါတယ်။ ဓာတုဗေဒဆေး လုံးဝမပါတဲ့အတွက် စားသုံးသူများ စိတ်ချလက်ချ စားသုံးနိုင်ပါတယ်။ စောရှုပ်ဆန်ကို စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင်ရှိ ကောလင်း၊ အင်းတော်မြို့နယ်မှာ စိုက်ပျိုးကြပါတယ်။ စောရှုပ်ဆန်က အစေးရှိပြီး မာလို့ ရေစိမ်ခေါက်ဆွဲလုပ်ငန်းအတွက် အဓိကကုန်ကြမ်းအဖြစ်အသုံးပြုပါတယ်။

ကောလင်း ရေစိမ်ခေါက်ဆွဲဟာ အထက်မြန်မာပြည်မှာ နာမည်ရတဲ့ ထုတ်ကုန်ဖြစ်ပါတယ်။ ကောလင်းမြို့နယ်မှာ ရေစိမ်ခေါက်ဆွဲလုပ်ငန်း ၁၀ ခုရှိပြီး နေ့စဉ် ထုတ်လုပ်လျက်ရှိပါတယ်။ မြစ်ကြီးနား၊ ဟိုပင်၊ မိုးကောင်း၊ ဗန်းမော်၊ ရွှေကူ၊ ကသာ၊ ထီးချိုင့်၊ အင်းတော်၊ ဗန်းမောက်၊ ကျွန်းလှ၊ ကန့်ဘလူ၊ ထန်းကုန်း၊ ရွှေဘို၊ မုံရွာ၊ မန္တလေး မြို့များသို့ စီးပွားဖြစ်တင်ပို့ ရောင်းချနေတာ တွေ့ရပါတယ်။

“အင်းတော်မြို့နယ်မှာ ရေစိမ်ခေါက်ဆွဲ လုပ်ငန်းမရှိပါဘူး။ မုန့်တီခေါက်ဆွဲလုပ်ငန်းရှင်များအနေနဲ့ ရေစိမ်ခေါက်ဆွဲလုပ်ငန်းကို တိုးချဲ့လုပ်ကိုင်ပါက အောင်မြင်နိုင်ပါတယ်”လို့ ကောလင်းခေါက်ဆွဲလုပ်ငန်းရှင်တစ်ဦးက ပြောပါတယ်။

အင်းတော်မြို့နယ်မှာ ဆင်း-၃ စပါးကိုအဓိကစိုက်ပျိုးပြီး စောရှုပ်စပါးကိုလည်း အများအပြား စိုက်ပျိုးကြပါတယ်။ ဆင်း-၃ ဆန်မှ မုန့်တီဆန်စေးခေါက်ဆွဲ ထုတ်လုပ်ပေမယ့် ဒေသတွင်းစားသုံးရန် သာဖြစ်နေတာ တွေ့ရပါတယ်။ ဒေသတွင်းစားသုံးတဲ့ ကုန်ထုတ်လုပ်ငန်းအဆင့်မှ စီးပွားဖြစ်ကုန်ထုတ်လုပ်ငန်းအဆင့်ကို ရောက်ရှိဖို့ ဒေသတွင်းမှာထွက်ရှိတဲ့ စောရှုပ်ဆန်မှ ရေစိမ်ခေါက်ဆွဲလုပ်ငန်းသို့ တိုးချဲ့ပြောင်းလဲလုပ်ကိုင်သင့်ကြောင်း သိရပါတယ်။

**ကြည်နိုင်ဦး-အင်းတော်**

# နေကြာတောင်သူများအနေဖြင့် ဈေးကွက်ခိုင်မာ အကျိုးအမြတ် ပိုမိုရတဲ့ ဆီစားနေကြာကို ပြောင်းလဲစိုက်ပျိုးသင့်

အင်းတော်မြို့နယ်မှာ ဆောင်းသီးနှံအဖြစ် နေကြာကို တတိယအများဆုံး စိုက်ပျိုးကြပါတယ်။ အာထောက်လှော်နေကြာ မျိုးအများအပြား စိုက်ပျိုးကြပြီး ဆီစားနေကြာ အနည်းငယ်စိုက်ပျိုးကြပါတယ်။ ဒေသမျိုးဖြင့် သမားရိုးကျစိုက်ပျိုးနေကြတဲ့ နေကြာတောင်သူများ ဆီစားနေကြာကို ပြောင်းလဲစိုက်ပျိုးပါက ကုန်ကျစရိတ်နည်းပါးပြီး အပျက်အစီးနည်းကာ အကျိုးအမြတ်များစွာ ရှိတယ်လို့ သိရပါတယ်။

၂၀၁၄-၂၀၁၅ ခုနှစ်အတွင်းက အင်းတော်မြို့နယ်အတွင်း၌ ဆောင်းနေကြာ စိုက်ဧက ၁၁၂၀၀ စိုက်ပြီး တစ်ဧကလျှင် ၂၅ တင်းနှုန်းထွက်ရှိကာ စုစုပေါင်း ၂၈၀၀၀၀ တင်းထွက်ရှိခဲ့ပါတယ်။ နေကြာကိုကောလင်းဒေသက ထက်ထက်နေကြာလုပ်ငန်းကို အဓိကတင်ပို့တဲ့အပြင် ရွှေဘို၊ မန္တလေး၊ မြစ်ကြီးနား၊ မိုးညှင်း၊ မိုးကောင်းမြို့များသို့ တင်ပို့ရောင်းချပြီး ဒေသတွင်း ပဲလှော်ဖိုများက အဆွဲများလို့ ဈေးကွက်ဝယ်လိုအားရှိတဲ့ သီးနှံဖြစ်ပါတယ်။ ယခုအခါမှာ နေကြာတစ်တင်း ၇၅၀၀ ကျပ်ကျော် ဈေးရှိပါတယ်။ တစ်ဧကကုန်ကျစရိတ် တစ်သိန်းခန့်ရှိလို့ ရှစ်သောင်းကျော် အကျိုးအမြတ်ရှိတယ်လို့ နေကြာစိုက်တောင်သူများထံမှ သိရပါတယ်။

နေကြာတောင်သူများ ဆင်းရွှေကြာ -၃ ဆီစားနေကြာ စိုက်ပျိုးပါက တစ်ဧကကုန်ကျစရိတ် တစ်သိန်းခန့် ကုန်ကျကြောင်း သက်တမ်းမှာ ၈၀-၈၅ ရက်ဖြစ်ပြီး အထွက်တင်း တစ်ဧက ၃၅ တင်းအထက်ထွက်ကြောင်း တစ်ဧကကို မျိုးနှစ်ပြည်နှုန်းစိုက်ပျိုးရပြီး နေကြာအဆန် သုံးတင်းကြိတ်ပါက ဆီ ၅ ပိဿာရကြောင်းနဲ့ နေကြာဆီတစ်ပိဿာ ပေါက်ဈေး ၆၀၀၀ ကျပ်ရှိလို့ တစ်ဧကအကျိုးအမြတ် နှစ်သိန်းကျော်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနမှ သိရပါတယ်။

နေကြာစိုက်တောင်သူများအနေနဲ့ လယ်ယာလုပ်ငန်းခွင်မှာ ပင်ပန်းတာခြင်းတူပေမယ့် ဈေးကွက်ခိုင်မာပြီး ပိုမိုအကျိုးအမြတ်ရရှိနိုင်တဲ့ ဆီစားနေကြာကို ပြောင်းလဲ စိုက်ပျိုးသင့်တယ်လို့ ဆိုပါတယ်။

**ကြည်နိုင်ဦး-အင်းတော်**

# မြို့ကြီးများ၏ ၂၁-၃-၂၀၁၆ မှ ၂၅-၃-၂၀၁၆ နေ့အထိ မိုးလေဝသခန့်မှန်းချက်

| မြို့ | တနင်္လာ(၂၁-၃-၂၀၁၆) | အင်္ဂါ(၂၂-၃-၂၀၁၆) | ဗုဒ္ဓဟူး(၂၃-၃-၂၀၁၆) | ကြာသပတေး(၂၄-၃-၂၀၁၆) | သောကြာ(၂၅-၃-၂၀၁၆) |
|---|---|---|---|---|---|
| နေပြည်တော် | နေသာ ၃၈˚C/၁၀၁˚F | နေသာ ၃၈˚C/၁၀၀˚F | နေသာ ၃၇˚C/၉၈˚F | နေသာ ၃၇˚C/၉၈˚F | နေသာ ၃၈˚C/၁၀၀˚F |
| ရန်ကုန်မြို့ | နေသာ ၃၈˚C/၁၀၀˚F | နေသာ ၃၈˚C/၁၀၀˚F | နေသာ ၃၈˚C/၁၀၀˚F | နေသာ ၃၈˚C/၁၀၀˚F | နေသာ ၃၈˚C/၁၀၀˚F |
| မန္တလေးမြို့ | နေသာ ၃၉˚C/၁၀၃˚F | နေသာ ၃၉˚C/၁၀၃˚F | နေသာ ၃၈˚C/၁၀၁˚F | နေသာ ၃၈˚C/၁၀၀˚F | နေသာ ၄၁˚C/၁၀၅˚F |
| မြစ်ကြီးနား | နေသာ ၃၃˚C/၉၂˚F | နေသာ ၃၃˚C/၉၂˚F | နေသာ ၃၂˚C/၉၀˚F | နေသာ ၃၄˚C/၉၃˚F | နေသာ ၃၇˚C/၉၈˚F |
| လားရှိုး | နေသာ ၃၂˚C/၉၀˚F | နေသာ ၃၂˚C/၈၉˚F | နေသာ ၃၁˚C/၈၇˚F | နေသာ ၃၀˚C/၈၆˚F | နေသာ ၃၂˚C/၈၉˚F |
| ကျိုင်းတုံ | နေသာ ၃၄˚C/၉၄˚F | နေသာ ၃၄˚C/၉၃˚F | နေသာ ၃၄˚C/၉၃˚F | နေသာ ၃၁˚C/၈၈˚F | နေသာ ၃၃˚C/၉၂˚F |
| လွိုင်ကော် | နေသာ ၃၃˚C/၉၂˚F | နေသာ ၃၂˚C/၈၉˚F | နေသာ ၃၃˚C/၉၁˚F | နေသာ ၃၂˚C/၉၁˚F | နေသာ ၃၂˚C/၉၁˚F |
| တောင်ကြီး | နေသာ ၂၇˚C/၈၀˚F | နေသာ ၂၆˚C/၇၉˚F | နေသာ ၂၆˚C/၇၈˚F | နေသာ ၂၅˚C/၇၇˚F | နေသာ ၂၆˚C/၇၉˚F |
| ဖော်လမြိုင် | နေသာ ၃၃˚C/၉၁˚F | နေသာ ၃၃˚C/၉၁˚F | နေသာ ၃၃˚C/၉၁˚F | နေသာ ၃၃˚C/၉၂˚F | နေသာ ၃၄˚C/၉၄˚F |
| ဘားအံ | တိမ်အသင့်အတင့် ၃၄˚C/၉၃˚F | နေသာ ၃၅˚C/၉၅˚F | နေသာ ၃၅˚C/၉၅˚F | နေသာ ၃၆˚C/၉၆˚F | နေသာ ၃၆˚C/၉၆˚F |
| တောင်ငူ | နေသာ ၃၈˚C/၁၀၁˚F | နေသာ ၃၈˚C/၁၀၁˚F | နေသာ ၃၈˚C/၁၀၁˚F | နေသာ ၃၈˚C/၁၀၁˚F | နေသာ ၃၉˚C/၁၀၃˚F |
| မုံရွာ | နေသာ ၃၈˚C/၁၀၁˚F | နေသာ ၃၉˚C/၁၀၃˚F | နေသာ ၃၈˚C/၁၀၀˚F | နေသာ ၃၇˚C/၉၉˚F | နေသာ ၃၉˚C/၁၀၂˚F |
| ပုသိမ် | နေသာ ၃၅˚C/၉၅˚F | နေသာ ၃၄˚C/၉၄˚F | နေသာ ၃၄˚C/၉၃˚F | နေသာ ၃၄˚C/၉၄˚F | နေသာ ၃၄˚C/၉၄˚F |
| မြိတ် | နေသာ ၃၃˚C/၉၂˚F | နေသာ ၃၃˚C/၉၂˚F | နေသာ ၃၃˚C/၉၂˚F | နေသာ ၃၄˚C/၉၄˚F | နေသာ ၃၆˚C/၉၆˚F |
| စစ်တွေ | နေသာ ၃၁˚C/၈၈˚F | တိမ်အသင့်အတင့် ၃၁˚C/၈၇˚F | နေသာ ၃၂˚C/၈၉˚F | နေသာ ၃၂˚C/၈၉˚F | နေသာ ၃၂˚C/၉၀˚F |
| မကွေး | တိမ်အသင့်အတင့် ၃၂˚C/၈၉˚F | ၃၁˚C/၈၈˚F | တိမ်အသင့်အတင့် ၃၁˚C/၈၈˚F | တိမ်အသင့်အတင့် ၃၂˚C/၉၀˚F | တိမ်အသင့်အတင့် ၃၃˚C/၉၂˚F |
| ဖလမ်း | နေသာ ၂၄˚C/၇၆˚F | နေသာ ၂၄˚C/၇၆˚F | နေသာ ၂၄˚C/၇၅˚F | နေသာ ၂၅˚C/၇၇˚F | နေသာ ၂၆˚C/၇၈˚F |



## အပူလှိုင်းဖြစ်သန်းမည့်အချိန်တွင် စာသင်ကျောင်းများကို ပိတ်ထားနိုင်ရန် မလေးရှားအစိုးရ စီစဉ်

မလေးရှားနိုင်ငံတစ်ဝန်းတွင် အပူလှိုင်းဖြစ်သန်းကျရောက်လာမည်ဆိုပါက နိုင်ငံတစ်ဝန်းလုံးရှိ စာသင်ကျောင်းများအား ပိတ်ထားနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ထားကြရန်လိုအပ်ကြောင်း မလေးရှားနိုင်ငံ သဘာဝအရင်းအမြစ်များနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဒါတိုဆေရီဝမ်ဂျူနိုဒီတန်ကုဂျာဖာက ပြောကြားခဲ့သည်။

"နေရာတိုင်းမှာ အပူချိန်တွေကို နေ့စဉ်တိုင်းတာထားဖို့လိုပါတယ်။ အပူချိန်တွေကို နေ့စဉ်ကြေညာဖို့လည်း လိုအပ်ပါတယ်။ အပူချိန်တွေ မြင့်တက်လာခဲ့မယ်၊ အပူလှိုင်း ဖြစ်သန်းလာခဲ့မယ်ဆိုရင် မိမိတို့ဒေသမှာရှိတဲ့စာသင်ကျောင်းတွေကို ပိတ်ထားဖို့ လိုအပ်ပါလိမ့်မယ်"ဟု ဝန်ကြီးအဖွဲ့အစည်းအဝေးတွင် ၎င်းက ပြောကြားခဲ့ခြင်းဖြစ်သည်။

ထို့ပြင် လုပ်ငန်းအဖွဲ့ငယ်လေးများ ဖွဲ့စည်း၍ လုပ်ဆောင်ကြရန် လိုအပ်ပါကြောင်း၊ လုပ်ငန်းအဖွဲ့အစည်းအသီးသီးအနေဖြင့် သက်ဆိုင်ရာနေရာကဏ္ဍအလိုက် အပူလှိုင်းဖြစ်သန်းချိန်တွင် ဆောင်ရန်ရှောင်ရန်များကို ကြိုတင်ကြေညာထားရန်လိုအပ်ပါကြောင်းဖြင့် ၎င်းက ထပ်မံပြောကြားခဲ့သည်။

မလေးရှားနိုင်ငံ၏ မြို့များဖြစ်သည့် ပီနန်၊ ကီဒတ်နှင့် ပါလိစ်မြို့တို့တွင် အပူချိန်သည် ၃၈ ဒသမ ၅ ဒီဂရီဆဲလ်ဆီးယပ်စ်အထိရှိလာပြီး ယခုလက်ရှိအပူချိန်ထက် ပိုမိုမြင့်တက်လာနိုင်ကြောင်း မလေးရှားနိုင်ငံမိုးလေဝသဌာနက ထုတ်ဖော်ကြေညာခဲ့သည်။

ယခုနှစ်မိုးရာသီတွင် ဆာဘက်နှင့် ဆာရာဝပ်ပြည်နယ်တို့တွင် မိုးရေချိန်ရရှိမှုမှာ စံချိန်တင်လောက်အောင် နည်းပါးခဲ့သဖြင့် အပူချိန်မှာ ပိုမိုမြင့်တက်လာနိုင်ကြောင်း၊ ထို့ပြင် ယင်းပြည်နယ်များတွင် ရေရှားပါးမှုနှင့်လည်း ကြုံတွေ့လာနိုင်ကြောင်း စတားအွန်လိုင်း သတင်းတွင်ဖော်ပြထားသည်။

ထို့ပြင် ယခုမတ်လအတွင်း အပူချိန်သည် ပတ္တလင်းဂျာယားတွင် ၃၄ ဒီဂရီဆဲလ်ဆီးယပ်စ်၊ အီပို့တ်နှင့် မလက္ကာတွင် ၃၆ ဒီဂရီဆဲလ်ဆီးယပ်စ်၊ အလော်ဆီတာတွင် ၃၇ ဒီဂရီဆဲလ်ဆီးယပ်စ်၊ ပါလိစ်တွင် ၃၈ ဒီဂရီဆဲလ်ဆီးယပ်စ်အထိ ရောက်ရှိလာကြောင်း၊ ယင်းအပူချိန်များမှာ အယ်လ်နီညိုဖြစ်စဉ်ကြောင့် ဖြစ်ပေါ်ရခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် မတ် ၂၀ ရက်မှ ၂၁ ရက်အတွင်း စာသင်ကျောင်းများကို ပိတ်ထားရမည်ဖြစ်ကြောင်း ဘီနာမာသတင်းတွင် ဖော်ပြထားသည်။

**မယ်သီတာ**

# ဩစတြေးလျနိုင်ငံတွင် အပူချိန်မြင့်တက်မှု စံချိန်သစ်တင်

ဩစတြေးလျနိုင်ငံ၊ ဗစ်တိုးရီးယားမြို့တွင် အပူချိန်များ စံချိန်တင်မြင့်တက်ခဲ့ကြောင်း ဩစတြေးလျနိုင်ငံ မိုးလေဝသဗျူရို၏ထုတ်ပြန်ကြေညာချက်များကို ကိုးကား၍ ဆင်ဟွာသတင်းဌာနက ရေးသားဖော်ပြခဲ့သည်။

ဗစ်တိုးရီးယားမြို့တွင် အပူချိန်သည် ပုံမှန်ရှိနေသည့်အပူချိန်ထက် ၇ ဒီဂရီဆဲလ်ဆီးယပ်စ်မှ ၉ ဒီဂရီဆဲလ်ဆီးယပ်စ်အထိ မြင့်တက်ခဲ့သည်ဟု ဆိုသည်။ ဖေဖော်ဝါရီလကုန်ပိုင်းမှ မတ်လဆန်းပိုင်းအထိ အပူချိန်သည် သာမန်အပူချိန်မျှသာ ဖြစ်ခဲ့သော်လည်း မတ်လ ဒုတိယပတ်မှစတင်ကာ အပူချိန်များ မြင့်တက်ခဲ့ခြင်းဖြစ်သည်။

ယခုမတ်လအတွင်း ဩစတြေးလျနိုင်ငံတစ်ဝန်းလုံးတွင် နေ့အပူချိန်များ မြင့်တက်လျက်ရှိရာ မတ် ၂ရက်က ၃၈ ဒသမ ၁၄ ဒီဂရီဆဲလ်ဆီးယပ်စ်သာ ရှိခဲ့ရာမှ ယခုတစ်ပတ်တွင် ၄၄ ဒသမ ၄၄ ဒီဂရီဆဲလ်ဆီးယပ်စ်သို့ မြင့်တက်ခဲ့ကြောင်း၊ ဖေဖော်ဝါရီ နောက်ဆုံးပတ်အတွင်းက ကွင်းစလန်းပြည်နယ်တွင် အပူချိန်သည် ၄၆ ဒသမ ၁ ဒီဂရီ ဆဲလ်ဆီးယပ်စ်အထိ မြင့်တက်ခဲ့ရာ စံချိန်တင်နိုင်လောက်သည်အထိ မြင့်တက်ခဲ့ခြင်းဖြစ်ကြောင်း၊ ထို့ပြင် ဝင်တန်ပြည်နယ်တွင် ၄၅ ဒသမ ၅ ဒီဂရီဆဲလ်ဆီးယပ်စ်၊ လောင်းရိချ်ပြည်နယ်တွင် ၄၄ ဒသမ ၄ ဒီဂရီဆဲလ်ဆီးယပ်စ် ရှိခဲ့ကြောင်း၊ ဩစတြေးလျနိုင်ငံ မိုးလေဝသဗျူရို၏တိုင်းထွာချက်များတွင် ဖော်ပြထားသည်။

ပြီးခဲ့သည့်မိုးရာသီက မိုးရွာသွန်းမှု နည်းပါးခဲ့ခြင်း၊ အရှေ့ဘက်မှ လေအေးများ တိုက်ခတ်မှုနည်းပါးခဲ့ခြင်းတို့ကြောင့် နွေရာသီတွင်အပူချိန်များ မြင့်မားနေရခြင်းဖြစ်သည်ဟု မိုးလေဝသပညာရှင်များက သုံးသပ်ထားသည်။

"ဩစတြေးလျနိုင်ငံမှာသာမက တစ်ကမ္ဘာလုံးမှာပါ အပူချိန်မြင့်တက်မှုကို ကာလရှည် ခံစားရနိုင်ပါတယ်။ ဒါဟာတစ်ကမ္ဘာလုံးအတွက် စိုးရိမ်ပူပန်ရမယ့် အချက်ပါ။ မတ် ၉ ရက်နဲ့ ၁၀ ရက်တုန်းက အပူချိန်ဟာ အမြင့်ဆုံးအပူချိန်ကို ရောက်ရှိခဲ့ပါတယ်။ ဒါဟာ ကျွန်တော်တို့နိုင်ငံကို အပူလှိုင်း ဖြတ်သန်းလာတယ်လို့ ခန့်မှန်းရပါတယ်"ဟု ဩစတြေးလျနိုင်ငံ မိုးလေဝသဗျူရိုမှ မိုးလေဝသပညာရှင် ဘလဲယားတာဝင်က ပြောကြားခဲ့သည်။

ယင်းကာလများက အပူချိန်သည် ၂၀၁၄ ခုနှစ်က ဖြစ်ပေါ်ခဲ့သည့်အပူချိန်ထက် သာလွန်နေသဖြင့် စံချိန်တင်မြင့်တက်ခဲ့ခြင်းဖြစ်သည်ဟုဆိုသည်။

ထို့ပြင် အရှေ့ပိုင်းကမ်းခြေဒေသတစ်ခုဖြစ်သည့် ဆစ်ဒနီကမ်းခြေဒေသတွင်လည်း အပူချိန်များမြင့်တက်လျက်ရှိရာ ယခုအခါတွင် ဆစ်ဒနီကမ်းခြေ၌ အပူချိန် ၂၆ ဒီဂရီဆဲလ်ဆီးယပ်စ်အထိ ရှိလာကြောင်း မိုးလေဝသဗျူရိုက အေအက်ဖ်ပီသတင်းဌာနသို့ ပြောကြားခဲ့သည်။

**မယ်သီတာ**

Vol: 16, No.12 Monday March 21 2016

# မန္တလေး၌ကျင်းပမည့် အာဆီယံအမျိုးသမီးဘောလုံးပြိုင်ပွဲ အုပ်စုများထွက်ပေါ် မြန်မာအသင်း အာရှထိပ်သီးအသင်းများနှင့် ထိပ်တိုက်တွေ့ဆုံ

မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပမည့် ၂၀၁၆ ခုနှစ် အာဆီယံ အမျိုးသမီးချန်ပီယံရှစ် ဘောလုံးပြိုင်ပွဲအတွက်အုပ်စုမဲခွဲခြင်းကို မတ် ၁၄ရက် နံနက်ပိုင်းက အာဆီယံဘောလုံးအဖွဲ့ချုပ် အစည်းအဝေးတွင် မဲနှိုက်ရွေးချယ်ခဲ့ကြသည်။




အဆိုပါပြိုင်ပွဲအား မန္တလေးမြို့ရှိ မန္တလာသီရိဘောလုံးကွင်းတွင် လာမည့် ဇူလိုင် ၂၆ ရက်မှ ဩဂုတ် ၄ရက် အထိကျင်းပမည်ဖြစ်ပြီးအာဆီယံဒေသတွင်းနိုင်ငံများအနက် အိမ်ရှင်မြန်မာ၊ ထိုင်း၊ ဗီယက်နမ်၊ မလေးရှား၊ စင်ကာပူနှင့် ဖိလစ်ပိုင်၊ အာရှတိုက်မှ ဩစတြေးလျနှင့် (တရုတ်(တိုင်ပေ)၊ ဂျပန်၊တောင်ကိုရီးယားတို့ သုံးသင်းအနက်မှ တစ်သင်း)ဝင်ရောက်ယှဉ်ပြိုင်ကြမည် ဖြစ်သည်။

အုပ်စုခွဲဝေမှုအရ အုပ်စု(က)တွင် ထိုင်း၊ ဗီယက်နမ်၊ စင်ကာပူ၊ ဖိလစ်ပိုင်၊ တို့ပါဝင်ပြီး အိမ်ရှင်မြန်မာအသင်းသည် အုပ်စု(ခ)တွင် ဩစတြေးလျ၊မလေးရှားနှင့် ဖိတ်ခေါ်အသင်းတစ်သင်း(တရုတ်(တိုင်ပေ)၊ ဂျပန်၊ တောင်ကိုရီးယားတို့အနက်မှ တစ်သင်း)တို့နှင့်အတူ ကျရောက်လျက်ရှိကြောင်း သိရသည်။

ထို့ပြင် အဆိုပါအစည်းအဝေးတွင် အာဆီယံယူ-၁၆ လူငယ်ပြိုင်ပွဲများအတွက်လည်း အုပ်စုခွဲဝေမှုများ ပြုလုပ်ခဲ့ရာ မြန်မာယူ-၁၆အသင်းသည် အုပ်စု(က)တွင် ဩစတြေးလျ၊ ဖိလစ်ပိုင်၊ ဗီယက်နမ်၊ စင်ကာပူအသင်းတို့နှင့်အတူ ကျရောက်ခဲ့ပြီး အုပ်စု(ခ)တွင် အိမ်ရှင် ကမ္ဘောဒီးယားအသင်းနှင့်အတူ ထိုင်း၊ လာအို၊ တီမော၊ ဘရူနိုင်း၊ အင်ဒိုနီးရှားတို့ ပါဝင်ခဲ့သည်။

အုပ်စု(ခ)တွင်ပါဝင်သည့်အသင်းများအနက် အင်ဒိုနီးရှားအသင်းသည် ပါဝင်ယှဉ်ပြိုင်ရန် အတည်ပြုချက်မပေးရသေးကြောင်း သိရသည်။

အဆိုပါအာဆီယံယူ-၁၆ပြိုင်ပွဲကို ဇူလိုင် ၁၀ရက်မှ ၂၃ရက်အထိ ကမ္ဘောဒီးယားနိုင်ငံ၊ ဖနွမ်းပင်မြို့တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာအမျိုးသမီး လက်ရွေးစင်အသင်းသည်၂၀၀၄ ခုနှစ်နှင့်၂၀၀၇ ခုနှစ်က ချန်ပီယံဖြစ်ခဲ့ပြီး ၂၀၁၁ခုနှစ်၊ ၂၀၁၂ ခုနှစ်နှင့် ၂၀၁၅ ခုနှစ်တို့တွင် ဒုတိယဆုကိုသာရရှိခဲ့သည်။ ၂၀၀၆၊ ၂၀၀၈ ခုနှစ်နှင့် ၂၀၁၃ ခုနှစ်တို့တွင် တတိယနေရာသာရရှိခဲ့သည်။

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် မတ် ၁၇ရက်က ဒုတိယမြောက်ခြေစမ်းပွဲအဖြစ် မြန်မာ ယူ-၁၄ အသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့ရာ ဂိုးမရှိသရေပွဲဖြင့်ပြီးဆုံးခဲ့သည်။ ပထမအကြိမ်ပြုလုပ်ခဲ့သည့် ခြေစမ်းပွဲတွင် မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။




## JENSEYS 2015 ASEAN U-14 Girls ဘောလုံးပွဲတော်တွင် မြန်မာအသင်း နိုင်ပွဲတစ်ပွဲသာ ရရှိခဲ့

ဂျပန်နိုင်ငံ၌ မတ် ၁၂ရက်မှ ၁၆ ရက်အထိ လေးရက်ကြာကျင်းပခဲ့သည့် JENSEYS 2015 ဂျပန်-အာဆီယံ ယူ-၁၄ အမျိုးသမီး ဘောလုံးပွဲတော်တွင် မြန်မာ ယူ-၁၄အမျိုးသမီးဘောလုံးအသင်းသည် နိုင်ပွဲတစ်ပွဲသာရရှိခဲ့သည်။

မြန်မာယူ-၁၄အမျိုးသမီးဘောလုံး အသင်းသည် ပြီးခဲ့သည့် မတ် ၁၂ ရက်က ဖိလစ်ပိုင်အသင်းနှင့်ကစားခဲ့ပြီး ဖိလစ်ပိုင်အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ သို့သော် မတ် ၁၃ ရက်နှင့် ၁၄ရက်တို့တွင် ယှဉ်ပြိုင်ကစားခဲ့သည့် ပွဲစဉ်များ၌မူ ထိုင်းအသင်းကို ခြောက်ဂိုး-သုံးဂိုး၊ ဂျပန် JFA Academy Imabari and Fukushima ယူ- ၁၄အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည်။

နောက်ဆုံးကစားခဲ့သည့် မတ် ၁၅ရက်ပွဲစဉ်တွင်မူ ကမ္ဘောဒီးယားအသင်းနှင့် တစ်ဖက်နှစ်ဂိုးစီ သရေကျခဲ့ကြသည်။ ထို့ကြောင့် မြန်မာယူ-၁၄ အမျိုးသမီးဘောလုံးအသင်းသည် လေးပွဲကစားခဲ့ရာတွင် တစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ နှစ်ပွဲရှုံး ရမှတ်လေးမှတ်ရရှိခဲ့သည်။ JENSEYS 2015 ဂျပန်-အာဆီယံယူ-၁၄အမျိုးသမီးဘောလုံးပွဲတော်သို့ အိမ်ရှင်ဂျပန်နိုင်ငံမှ JFA Academy Imabari and Fukushima U-14 အသင်း၊ Azul claro Numazu U-14 အသင်းတို့နှင့်အတူ အာဆီယံနိုင်ငံများမှ ကမ္ဘောဒီးယား၊ လာအို၊ မလေးရှား၊ မြန်မာ၊ စင်ကာပူ၊ ထိုင်းနှင့် ဖိလစ်ပိုင်အသင်းတို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်းသိရသည်။

ပြိုင်ပွဲတွင် စုစုပေါင်းကိုးသင်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့သော်လည်း ပြိုင်ပွဲဝင်အသင်းတစ်သင်းစီလျှင် စုစုပေါင်းလေးပွဲသာကစားခွင့်ရှိပြီး အိမ်ရှင် ဂျပန်နိုင်ငံမှ အသင်းနှစ်သင်းမှာ လေးပွဲကစား၊ လေးပွဲစလုံးအနိုင်ရရှိကာ အမှတ်ပေးဇယား၏ ထိပ်ဆုံးတွင် ရပ်တည်နိုင်ခဲ့ကြသည်။

# ချန်ပီယံလိဂ်ဖလားကို ရန်ကုန်မြို့အနှံ့လှည့်လည်ပြသသွားမည့်အပြင် ရွှေထွန်းတင်ကွင်းတွင် မတ် ၂၁ရက်မှ ၂၆ရက်အထိ ပြသသွားမည်

ဥရောပတိုက်အတွင်းရှိ လိဂ်အသီးသီး၏ အောင်မြင်မှုအရှိဆုံးအသင်းများ ပါဝင်ယှဉ်ပြိုင်လျက်ရှိသည့် ချန်ပီယံလိဂ်ဖလားကို မတ် ၂၀ရက်တွင် ရန်ကုန်မြို့ရှိ နေရာအချို့သို့ လှည့်လည်ပြသသွားမည်ဖြစ်ကြောင်း ၂၀၁၆ ခုနှစ်ချန်ပီယံ လိဂ်ခရီးစဉ်အား စီစဉ်သည့်Heineken မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။



ကမ္ဘာကျော် ချန်ပီယံလိဂ်ပြိုင်ပွဲ၏ ဆုဖလားအား ရန်ကုန်မြို့တွင် မတ် ၂၀ ရက်မှ ၂၆ရက်အထိ ထားရှိသွားမည်ဖြစ်ပြီး မတ် ၂၁ရက်မှ ၂၆ ရက်အထိ ရွှေထွန်းတင်ကွင်းတွင် ထားရှိကာ အများပြည်သူသို့ ပြသသွားမည်ဖြစ်သည်။

ရွှေထွန်းတင်ကွင်း၌ ချန်ပီယံလိဂ်ဖလား ပြသသည့်နေ့များတွင် ပရိသတ်များကိုယ်တိုင် ပါဝင်နိုင်မည့် ဂိမ်းအစီအစဉ်များကိုလည်း ပြုလုပ်သွားမည်ဖြစ်ပြီး မြန်မာ့လက်ရွေးစင်အသင်း၏ နာမည်ကျော် ကစားသမားဟောင်း ဦးမျိုးလှိုင်ဝင်း၊ အမျိုးသမီးလက်ရွေးစင်ဟောင်း သန်းသန်းထွေးနှင့် လက်ရွေးစင်ဂိုးသမား ကျော်ဇင်ဖြိုးတို့လည်းပါဝင်ကြမည်ဖြစ်ကြောင်း သိရသည်။

ချန်ပီယံလိဂ်ဖလား၏ ရန်ကုန်မြို့ ခရီးစဉ်နှင့်ပတ်သက်၍ Heineken မြန်မာဈေးကွက်ဌာနအကြီးအကဲ Valentia De Luca က "သင်နဲ့ သင့်သူငယ်ချင်းတွေ ဆုဖလားကြီးနဲ့အနိုင်ရရှိတဲ့ပုံစံမျိုးနဲ့ ဓာတ်ပုံတွေ၊ ဗီဒီယိုတွေ ရိုက်ခွင့်ရရှိမှာဖြစ်ပါတယ်။ ယွန်းဘတ်လည်း ဒီအစီအစဉ်မှာ ပါဝင်သွားမှာ ဖြစ်ပါတယ်။ ဂိမ်းအစီအစဉ်တွေ အများကြီးရှိပေမယ့် ပရိသတ်ကို အံ့အားသင့်စေချင်လို့ အခုအချိန်မှာ ထုတ်ဖော်ကြေညာမှာမဟုတ်ပါဘူး"ဟု ပြောကြားခဲ့သည်။

အာဆင်နယ် ကစားသမားဟောင်း ယွန်းဘတ်သည် Heineken ၏ ဘောလုံးသံတမန်အဖြစ် မြန်မာပရိသတ်များနှင့် တွေ့ဆုံသွားမည်ဖြစ်သည်။ ယွန်းဘတ်သည် အာဆင်နယ်အသင်းတွင် ၁၉၉၈ခုနှစ်မှ ၂၀၀၇ခုနှစ်အထိ ကစားခဲ့ကာ ၂၀၀၁-၀၂၊ ၂၀၀၃-၀၄ ပရီးမီးယားလိဂ်ဖလား၏ လိဂ်အကောင်းဆုံး ကစားသမားဆု ရရှိခဲ့သည့်အပြင် အာဆင်နယ်အသင်း၏ အကောင်းဆုံး ကစားသမား ၅၀ ထဲတွင် ၁၁ ယောက်မြောက် ကစားသမားအဖြစ် ရွေးချယ်ခံခဲ့ရသူတစ်ဦးဖြစ်သည်။

မြန်မာနိုင်ငံသို့ ကမ္ဘာကျော် ချန်ပီယံလိဂ်ဖလား ရောက်ရှိလာခြင်းမှာ ပထမဆုံးအကြိမ်ဖြစ်ပြီး ယင်းသို့ ကမ္ဘာ့နိုင်ငံများသို့ လှည့်လည်ပို့ဆောင်ပေးခြင်းမှာ ၂၀၁၆ ခုနှစ်အတွင်း တစ်ကမ္ဘာလုံး၌ ငါးနိုင်ငံသာရှိကြောင်း သိရပြီး ယခုမြန်မာနိုင်ငံ ခရီးစဉ်ပြီးဆုံးပါက လာအိုနိုင်ငံသို့ ထွက်ခွာသွားမည်ဖြစ်သည်။ ယင်းမှတစ်ဆင့် ဘရာဇီးနိုင်ငံသို့ ဆက်လက် ထွက်ခွာမည်ဖြစ်ကြောင်း သိရသည်။

# ဆူဇူကီးဖလား ၂၀၁၆ပြိုင်ပွဲကို နိုဝင်ဘာ ၁၉ ရက်မှ စတင်ကျင်းပမည်

ဆူဇူကီးဖလား ၂၀၁၆ပြိုင်ပွဲကို နိုဝင်ဘာ ၁၉ရက်မှ ၂၆ ရက်အထိ မြန်မာနိုင်ငံ၊ရန်ကုန်မြို့နှင့် ဖိလစ်ပိုင်နိုင်ငံ၊ မနီလာမြို့တို့က ပူးတွဲအိမ်ရှင်များအဖြစ် လက်ခံကျင်းပမည်ဖြစ်ကြောင်း သိရသည်။ ယခင်က ဖိလစ်ပိုင်နိုင်ငံသည် အဆင်သင့်မဖြစ်သေးဟူသည့်အကြောင်းပြချက်ဖြင့် အိမ်ရှင်နိုင်ငံအဖြစ်မှ နုတ်ထွက်ခဲ့သော်လည်း မတ် ၁၄ရက်က ကျင်းပခဲ့သည့် အာဆီယံဘောလုံးအဖွဲ့ချုပ်အစည်းအဝေးတွင် အိမ်ရှင်အဖြစ်ပြန်လည်လက်ခံမည်ဟု အတည်ပြုပြောကြားခဲ့သည့်အတွက် ဖိလစ်ပိုင်နိုင်ငံအနေဖြင့် အိမ်ရှင်အဖြစ်လက်ခံကျင်းပမည်ဖြစ်ကြောင်း အာဆီယံဘောလုံးအဖွဲ့ချုပ်က သတင်းထုတ်ပြန်ခဲ့သည်။

ထို့ပြင် ၂၀၁၈ ခုနှစ်မှစတင်ကာ ဆူဇူကီးဖလားပြိုင်ပွဲကျင်းပမည့်ပုံစံသစ်ကို ပြောင်းလဲရန် စဉ်းစားလျက်ရှိကြောင်းသိရသည်။ အဆိုပါပုံစံသစ်တွင် အရှေ့တောင်အာရှအဆင့် ၁ မှ ၉အတွင်းရှိအသင်းများသည် ခြေစစ်ပွဲဝင်ရန်မလိုဘဲ အဆင့် ၁၀နှင့် ၁၁ အသင်းတို့သာ ရှုံးထွက်ပုံစံဖြင့် စတင်ကစားရမည်ဖြစ်သည်။

အုပ်စုအသင်းတစ်သင်းလျှင် လေးပွဲကစားရမည်ဖြစ်ရာ နှစ်ပွဲကို အိမ်ကွင်းအဖြစ်လည်းကောင်း၊ ကျန်နှစ်ပွဲကို အဝေးကွင်းအဖြစ်လည်းကောင်း ကစားရမည်ဖြစ်သည်။ အိမ်ကွင်း၊ အဝေးကွင်း ကစားရမည့်ပွဲများကို မဲနှိုက်၍ရွေးချယ်ပေးမည်ဖြစ်သည်။ အကြိုဗိုလ်လုပွဲနှင့် ဗိုလ်လုပွဲများကိုမူ ယခုကျင်းပသည့်စနစ်အတိုင်း အိမ်ကွင်းအဝေးကွင်း နှစ်ကျော့ပုံစံဖြင့်ပင် ဆက်လက်ကစားမည်ဖြစ်သည်။

ဆူဇူကီးဖလားပြိုင်ပွဲများ၏ အုပ်စုပွဲစဉ်များတွင် (အိမ်ရှင်အသင်းကစားသည့် ပွဲစဉ်များမှအပ) အခြားပွဲစဉ်များတွင် ကြည့်ရှုအားပေးသူပရိသတ် အလွန်နည်းပါးသည့်အတွက် ယခုကဲ့သို့ပြောင်းလဲရန် စီစဉ်ရခြင်းဖြစ်ကြောင်း သိရသည်။ ယခုပုံစံသစ်ကို အကြံပေးသူများရှိခဲ့သည့်အပြင် စပွန်ဆာများ၏ အားပေးထောက်ခံမှုများကိုလည်း ရရှိထားကြောင်း အာဆီယံဘောလုံးအဖွဲ့ချုပ်က သတင်းထုတ်ပြန်ထားသည်။

ယင်းပုံစံသစ်ကို လာမည့်ဇွန်လအတွင်း ထိုင်းနိုင်ငံ ဖူးခက်တွင်ကျင်းပမည့် အာဆီယံဘောလုံးကောင်စီ အစည်းအဝေးတွင် ညှိနှိုင်းဆုံးဖြတ်နိုင်ကြောင်း သိရသည်။



# နစ်ကီအားကစားကုမ္ပဏီက ရွှံ့မကပ်သောဖိနပ်ကို တီထွင်

ကမ္ဘာကျော် အားကစားကုမ္ပဏီကြီးတစ်ခုဖြစ်သည့် နစ်ကီသည် ဘောလုံးသမားများအတွက် အထူးစီမံထားသည့် ရွှံ့မကပ်သည့်ဖိနပ်ကို တီထွင်ထုတ်လုပ်လိုက်ပြီဖြစ်ကြောင်း ထုတ်ဖော်ကြေညာခဲ့သည်။

နစ်ကီအားကစားကုမ္ပဏီသည် Nike Anti-Clog Traction ဟု အမည်ပေးထားသည့် ဘောလုံးကန်ဖိနပ်ကို တီထွင်ထုတ်လုပ်လိုက်ခြင်းဖြစ်ပြီး အဆိုပါဖိနပ်၏ အောက်ခံဆိုးလ်ပြားနေရာတွင် စေးကပ်မှုကို တန်ပြန်နိုင်သည့်နည်းပညာကို ထည့်သွင်းကာ အသုံးပြုထားကြောင်း၊ ယင်းနည်းပညာကြောင့် ဘောလုံးသမားများ အနေဖြင့် ပေါ့ပါးလျင်မြန်စွာ ပြေးလွှားသွားလာနိုင်မည်ဖြစ်ပြီး ဘောလုံးကစားရာတွင်လည်း သွက်လက်ဖြတ်လတ်စေမည်ဖြစ်ကြောင်း နစ်ကီကုမ္ပဏီကထုတ်ဖော်ပြောကြားခဲ့သည်။

နစ်ကီကုမ္ပဏီသည် အဆိုပါဖိနပ်ကို ကမ္ဘာတစ်ဝန်းရှိ ကစားသမားများဖြင့် စမ်းသပ်အသုံးပြုပြီးဖြစ်သကဲ့သို့ ဘာကလေပရီးမီးယားလိဂ်တွင်လည်း စတင်စမ်းသပ်အသုံးပြုသွားရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

"ရွှံ့တွေဟာ ကစားသမားတွေကို ပြဿနာအမျိုးမျိုးဖြစ်စေပါတယ်။ ဒါ့အပြင် အဲဒီရွှံ့တွေကြောင့် သူတို့ဆီကို ကံမကောင်းခြင်းတွေ ရောက်လာစေပါတယ်။ ပိုဆိုးတာက ကစားသမားတွေဟာ သူတို့ကစားပြီးရင် ဖိနပ်မှာကပ်နေတဲ့ရွှံ့တွေကို ဖိနပ်တစ်ဖက်နဲ့တစ်ဖက် ခေါက်ပြီး ခါချရတဲ့အလုပ်ကလည်း သူတို့အတွက် တကယ့်ကို ဝန်လေးစေပါတယ်"ဟု နစ်ကီအားကစားကုမ္ပဏီမှ ဒုတိယဥက္ကဋ္ဌဖြစ်သူ မက်စ်ဘဲလူက ပြောကြားခဲ့သည်။

# အိုးလ်ထရက်ဖို့တ်တွင် ဖြစ်ပွားခဲ့သည့် အဖြစ်အပျက်များကြောင့် ဥရောပဘောလုံးအဖွဲ့ချုပ်က မန်ယူနှင့်လီဗာပူးအသင်းတို့ကို တရားစွဲဆို

ဥရောပဘောလုံးအဖွဲ့ချုပ်သည် ပြီးခဲ့သည့် မတ် ၁၈ ရက်က ယှဉ်ပြိုင်ကစားခဲ့သည့် ယူရိုပါလိဂ် ၁၆ သင်းဆင့် အုပ်စုပွဲစဉ်အဖြစ် မန်ချက်စတာယူနိုက်တက်အသင်းနှင့် လီဗာပူးအသင်းတို့၏ အိုးထရက်ဖို့တ်၌ကျင်းပခဲ့သည့်ပွဲစဉ်တွင် ဖြစ်ပွားခဲ့သည့် အဖြစ်အပျက်များကြောင့် ပြိုင်ဘက်အသင်းနှစ်သင်းစလုံးကို တရားစွဲဆိုမည်ဖြစ်ကြောင်း ဘီဘီစီသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။



အဆိုပါပွဲစဉ်တွင် လီဗာပူးအသင်းသည် မန်ချက်စတာယူနိုက်တက်အသင်းအား တစ်ဂိုးစီသရေကျခဲ့သော်လည်း လီဗာပူးအသင်းသည် နှစ်ကျော့ပေါင်းရလဒ် သုံးဂိုး-တစ်ဂိုးဖြင့် ကွာတားဖိုင်နယ်အဆင့်သို့ တက်လှမ်းနိုင်ခဲ့သည်။

ပွဲအပြီးတွင် နှစ်ဖက်အသင်းပရိသတ်များသည် ပွဲကြည့်စင်ပေါ်တွင် ခိုက်ရန်ဖြစ်ပွားခဲ့သည့်အပြင် ရုန်းရင်းဆန်ခတ်မှုများလည်း ဖြစ်ပွားခဲ့သည်ဟု ဆိုသည်။

ယင်းဖြစ်ရပ်များကို ပြိုင်ပွဲကျင်းပရေးကော်မတီက ယူအီးအက်ဖ်အေသို့ တင်ပြထားပြီး စည်းကမ်းထိန်းသိမ်းရေးကော်မတီမှ အရေးယူပေးရန် တင်ပြထားကြောင်း သတင်းတွင် ဖော်ပြထားသည်။

အိမ်ရှင်ဖြစ်သည့် မန်ချက်စတာယူနိုက်တက်အသင်းအနေဖြင့် ပွဲမစတင်မီ တစ်ပတ်အလိုကပင် အဆိုပါပွဲအတွက် လုံခြုံရေးကို အပြည့်အဝယူထားခဲ့ကြောင်း၊ ဘောလုံးဆိုးသွမ်းပရိသတ်များ၏အန္တရာယ်မှ ကာကွယ်ရန် ရဲအင်အားကိုလည်း တိုးမြှင့်၍ ချထားခဲ့ကြောင်း၊ ပြဿနာဖြစ်ရသည့်အကြောင်းရင်းကို စုံစမ်းစစ်ဆေးသွားမည်ဖြစ်ကြောင်း ဂရိတ်တာမန်ချက်စတာရဲတပ်ဖွဲ့မှ ကြီးကြပ်ရေးမှူး ဂျင်က ပြောကြားခဲ့သည်။

အဆိုပါဖြစ်ရပ်နှင့် ပတ်သက်၍ မန်ချက်စတာရဲတပ်ဖွဲ့မှ ပြဿနာကို စတင်ဖန်တီးသူ ငါးဦးကို ဖမ်းဆီးထားသည်ဟု ဆိုသည်။

လီဗာပူး ပရိသတ်များသည် အိမ်ရှင် မန်ယူပရိသတ်များအားလှောင်ပြောင်ခဲ့ကြပြီး စတင်ရန်စခဲ့ကြကြောင်း၊ ပွဲစတင်သည်မှ ပွဲပြီးဆုံးသည့်အချိန်အထိ လီဗာပူးပရိသတ်များသည် အော်ဟစ်အားပေးခဲ့ကြကြောင်း၊ လီဗာပူးပရိသတ်များ အော်ဟစ်အားပေးသည့်စကားသံများမှာ မန်ယူအသင်းကို ဝေဖန်မှုများ ပြုလုပ်ခဲ့သည့် ပေါလ်-စခိုး၏စကားကို ယူသုံးခဲ့သဖြင့် ယခုကဲ့သို့ ခိုက်ရန်ဖြစ် ပွားခဲ့ရသည်ဟု ဆိုသည်။

ပေါလ်စခိုးသည် မန်ယူအသင်းအား "သုံးစားလို့မရသည့် အသင်း"ဟု ပြင်းပြင်းထန်ထန်ဝေဖန်ခဲ့သည့်စကားကို လီဗာပူးပရိသတ်များက"ပေါလ်စခိုးပြောတာမှန်တယ်၊ မင်းတို့မန်ယူအသင်းက သုံးစားလို့မရတဲ့ အသင်းပဲ"ဟု အော်ဟစ်ကာ အားပေးခဲ့ကြသည်။

အဆိုပါဖြစ်ရပ်များကြောင့် ပြိုင်ဘက်အသင်း ပရိသတ်များ ခိုက်ရန်ဖြစ်ပွားခဲ့ရခြင်းဖြစ်သည်။လီဗာပူးအသင်းသည် မန်ယူအသင်းကို အနိုင်ရရှိခဲ့သဖြင့် ကွာတားဖိုင်နယ်တွင် ဂျာမန်ကလပ် ဒေါ့မွန်အသင်းနှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။

# ဘောလုံးပွဲကြည့်ရင်းသေဆုံးသွားသည့် ပရိသတ်ကို ဒေါ့မွန်ကစားသမားများနှင့်ပရိသတ်များ စုပေါင်းဂုဏ်ပြု

ပြီးခဲ့သည့် မတ် ၁၃ ရက်က ယှဉ်ပြိုင်ကစားခဲ့သည့် မိန့်ဇ်နှင့် ဒေါ့မွန်တို့၏ ပွဲစဉ်တွင် ဘောလုံးပွဲကြည့်ရင်းသေဆုံးခဲ့သည့် ပရိသတ်တစ်ဦးအား ဒေါ့မွန်ကစားသမားများနှင့် ပရိသတ်များက စုပေါင်းဂုဏ်ပြုခဲ့ကြကြောင်း သိရသည်။

ဆစ်ဂ်နယ်လ်အီဒူနာပါ့ခ်တွင် ယှဉ်ပြိုင်ကစားခဲ့သည့် အဆိုပါပွဲစဉ်တွင်ကွင်း၏အနောက်တောင်ထောင့်ရှိပွဲကြည့်စင်၌ အားပေးကြည့်ရှုခဲ့သည့် အသက် ၈၀ အရွယ် ပရိသတ်တစ်ဦးသည် နှလုံးဖောက်ပြန်ကာ လဲကျသေဆုံးသွားခဲ့သည်။

အဆိုပါဝမ်းနည်းဖွယ်သတင်းသည် ပထမပိုင်းကစားနေချိန်တွင် ဘောလုံးကွင်းတစ်ကွင်းလုံးသို့ ပျံ့နှံ့သွားခဲ့ပြီးနောက် ဒုတိယပိုင်းအစတွင် နှစ်ဖက်အသင်းမှ ပရိသတ်များ တိတ်ဆိတ်ငြိမ်သက်စွာဖြင့် ဝမ်းနည်းကြေကွဲမှုကို ပြသခဲ့ကြသည်။

အဆိုပါပွဲစဉ်တွင် ဒေါ့မွန်က မိန့်ဇ်အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ ဒေါ့မွန်အတွက် ဒုတိယဂိုးကို ကွင်းလယ်လူ ရှင်ဂျီကာဝါက ပွဲချိန် ၇၃ မိနစ်တွင် သွင်းယူခဲ့သော်လည်း ကွယ်လွန်သူအတွက် လေးစားမှုကိုပြသသည့်အနေဖြင့် အောင်ပွဲခံခဲ့ခြင်းမရှိပေ။

ထို့အတူ ဒေါ့မွန်ပရိသတ်များကလည်း အော်ဟစ်အောင်ပွဲခံခဲ့ခြင်း မရှိပေ။ ပွဲသိမ်းခရာမှုတ်ချိန်တွင် ဒေါ့မန်ပရိသတ်များသည် အဝါရောင်လည်စည်းပဝါများကို မြှောက်ကိုင်ကာ ညီညီညာညာအားပေးခဲ့ကြသည်။ ဒေါ့မွန်ပရိသတ်များ အားပေးနေသည့်နေရာသို့ ဒေါ့မွန်ကစားသမားများပါ လာရောက်ပူးပေါင်းကာ ကွယ်လွန်သူအတွက် ဂုဏ်ပြုခဲ့ကြသည်။

ဒေါ့မွန်အတွက် ဦးဆောင်ဂိုးသွင်းယူပေးခဲ့သည့် မာကိုရူးစ်က "ကွင်းထဲမှာ ရုတ်တရက် တိတ်ဆိတ်သွားတော့ ဘာဖြစ်မှန်းမသိဘူး။ ပြီးတော့မှ နည်းပြ သောမတ်စ်တူချဲလ်က ဖြစ်စဉ်ကိုလာပြောပြတယ်။ ဒီသတင်းဟာ ပွဲအပေါ်မှာ အရိပ်လို အုပ်ဆိုင်းနေသလိုပါပဲ။ ပရိသတ်တွေရဲ့အမူအရာကတော့ ချီးကျူးလေးစားထိုက်ပါတယ်"ဟု ပြောကြားခဲ့သည်။

ပွဲအပြီးတွင် ဒေါ့မွန်ပရိသတ်များသည် ကွင်း၏တောင်ဘက်ခြမ်းရှိပွဲကြည့်စင်ရှေ့တွင် တန်းစီရပ်ကာ You'll Never Walk Alone သီချင်းကို လိုက်လံသီဆိုခဲ့ကြသည်။

# တားမြစ်ဆေးသုံးစွဲခဲ့သည့် ရှာရာပိုဗာအား ကုလသမဂ္ဂက ၎င်း၏ဂုဏ်ထူးဆောင်သံတမန်ရာထူးကို ရုပ်သိမ်း

ကုလသမဂ္ဂသည် တားမြစ်ဆေးသုံးစွဲမှုဖြင့် ပွဲပယ်ပြစ်ဒဏ်များခံထားရသော ရုရှားတင်းနစ်မယ် ရှာရာပိုဗာအား ကုလသမဂ္ဂဂုဏ်ထူးဆောင် သံတမန်အဖြစ်ခန့်အပ်ထားခြင်းမှ ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

ရုရှားတင်းနစ်မယ် ရှာရာပိုဗာသည် ပြီးခဲ့သည့် ဇန်နဝါရီလအတွင်းက မယ်လ်ဒိုနီယမ်းဆေးဝါးကို သုံးစွဲမိခဲ့သည့်အတွက် မတ် ၁၂ ရက်မှစတင်ကာ ပြိုင်ပွဲများတွင် ပါဝင်ကစားခွင့် ပိတ်ပင်ခံထားရသည်။

ကုလသမဂ္ဂဖွံ့ဖြိုးရေးအစီအစဉ်သည် အသက် ၂၈နှစ်အရွယ်ရှိ ရုရှားတင်းနစ်မယ်ရှာရာပိုဗာအား အပြည်ပြည်ဆိုင်ရာ တားမြစ်ဆေးဝါးထိန်းချုပ်ရေးအဖွဲ့မှ စုံစမ်းစစ်ဆေးနေသည့်ကာလအတွင်း အဆိုပါ ဂုဏ်ထူးဆောင် သံတမန်အဖြစ်မှ ရုပ်သိမ်းထားမည်ဖြစ်ကြောင်း၊ ကင်းလွတ်ခွင့်ရရှိသည့်အခါတွင်လည်း အဆိုပါဘွဲ့ကိုပြန်လည်ပေးအပ်ရန်သင့်၊ မသင့်ကို စဉ်းစားမည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ ပူးပေါင်းဆောင်ရွက်ခဲ့သည့်အတွက် ကျေးဇူးတင်ရှိပါကြောင်းယူအန်န်ဒီပီမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

ကုလသမဂ္ဂသည် တင်းနစ်မယ် ရှာရာပိုဗာအား ၂၀၀၇ ခုနှစ်မှစတင်ကာ အဆိုပါဂုဏ်ထူးဆောင်ဘွဲ့အား ပေးအပ်ထားခြင်းဖြစ်သည်။



ရှာရာပိုဗာသည် ကုလသမဂ္ဂ၏ ဂုဏ်ထူးဆောင်သံတမန်အဖြစ် အကြမ်းဖက်မှုတိုက်ဖျက်ရေးလှုပ်ရှားမှုများ၊ ဆင်းရဲနွမ်းပါးမှု လျှော့ချရေးလှုပ်ရှားမှုများ၊ တန်းတူညီမျှမှု အခွင့်အရေးရရှိရေး လှုပ်ရှားမှုများတွင် ကုလသမဂ္ဂအဖွဲ့နိုင်ငံပေါင်း ၁၇၀ ခန့်တွင် ပါဝင်လှုပ်ရှားခဲ့သူဖြစ်ကြောင်း ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်၏ တရားဝင်ဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည်။ ရှာရာပိုဗာအနေဖြင့် အဆိုပါဆေးကို လွန်ခဲ့သည့် ၁၀ နှစ်ခန့်ကပင် ၎င်း၏ကျန်းမာရေးအတွက် သောက်သုံးခဲ့ရခြင်းဖြစ်သည်ဟု အကြောင်းပြချက် ပေးထားသော်လည်း တားမြစ်ဆေးဝါးသုံးစွဲမှုဖြင့် စွဲချက်တင်ခံထားရသည်။

# ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ်၊ နေပူကျေးရွာတွင် စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြောဆွေးနွေးပွဲကျင်းပ



မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန အနေဖြင့် စားသုံးသူများအား အကာအကွယ်ပေးရေး နှင့် စားသုံးသူ အကာအကွယ်ပေးရေးဥပဒေကို ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး အတွက် စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ ခရိုင်ဦးစီးမှူး ဦးမောင်ထူးနှင့် ဝန်ထမ်းများသည် မတ် ၈ ရက်တွင် စဉ့်ကိုင်မြို့နယ်၊ နေပူကျေးရွာတွင် စားသုံးသူ အကာအကွယ်ပေးရေး အကြောင်းသိကောင်းစရာ အသိပညာ ပေးဟောပြောပွဲ ကျင်းပပြုလုပ်ခဲ့ပါသည်။

အဆိုပါ ဟောပြောပွဲတွင် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးဇော်ခိုင်ဦးက အဖွင့်အမှာစကားပြောကြားပြီးနောက် ကျောက်ဆည်ခရိုင်ဦးစီးမှူး ဦးမောင်ထူးက စားသုံးသူအကာအကွယ်ပေးရေးဥပဒေနှင့် ပတ်သက်သော စားသုံးသူများ၏ အခွင့်အရေးနှင့် တာဝန်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၏ အခွင့်အရေးတာဝန်နှင့် တားမြစ်ချက်များ ပြစ်မှုပြစ်ဒဏ်များအကြောင်းကို အကျယ်တဝင့်ဆွေးနွေးတင်ပြခဲ့ပါသည်။

ဆက်လက်၍ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ စဉ့်ကိုင်မြို့နယ် တာဝန်ခံ ဒေါ်သီတာဦးက ဆိုးဆေးအကြောင်း သိကောင်းစရာများ ဟောပြောဆွေးနွေးရာတွင် ဆိုးဆေးတွင် သဘာဝဆိုးဆေးနှင့် ဓာတုဆိုးဆေးနှစ်မျိုးရှိကြောင်း၊ သဘာဝဆိုးဆေးမှာ သဘာဝအပင်၊ အသီး၊ အပွင့်တို့မှ ထုတ်လုပ်ထားသဖြင့် လူတို့ကို အန္တရာယ်ဖြစ်စေနိုင်မှု နည်းပါးစေကြောင်းနှင့် ယခုအခါတွင် ချည်၊ သိုးမွေး၊ ပိုးထည် များတွင်အသုံးပြုသော ဓာတုဆိုးဆေးများကို ငရုတ်သီးမှုန့် အရောင်တင်မှုန့်ပြုလုပ်ရာတွင် ထည့်သွင်းအသုံးပြုထားကြောင်း၊ ၎င်းဆိုးဆေးများသည် အသည်းနှင့် ကျောက်ကပ်ကို ပျက်စီးစေနိုင်ကြောင်း၊ ဆိုးဆေးသည် အစားအသောက်တွင် နဂိုရှိသည့် အရောင်ထက် ပိုမိုတောက်ပကာ စားချင်စဖွယ်ဖြစ်နေကြောင်း၊ မိမိတို့၏ မျိုးဆက်သစ် ကလေးများအတွက် ဆိုးဆေးပါဝင်သော အစားအသောက်များကို အဓိကရှောင်ကြဉ်စားသောက်ကြရန် ဟောပြောဆွေးနွေးခဲ့ပါသည်။

ထို့နောက် ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ ပုသိမ်ကြီး၊ အမရပူရမြို့နယ်တာဝန်ခံ ဦးသက်လွင်ထူးက စားသုံးဆီအကြောင်း သိကောင်းစရာများကို ဟောပြောဆွေးနွေးခဲ့ရာ စားအုန်းဆီတွင် အနံ့ထည့် အရောင်တွေတင်ပြီး ဘူးလှလှများတွေမှာထည့်၊ ပါကင်ပိတ်ကာ နှမ်းဆီစစ်စစ်၊ ပဲဆီစစ်စစ်ဟုဆိုကာ ပြည်သူလူထုကို လိမ်လည်လှည့်ဖြားရောင်းချနေသဖြင့် ပြည်သူလူထု အနေဖြင့် ရွေးချယ်ဝယ်ယူစားသောက်တတ်ကြစေရန်၊ FDA မှတားမြစ်ပိတ်ပင်ထားသော စားသုံးဆီများကို နိုင်ငံပိုင် မြန်မာ့အလင်းသတင်းစာနှင့် ကြေးမုံသတင်းစာများတွင် ထုတ်ပြန်ကြော်ငြာထားကြောင်း၊ ကျေးလက်နေတောင်သူများ အနေဖြင့် မိမိတို့လယ်မှထွက်သော နှမ်း၊ နေကြာ၊ မြေပဲများကို ကိုယ်တိုင်ကြိတ်၍စားသုံးသင့်ကြောင်းနှင့် ပြည်သူလူထုများကို မျက်စိဖွင့် နားတွေစွင့်ကာ သတင်းအချက်အလက်များကို သိရှိစေရန် စာများများဖတ်ကြရန် လိုအပ်ပါကြောင်း ဟောပြောဆွေးနွေးခဲ့ပါသည်။

ထို့နောက် ဆွေးနွေးပွဲသို့ တက်ရောက်လာခဲ့သောနေပူကျေးရွာမှ ရပ်မိရပ်ဖတစ်ဦးက ယခုလို စားသုံးသူအကာအကွယ်ပေးရေး ဟောပြောဆွေးနွေးပွဲကို မိမိတို့ကျေးရွာသို့ လာရောက် ဟောပြောခဲ့သဖြင့် ကျေးဇူးတင်ကြောင်း မိမိကျေးရွာသူကျေးရွာသားများ အသိပညာဗဟုသုတ ရရှိစေခြင်းကြောင့် အထူးပင် ကျေးဇူးတင်ကြောင်းပြောကြား ခဲ့ပါသည်။ ဆွေးနွေးဟောပြောပွဲသို့တက်ရောက်လာသော ပြည်သူလူထုအား စားသုံးသူ အကာအကွယ်ပေးရေးအကြောင်း သိကောင်းစရာ လက်ကမ်းစာစောင်များ၊ FDA မှတားမြစ်ပိတ်ပင် ထားသောစားသုံးဆီ ၂၈ မျိုးအား နိုင်ငံပိုင်သတင်းစာမှ ကူးယူ၍ ဖြန့်ဝေပေးခဲ့ပါသည်။ **သီတာဦး-မန္တလေး**

## သာယာဝတီခရိုင်အတွင်းရှိ မြို့နယ်များတွင် စားသုံးသူ အကာအကွယ်ပေးရေးဥပဒေပါ စီးပွားရေးလုပ်ငန်းရှင်များ၏ အခွင့်အရေး၊ တာဝန်နှင့် တားမြစ်ချက်များ ရှင်းလင်းဆွေးနွေး

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ သာယာဝတီခရိုင်ဦးစီးမှူးရုံးလက်အောက်ရှိမြို့နယ်များဖြစ်သော သာယာဝတီ၊လက်ပံတန်း၊မင်းလှ၊ မိုးညို၊ အုတ်ဖို၊ ကြို့ပင်ကောက်၊ ဇီးကုန်းနှင့် နတ်တလင်းမြို့များတွင် စားသောက်ကုန်များ ထုတ်လုပ်ရောင်းချသော လုပ်ငန်းရှင်များအနေဖြင့် စားသုံးသူအကာအကွယ်ပေးရေး ဥပဒေအခန်း(၆)၊ပုဒ်မ(၇)ပါ စီးပွားရေးလုပ်ငန်းရှင်များ၏ အခွင့်အရေးနှင့်တာဝန်များ၊ အခန်း(၇)ပုဒ်မ(၈)(၉)(၁၀)(၁၁)(၁၂)(၁၃)(၁၄)(၁၅)ပါ စီးပွားရေး လုပ်ငန်းရှင်ကာကွယ်တားမြစ်ချက်များ၊ အခန်း(၁၀)စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ အရေးယူပိုင်ခွင့်နှင့် အခန်း(၁၁)ပါပြစ်မှုနှင့် ပြစ်ဒဏ်များ အကြောင်းအရာများ ဆွေးနွေးခြင်း၊ စည်းကမ်းချက်များနှင့် အညီဆောင်ရွက်ခြင်းဖြင့် စားသုံးသူပြည်သူများ ဘေးဥပဒ်အန္တရာယ် ကင်းရှင်းစွာ စားသုံးနိုင်ရေးအတွက် အသေးစိတ်ရှင်းလင်းဆွေးနွေးပွဲများမြို့နယ်ရုံးများတွင် မတ် ၁၄ ရက်၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

ဆက်လက်၍ တက်ရောက်လာသော လုပ်ငန်းရှင်များက မရှင်းလင်းသည့်အချက်များအား မေးမြန်း ဆွေးနွေးရာ မြို့နယ်တာဝန်ခံများက အသေးစိတ် ရှင်းလင်းဆွေးနွေးပေးပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သတင်းရရှိပါသည်။

**ခိုင်ခိုင်ရီ၊ မြှင့်တင်/စားသုံး**

# ကန့်ဘလူမြို့နယ်အတွင်း စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများ အစဉ်တစိုက် ဆက်လက်ဆောင်ရွက်လျက်ရှိ

ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ စစ်ကိုင်းတိုင်းဒေသကြီးဦးစီးမှူးရဲ့ ကြီးကြပ်မှုဖြင့် စားသုံးသူ အကာအကွယ်ပေးရေးလုပ်ငန်းများကို နွေရာသီကျောင်းများပိတ်သော်လည်း ပြည်သူလူထုများအတွက် အန္တရာယ်ဖြစ်စေတတ်သည့် အစားအစာများကို ခွဲခြားသိရှိစေပြီး ရွေးချယ်စားသုံးတတ်စေရန်အတွက် စားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေး ဟောပြောပွဲများကို ဆောင်ရွက်လျက်ရှိရာ ကန့်ဘလူမြို့နယ်တာဝန်ခံ ဦးစောမောင်က ကန့်ဘလူမြို့နယ်ရှိ ကျေးရွာများသို့ ကွင်းဆင်းဆောင်ရွက်ခဲ့ပါတယ်။ အချို့ကျေးရွာများတွင် လုပ်ငန်းခွင်များအထိ သွားရောက်ဟောပြောမှုများ ပြုလုပ်ခဲ့ပါတယ်။

၂၀၁၆ ခုနှစ် ဖေဖော်ဝါရီအတွင်း ကန့်ဘလူမြို့နယ်ရှိ ကျေးရွာပေါင်း ၁၆ ရွာမှ လူဦးရေ ၇၇၂ ဦးနှင့်မတ်လအတွင်း ကျေးရွာပေါင်း ၂၁ ရွာမှ လူဦးရေ ၁၀၈၀ ဦးကို ဟောပြောခဲ့ဆွေးနွေးခဲ့ပါတယ်။ ပညာပေး လက်ကမ်းစာစောင် ၁၀၀၀၊ ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် ခွင့်မပြုဓာတုဆိုးဆေးပါ စားသောက်ကုန်နဲ့ မုန့်အမည်စာရင်း စာရွက်များ ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ထုတ်ဝေတဲ့ ကောမတ်စ်ဂျာနယ်များကို ဖြန့်ဝေပေးခဲ့ပါတယ်။ ဟောပြောပွဲတွင် စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာ ဟောပြောပွဲများပြုလုပ်ခြင်းရဲ့ ရည်ရွယ်ချက်များ၊ စားသုံးသူရေးရာ သိကောင်းစရာများ၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း စားသုံးသူများ နစ်နာမှုများကို ဖြေရှင်းဆောင်ရွက်ပေးရန်အတွက် တိုင်းဒေသကြီး စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌမှာ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးဌာနဝန်ကြီး ဖြစ်ပြီး အတွင်းရေးမှူးမှာ တိုင်းဒေသကြီး ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးနှင့်အဖွဲ့ဝင်များအဖြစ် သက်ဆိုင်ရာဌာနများမှ တာဝန်ယူ ဆောင်ရွက်လျက်ရှိကြောင်း စားသုံးသူအကာအကွယ်ပေးရေး ဥပဒေတွင်ပြဋ္ဌာန်းထားသည့် စားသုံးသူများ၏ အခွင့်အရေးများကို ရယူနိုင်သကဲ့သို့ တာဝန်များကိုလည်း လိုက်နာကြရန်လိုကြောင်း၊ ထုတ်လုပ်ရောင်းချသူ စီးပွားရေးလုပ်ငန်းရှင်များကလည်း မိမိတို့ရဲ့ တာဝန်နဲ့ တားမြစ်ချက်များကိုလိုက်နာဖို့လိုကြောင်း၊ စားသုံးဆီနှင့် ဟင်းချိုမှုန့်လွန်ကဲစွာ စားသုံးခြင်း ၊ ဆေးလိပ်၊ ကွမ်းယာစားသုံးခြင်းရဲ့ နောက်ဆက်တွဲ ဆိုးကျိုးများအကြောင်းနှင့် အစားအသောက်များတွင် ပါဝင်နေတဲ့ ဓာတုဆိုးဆေးများရဲ့ အန္တရာယ်ဆိုးကျိုးများ၊ စားသုံးရန်မသင့်သော ရက်လွန်ပြီး မှိုတက်နေသည့် မုန့်မျိုးစုံနှင့်ပတ်သက်၍ သိသင့်သိထိုက်သော အချက်များကို အကျယ်တဝင့် ရှင်းလင်းဟောပြောခဲ့ရာ သက်ဆိုင်ရာ ကျေးရွာနှင့် ရပ်ကွက်များမှ အုပ်ချုပ်ရေးမှူးနဲ့ ရွာသူရွာသားများက လွန်စွာ အရေးကြီးသည့် ဗဟုသုတများ ရရှိသဖြင့် ကျေးဇူးတင်ရှိကြောင်း ပြောကြားခဲ့တယ်လို့ သိရပါတယ်။

**စောမောင်-ကန့်ဘလူ**

# မကွေးတိုင်းဒေသကြီး၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနမှကြီးမှူး၍ စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ ဆွေးနွေးနှီးနှောဖလှယ်ပွဲ ကျင်းပ



စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မကွေးတိုင်းဒေသကြီး၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနမှ ကြီးမှူး၍ စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာ ဆွေးနွေးနှီးနှောဖလှယ်ပွဲကို မကွေးမြို့ရှိ မြို့တော်ခန်းမတွင် မတ် ၁၁ ရက်က ကျင်းပပြုလုပ်ခဲ့ပါသည်။

အဆိုပါ ဆွေးနွေးနှီးနှောဖလှယ်ပွဲသို့ တိုင်းဒေသကြီး အငြင်းပွားမှုဖြေရှင်းရေးဥက္ကဋ္ဌ၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးဦးမြင့်နိုင်၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန (ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဦးဟန်၊ မြန်မာနိုင်ငံစားသုံးသူအကာအကွယ်ပေးရေးအသင်း (MCU) မှ ဦးမောင်မောင်၊ အစာအာဟာရဆိုင်ရာ သိပ္ပံနှင့်နည်းပညာအသင်း (FOSTA) မှဒေါ်တင်မျိုးမျိုး၊ မုန့်တိုက်ပွဲဦးဆောင်လှုပ်ရှားသူ ဒေါက်တာကျော်ဆွေ (တောင်တွင်းကြီး)၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန၊ သုတေသနနှင့် တီထွင်ဆန်းသစ်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာဇာနည်အောင်၊ စိုက်ပျိုးရေးဦးစီးဌာန၊ ဒုတိယ တိုင်းဒေသကြီးဦးစီးမှူး ဦးမြင့်စိန်၊ မကွေးတက္ကသိုလ် ဥပဒေဌာနမှ လက်ထောက်ကထိက ဒေါ်စမ်းမို့မို့သူ၊ အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ကွပ်ကဲရေးဦးစီးဌာနမှ တိုင်းတာဝန်ခံ ဒေါက်တာပြည့်ထူး၊ တိုင်းအဆင့်ဌာနဆိုင်ရာမှ ဝန်ထမ်းများ၊ ပညာရှင်များ၊ ပညာရေးကောလိပ်မှ နည်းပြများနှင့် သင်တန်းသူ၊ သင်တန်းသားများ၊ သူနာပြုသင်တန်းကျောင်းမှ သင်တန်းနည်းပြများနှင့် သင်တန်းသူများ၊ ကုန်သည်စက်မှုလုပ်ငန်းရှင်များနှင့် သတင်းမီဒီယာများ စုစုပေါင်း ၄၄၂ ဦး တက်ရောက်ခဲ့ပါသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ဥက္ကဋ္ဌ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးဦးမြင့်နိုင်က အဖွင့်အမှာစကားပြောကြားခဲ့ပါသည်။ ထို့နောက် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်မှု မြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဦးဟန်က စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာကိစ္စများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားခဲ့ပါသည်။ ဆက်လက်၍ မြန်မာနိုင်ငံစားသုံးသူအကာအကွယ်ပေးရေးအသင်း (MCU) မှ ဦးမောင်မောင်က မြန်မာနိုင်ငံတွင် မြန်မာစားသုံးသူများသမဂ္ဂ၏ စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ လှုပ်ရှားဆောင်ရွက်မှုများအကြောင်း၊ အစာအာဟာရဆိုင်ရာ သိပ္ပံနှင့်နည်းပညာအသင်း (FOSTA) မှဒေါ်တင်မျိုးမျိုးကလည်း စားသုံးသူကာကွယ်ရေးအတွက် အစာအာဟာရဆိုင်ရာ သိပ္ပံနှင့် နည်းပညာအသင်း၏ အခန်းကဏ္ဍများ၊ မုန့်တိုက်ပွဲဦးဆောင်လှုပ်ရှားသူ ဒေါက်တာကျော်ဆွေ (တောင်တွင်းကြီး) ကထုတ်လုပ်သူများအားလုံး မိမိတို့ထုတ်လုပ်သော ထုတ်ကုန်ပစ္စည်းများအပေါ် အပြည့်အဝ တာဝန်ယူမှု၊ တာဝန်ခံမှုရှိရေးအကြောင်း၊ ထုတ်လုပ်သူများက မိမိတို့၏ အရည်အသွေးကို အာမခံခြင်းအကြောင်း၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ သုတေသနနှင့် တီထွင်ဆန်းသစ်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူး ဒေါက်တာဇာနည်အောင်က စံချိန်စံညွှန်းနှင့် စပ်လျဉ်း၍ ဆွေးနွေးဟောပြောကြရာ တက်ရောက်လာသူများက သိလိုသမျှမေးမြန်းခဲ့မှုများအား ပြန်လည်ဖြေကြား ဆွေးနွေးပေးခဲ့ပါသည်။

စိုက်ပျိုးရေးဦးစီးဌာန၊ ဒုတိယ တိုင်းဒေသကြီးဦးစီးမှူး ဦးမြင့်စိန်က ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေးများ၊ မကွေးတက္ကသိုလ် ဥပဒေဌာနမှ လက်ထောက်ကထိက ဒေါ်စမ်းမို့မို့သူကလည်း စားသုံးသူအကာအကွယ်ပေးရေးဥပဒေနှင့် စပ်လျဉ်း၍ ဥပဒေများကို ရှင်းလင်းခြင်း၊ အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ကွပ်ကဲရေးဦးစီးဌာနမှ တိုင်းတာဝန်ခံ ဒေါက်တာပြည့်ထူးက မိမိတို့ဌာန၏ ယခုဆောင်ရွက်နေသော လုပ်ငန်းစဉ်များနှင့် ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များအကြောင်း ဆွေးနွေးဟောပြောခဲ့ကြပါတယ်။ ထို့နောက် တက်ရောက်လာသူများက သိလိုသမျှ မေးမြန်း၍ ပြန်လည်ဖြေကြားခဲ့ပါသည်။ **စန္ဒာစိုးလွင်-မကွေး**

# လှိုင်သာယာမြို့နယ်၊ လှိုင်သာယာ (၁) ဈေးတွင် ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေး ဟောပြောဆွေးနွေးပွဲကျင်းပ

ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ ဝန်ထမ်းများသည် “ကမ္ဘာ့စားသုံးသူ အခွင့်အရေးများနေ့” ဖြစ်သည့် မတ် ၁၅ ရက်တွင် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (ရန်ကုန်ရုံးခွဲ)၊ တိုင်းကျန်းမာရေး ဦးစီးဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတို့နှင့်ပူးပေါင်း၍ လှိုင်သာယာမြို့နယ်အတွင်း (ခ)ဈေးအဆင့်ရှိ လှိုင်သာယာ(၁)ဈေးတွင် စား သုံးသူအကာအကွယ်ပေးရေး ဟောပြောဆွေးနွေးပွဲအား ကျင်းပခဲ့ပါသည်။

ဟောပြော ဆွေးနွေးပွဲတွင် မြောက်ပိုင်းခရိုင်စည်ပင်သာယာရေးကော်မတီဈေးများဌာန ဌာနခွဲမှူး ဦးဇင်မင်းညွန့်က ဈေးသူ၊ ဈေးသားများအနေဖြင့် ဌာနဆိုင်ရာတာဝန်ရှိသူတို့က ယခုလို လာရောက်ဟောပြောဆွေးနွေးသည့်အချက်အလက်များကို သေချာစွာလိုက်နာမှတ်သားရန်လိုအပ်ပါကြောင်း၊ ဈေးသူ၊ ဈေးသားများကိုယ်တိုင်ဟာလည်း စားသုံးသူများဖြစ်သဖြင့် စားသုံးသင့်သည့် အစားအစာများကိုသာ ရောင်းဝယ်သင့်ကြောင်း ပြောကြားပါသည်။ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ ဦးစီးအရာရှိ




ဒေါ်ထားထားလှိုင်က စားသုံးသူအကာအကွယ်ပေးရေးဥပဒေ ပေါ်ပေါက်လာပုံနှင့် ပြစ်မှုပြစ်ဒဏ်များအကြောင်းကို ရှင်းလင်းပြောကြားပြီး စံမမီစားသောက်ကုန်များအကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာနမှ စားသုံးရန်မသင့်သောအစားအသောက်များနှင့် ပတ်သက်၍ အများပြည်သူသိရှိရန် အသိပေးကြေညာချက်နှင့် ပြည်တွင်း၊ ပြည်ပတွင် လက်ရှိဖြစ်ပေါ်နေသည့်အစားအသောက်၊ ဆေးဝါး၊ ရောဂါအခြေအနေများအား သိရှိနိုင်ရန် သတင်းစာဂျာနယ်များအား ဖတ်ရှုရန်နှင့် စားသုံးသူတိုင်ကြားမှုများရှိပါက နှုတ်ဖြင့်ဖြစ်စေ၊ စာဖြင့်ဖြစ်စေ တိုင်ကြားရေးဌာနတွင် တိုင်ကြားမှုပုံစံများရှိပါကြောင်း၊ စားသုံးသူကာကွယ်ရေးလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်သည့်အနေဖြင့် စီးပွားရေးလုပ်ငန်းရှင်နှင့်တစ်ဆင့် ပြန်လည်ရောင်းချသူများမှ သမာအာဇီဝနည်းလမ်းဖြင့်ရောင်းဝယ်ကြရန် အကျယ်တဝင့်ရှင်းလင်းပြောကြားသွားပါသည်။

အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (ရန်ကုန်ရုံးခွဲ)မှ လက်ထောက် ညွှန်ကြားရေးမှူး ဒေါက်တာစုစုပိုင်က ဌာနမှတာဝန်ယူဆောင်ရွက်လျက်ရှိသည့်လုပ်ငန်းများ၊ အစားအသောက်များနှင့် ပတ်သက်၍ ဆိုးဆေးအန္တရာယ်၊ သဘာဝဆိုးဆေး၊ ဓာတုဆိုးဆေးများအကြောင်း၊ အစားအသောက်ထုတ်လုပ်ဖြန့်ဖြူး ရောင်းချသူများက အစားအသောက်တွင် သုံးစွဲရန်ခွင့်မပြုသော ဓာတုဆိုးဆေးများကို လုံဝအသုံးမပြုရန်၊ FDA ထောက်ခံချက် အမှတ်တံဆိပ်ပါ အချက်များအား သတိပြု ရောင်းဝယ်ကြပါရန် ဆွေးနွေးဟောပြောခဲ့ပါသည်။

ဆက်လက်၍ ရန်ကုန်တိုင်းကျန်းမာရေးဦးစီးဌာန(ကိုယ်စား) လှိုင်သာယာမြို့နယ်၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ လက်ထောက်ဆရာဝန် ဒေါက်တာထူးနိုင်ဖြိုးက ယခုခေတ်တွင် လူဦးရေတိုးပွားလာသည်နှင့်အမျှ စားနပ်ရိက္ခာလုံလောက်မှုရှိစေရေး၊ အလေအလွင့်နည်းပါးစေရေး၊ အထွက်တိုးစေရေးအတွက် စိုက်ပျိုးရေး လုပ်ငန်းများတွင် ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေးများ အသုံးပြုမှုများပြားလာမှု၊ လူနှင့် တိရစ္ဆာန်တို့၏ အစာအိမ်လမ်းကြောင်းအတွင်း၌ရှိသော ပိုးမွှားများအကြောင်း၊ အစားအစာများတွင် တွေ့ရှိရတတ်သော အဏုဇီဝပိုးမွှားများနှင့် အစားအစာ မသန့်ရှင်းမှုကြောင့် ဖြစ်ပွားတတ်သော ရောဂါများအကြောင်း၊ အစားအစာလုံခြုံစိတ်ချစေရန် အစားအစာများကို ကျက်အောင် ချက်ပြုတ်ရန်၊ မချက်ပြုတ်ရသေးသော အသားစိမ်း၊ ငါးစိမ်းများကို ချက်ပြုတ်ထားသည့် အစားအစာများနှင့် အတူတူမထားရန် စသည်တို့ကို အသေးစိတ်ဟောပြောဆွေးနွေးခဲ့ပါသည်။

စားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေးဟောပြော ဆွေးနွေးပွဲသို့ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ အရာထမ်း၊ အမှုထမ်းများ၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (ရန်ကုန်ရုံးခွဲ)မှ လက်ထောက်ဆရာဝန်နှင့် ဝန်ထမ်းများ၊ တိုင်းကျန်းမာရေး ဦးစီးဌာန၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ လက်ထောက်ဆရာဝန်၊ မြောက်ပိုင်းခရိုင်စည်ပင်သာယာရေးကော်မတီ၊ ဈေးများဌာနမှ တာဝန်ရှိဝန်ထမ်းများ၊ လှိုင်သာယာ(၁)ဈေးနှင့်အတူ လှိုင်သာယာမြို့နယ်အတွင်းရှိ ကျန်စစ်သားဈေး၊ ပင်လုံဈေး၊ ပိတောက်မြိုင်ဈေး၊ အောင်မင်္ဂလာဈေး၊ အောင်သုခဈေးမှ ဈေးတာဝန်ခံများ ဈေးသူ/ ဈေးသားများတက်ရောက်ခဲ့ပါသည်။

လှိုင်သာယာမြို့နယ်ရှိ အမှတ်(၁)ဈေးသည် (ခ)အဆင့်ဈေးဖြစ်ပြီး စားသောက်ကုန်၊ လူသုံးကုန်၊ အလှကုန်၊ ဆေးဝါးရောင်းချသည့် ဆိုင်ခန်းပေါင်း ၄၂၀ ရှိကြောင်းနှင့် ဟောပြောဆွေးနွေးပွဲသို့တက်ရောက်သည့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဈေးသူ/ ဈေးသားများအား “စားသုံးသူပြည်သူများ အန္တရယ်ကင်းစေဖို့သတိပြု လိုက်နာဆောင်ရွက်စို့” စာတမ်းပါ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရှိရပါသည်။ **မိထားလှိုင်(စားသုံးသူ)**

Organizations News
Vol: 16, No.12 Monday March 21 2016

# မလေးရှား Maybank က အက်စ်အမ်အီး ငွေကြေးထောက်ပံ့မှုလုပ်ငန်းများကို ဒေသတွင်းအတိုင်းအတာအထိ ဆောင်ရွက်မည်

ဒေသတွင်းမှာရှိတဲ့ အသေးစား စက်မှုလုပ်ငန်းတွေရဲ့ အလားအလာ ခိုင်မာတောင့်တင်းလျက်ရှိတဲ့အတွက် မလေးရှားဘဏ်တစ်ခုဖြစ်တဲ့ Maybank က မလေးရှားအပါအဝင် အာဆီယံ ဒေသမှာ အသေးစားနဲ့ အလတ်စား စီးပွားရေးလုပ်ငန်း (အက်စ်အမ်အီး) များအတွက် ချေးငွေကို တိုးမြှင့်ပေးမည်ဖြစ်ရာ ၂၀၁၅ ခုနှစ်အတွင်းမှာ ရင်းဂစ် ၂၂ ဘီလီယံထုတ်ချေးခဲ့ရာမှ ယခုနှစ်မှာ ရင်းဂစ် ၂၈ ဘီလီယံအထိထုတ်ချေးဖို့ ရည်မှန်းထားကြောင်း သည်စတားအွန်လိုင်းသတင်းမှာ ဖော်ပြပါတယ်။

"အက်စ်အမ်အီးတွေက အာဆီယံရဲ့စီးပွားရေးကို စွမ်းအင်ပြည့်ဝလာအောင် ဆောင်ရွက်ပေးလျက်ရှိပြီး အာဆီယံအလုပ်အကိုင်ရရှိမှုရဲ့ ၅၀ ရာခိုင်နှုန်းနဲ့ ပျမ်းမျှဂျီဒီပီရဲ့ ၄၀ ရာခိုင်နှုန်းကိုရရှိအောင် အထောက်အကူပေးပါတယ်။ အာဆီယံဈေးကွက်ထဲမှာ အက်စ်အမ်အီးတွေရဲ့ ဖွံ့ဖြိုးတိုးတက်မှုက ၈ ရာခိုင်နှုန်းနဲ့ ၂၈ ရာခိုင်နှုန်းအကြားမှာရှိပြီး ဖွံ့ဖြိုးတိုးတက်မှုအတွက် အလားအလာရှိတဲ့ လုပ်ငန်းတွေဖြစ်ပါတယ်"လို့ Maybank အကြီးအကဲ ဒါတွတ်လင်းဟောင်တက်က မကြာသေးမီကပြုလုပ်ခဲ့တဲ့ သတင်းစာရှင်းလင်းပွဲမှာ ပြောပါ တယ်။

၂၀၁၃ ခုနှစ်မှာ လက်လီရောင်းချမှုပုံစံဖြစ်တဲ့ Retail SME (RSME) ကို စတင်ပြီးအောင်မြင်စွာ အကောင်အထည်ဖော်ခဲ့တဲ့နောက်ပိုင်း မလေးရှားနိုင်ငံမှာဆောင်ရွက်နေတဲ့ Maybank ရဲ့ အက်စ်အမ်အီးချေးငွေ လုပ်ငန်းက တစ်ရှိန်ထိုး မြင့်တက်လာခဲ့ကြောင်း လင်းက ပြောပါတယ်။ Maybank အနေနဲ့ ချေးငွေလျင်မြန်စွာရစေမည့်နည်း၊ အက်စ်အမ်အီးများက စာရင်းစစ်ပြီး ငွေစာရင်းတင်သွင်း ရန်မလိုတဲ့ နည်းတို့ဖြင့် ငါးရက်အတွင်း ချေးငွေရရှိအောင်ဆောင်ရွက်ပေးမယ့် အစီအစဉ်တွေကို စတင်ဆောင်ရွက်ပေးခဲ့ပါတယ်။

"ကျွန်တော်တို့ရဲ့ အစီအစဉ်တွေအရ အက်စ်အမ်အီးချေးငွေတွေက လွန်ခဲ့တဲ့ ငါးနှစ်အတွင်းမှာ နှစ်ဆတက်ပြီး ၂၀၁၅ ခုနှစ်မှာ ရင်းဂစ် ၁၀ ဒသမ ၂ ဘီလီယံနဲ့ အပ်ငွေက ၅၀ ရာခိုင်နှုန်းမြင့်တက်ပြီး ရင်းဂစ် ၅၈ ဒသမ ၄ ဘီလီယံအထိ ရောက်ရှိခဲ့ပါတယ်"ဟု လင်းကပြောပါတယ်။

Maybank ကမလေးရှားနိုင်ငံမှာ ၂၀၁၅ ခုနှစ်အတွင်း ချေးငွေရင်းဂစ် ၁၀ ဘီလီယံထုတ်ချေးခဲ့ရာ စုစုပေါင်းချေးငွေရင်းဂစ် ၂၅၈ ဘီလီယံရဲ့ ၄ ရာခိုင်နှုန်းအထိ ထုတ်ချေးနိုင်ခဲ့ပါတယ်။



# ပူးပေါင်းဆောင်ရွက်မှုစွမ်းအားက အာဆီယံရဲ့ အနာဂတ်ကို အဆုံးအဖြတ်ပေးမှာဖြစ်ကြောင်း မလေးရှားဗဟိုဘဏ် အုပ်ချုပ်ရေးမှူးပြော

အာဆီယံရဲ့ အနာဂတ်နဲ့ရေရှည်ဆက်လက်တည်တံ့မှုက ပူးပေါင်းဆောင်ရွက်မှု စွမ်းအားအပေါ်မှာ အခြေခံနေတယ်လို့ အနားယူတော့မယ့် မလေးရှားဗဟိုဘဏ်အုပ်ချုပ်ရေးမှူး တန်ဆရီဇက်တီအက်ကထာ အာဇစ်ကပြောကြောင်း အင်န်အက်စ်တီ အွန်လိုင်းသတင်းမှာ ဖော်ပြပါတယ်။

" အနာဂတ်အတွက် ရေရှည်တည်တံ့ခိုင်မြဲမယ့် ပူးပေါင်းဆောင်ရွက်မှုကိစ္စကို စဉ်းစားရင် ပိုမိုအလားအလာရှိတဲ့ အနာဂတ်ဘုံရည်မှန်းချက်ပန်းတိုင်ကို ရောက်ရှိအောင်ကြိုးစားရပါမယ်။ ဒါကြောင့် အာဆီယံအဖွဲ့ဝင်နိုင်ငံတွေရဲ့ အာဏာပိုင်တွေနဲ့ ကြီးကြပ်ထိန်းသိမ်းသူတွေက နိုင်ငံစုံပူးပေါင်းဆောင်ရွက်မှုကို အကောင်အထည်ဖော်ဖို့ လိုပါတယ်"လို့ သူမက ပြောပါတယ်။

ပိုမိုပေါင်းစည်းတဲ့ အသိုက်အဝန်းက ကြီးမားတဲ့အခွင့်အလမ်းတွေကိုဖန်တီးပေးမှာဖြစ်ပြီး ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းတွေကို ပုဂ္ဂလိကကဏ္ဍမှာပါ ဆောင်ရွက်လျက်ရှိကြောင်း Global Forum Kula Lumpur 2016 ဆိုတဲ့ ခေါင်းစဉ်နဲ့ အမေရိကန်နိုင်ငံ ပင်ဆယ်ဗေးနီးယားပြည်နယ် ဝါတန်တက္ကသိုလ်မှာ ကျင်းပတဲ့ဖိုရမ်ဖွင့်ပွဲမှာ အမှာစကားပြောကြားစဉ် သူမကပြောကြားခဲ့တာ ဖြစ်ပါတယ်။

"ဒီကနေ့အချိန်မှာဆိုရင် အဲဒီလိုကြိုးပမ်း ဆောင်ရွက်မှုတွေကြောင့် ၂၀၁၅ ခုနှစ်မှာ အာဆီယံစီးပွားရေးအသိုက်အဝန်း (အေအီးစီ) ကို အောင်မြင်စွာထူထောင်နိုင်ခဲ့ပါပြီ။ စဉ်ဆက်မပြတ်ပြောင်းလဲမှုတွေဖြစ်ပေါ်နေပြီး မရေမရာဖြစ်ကာ ရှုပ်ထွေးနေတဲ့ ယခုလိုကမ္ဘာ့အခင်းအကျင်းမှာ ထိရောက်ကောင်းမွန်တဲ့ ပူးပေါင်းဆောင်ရွက်မှုက အာဆီယံရယူလိုတဲ့ ဘုံရည်မှန်းချက်အတွက် အရေးပါတဲ့လုပ်ငန်းစဉ်တစ်ခုဖြစ်လာပါတယ်"သူမကပြောပါတယ်။

ရရှိလာတဲ့ အကျိုးကျေးဇူးတွေနဲ့ အခွင့်အလမ်းတွေအားလုံးကို သိရှိအောင်ဆောင်ရွက်နိုင်မယ့် အသိပညာနဲ့ စွမ်းဆောင်နိုင်မှုစွမ်းရည်ဆိုတာ အဖွဲ့အစည်းတစ်ခုတည်းမှာ အပြည့်အဝ မရရှိနိုင်တဲ့အတွက် ပူးပေါင်းဆောင်ရွက်မှုကို ဖန်တီးနိုင်မှသာ လွယ်ကူချောမွေ့စွာဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။

# အာဆီယံနယ်စပ်ဖြတ်ကျော် ဘဏ်လုပ်ငန်းကို ဖိလစ်ပိုင်နဲ့ မလေးရှားတို့ ဦးဆောင်မည်

မတ် ၁၄ ရက်မှာ မလေးရှားနဲ့ ဖိလစ်ပိုင်နိုင်ငံတို့ နှစ်နိုင်ငံ အပြန်အလှန်သဘောတူစာချုပ်ကို လက်မှတ် ရေးထိုးခဲ့ကြရာ ဒီစာချုပ်အရ ဒေသတွင်းစီးပွားရေးပူးပေါင်းဆောင်ရွက်မှု မူဘောင်နဲ့အညီ အိမ်နီးချင်းနိုင်ငံတွေနဲ့ ဘဏ်လုပ်ငန်းတွေဆောင်ရွက်စေနိုင်တဲ့ လမ်းစကို ဦးတည်စေနိုင်ခဲ့ကြောင်း နီးကေးအွန်လိုင်းသတင်းမှာ ဖော်ပြပါတယ်။

နှစ်နိုင်ငံအတွင်းမှာ ဘဏ်လုပ်ငန်းတွေ ဆောင်ရွက်နိုင်မယ့် အရည်အသွေးပြည့်မီတဲ့ ဘဏ်သုံးခုကိုရွေးချယ်ခွင့်ပြုနိုင်ရေးအတွက် သဘောတူစာချုပ်ကို ဖိလစ်ပိုင်ဗဟိုဘဏ် (Ban gko Sentral ng Philipinas) အုပ်ချုပ်ရေးမှူး အာမန်ဒိုတီတန် ကိုဂျူနီယာနဲ့ မလေးရှားဗဟိုဘဏ် (Bank Negara Malaysia) အုပ်ချုပ်ရေး မှူး ဇက်တီအက်ကထာအဇစ်တို့ မတ် ၁၄ ရက်က လက်မှတ်ရေးထိုးခဲ့ကြပါတယ်။

၂၀၁၅ ခုနှစ် မတ်လအတွင်းကလည်း အရှေ့တောင်အာရှနိုင်ငံများ အသင်း (အာဆီယံ) နိုင်ငံများ မှ ဘဏ္ဍာရေးဝန်ကြီးများနဲ့ ဗဟိုဘဏ် အုပ်ချုပ်ရေးမှူးများက ၂၀၁၅ ခုနှစ်ဒီဇင်ဘာက စတင်ဖွဲ့စည်းခဲ့တဲ့ အာဆီယံစီးပွားရေး ပေါင်းစည်းမှုရဲ့ အစိတ်အပိုင်းတစ်ရပ်အဖြစ် ဝန်ဆောင်မှုလုပ်ငန်းများဆိုင်ရာ အာဆီယံမူဘောင်(ASEAN Framework Agreement on Services-AFAS) ကို လက်မှတ်ရေးထိုး ခဲ့ပါတယ်။ ဒီမူဘောင်အရ ဒေသတွင်းမှာ ဘဏ်တွေလွတ်လပ်စွာလုပ်ငန်းလုပ်ဆောင်ဖို့အတွက် စည်းမျဉ်းဥပဒေများကို တစ်ပြေးညီဖြစ်အောင်ဆောင်ရွက်ပေးနိုင်မှာ ဖြစ်ပါတယ်။

ဖိလစ်ပိုင်နိုင်ငံဘဏ်တွေနဲ့ နှိုင်းယှဉ်ရင် မလေးရှားဘဏ်တွေက ယခုသဘောတူညီချက်ကရရှိမယ့် အကျိုးစီးပွားတွေကို ဦးစွာခံစားခွင့်ရရှိနိုင်မယ်လို့ ယူဆရပါတယ်။ ဖိလစ်ပိုင်ဘဏ်တွေအနေနဲ့ လတ်တလော နိုင်ငံခြားသို့ သွားရောက်ယှဉ်ပြိုင်မှုကို မြှင့်တင်ခြင်းမပြုမီ ပြည်တွင်းမှာ လုပ်ငန်းဆောင်ရွက်မှုကို အာရုံစိုက်ရမှာဖြစ်ကြောင်း မကြာသေးမီက ပြုလုပ်ခဲ့တဲ့ ဖိလစ်ပိုင်ဗဟိုဘဏ်စစ်တမ်းအရ သိရပါတယ်။

ပြည်တွင်းဈေးကွက်အတွင်းသို့ နိုင်ငံခြားဘဏ်တွေ မဝင်လာမီ ကြိုတင်ပြီး မိမိတို့ဘဏ်များရဲ့ အက်ဆက် (Asset) အခြေခံများတောင့်တင်းအောင်ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ အဆိုပါဘဏ်များအနက် BDO Unibank နဲ့ Philipine Islands တို့လည်း ပါဝင်ပါတယ်။

# အာဆီယံအဖွဲ့ ခရီးသွားလုပ်ငန်းက ရွှေရတုအတွက် ပြင်ဆင်

အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ) က ၂၀၁၇ ခုနှစ်မှာ ကျရောက်မယ့် အနှစ် ၅၀ မြောက်အခမ်းအနားကို ကျင်းပဖို့ အရှိန်မြှင့်ဆောင်ရွက်လျက်ရှိရာ ခရီးသွားလုပ်ငန်းမှ ထိပ်တန်းအရာရှိများက အတူတကွပူးပေါင်းပြီး လှုပ်ရှားမှုအသစ်အဖြစ်အခြေခံတွေ ကို ချမှတ်ပြီး အာဆီယံဒေသကို တစ်ခုတည်းသော ခရီးသွားဒေသအဖြစ် ထူထောင်ဖို့ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိကြောင်း တီတီအေရှဝက်ဘ်ဆိုက်သတင်းမှာ ဖော်ပြပါတယ်။

The Visit ASEAN@ 50: Golden Celebration လှုပ်ရှားမှုက ဝက်ဘ်ဆိုက်ပေါ်မှာ ခရီးသွားလုပ်ငန်းမြှင့်တင်ရေးကို ဖော်ဆောင်ပေးမယ့်အပြင် ဒေသအတွင်းမှာ ပွဲတော် ၅၀ နဲ့ ခရီးသွားလုပ်ငန်းအတွေ့အကြုံပြပွဲ ၅၀ ကို အထူးအလေးပေးကျင်းပသွားမှာ ဖြစ်ပါတယ်။

"ဟိုအရင်တုန်းက ခရီးသွားလုပ်ငန်းအော်ပရေတာ တစ်ဦးချင်းစီက (ခရီးစဉ်တွေကိုရောင်းချရာမှာ) တစ်ဦးချင်းအလိုက်သာ ရောင်းချကြပါတယ်။ အခုချိန်မှာတော့ သူ့အတွက်အာဆီယံက အထောက်အကူတွေပေးရတော့မှာ ဖြစ်ပါတယ်။ အာဆီယံရဲ့ အထောက်အပံ့ကိုရတဲ့အတွက် အလုပ်ကိုမှန်မှန်ကန်ကန်လုပ်နိုင်ပြီဖြစ်လို့ ဘေးအန္တရာယ်လည်းကင်းသွားတော့မှာ ဖြစ်ပါတယ်"လို့ သူကပြောပါ တယ်။

ခရီးသွားအစီအစဉ်တွေကို အကြောင်းအရာအလိုက်အခြေခံပြီး စီစဉ်ဆောင်ရွက်ပါတယ်။ ဥပမာတစ်ခုအဖြစ်ကြည့်မည်ဆိုပါက ရှေးဟောင်းအမွေအနှစ်ခရီးစဉ်တွေကို ဆောင်ရွက်တဲ့အခါ အာဆီယံဒေသမှာရှိတဲ့ ယူနက်စကို ကမ္ဘာ့ရှေးဟောင်းအမွေအနှစ် (UNESCO World Heritage) နေရာတွေကို အရှိန်အဟုန်မြှင့်ဆောင်ရွက်မှာ ဖြစ်ပါတယ်။ ထိုင်းနိုင်ငံက ၂၀၁၅ ခုနှစ်မှာ ASEAN Connect စီမံကိန်းကို ချမှတ်ထားပြီးဖြစ်ရာ အဆိုပါ စီမံကိန်းအရနှစ်နိုင်ငံပူးတွဲခရီးစဉ်များကို မြှင့်တင်ဆောင်ရွက်နိုင်ရေးအတွက် ဦးဆောင်ဦးရွက်ပြုကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း ထိုင်းခရီးသွားလုပ်ငန်းနဲ့ အားကစားဝန်ကြီးဌာနကော့ဘကန် ဝတ်တာနာဗရန်ကွန်က ပြောပါတယ်။

ဒါပေမယ့် ဆက်သွယ်ရေးတိုးတက်ကောင်းမွန်ရေးက အာဆီယံခရီးသွားလုပ်ငန်းအတွက် ပင်မကျောရိုးသဖွယ်အရေးပါကြောင်း ကော့ဘ်ကန်က ပြောပါတယ်။

ဉာဏ်တင်-စုစည်းတင်ပြသည်

## အကြီးမားဆုံး IT-BPM ဈေးကွက်ဖြစ်လာဖို့ ဖိလစ်ပိုင်နိုင်ငံ ရည်မှန်း

အစိုးရက ဆက်လက်ထောက်ပံ့အားပေးမှုနဲ့ ပြည်တွင်းလုပ်သားအင်အားစုမှာ အရည်အသွေးပြည့်ဝတဲ့ အတတ်ပညာရှင်များ တိုးတက်များပြားလာမှုတို့ကြောင့် ဖိလစ်ပိုင်နိုင်ငံက အိုင်တီ အခြေပြုစီးပွားရေးလုပ်ငန်းဆောင်တာ စီမံခန့်ခွဲမှု (Information Technology-Business Process Management) လုပ်ငန်းအတွက် ကမ္ဘာမှာ အကြီးဆုံးဖြစ်လာလိမ့်မယ်လို့ ယုံကြည်ထားကြောင်း ဖိလစ်ပင်းစတား အွန်လိုင်းသတင်းမှာ ဖော်ပြထားပါတယ်။

"ကမ္ဘာ့ IT-BPM ဝန်ဆောင်မှုဈေးကွက်မှာ ကျွန်တော်တို့က ထိပ်ဆုံးနှစ်နိုင်ငံသို့မဟုတ် သုံးနိုင်ငံမှာ ရောက်ရှိနေတဲ့နိုင်ငံတစ်နိုင်ငံ ဖြစ်ပါတယ်။ ဒါကြောင့် IT-BPM ဝန်ဆောင်မှုလုပ်ငန်းတွေရဲ့ ဦးတည်ရာဒေသတစ်ခုအဖြစ် ကျွန်တော်တို့နိုင်ငံရောက်ရှိနေတာဖြစ်ပါတယ်"လို့ ဖိလစ်ပိုင်အိုင်တီနဲ့ စီးပွားရေးလုပ်ငန်း ဆောင်ရွက်မှုအသင်း (IT and Business Process Association Philippines-IBPAP) ဥက္ကဋ္ဌ ဒန်နီလိုဆီဘက်ရှန်ရေးက The Star သတင်းဌာနနဲ့ တွေ့ဆုံမေးမြန်းခန်းမှာ ပြောပါတယ်။

တက္ကသိုလ်ကျောင်းအတွက် အတတ်ပညာရှင်အရေအတွက် တိုးတက်များပြားလာခြင်းနဲ့အတူ ယခုနှစ်အတွင်းမှာ အစိုးရခေါင်းဆောင်သစ်တွေလည်း ပေါ်ထွန်းလာမှာဖြစ်တဲ့အတွက် ကမ္ဘာ့ IT-BPM ဝန်ဆောင်မှုခေါင်းဆောင်နေရာကို ဖိလစ်ပိုင်နိုင်ငံက အိန္ဒိယနိုင်ငံကို ကျော်လွန်၍နေရာယူတော့မယ့် အခွင့်အလမ်းတွေရှိနေကြောင်း ရေးကပြောပါတယ်။

"ကျွန်တော်တို့ ရှေ့လုပ်ငန်းစဉ်ကို ချမှတ်အကောင်အထည်ဖော်နေသလို နောင်လည်းချမှတ်သွားမှာဖြစ်တဲ့အတွက် IB PAP အသင်း၊ အစိုးရနဲ့ အတတ်ပညာရှင်တွေက အကောင်အထည်ဖော်နေတဲ့ ဒီလုပ်ငန်းကို အဲဒီရှေ့လုပ်ငန်းစဉ်တွေနဲ့ ဆက်လက်ပေါင်းစည်းနေပြီဖြစ်တဲ့အတွက် ကျွန်တော်တို့ လက်ရှိရောက်ရှိနေတဲ့အနေအထားကို ဆက်လက်ထိန်းသိမ်းသွားနိုင်မှာဖြစ်ပါတယ်"လို့ ရေးကပြောပါတယ်။

အဆင့်မြင့်ပညာရေးကော်မရှင်နဲ့ နိုင်ငံတော်တက္ကသိုလ်တို့ ပူးပေါင်းဆောင်ရွက်ထားတဲ့ဝန်ဆောင်မှု စီမံခန့်ခွဲမှုအစီအစဉ်က တက္ကသိုလ်ကျောင်းထွက်တွေကို စီးပွားရေးလုပ်ငန်းအတွက် အဆင်သင့်ဖြစ်မယ့် ပညာရှင်တွေဖြစ်လာဖို့အတွက် အထောက်အကူပေးနိုင်လိမ့်မယ်လို့ မျှော်လင့်ထားကြောင်း သူကပြောပါတယ်။

## မလေးရှားနိုင်ငံရဲ့ ဆောက်လုပ်ရေးလုပ်ငန်းကဏ္ဍမှာ အလုပ်အကိုင်ကျဆင်း

မလေးရှားနိုင်ငံရှိ ဆောက်လုပ်ရေးလုပ်ငန်းကဏ္ဍရဲ့ အလုပ်အကိုင်အခြေအနေကို တန်ဖိုးအရတွက်ချက်ရင် ၂၀၁၄ ခုနှစ်က ၁၆၇ ဘီလီယံရှိခဲ့ရာမှ ၂၀၁၅ ခုနှစ်မှာ ၄၃ ရာခိုင်နှုန်း ကျဆင်းကာ ရင်းဂစ် ၉၆ ဘီလီယံရှိခဲ့ကြောင်း ဆောက်လုပ်ရေးလုပ်ငန်းဖွံ့ဖြိုးရေးဘုတ်အဖွဲ့ရဲ့ ပဏာမအစီရင်ခံစာကို ကိုးကားပြီး သည်စတားအွန်လိုင်းသတင်းမှာ ဖော်ပြပါတယ်။

မလေးရှားနိုင်ငံအတွင်းရှိ အလုပ်အကိုင်အခြေအနေကိုအရေအတွက် ပမာဏအရကြည့်ပါက ၂၀၁၄ ခုနှစ်မှာ အလုပ်အကိုင် ၇၈၅၃ ခုရှိရာမှ ၂၀၁၅ ခုနှစ်မှာ ၃၉ ရာခိုင်နှုန်း ကျဆင်းပြီး ၅၆၄၄ ခုအထိ ရောက်ရှိခဲ့ ပါတယ်။ ၂၀၁၅ ခုနှစ်မှာ စာချုပ်ချုပ်ဆိုဆောင်ရွက်ခဲ့တဲ့ အလုပ်အကိုင် ၅၆၄၄ ခုအနက် အစိုးရအလုပ်အကိုင်က ၁၃၉၁ နဲ့ ကျန် ၄၂၅၃ ခုက ပုဂ္ဂလိကကဏ္ဍက စာချုပ်ချုပ်ဆိုဆောင်ရွက်တဲ့ အလုပ်အကိုင်တွေဖြစ်ပါတယ်။ ဒါပေမယ့် နောက်ဆုံးအစီရင်ခံစာက လာမယ့် ဧပြီလမှထွက်လာမှာ ဖြစ်ပါတယ်။ နောက်ဆုံးအစီရင်ခံစာထွက်တဲ့အချိန်မှာ ယခုထက်ပိုပြီး အလုပ်အကိုင် အများကြီးကျဆင်းသွားမယ့် လက္ခဏာမရှိတော့ဘူးလို့ Master Builders Association Malaysia ရဲ့ ဥက္ကဋ္ဌ မက်သူတီးက ခန့်မှန်းပါတယ်။

"စာရင်းတွေ ပြန်လည်ပြုပြင်ခန့်မှန်းတွက်ချက်တဲ့အခါ အများကြီးကွာခြားမှုရှိမှာတော့ မဟုတ်ပါဘူး" လို့ စတားဘစ်သတင်းဌာနကို သူကပြောပါတယ်။

ဧကာဒသမမြောက် မလေးရှားစီမံကိန်း (11th Malaysia Plan) အရ အခြေခံအဆောက်အအုံ စီမံကိန်းတွေကို ၂၀၁၆ ခုနှစ်မှာ အကောင်အထည်ဖော်မှာ ဖြစ်တဲ့အတွက် ၂၀၁၆ ခုနှစ်အတွင်းမှာ အလုပ်အကိုင်တိုးတက်မှုက တန်ဖိုးအရရော အရေအတွက်အရပါ မြင့်တက်လာလိမ့်မယ်လို့ တီးက ခန့်မှန်းပါတယ်။ တိုးတက်မှုနှုန်းက ခုဂဏန်းနဲ့ တိုးတက်မယ်လို့လည်း ခန့်မှန်းပါတယ်။ မလေးရှား နိုင်ငံရဲ့ ဆောက်လုပ်ရေးလုပ်ငန်းက လွန်ခဲ့တဲ့သုံးနှစ်အတွင်း ဆယ်ဂဏန်းနဲ့ တိုးတက်မှုရှိခဲ့တာကို တွေ့ရပါတယ်။

ဆောက်လုပ်ရေးကုန်ကြမ်းတွေရဲ့ ဈေးကတည်ငြိမ်မှုရှိနေပြီး ယခုနှစ်အတွင်းမှာ ဆောက်လုပ်ရေးကုန်ကျစရိတ်တွေမြင့်တက်လာဖို့ အလားအလာတော့မရှိဘူးလို့ တီးကပြောပါတယ်။

မီးရထားလမ်း (Light Rail Transit-LRT) စီမံကိန်းအတွက် ဆောင်ရွက်နေပြီဖြစ်တဲ့ ပဏာမလေ့လာတိုင်းတာရေးလုပ်ငန်းတွေက ၂၀၁၆ ခုနှစ်နဲ့ ၂၀၁၇ ခုနှစ်မှာ ပြည်တွင်းဆောက်လုပ်ရေးလုပ်ငန်းတွေအတွက် ရင်းဂစ်သန်း ၃၀၀ လောက်ရှိတဲ့လုပ်ငန်းတွေဖော်ထုတ်ပေးလိမ့်မယ်လို့လည်း ခန့်မှန်းထားပါတယ်။

## ဗီယက်နမ်အသေးစားနဲ့ အလတ်စားစီးပွားရေးလုပ်ငန်းများ ချေးငွေအခက်အခဲတွေ့



ပုဂ္ဂလိကကဏ္ဍရဲ့ ချေးငွေချေးယူလိုအား မြင့်တက်လာတဲ့အတွက် ၂၀၁၅ ခုနှစ်အတွင်း ဘဏ်များရဲ့ ချေးငွေများစံချိန်တင်မြင့်တက်ခဲ့ကြောင်း ဗီယက်နမ်နယူးစ်အွန်လိုင်းသတင်းမှာ ဖော်ပြပါတယ်။

စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အားကောင်းလာတဲ့အတွက် ဘဏ်လုပ်ငန်းကဏ္ဍမှချေးငွေက ယခုနှစ်အတွင်းမှာလည်း ၁၈ ရာခိုင်နှုန်းမှ ၂၀ ရာခိုင်နှုန်းအကြားတိုးတက်မှုရှိလိမ့်မယ်လို့ နိုင်ငံတော်ဗဟိုဘဏ် (State Bank of Vietnam-SBV) က ခန့်မှန်းထားပါတယ်။

ဗီယက်နမ်နိုင်ငံမှာ အသေးစားနဲ့ အလတ်စားစီးပွားရေးလုပ်ငန်းတွေက စီးပွားရေးကို ထူးထူးခြားခြားအထောက်အကူပေးတာမှန်ပေမယ့် ဒီလုပ်ငန်းတွေအနေနဲ့ငွေချေးယူဖို့ ဆောင်ရွက်တဲ့အခါ စိန်ခေါ်မှုတွေနဲ့ ဆက်လက်ရင်ဆိုင်တွေ့ကြုံနိုင်ဖွယ် ရှိပါတယ်။ လေ့ကျင့်ရေးအစီအစဉ်တွေနဲ့ ထူထောင်စစီးပွားရေးလုပ်ငန်းများကို အကူအညီပေးရေးအပါအဝင် အက်စ်အမ်အီးကဏ္ဍအား အကူအညီပေးရေး အစီအမံတွေကို အကောင်အထည်ဖော် ဆောင်ရွက်ပေးဖို့ အစိုးရက ကတိပြုထားပါတယ်။ ဒါပေမယ့် အသေးစား စက်မှုလုပ်ငန်းတွေက ဘဏ်တွေကို အားကိုးနေရဆဲ ဖြစ်ပါတယ်။

ချေးငွေလုပ်ငန်းတွေက ၂၀၁၅ ခုနှစ်မှာ ၁၇ ဒသမ ၃ ရာခိုင်နှုန်းမြင့်တက်ခဲ့တယ်လို့ ဖေဖော်ဝါရီလဆန်းပိုင်းကထုတ်ပြန်တဲ့ အစီရင်ခံစာမှာ ဖော်ပြပါတယ်။ ကနဦးခန့်မှန်းချက်ဖြစ်တဲ့ ၁၈ ရာခိုင်နှုန်းအောက်အနည်းငယ်ကျဆင်းပေမယ့် ယခုနှစ် နှစ်ဦးပိုင်းက ပြင်ဆင်ခန့်မှန်းချက်ဖြစ်တဲ့ ၁၃ ရာခိုင်နှုန်းအထက်ကျော်လွန်နေပါတယ်။ လွန်ခဲ့တဲ့လေးနှစ်အတွင်းတည်ရှိခဲ့တဲ့ ချေးငွေဖွံ့ဖြိုးမှုကို ကျော်လွန်ခဲ့ပါတယ်။ ယခင်နှစ်က ဘဏ်ချေးငွေအများစုကပြည်တွင်းသုံးဒေါင်နဲ့ ချေးငွေတွေဖြစ်တဲ့အတွက် နိုင်ငံခြားငွေအပေါ်မှီခိုနေရမှုကို လျှော့ချဖို့ကြိုးပမ်းမှုတွေအောင်မြင်လာတဲ့ လက္ခဏာတွေကို တွေ့မြင်လာရပါတယ်။

ဗီယက်နမ်ဗဟိုဘဏ်ရဲ့ ထုတ်ပြန်ချက်အရ ၂၀၁၆ ခုနှစ်မှာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှုန်းက ၆ ဒသမ ၇ ရာခိုင်နှုန်းရှိမယ်လို့ သိရပါတယ်။ စီးပွားရေးဖွံ့ဖြိုးမှုနှုန်း မြင့်မားတာနဲ့အမျှ ချေးငွေကလည်း ဆက်လက်ဖွံ့ဖြိုးလာမယ့် လက္ခဏာရှိနေပါတယ်။

ဉာဏ်တင်-စုစည်းတင်ပြသည်

## အမ်အက်စ်အမ်အီးများအတွက် ချေးငွေနှုန်းလျှော့ချပေးဖို့ အင်ဒိုနီးရှား ဒုတိယသမ္မတက တိုက်တွန်း

စီးပွားရေးကို မြှင့်တင်ပေးမယ့် အစီအစဉ်တစ်ရပ်အဖြစ် မိုက်ကရို၊ အသေးစားနဲ့ အလတ်စားစီးပွားရေးလုပ်ငန်းများ (အမ်အက်စ်အမ်အီး) အတွက် ယခုနှစ်ထုတ်ချေးမယ့် ချေးငွေအတိုးနှုန်းများကိုလျှော့ချ ပေးဖို့ အင်ဒိုနီးရှား ဒုတိယသမ္မတ ဂျူဆွတ်ကာလာက ပြည်တွင်းဘဏ်လုပ်ငန်းတွေကို ပန်ကြားခဲ့ကြောင်း ဂျကာတာပို့စ်အွန်လိုင်းသတင်းမှာ ဖော်ပြပါတယ်။

အင်ဒိုနီးရှားနိုင်ငံရဲ့ ကူးသန်းရောင်းဝယ်ရေးဘဏ်တွေက ငွေထုတ်ချေးတဲ့အခါအသေး စားချေးငွေတွေကို ထုတ်ချေးတဲ့အတိုးနှုန်းကအများဆုံးယူတဲ့ ချေးငွေပုံစံ တစ်ခုအဖြစ် လူသိများပါတယ်။ အမ်အက်စ်အမ်အီးများအတွက် အတိုးနှုန်းသက် သာတဲ့ချေးငွေတွေကို ထုတ်ချေးပေးခြင်းအားဖြင့် တန်းတူညီမျှမှုနဲ့ အားလုံး ပါဝင်နိုင်မှုကို ဖြစ်ပေါ်စေပြီး နောက်ဆုံးမှာ ဖွံ့ဖြိုးပြီးနိုင်ငံတွေနဲ့ ဆင်းရဲတဲ့ နိုင်ငံ တွေအကြား ကွာဟချက်ကိုကျဉ်းမြောင်းသွားစေနိုင်မှာဖြစ်ကြောင်း မတ် ၁၅ ရက်က ဘဏ္ဍာရေးဝန်ဆောင်မှု အာဏာပိုင်အဖွဲ့ (Financial Services Authority-OJK) က ဦးစီးကျင်းပပေးတဲ့ အခမ်းအနားတစ်ခုမှာ ကာလာက ပြောပါတယ်။

"အသေးစား ငွေချေးလုပ်ငန်းတွေက ၁၈၀၀ ပြည့်နှစ်ကတည်းက ရှိခဲ့တာဖြစ်တယ်။ ဒါပေမယ့် ချေးငွေအတိုးနှုန်းတွေက မြင့်မားပါတယ်။ အထူးသဖြင့် အသေးစားစီးပွားရေးလုပ်ငန်းတွေအတွက် ချေးငွေအတိုးနှုန်းက နှစ်ဆလောက်အထိမြင့်တက်နေတဲ့အတွက် ရေရှည်တည်တံ့နိုင်မယ့် စနစ်ကို မတည်ထောင်နိုင်ခဲ့တာ နှစ်ပေါင်းများစွာကြာခဲ့ပြီ ဖြစ်ပါတယ်"လို့ ၁၈၉၀ ခုနှစ်က တည်ထောင်ခဲ့တဲ့ Bank Rakyat Indonesia (RBI) ကို ရည်ညွှန်းပြီး သူကပြောပါတယ်။

OJK က ထုတ်ပြန်တဲ့ စာရင်းများအရ အမ်အက်စ်အမ်အီးကဏ္ဍမှာရှိတဲ့ စီးပွားရေးလုပ်ငန်းတွေက အင်ဒိုနီးရှား နိုင်ငံရဲ့ စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုရဲ့ ၆၀ ရာခိုင်နှုန်းနဲ့ လုပ်သားအင်အား စုရဲ့ ၉၇ ရာခိုင်နှုန်းကို အလုပ်အကိုင် ဖန်တီးပေးတဲ့ကဏ္ဍဖြစ်ပါတယ်။ ဒါပေမယ့် အသေးစားချေးငွေကဏ္ဍမှာ လက်ရှိချေးငွေ အတိုးနှုန်းက တစ်နှစ်ကို ပျမ်းမျှ ၁၉ ဒသမ ၄ ရာခိုင်နှုန်းရှိကြောင်း အဓိကဘဏ်ကြီးများကို ကောက်ခံရရှိတဲ့ စာရင်းများအရတွေ့ရပါတယ်။

"လုပ်ငန်းကြီးတွေနဲ့ နှိုင်းယှဉ်ရင် လုပ်ငန်းငယ်ကလေးတွေအတွက်အကူအညီပိုရပြီး ပိုမိုတရားမျှတတဲ့ စနစ်မျိုးရရှိအောင်လက်ရှိစနစ်ကို ကျွန်တော်တို့ တော်လှန်ပြောင်းလဲရပါမယ်"လို့ သူကပြောပါတယ်။

# ရက်သတ္တပတ်အတွင်း စီးပွားရေး သတင်းတိုများ

**လန်ဒန်**

ရေနံထုတ်လုပ်တဲ့ နိုင်ငံကြီးများက ရေနံထုတ်လုပ်မှုကို ထိန်းချုပ်ဖို့ သဘောတူညီချက် ရတော့မယ်ဆိုတဲ့ သတင်းနဲ့ အတိုးနှုန်းမြှင့်တင်မှုနဲ့ ပတ်သက်တဲ့သတင်းတွေက ဈေးနှုန်းတွေကို အထောက်အကူဖြစ်စေတဲ့အတွက် အမေရိကန်ပြည်ထောင်စုရဲ့ ရေနံစိမ်းကြိုရောင်းဈေးက မတ် ၁၈ ရက်မှာ ၅ ရာခိုင်နှုန်း မြင့်တက်ပြီးတစ်စည်ကို အမေရိကန်ဒေါ်လာ ၄၀ ဒသမ ၂၅ဒေါ်လာအထိ ရောက်ရှိခဲ့ရာ ၂၀၁၆ ခုနှစ်အတွင်း အမြင့်ဆုံးဖြစ်ခဲ့ပါတယ်။

**စင်ကာပူ**

စင်ကာပူအမျိုးသားတက္ကသိုလ်မှ သိပ္ပံပညာရှင်များက အစားအစာထုတ်လုပ်တဲ့ ကုမ္ပဏီတစ်ခုဖြစ်တဲ့ YGC Group နဲ့ ပူးပေါင်းပြီး ကျန်းမာရေး အကျိုးကျေးဇူးတွေကို အများကြီးပေးနိုင်တဲ့ ယူချီးမား ပင်လယ်ရေမှော်ကနေ အချိုရည်တွေ ထုတ်လုပ်ဖို့ ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း မတ် ၁၈ ရက်က ပညာရှင်များရဲ့ ကြေညာချက်ကို ကိုးကားပြီး စီအင်န်အေသတင်းမှာ ဖော်ပြပါတယ်။

**ဟိုချီမင်းစီးတီး**

ဟိုချီမင်းစီးတီးမှ ကွမ်ထရမ်ဆော့ဖ်ဝဲစီတီးကုမ္ပဏီက ဗီယက်နမ်နိုင်ငံရဲ့ IT Outsourcing နဲ့ အိုင်တီဆော့ဖ်ဝဲလုပ်ငန်းကို ဒေသတွင်းနဲ့ ကမ္ဘာ့ဈေးကွက်မှာ ဂုဏ်သရေရှိတဲ့ ကုန်အမှတ်တံဆိပ် ဖြစ်လာအောင် ကြိုးပမ်းလျက်ရှိကြောင်းနဲ့ အဆိုပါလုပ်ငန်းကဏ္ဍမှာ အာရှဒေသရဲ့ ထိပ်တန်းစက်မှုဇုန် ၁၀ ခုထဲမှာ ပါဝင်ဖို့လည်း ရည်မှန်းထားကြောင်း မတ် ၁၆ ရက်က ကျင်းပတဲ့ ၁၅ နှစ်မြောက်အခမ်းအနားမှာ ကုမ္ပဏီဥက္ကဋ္ဌ ယမ်ငုယင်းဟိုင်လောင်းရဲ့ ပြောကြားချက်ကို ကိုးကားပြီး ဗီယက်နမ်နယူးစ် အွန်လိုင်းသတင်းမှာ ဖော်ပြပါတယ်။

**အိုဆာကာ**

ကမ္ဘာတစ်ဝန်းလုံးမှာ ဂျပန်အစားအစာဖြစ်တဲ့ ဆူရှီကို လူကြိုက်များလာတဲ့အတွက် ဆူရှီဆိုင်များမှာ အလုပ်သင်အဖြစ် ဝင်ရောက်လုပ်ကိုင်ကြမယ့်အစား ဂျပန်နိုင်ငံနဲ့ ပင်လယ်ရပ်ခြားမှ ဆူရှီစာဖိုးမှူးဖြစ်လိုသူများက ဂျပန်အချက်အပြုတ်သင်တန်းကျောင်းများမှာ ဝင်ရောက်သင်ယူလျက်ရှိကြောင်း တိုကျိုဆူရှီအကယ်ဒမီမှ ကျောင်းအုပ်ကြီး ဆာချီကိုရိုတိုက ပြောပါတယ်။

**EAST ASIA**

## ၂၀၁၅ ခုနှစ်အတွင်း တရုတ်ကုမ္ပဏီများက တောင်ကိုရီးယား စီးပွားရေးလုပ်ငန်းများကို လွှဲပြောင်းရယူမှုမြင့်မား

၂၀၁၅ ခုနှစ်အတွင်းကတောင်ကိုရီးယား စီးပွားရေးလုပ်ငန်းများကို တရုတ်ကုမ္ပဏီများက ရှယ်ယာဝယ်ယူကာ လွှဲပြောင်းရယူမှု မြင့်မားခဲ့ရာ ယဉ်ကျေးမှုနဲ့ ဘဏ္ဍာရေးကဏ္ဍများက အဓိကပစ်မှတ်သဖွယ် ဖြစ်ခဲ့ကြောင်း မတ် ၁၄ ရက်က ထုတ်ပြန်တဲ့ ကိန်းဂဏန်းတွေကို ကိုးကားပြီး ယွန်းဟပ်သတင်းမှာ ဖော်ပြထားပါတယ်။

ကိုရီးယား အပြည်ပြည်ဆိုင်ရာ ကုန်သွယ်ရေးအသင်းက ပြုစုထားတဲ့ ကိန်းဂဏန်းများအရ ယခင်နှစ်က တရုတ်ကုမ္ပဏီတွေက တောင်ကိုရီးယား စီးပွားရေးလုပ်ငန်းတွေကို ရှယ်ယာဝယ်ယူပြီး လွှဲပြောင်းရယူတဲ့ (Merger and Acquisition-M&A) သဘောတူစာချုပ်ပေါင်း ၃၃ ခုရှိခဲ့ပါတယ်။ ၂၀၁၄ ခုနှစ်ကရှိခဲ့တဲ့ အရေအတွက်နဲ့ နှိုင်းယှဉ်ရင်သုံးဆမြင့်တက်ခဲ့ပါတယ်။

ဒီလိုသဘောတူညီမှုအရ ရရှိခဲ့တဲ့ ငွေကြေးပမာဏက အမေရိကန်ဒေါ်လာ ၁ ဒသမ ၉၃ ဘီလီယံရှိခဲ့ပါတယ်။ ၂၀၁၄ ခုနှစ်က ရရှိငွေနဲ့ နှိုင်းယှဉ်ရင် ၁၂၈ ရာခိုင်နှုန်း မြင့်တက်ခဲ့ပါတယ်။ ဒီပမာဏက လွန်ခဲ့တဲ့ဆယ်စုနှစ်တစ်ခုကျော်အတွင်း စုစုပေါင်းရှိခဲ့တဲ့ ပမာဏရဲ့ ၇၀ ရာခိုင်နှုန်းရှိပါတယ်။ လွန်ခဲ့တဲ့နှစ်အနည်းငယ်က ကုမ္ပဏီတွေကို လွှဲပြောင်းရယူရာမှာ အဓိကပစ်မှတ်ထား ဆောင်ရွက်တာက ကုန်ထုတ်လုပ်ရေးလုပ်ငန်းတွေဖြစ်ပေမယ့် ယခုအခါမှာ ယဉ်ကျေးမှုနဲ့ ဘဏ္ဍာရေး ဝန်ဆောင်မှုလုပ်ငန်းတွေကို အဓိကပစ်မှတ်အဖြစ်ထားရှိ ဆောင်ရွက်လျက်ရှိပါတယ်။

၂၀၁၆ ခုနှစ်မှ ၂၀၁၄ ခုနှစ်အတွင်း တရုတ်ကုမ္ပဏီတွေက ရှယ်ယာဝယ်ယူပြီးလွှဲပြောင်းရယူတဲ့ ကုမ္ပဏီတွေရဲ့ ၅၂ ရာခိုင်နှုန်းကကုန်ထုတ်လုပ်မှုကုမ္ပဏီတွေ ဖြစ်ပါတယ်။

၂၀၁၅ ခုနှစ်က ဖျော်ဖြေရေးနဲ့ ဘဏ္ဍာရေးဝန်ဆောင်မှုလုပ်ငန်းတွေက ၇၃ ရာခိုင်နှုန်းအထိ ပါဝင်ခဲ့ပါတယ်။

**ညဏ်တင်-စုစည်းတင်ပြသည်**

**ASIA -PACIFIC**

## ဇန်နဝါရီအတွင်း အာရှပစိဖိတ်လေကြောင်းသွားလာမှု မြင့်တက်

လေဆိပ်များအချင်းချင်း တိုက်ရိုက်ဆက်သွယ်မှုများ တိုးတက်လာတဲ့အတွက် အာရှပစိဖိတ်ဒေသအတွင်း အပြည်ပြည်ဆိုင်ရာ လေကြောင်းသွားလာမှုမှာ အတက်ဘက်သို့ ဦးတည်လျက်ရှိနေကြောင်း အပြည်ပြည်ဆိုင်ရာ လေကြောင်းသယ်ယူပို့ဆောင်ရေးအသင်း (International Air Transport Association-IATA) ရဲ့အစီရင်ခံစာကို ကိုးကား ပြီး ဖိလစ်ပင်းစတားအွန်လိုင်းသတင်း မှာ ဖော်ပြပါတယ်။



IATA မှ နောက်ဆုံးထုတ်ပြန်တဲ့ အာရှပစိဖိတ်လေကြောင်းလိုင်းများရဲ့ ဇန်နဝါရီသယ်ယူပို့ဆောင်ရေးအခြေအနေက လွန်ခဲ့တဲ့တစ်နှစ်ကနဲ့ နှိုင်းယှဉ်ရင် ၁၀ ဒသမ ၃ ရာခိုင်နှုန်း မြင့်တက်လာခဲ့ကြောင်း သိရပါတယ်။ ယခုကဲ့သို့ တိုးတက်လာခြင်းမှာ လေကြောင်းလိုင်းများရဲ့ စွမ်းဆောင်ရည် ၇ ဒသမ ၆ ရာခိုင်နှုန်းတိုးတက်လာခဲ့ခြင်းနဲ့ ထိုစွမ်းဆောင် ရည်ကိုအသုံးချနိုင်မှု ပမာဏကလည်း ၇၉ ဒသမ ၃ ရာခိုင်နှုန်းအထိ မြင့်တက်လာခြင်းကြောင့် ဖြစ်ကြောင်း အစီရင်ခံစာမှာ ဖော်ပြထားပါတယ်။

"လွန်ခဲ့တဲ့ ၁၂ လအတွင်း အာဆီယံဒေသတွင်းမှာ လေကြောင်းလိုင်း တိုက်ရိုက်ဆက်သွယ်မှုအရေအတွက်မြင့်မားလာတဲ့အတွက် ဝယ်လိုအားကိုတွန်းအားပေးပြီး ဒေသတွင်းနိုင်ငံများမှာ စီးပွားရေးဖွံ့ဖြိုးမှုကျဆင်းတာကိုခုသာ ခံသာရှိစေခဲ့ပါတယ်"လို့ IATA ညွှန်ကြားရေးမှူးချုပ်နဲ့ အမှုဆောင်အရာရှိချုပ် တိုနီတိုင်လာက ပြောပါတယ်။

ကမ္ဘာ့လေကြောင်း လုပ်ငန်းရဲ့ ခရီးသည်သယ်ယူပို့ဆောင်ရေးလုပ်ငန်းကိုကြည့်ရင် ပြည်တွင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းတွေမှာရော အပြည်ပြည်ဆိုင်ရာသယ်ယူပို့ဆောင်ရေးလုပ်ငန်းတွေမှာပါ ဝယ်လိုအားခိုင်မာမှုရှိလာတာကိုတွေ့ရပါတယ်။

"မကြာသေးမီက အီကွိတီရှယ်ယာဈေးကွက်တွေ ကသောင်းကနင်းဖြစ်ခဲ့ပေမယ့် ၂၀၁၅ ခုနှစ်က ရရှိထားခဲ့တဲ့ ဖွံ့ဖြိုးမှုအလားအလာကို ဇန်နဝါရီလေကြောင်း သယ်ယူပို့ဆောင်မှုက ဆက်လက် ထိန်းသိမ်းထားနိုင်ခဲ့ပါတယ်"လို့ တိုင်လာက ပြောပါတယ်။

**SOUTH EAST ASIA**

## ထိုင်းနိုင်ငံလေကြောင်းလုပ်ငန်းအတွက် လေယာဉ်မှူးလုံလောက်မှုမရှိ

ထိုင်းနိုင်ငံရဲ့ လေယာဉ်မှူးနဲ့ လေကြောင်းသွားလာရေး အင်ဂျင်နီယာနှစ်စဉ်လိုအပ်ချက်မှာ ၇၀၀ မှ ၉၀၀ အကြားမှာရှိကြောင်း မြို့ပြလေကြောင်းလေ့ကျင့်ရေးစင်တာက ပြောကြောင်းနေးရှင်းသတင်းမှာ ဖော်ပြပါတယ်။

လိုအပ်ချက် မြင့်မားလာရတဲ့ အကြောင်းရင်းက လေကြောင်းလုပ်ငန်းကဏ္ဍရဲ့ ဖွံ့ဖြိုးတိုးတက်မှုကြောင့် ဖြစ်ကြောင်း စင်တာရဲ့ညွှန်ကြားရေးမှူး အုပ်စုကက်ပတိန် ဂျီရာပွန်ကူအာဒွန်က ပြောပါတယ်။ လေကြောင်းလိုင်းကဏ္ဍကနှစ်စဉ်လေယာဉ်မှူး လိုအပ်ချက် ၄၀၀ မှ ၅၀၀ အထိရှိပြီး တက္ကသိုလ်တွေနဲ့လေကြောင်းအတတ်ပညာသင်ကျောင်းတွေက မွေးထုတ်ပေးနိုင်တာက နှစ်စဉ် လေယာဉ်မှူး ၂၀၀ မှ ၃၀၀ အတွင်းသာရှိပါတယ်။ ကျောင်းကမွေးထုတ်ပေးတဲ့ လေကြောင်းအင်ဂျင်နီယာ ၃၀၀ မှ ၄၀၀ အထိရှိပြီး လိုအပ်ချက်အောက် ၁၀၀ လောက် ကျဆင်းနေပါတယ်။ လောလောဆယ်မှာ ဈေးကွက်အတွင်းလေယာဉ်မှူး ၁၅၀၀ မှ ၃၀၀၀ အထိနဲ့ အင်ဂျင်နီယာ ၈၀၀၀ မှ ၉၀၀၀ အထိရှိပါတယ်။

စင်တာက နှစ်စဉ်လေကြောင်းလုပ်ငန်းဆိုင်ရာဝန်ထမ်း ၁၈၀၀ လေ့ကျင့်ပေးတဲ့အနက်လေယာဉ်မှူး ၁၀၀ မှ ၁၂၀ အထိ ရှိပါတယ်။ စင်တာက ပြည်တွင်းပြည်ပမှ ပုဂ္ဂိုလ်များအတွက် သင်တန်းဆင်းလက်မှတ်၊ ဒီပလိုမာ၊ ဘွဲ့နဲ့ မဟာဘွဲ့ဒီဂရီများရတဲ့အထိ လေ့ကျင့်ပေးပါတယ်။ တက္ကသိုလ်နဲ့ လေကြောင်းဆိုင်ရာ ကျောင်း ၂၆ ကျောင်းက လေကြောင်းဆိုင်ရာသင်ရိုးညွှန်းတမ်းများကို ရေးဆွဲထားပြီးဖြစ်ကြောင်း အမျိုးသားပညာရေးစံနှုန်းနဲ့ အရည်အသွေး အကဲဖြတ်ချက်ရုံး (Office For National Education Standards and Quality Assessment-ONESQA) ရဲ့ ညွှန်ကြားရေးမှူး ချန်နရောင်းပွန်ရန်ရော့က ပြောပါတယ်။

**EU**

## စီးပွားရေးတိုးတက်အောင် ငွေကြေးမူဝါဒ တစ်ခုတည်းဖြင့် ဆောင်ရွက်၍ မရနိုင်ကြောင်း ဥရောပဗဟိုဘဏ်ဥက္ကဋ္ဌက သတိပေး

စီးပွားရေးတစ်ဟုန်ထိုးမြင့်တက်စေရန်အတွက် ဆောင်ရွက်ရာမှာ ငွေကြေးမူဝါဒတစ်ခုတည်းဖြင့် လုံလောက်မှုမရှိနိုင်ကြောင်းနဲ့ အစိုးရများကလည်း ဖွဲ့စည်းတည်ဆောက်မှုဆိုင်ရာ ပြုပြင်ပြောင်းလဲရေးများကို တွန်းအားပေးဆောင်ရွက်ရင်း မိမိတို့လုပ်ငန်းဆောင်တာတွေကို ဆောင်ရွက်သွားကြဖို့ လိုကြောင်း ဥရောပဗဟိုဘဏ်ဥက္ကဋ္ဌ မာရီယိုဒရပ်ဂီက ဥရောပခေါင်းဆောင်များကို မတ် ၁၇ ရက်က သတိပေးစကားပြောကြားပါတယ်။

"လွန်ခဲ့တဲ့နှစ်အနည်းငယ်က ငွေကြေးမူဝါဒတွေက စီးပွားရေးနာလန်ထူဖို့အတွက် တစ်ခုတည်းသောအကြောင်းတရားဖြစ်ခဲ့တယ်လို့ ပြောနိုင်တဲ့တိုင်အောင် အဲဒီမူဝါဒတွေက ယူရိုဇုန်စီးပွားရေးရဲ့ အခြေခံဖွဲ့စည်းတည်ဆောက်မှုဆိုင်ရာ အားနည်းချက်တချို့ကို ထိန်းသိမ်းပေးနိုင်စွမ်းမရှိခဲ့ပါဘူး"လို့ ဒရပ်ဂီကသတင်းထောက်တွေကို ပြောပါတယ်။

ဝယ်လိုအားနဲ့ အစိုးရရင်းနှီးမြှုပ်နှံမှုကို မြှင့်တင်ပေးနိုင်ဖို့နဲ့ အခွန်များကိုလျှော့ချပေးနိုင်ဖို့အတွက် အစိုးရခေါင်းဆောင်များက ဖွဲ့စည်းတည်ဆောက်မှုတွေကို ပြုပြင်ပြောင်းလဲဖို့လိုကြောင်း၊ ပို၍အရေးကြီးတာက ဥရောပငွေကြေးသမဂ္ဂထူထောင်ရေးအတွက် ပြင်ဆင်မှုများဆောင်ရွက်ထားရန်လိုကြောင်း အီးယူခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေးပြီးနောက် ဒရပ်ဂီကပြောပါတယ်။

ယူရိုငွေကြေးသုံးစွဲတဲ့ ဥရောပ ၁၉ နိုင်ငံရဲ့ခေါင်းဆောင်များ ထိပ်သီးအစည်းအဝေးကို ဇွန်လမှာကျင်းပဖို့ စီစဉ်ထားရာ အဆိုပါအစည်းအဝေးမှာ စီးပွားရေးနဲ့ မူဝါဒရေးဆွဲမှုလုပ်ငန်းများ တိုးမြှင့်ပေါင်းစည်းရေးကို ဆွေးနွေးမှာ ဖြစ်ပါတယ်။ ဥရောပကော်မရှင်က အဆိုပြုထားတဲ့ တိုးမြှင့်ပေါင်းစည်းရေးအစီအစဉ်ထဲမှာ ပူးတွဲအပ်နှံငွေစာရင်းအာမခံမှုအစီအစဉ်၊ ယူရိုဇုန်ဘဏ္ဍာရေးဝန်ကြီးခန့်အပ်ရေးနဲ့ ပူးတွဲဘဏ္ဍာထိန်းထားရှိရေးဆိုတဲ့ အစီအစဉ်တွေ ပါဝင်ပါတယ်။



# မြန်မာ့ကုန်သွယ်ဖက်နိုင်ငံများရဲ့ ငွေကြေး ရက်သတ္တပတ်

အမေရိကန်ဗဟိုဘဏ်က ယခုနှစ်အတွင်း အတိုးနှုန်းလေးကြိမ် မြှင့်တင်ပေးဖို့ ရည်မှန်းထားရာမှ ယခုအခါ နှစ်ကြိမ်အထိသာ ဆောင်ရွက်မယ်လို့ ပြင်ဆင်ခန့်မှန်းခဲ့ပါတယ်။ ယခင်က အမေရိကန်ပြည်ထောင်စု ဗဟိုဘဏ်ကအတိုးနှုန်းနဲ့ပတ်သက်ပြီး ပျော့ပျောင်းတဲ့သဘောထားကို ချမှတ်လာပြီဆိုရင် အမေရိကန်ဒေါ်လာက သုံးလေးလလောက် တန်ဖိုးကျဆင်းတတ်ကြောင်း စင်ကာပူရှိ UBS ဘဏ်မှ နိုင်ငံခြားငွေမဟာဗျူဟာမှူး တန်လက်လန်းက ပြောပါတယ်။

လာမယ့် စက်တင်ဘာလောက်မှာ အတိုးနှုန်းမြှင့်တင်နိုင်အောင်ပြင်ဆင်တဲ့အနေနဲ့ အမေရိကန်ဗဟိုဘဏ်က ဇွန်၊ ဇူလိုင်မှာ တင်းမာတဲ့သဘောထားတွေကို ချမှတ်လာလိမ့်မယ်လို့လည်း ခန့်မှန်းထားပါတယ်။

အမေရိကန်ဗဟိုဘဏ်က မတ် ၁၆ ရက်မှာ အတိုးနှုန်းကို ပုံမှန်အတိုင်း သတ်မှတ်ပေးလိုက်တဲ့အတွက် အမေရိကန်စီးပွားရေးဖွံ့ဖြိုးမှုခိုင်မာလာသလို အလုပ်အကိုင် အခြေအနေလည်း ကောင်းမွန်လာပြီဖြစ်လို့ ယခုနှစ်အတွင်းမှာ မူဝါဒကို တင်းကျပ်စွာချမှတ်မယ့် သဘောကိုတွေ့ရပါတယ်။

ယခုနှစ်အတွင်းမှာ အတိုးနှုန်းမြှင့်တင်မယ့် အကြိမ်ကို အမေရိကန်ဗဟိုဘဏ်က လျှော့ချခန့်မှန်းထားတဲ့အတွက် ထွန်းသစ်စဈေးကွက်များမှ ငွေကြေးစီးထွက်မှုကို သက်သာစေပြီး ယွမ်အပါအဝင် အာရှငွေကြေးများအတွက် အထောက်အကူဖြစ်စေခဲ့ပါတယ်။ ဒါပေမယ့် ယွမ်တန်ဖိုး အဆမတန်မြင့်တက်ရင် တရုတ်ပို့ကုန်လုပ်ငန်းကို ထိခိုက်စေတဲ့အတွက် တရုတ်ဗဟိုဘဏ်က ယွမ်တန်ဖိုးကို ထူးထူးခြားခြားမြှင့်တင်မှာ မဟုတ်ဘူးလို့လည်း ခန့်မှန်းကြပါတယ်။

### တရုတ်ယွမ်

အမေရိကန်ဗဟိုဘဏ်က အတိုးနှုန်းမြှင့်တင်မယ့် အကြိမ်ကိုလျှော့ချပြီးနောက်ပိုင်း အခြားငွေကြေးတွေနဲ့ ဖလှယ်ရာမှာ ဒေါ်လာတန်ဖိုးကျဆင်းတဲ့အတွက် တရုတ်ဗဟိုဘဏ်ရဲ့ ရည်ညွှန်းအတိုးနှုန်းကို မြှင့်တင်သတ်မှတ်ခဲ့ပါတယ်။ ဒါကြောင့် မတ် ၁၈ ရက်မှာ ယွမ်ငွေတန်ဖိုးက လေးလအတွင်း အမြင့်ဆုံးနှုန်းအထိရောက်ရှိခဲ့ပါတယ်။

ပင်လယ်ရပ်ခြား ယွမ် (Offshore Yuan) နဲ့ အမေရိကန်ဒေါ်လာ ဖလှယ်နှုန်းက မတ် ၁၈ ရက်မှာ ယခင်နေ့ကထက် သုည ဒသမ ၁၇ ရာခိုင်နှုန်းမြင့်တက်ပြီး တစ်ဒေါ်လာကို ၆ ဒသမ ၄၄၃၄ ယွမ်နှုန်းရှိခဲ့ပါတယ်။ အဲဒီနှုန်း ဒီဇင်ဘာ ၃ ရက် နောက်ပိုင်းအမြင့်ဆုံး ဖလှယ်နှုန်း ဖြစ်ပါ တယ်။

### အိန္ဒိယရူပီး

အိန္ဒိယ စျေးကွက်အတွင်းသို့ နိုင်ငံခြားရန်ပုံငွေများ စီးဝင်လာချိန်မှာ ပို့ကုန်လုပ်ငန်းရှင်များနဲ့ ဘဏ်များက အမေရိကန်ဒေါ်လာကို ပိုမိုရောင်းချလာကြတဲ့အတွက် မတ် ၁၈ ရက်နံနက်ပိုင်းဈေးကွက်မှာ အမေရိကန်ဒေါ်လာနဲ့ ဖလှယ်ရာမှာ ရူပီးတန်ဖိုးက သုည ဒသမ ၂၀ ရူပီးနှုန်းမြင့် တက်ပြီး တစ်ဒေါ်လာကို ၆၆ ဒသမ ၅၅ ရူပီးနှုန်း ရှိခဲ့ပါတယ်။ တခြားငွေကြေးများနဲ့ ဖလှယ်တဲ့အခါဒေါ်လာတန်ဖိုးကျဆင်းမှုနဲ့ ပြည်တွင်းရှယ်ယာစျေးကွက်အဖွင့်မှာ ရှယ်ယာဈေးတွေ မြင့်တက်မှုကလည်း ရူပီတန်ဖိုးမြင့်တက်ဖို့ အထောက်အကူဖြစ်စေခဲ့ကြောင်း နိုင်ငံခြားငွေဝယ်ရောင်းသမားတွေက ပြောပါတယ်။

### ဂျပန်ယန်း

အမေရိကန် ဗဟိုဘဏ်က ငွေကြေးဖလှယ်နှုန်းနဲ့ ပတ်သက်ပြီးပျော့ပျောင်းတဲ့ရပ်တည်ချက် (Dovish Rate Stance) ကို ထားရှိပြီးနောက်ပိုင်း မတ် ၁၇ ရက်မှာ အမေရိကန်ဒေါ်လာတန်ဖိုးဆက်လက်ကျဆင်းခဲ့ပါတယ်။ မတ် ၁၇ ရက် ဂရင်းနစ်စံတော်ချိန် ၂၁း၀၀ နာရီမှာ ယူရိုနဲ့ အမေရိကန်ဒေါ်လာဖလှယ်ရာမှာ သုည ဒသမ ၉ ရာခိုင်နှုန်းကျဆင်းပြီး တစ်ယူရိုကို ၁ ဒသမ ၁၃၁၇ ဒေါ်လာနဲ့ ယန်းနဲ့ဖလှယ်ရာမှာ ၁ ဒသမ ၂ ရာ ခိုင်နှုန်းကျဆင်းတဲ့အတွက် တစ်ဒေါ်လာကို ၁၁၁ ဒသမ ၄၄ ယန်းနှုန်းရှိခဲ့ပါတယ်။

### မလေးရှားရင်းဂစ်

အမေရိကန်ဗဟိုဘဏ်က အတိုးနှုန်းမြှင့်တင်ပေးမယ့် အလားအလာ ပျော့ပျောင်းလာမှုကြောင့် ဒေါ်လာရဲ့ အနေအထားကို ကုန်သည်များက လျှော့တွက်လာတဲ့အတွက် မတ် ၁၈ ရက်စျေးဖွင့်ချိန်မှာ ရင်းဂစ်တန်ဖိုးက အတက်ဘက်ကို ဆက်လက်ဦးတည်နေပါတယ်။ ရင်းဂစ်နဲ့ ဒေါ်လာ ဖလှယ်နှုန်းကမတ် ၁၇ ရက်မှာ အမေရိကန်တစ်ဒေါ်လာကို ၄ ဒသမ ၀၅၆၅ ရင်းဂစ်နှုန်း ရှိခဲ့ရာမှ နောက်တစ်နေ့နံနက် ၉ နာရီမှာ တစ်ဒေါ်လာကို ၄ ဒသမ ၀၃၉၅ အထိ ရောက်ရှိကာ ရင်းဂစ်တန်ဖိုး မြင့်တက်ခဲ့ပါတယ်။

ရေနံစိမ်းဈေးနှုန်းတွေ မြင့်တက်လာမှုကလည်း ရင်းဂစ်တန်ဖိုးမြင့်တက်ဖို့ အထောက်အကူဖြစ်စေခဲ့ကြောင်း ဝယ်ရောင်းသမားတွေက ပြောပါတယ်။ ရင်းဂစ်တန်ဖိုးက တခြားအဓိကငွေကြေးတွေနဲ့ဖလှယ်ရာမှာ အတက်အကျ အမျိုးမျိုးရှိခဲ့ပါတယ်။

### တောင်ကိုရီးယားဝမ်

အတိုးနှုန်းမြှင့်တင်ရေးနဲ့ ပတ်သက်ပြီး အမေရိကန်ပြည်ထောင်စု ဗဟိုဘဏ်ရဲ့ ရပ်တည်ချက်ထွက်ပေါ်ပြီးနောက် မတ် ၁၈ ရက်မှာ တောင်ကိုရီးယားနိုင်ငံရဲ့ စတော့ရှယ်ယာတန်ဖိုးတွေ ဆက်လက်မြင့်တက်ခဲ့ပါတယ်။ ပြည်တွင်း ငွေကြေးတန်ဖိုးကလည်း ဒေါ်လာနဲ့ ဖလှယ်ရာမှာ ယခုနှစ်အတွင်းအမြင့်ဆုံးနှုန်းအထိ မြင့်တက်ခဲ့ပါတယ်။ ဒေါ်လာနဲ့ တောင်ကိုရီးယားဝမ်ရဲ့ဖလှယ်နှုန်းက မတ် ၁၇ ရက်ကထက် ၁၀ ဒသမ ၈၀ ဝမ်နှုန်း မြင့်တက်ပြီး တစ်ဒေါ်လာကို ၁၁၆၂ ဒသမ ၅၀ ဝမ်နှုန်းရှိခဲ့ပါတယ်။

### ထိုင်းဘတ်

ယခုနှစ်အတွင်း ဗဟိုဘဏ် အတိုးနှုန်းကို နှစ်ကြိမ်သာတိုးမြှင့်ပေးမယ်လို့ အမေရိကန်ပြည်ထောင်စု ဗဟိုဘဏ်ကကြေညာပြီးနောက်ပိုင်း အာရှငွေကြေးအများစုနည်းတူ ထိုင်းဘတ်ငွေတန်ဖိုးလည်း မြင့်တက်ခဲ့ပါတယ်။

မတ် ၁၈ ရက်နံနက်ပိုင်းရိုက်တာသတင်းမှာ ဖော်ပြခဲ့တဲ့ သတင်းအရ ဘတ်ငွေတန်ဖိုးက အမေရိကန်ဒေါ်လာနဲ့ ဖလှယ်ရာမှာ သုည ဒသမ ၀၃ ရာခိုင်နှုန်းမြင့်တက်ပြီး တစ်ဒေါ်လာကို ၃၄ ဒသမ ၇၆ ဘတ်နှုန်းရှိခဲ့ရာ ယခုနှစ် ယခုအချိန်အထိ ၃ ဒသမ ၅၇ ရာခိုင်နှုန်းမြင့်တက်ခဲ့ကြောင်း သိရပါတယ်။

ဉာဏ်တင်-စုစည်းတင်ပြသည်

## ပြန်လည်ပေးဆပ်နိုင်ခြင်းမရှိတဲ့ ကြွေးမြီတွေကို ရှယ်ယာများနဲ့ ခုနှိမ်ခွင့်ပြုသွားမယ့်အစီအစဉ်အား တရုတ်နိုင်ငံကလေ့လာနေ

ပြန်လည်ပေးဆပ်နိုင်ခြင်းမရှိတဲ့ကြွေးမြီ (Non-Performing Loans-NPLS) များကို ကုမ္ပဏီမှာရှိတဲ့ ရှယ်ယာတွေနဲ့ ခုနှိမ်ဖလှယ်သွားဖို့ ချေးငွေကုမ္ပဏီတွေကို ခွင့်ပြုပေးရန် တရုတ်နိုင်ငံကစဉ်းစားလျက်ရှိရာ ထိုကိစ္စအတွက် စည်းမျဉ်းဥပဒေများ ပြဋ္ဌာန်းပေးဖို့ လေ့လာလျက်ရှိကြောင်း မတ် ၁၆ ရက်က ဘဏ်လုပ်ငန်းကြီးကြပ်ရေးအဖွဲ့အကြီးအကဲရဲ့ ပြောကြားချက်ကို ကိုးကားပြီး ရိုက်တာသတင်းမှာ ဖော်ပြပါတယ်။

အဆိုပြုထားတဲ့ နည်းဥပဒေတွေအရ ကူးသန်းရောင်းဝယ်ရေးဘဏ်များရဲ့ NPL ပါဝင်မှုအချိုးကို လျှော့ချနိုင်မှာဖြစ်ပြီး အဆိုပါဘဏ်များရဲ့ အရန်မတည်ငွေရင်းကို တိုးမြှင့်ပေးနိုင်မှာ ဖြစ်ပါတယ်။ တရုတ်စီးပွားရေးတိုးတက်မှုနှုန်းက ၂၅ နှစ်အတွင်း အနှေးကွေးဆုံးနှုန်းနဲ့ တိုးတက်ခဲ့တဲ့အတွက် ၂၀၁၅ ခုနှစ်မှာ NPL ပါဝင်မှုနှုန်းက ၁၀ နှစ်အတွင်းအမြင့်ဆုံးနှစ်ကို ရောက်ရှိခဲ့ပါတယ်။

တရုတ်ဗဟိုဘဏ်ကနည်းဥပဒေတွေပြဋ္ဌာန်းပေးဖို့ပြင်ဆင်နေကြောင်း မူဝါဒရေးရာနှင့် တိုက်ရိုက်ဆက်နွယ်နေတဲ့သတင်းရင်းမြစ်များကို ကိုးကားပြီးရိုက်တာသတင်းမှာ လွန်ခဲ့တဲ့သီတင်းပတ်က ဖော်ပြခဲ့ပါတယ်။ ဒီနည်းဥပဒေအတွက် ဝန်ကြီးအဖွဲ့က သီးခြား အထူးအတည်ပြုချက်ထုတ်ပေးမှာဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်တဲ့အတွက် ဘဏ္ဍာရေးမဟုတ်တဲ့အဖွဲ့အစည်းတွေမှာ ချေးငွေဘဏ်တွေက ရင်းနှီးမြှုပ်နှံတာကို ပိတ်ပင်ထားတဲ့ ကူးသန်းရောင်းဝယ်ရေးဘဏ်ဥပဒေကို ပြင်ဆင်ဖို့လိုအပ်တော့မှာမဟုတ်ကြောင်း သတင်းရင်းမြစ်တွေက ပြောပါတယ်။

## ဗဟိုဘဏ်အတိုးနှုန်းကို သုညအောက်ချထားမှုကြောင့် ဖြစ်ပေါ်လာတဲ့ အကျိုးဆက်များကို ဖြေရှင်းရန် ဂျပန်ဗဟိုဘဏ် ကြိုးပမ်း

ဇန်နဝါရီအတွင်းက ဂျပန်ဗဟိုဘဏ်အတိုးနှုန်းကို သုညရာခိုင်နှုန်းအောက် ရုတ်တရက်လျှော့ချလိုက်ရခြင်းနဲ့ ပတ်သက်ပြီး ကူးသန်းရောင်းဝယ်ရေးဘဏ်များကို ရှင်းလင်းတင်ပြပြီးတောင်းပန်ရန် ဂျပန်ဗဟိုဘဏ်အရာရှိများက အပူတပြင်းကြိုးပမ်းဆောင်ရွက်နေချိန်မှာ ပြည်သူလူထုအတွင်း လူကြိုက်နည်းလာတဲ့ ဒီဆုံးဖြတ်ချက်နဲ့ ပတ်သက်ပြီး ဝန်ကြီးချုပ်ရှင်ဆိုအာဘေးက ရှောင်ဖယ်ဖယ်လုပ်နေကြောင်း ရိုက်တာသတင်းမှာ ဖော်ပြပါတယ်။

ဝန်ကြီးချုပ်နဲ့ ဂျပန်ဗဟိုဘဏ်ဥက္ကဋ္ဌ ဟာရုဟိကို ကူရိုဒါတို့ရဲ့ တစ်ချိန်က အကျွမ်းတဝင်ရှိခဲ့တဲ့ ဆက်ဆံရေးက ယခုကိစ္စကြောင့် သဘောထားကွဲလွဲမှုတွေ ရှိလာစေနိုင်ကြောင်း ဝန်ကြီးချုပ်နှင့် နီးစပ်သူတွေက ပြောပါတယ်။ ဂျပန်နိုင်ငံမှာ အနှစ်နှစ်ဆယ်ကြာဖြစ်ပွားနေတဲ့ ငွေကြေးတန်ဖိုးကြုံ့နေတာကိုတိုက်ဖျက်ဖို့ ဗဟိုဘဏ်ဥက္ကဋ္ဌရဲ့ ပြင်းထန်တဲ့စီးပွားရေးလှုံ့ဆော်မှုအစီအမံတွေက ယခုအချိန်ထိ အောင်မြင်မှုမရှိသေးတာကို တွေ့ရပါတယ်။

ဝန်ကြီးချုပ်နဲ့ ဗဟိုဘဏ်ဥက္ကဋ္ဌတို့နှစ်ဦး ဒီလိုသဘောထားကွဲလွဲမှုမျိုးမရှိနိုင်ပါဘူးလို့ ဝန်ကြီးအဖွဲ့အတွင်းဝန်ချုပ် ယိုရှီဟီဒဲဆူဂါက ပြောကြားထားပြီးဖြစ်ကြောင်း အစိုးရသတင်းထုတ်ပြန်ရေးအရာရှိတစ်ဦးက ပြောပါတယ်။ ဂျပန်ဗဟိုဘဏ်ပြောရေးဆိုခွင့်ရှိသူကမူ တစ်စုံတစ်ရာဝေဖန်ပြောကြားခြင်းမရှိခဲ့ပါဘူး။

ဂျပန်စီးပွားရေးကပြန်လည်ကျဆင်းနေပြီး ဈေးနှုန်းများတန့်နေတာကြောင့် စီးပွားရေးလှုံ့ဆော်အားပေးမှုတွေ ပြုလုပ်နိုင်ဖို့အတွက် ဘတ်ဂျက်အသုံးစရိတ်ကို ထပ်မံ တိုးမြှင့်ရေးကိစ္စ ဆောင်ရွက်ရန် ခုံအဖွဲ့တစ်ဖွဲ့ကို ထူထောင်သွားမှာဖြစ်ကြောင်း အာဘေးကပြောပါတယ်။



သွားပိုးပေါက်ကင်းဝေး
ပိုလာ
သွားတိုက်ဆေး
POLA
FLUORIDE TOOTHPASTE
Cavity protection




VICTORY WAY
ဆေးနှင့်ဆေးပစ္စည်းများ (Medicine and Medical Equipment)
လျှပ်စစ်ဆိုင်ရာ ကုန်ကြမ်းနှင့်ကုန်ချောပစ္စည်းများ (Electrical Electronic Product)
ယာဉ်နှင့်စက်ကိရိယာအပိုပစ္စည်းများ (Vehicles and Spares Parts)
လယ်ယာထွက်ကုန်အမျိုးမျိုး (Farm Produts)
စက်ရုံသုံးကုန်ကြမ်းပစ္စည်းများ (Factory Utencils and Raw Material)
သယ်ယူပို့ဆောင်ရေး (Logistic)
သတ္တုတူးဖော်ရေး (Mining)
အမှတ်-၈၃၂၊ နေသိဒ္ဓိလမ်း၊ ဂန္ဓမာလမ်း၊ မရမ်းကုန်း(၈)ရပ်ကွက်၊ ရန်ကုန်မြို့။
Tel: 09-5502216, 09-73444222, E-mail : victroyway.burma@gmail.com


TRACTOR KING SERVICES CO., LTD.
Truck ကားအမျိုးအစားစုံလင်စွာကို အထူးလျှော့ဈေး ဖြင့် ညှိနှိုင်းရောင်းချပေးနေပါသည်။
Fuso Prime Mover (10W)
Fuso Prime Mover
Nissan Prime Mover (6W)
Hino Prime Mover
Isuzu Prime Mover
Hino Heavy Truck (12 W)
Hino Prime Mover
Nissan Heavy Truck
Nissan Prime Mover
Hino Prime Mover
Hino Heavy Truck (12 W)
Mitsubishi Canter 14'
Fuso Heavy Truck (12 W)
Nissan Prime Mover (10W)
Fuso Prime Mover (6W)
10', 12', 14', 16' Truck, 2 ~ 3 Ton Crane ကား, 6 ဘီး၊ 10 ဘီး Dump Truck စသည့်ကားမျိုးစုံနှင့် 12 ဘီး Heavy Truck, Prime Mover Head တို့ကို မျက်မြင်ကြည့်ရှုဝယ်ယူနိုင်ပါသည်။
အမှတ် (၃၆၂/ဘီ)၊ အောက်မင်္ဂလာဒုံလမ်း၊ ရွာမအရှေ့ရပ်ကွက်၊ ပြည်တော်သာလမ်းဆုံမှတ်တိုင်အနီး (GTIကျောင်းဟောင်းရှေ့)၊ အင်းစိန်မြို့နယ်၊ ရန်ကုန်။
ဖုန်း - ၀၁-၆၄၇၁၂၉၊ ၀၉-၅၁၆၃၄၃၇၊ ၀၉-၄၂၀၀၀၃၆၂၇၊ ၀၉-၅၀၇၄၂၀၅ E-mail : tks.showroom@gmail.com


呵护健康 微处健民！
质量认证书 ：ISO9001/ISO134850 CE 0197 USA FDA.510(k):k05999 k042102
缅甸FDA ： M-Device 03/2013 ， M-Device 02/2013
QUALITY PRODUCT
HANMA® MEDICAL DEVICES
Reg No.184/2004
HANAKO
Reg No. 142/2005
medical devices
HANMA
DISPOSABLE SYRINGE
50 PCS
HANAKO
DISPOSABLE SYRINGE
100 PCS
After Used
生产商：江西三鑫医疗科技股份有限公司
JIANGXI SANXIN MEDTEC CO.,LTD
缅甸总代理：
缅甸白氏兄弟国际贸易有限公司
Pai Brothers' Int'l Trading Co.,Ltd.
电话：曼德勒
02-32878,72888,68999
09-2078888
仰光：
01-552388, 552399,
09-442888888

# COMMERCE INTERNATIONAL

# CLMV နိုင်ငံများသို့ စင်ကာပူရင်းနှီးမြှုပ်နှံသူများ အလုံးအရင်းဖြင့် ဝင်ရောက်

လွန်ခဲ့တဲ့နှစ် အနည်းငယ်အတွင်း စင်ကာပူကုမ္ပဏီတွေက CLMV (ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဗီယက်နမ်) နိုင်ငံများသို့ အခိုင်အမာဝင်ရောက်နေရာယူလျက်ရှိရာ အထူးသဖြင့် လျင်မြန်စွာ ဖွံ့ဖြိုး တိုးတက်နေတဲ့ မြန်မာနိုင်ငံနဲ့ ဗီယက်နမ်နိုင်ငံဈေးကွက်များ အတွင်း ဝင်ရောက်ရင်းနှီးမြှုပ်နှံလျက်ရှိကြောင်း နေးရှင်းသတင်းမှာ ဖော်ပြထားပါတယ်။

ယနေ့အထိ စင်ကာပူနိုင်ငံက ဗီယက်နမ်နိုင်ငံအတွင်း ရင်းနှီးမြှုပ်နှံမှုစီမံကိန်း ၁၅၇၀ ခုမှာ ရင်းနှီးမြှုပ်နှံလျက်ရှိရာ ဗီယက်နမ်နိုင်ငံမှာ ရင်းနှီးမြှုပ်နှံလျက်ရှိတဲ့ နိုင်ငံပေါင်း ၁၁၂ နိုင်ငံအနက် တတိယနေရာမှာ ရှိနေပါတယ်။ ဗီယက်နမ်စီမံကိန်းအမျိုးမျိုးတွင် ပါဝင်ရင်းနှီးမြှုပ်နှံမှုတန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၃၆ ဘီလီယံ ကိုကျော်လွန်နေပြီး ရင်းနှီးမြှုပ်နှံမှုနယ်ပယ်များတွင် ဆင့်တက်ပြု ပြင်ခြင်း၊ နည်းပညာ၊ ကုန်ချောထုတ်လုပ်မှု၊ အိမ်ခြံမြေ၊ ဆောက်လုပ်ရေး၊ သယ်ယူပို့ဆောင်ရေး၊ သိုလှောင်ရေး စတဲ့ နယ်ပယ်တွေပါဝင်ကြောင်း ဗီယက်နမ်နယူးစ်သတင်းမှာ ဖော်ပြထားပါတယ်။

ဗီယက်နမ် နိုင်ငံခြားရင်းနှီး မြှုပ်နှံမှုအေဂျင်စီက ပြုစုထားတဲ့ ကိန်းဂဏန်းများအရ စင်ကာပူအခြေစိုက်စီးပွားရေးလုပ်ငန်းများက စီမံကိန်းသစ် ၃၀ ကိုအကောင်အထည်ဖော်လျက်ရှိပြီး ၂၀၁၆ ခုနှစ် ပထမနှစ်လအတွင်း ရှိရင်းစွဲ စီမံကိန်းခြောက်ခုမှာ ရင်းနှီးမြှုပ်နှံမှုကို မြှင့်တင်ပေးခဲ့ပါတယ်။ အသစ်မှတ်ပုံတင်တဲ့ စီမံကိန်းတွေမှာ စုစုပေါင်းရင်းနှီးမြှုပ်နှံမှုက အမေရိကန်ဒေါ်လာ သန်း ၄၇၀ အထိ ရောက်ရှိခဲ့ပါတယ်။




မြန်မာနိုင်ငံမှာ စင်ကာပူနိုင်ငံရဲ့ ရင်းနှီးမြှုပ်နှံမှုက နိုင်ငံခြားရင်းနှီးမြှုပ်နှံသူတွေထဲမှာ ဒုတိယနေရာကရှိနေပြီး ခွင့်ပြုပြီးစီမံကိန်းများရဲ့ စုစုပေါင်းတန်ဖိုးက ဖေဖော်ဝါရီလကုန်စာရင်းအရ အမေရိကန်ဒေါ်လာ ၁၂ ဒသမ ၃ ဘီလီယံရှိပါတယ်။ ၁၉၈၈ ခုနှစ်ကစပြီး မြန်မာနိုင်ငံအတွင်းသို့ လာရောက်ရင်းနှီးမြှုပ်နှံတဲ့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုစုစုပေါင်းရဲ့ ၂၀ ဒသမ ၅၆ ရာခိုင်နှုန်းရှိပါတယ်။ မြန်မာနိုင်ငံမှာလာရောက် ရင်းနှီးမြှုပ်နှံတဲ့ နိုင်ငံတွေထဲမှာ တရုတ်နိုင်ငံပြီးရင် ထိုင်းနိုင်ငံက ၂၀၁၄ ခုနှစ်အထိ ဒုတိယအများဆုံး နိုင်ငံတစ်နိုင်ငံဖြစ်ပါတယ်။ ၂၀၁၄-၂၀၁၅ ခုနှစ် ရောက်တဲ့အခါ မြန်မာနိုင်ငံအတွင်း စင်ကာပူရဲ့ ရင်းနှီးမြှုပ်နှံမှုက အမေရိကန်ဒေါ်လာ ၇ ဘီလီယံအထိ မြှင့်တင်လာတဲ့အတွက် ထိုင်းနိုင်ငံက တတိယနေရာကို ရောက်ရှိခဲ့ပါတယ်။ စင်ကာပူရဲ့ ရင်းနှီးမြှုပ်နှံမှုက ၂၀၁၂-၂၀၁၃ ခုနှစ်ကရှိခဲ့တဲ့ အမေရိကန်ဒေါ်လာ ၇၇၅ သန်းနဲ့ နှိုင်းယှဉ်ရင် အဆမတန် မြင့်တက်ခဲ့ပါတယ်။

ကမ္ဘောဒီးယားနိုင်ငံသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ရောက်ရှိတဲ့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုက ၂၀၁၃ ခုနှစ်မှာ အမေရိကန်ဒေါ်လာ ၂၉၈ ဒသမ ၈ သန်းရှိခဲ့ပါတယ်။ အဲဒီရင်းနှီးမြှုပ်နှံမှုထဲမှာ စင်ကာပူရဲ့ ရင်းနှီးမြှုပ်နှံမှုက အမေရိကန်ဒေါ်လာ ၈၃ ဒသ ၇ သန်း ရှိပါတယ်။ ၂၀၁၂ ခုနှစ်ကရှိခဲ့တဲ့ အမေရိကန်ဒေါ်လာ ၆၉ ဒသမ ၅ သန်းကနေ တိုးတက်လာတာ ဖြစ်ပါတယ်။

လာအိုနိုင်ငံမှာ စင်ကာပူနိုင်ငံက အဓိကရင်းနှီးမြှုပ်နှံသူဖြစ်ပြီး ရင်းနှီးမြှုပ်နှံမှုတန်ဖိုး စုစုပေါင်း အမေရိကန်ဒေါ်လာ ၁၈၇ ဒသမ ၇၆ သန်းရှိတယ်လို့ စီမံကိန်းနဲ့ ရင်းနှီးမြှုပ်နှံမှုဝန်ကြီးဌာနရဲ့ ၂၀၁၄ ခုနှစ် အစီရင်ခံစာအရ သိရပါတယ်။

**ဉာဏ်တင်**


စိုက်ပျိုးရေးသမားများအားထားရာ .........

မာလာမြိုင်

စိုက်ပျိုးရေးသုံးပစ္စည်းအရောင်းစင်တာ

**အရောင်းစင်တာများ**

(၁) ကျွန်းတောလမ်းနှင့်ခာနတ်တောလမ်းထောင့်၊ ကမာရွတ်မြို့နယ်၊ ၀၁-၂၃၀၄၂၄၄၊ ၀၁-၅၀၃၆၀၂၊ ၀၉-၇၃၀၇၅၈၂၂

(၂) ခမြပဒေသာကျွန်း(ဂျပန်သံရုံးရှေ့)ဗဟန်းမြို့နယ်၊ ၀၁-၅၄၄၆၀၈

(၃) ည(၈၂)ယုဇနလမ်း၊ တရုတ်နောင်ပွဲရုံတန်း၊ မရမ်းကုန်းမြို့နယ်၊ ၀၁-၆၈၃၀၉၄၊ ၀၀၆၈၃၂၀၈

**အရောင်းပြခန်း**

အမှတ် (T2-7) ၊ပုလဲလမ်း၊ ၃၀ x ၃၂ နှင့် ၄၄ x ၄၈ လမ်းကြား၊ချမ်းအေးသာစံမြို့နယ်၊မန္တလေး။ ၀၂-၃၀၄၈၀၊၀၂-၃၀၄၉၀



Japan, Korea,Singapore,Thailand နိုင်ငံများမှ မော်တော်ယာဉ်တင်သွင်းသူများအတွက် အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရန်
SINOR LINES RO/RO Services ကားသင်္ဘောရောက်ရှိမှု အချိန်ဇယားများကို အောက်ပါအတိုင်းဖော်ပြအပ်ပါသည်။

SINOR LINES RO/RO Service for Myanmar

<< March And April Sailing Schedule >>

Date : 21st March 2016
* SUBJECT TO CHANGE WITH OR WITHOUT NOTICE

JAPAN / MYANMAR

| VESSEL | Height (m) | | | | | | JAPAN | | | | | | | MYANMAR | THAILAND |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | A | B | C | D | E | SHANGHI | YOKOSUKA | KOBE | NAGOYA | YOKOHAMA | SAKAI SENBOKU | MASAN | SINGAPORE | YANGON | LAEM CHABANG |
| MV.CITY OF MUMBAI V.28 | 1.55 | 1.90 | 2.20 | 3.50 | | | | 18.2.2016 | 17.2.2016 | 16.2.2016 | | | 27.2.2016 | 3.3.2016 | |
| | S/O CUT | | | | | | | 14.2.2016 | 13.2.2016 | 12.2.2016 | | | | | |
| MV.HOEGH CHENNAI V.22 | 1.55 | 1.90 | 2.20 | 3.50 | | | | 10.3.2016 | 11.3.2016 | 12.3.2016 | | | 20.3.2016 | 23.3.2016 | |
| | S/O CUT | | | | | | | 6.3.2016 | 7.3.2016 | 8.3.2016 | | | | | |
| MV.CITY OF MUMBAI V.29 | 1.55 | 1.90 | 2.20 | 3.50 | | | | | 25.3.2016 | 26.3.2016 | 24.3.2016 | | 3.4.2016 | 6.4.2016 | |
| | S/O CUT | | | | | | | | 21.3.2016 | 22.3.2016 | 20.3.2016 | | | | |
| MV.HOEGH CHENNAI V.23 | 1.55 | 1.90 | 2.20 | 3.50 | | | | | 11.2.2016 | 12.4.2016 | 10.4.2016 | | 23.4.2016 | 27.4.2016 | |
| | S/O CUT | | | | | | | | 7.4.2016 | 8.4.2016 | 6.4.2016 | | | | |

Yangon (Myanmar)
GOLDEN LAND EXPRESS LIMITED
Dagon Center II, Pyay Road, No. 268, Room 14 (C), 14 th Floor.Sanchaung Township,Yangon, Myanmar.
Tel : +95 1 2305542,2306027,2306028
Mobile : + 95 9 250289802
Fax : + 95 1 2305543
Hot Line : + 95 9 254010441
Email : gleltd.office@gmail.com ( Management ), gleltd.mktg@gmail.com ( Operation ), docs.gle@gmail.com ( Document )
gleltd.marketing@gmail.com ( Marketing ), goldenland.gle@gmail.co m ( Marketing )

Loading address (YOKOHAMA DAIKOKU)
Daikoku T-3/4/5/6/7/8, Public Berth, Yokohama
Loading address (SAKAI SENBOKU)
Shioni Wharf 5-A/B/C
Business Development Manager : Mr.Aung Myintta (95 9 250724445)
Management Secretary : Ms. Nway Ei Phyu ( 95 9 253036301)
Operation : Mr. Aung Swe Myint (95 9 86 22887)
Documention : Ms. Mar Mar Cho (95 9 421018250)
Marketing:Ms. Aye Kyar Phyu ( 95 9 250724446)
Marketing : Mr. Thiha Thiek ( 95 9 5145801 )
Marketing:Ms. Ja Seng Eain ( 95 9 402794677 )

ဥရောပနိုင်ငံများမှ တင်သွင်းလိုပါက စင်္ကာပူနိုင်ငံမှတဆင့် ချိတ်ဆက်ဆောင်ရွက်ပေးနေပါသည်။